ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်
တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော
တရားမျှတရေးစနစ်များ သုတေသနလေ့လာမှု

# ရှမ်းပြည်နယ်

UNDP

*Empowered lives.*
*Resilient nations.*



မြေ ၁ ကေ ပြန်ရတာ၊
ဘာမှမရတာထက်စာရင်
တော်သေးတာပေါ့

မိတ်ဖက်အလှူရှင်များ

တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များဆိုင်ရာ သုတေသနလေ့လာမှု စီမံကိန်း အကောင်အထည်ဖော် ဖြစ်မြောက်ရေးအတွက် ဩစတေးလျ၊ ဖင်လန်၊ ဆွီဒင်နှင့် ဗြိတိန် နိုင်ငံအစိုးရများမှ ဘဏ္ဍာရေးအရပံ့ပိုးကူညီသည်။

သတိပေးချက်

ဤပုံနှိပ်ထုတ်ဝေသည့် အစီရင်ခံစာတွင်ဖော်ပြထားသည့်အမြင်များမှာ ရေးသားသူများ၏ သဘောထားအမြင်များသာဖြစ်ပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်အပါအဝင် ကုလသမဂ္ဂ သို့မဟုတ် ၎င်းအဖွဲ့ဝင်နိုင်ငံများ၏ သဘောထားအမြင်များကို ကိုယ်စားပြုထင်ဟပ်သည်ဟု မယူဆနိုင်ပါ။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်သည် ဘေးဒုက္ခများကို ကြံ့ခိုင်ကျော်လွှားနိုင်မည့် နိုင်ငံများအဖြစ် တည်ဆောက်ရန်နှင့် လူတိုင်း၏ဘဝအရည်အသွေးကို ပိုမိုကောင်းမွန်စေမည့် ဖွံ့ဖြိုးတိုးတက်မှု ထွန်းကားစေရေးအတွက် လူ့ဘောင်အဖွဲ့အစည်းအဆင့်အားလုံးရှိ ပြည်သူများနှင့် လက်တွဲကူညီလျက်ရှိသည်။ အရေအတွက် ၁၇၀ ကျော်သော နိုင်ငံများနှင့် ဒေသအသီးသီးရှိလက်တွေ့လုပ်ငန်းခွင်များတွင် ဘဝများတိုးတက်မြင့်မားစေရေးနှင့် ကြံ့ခိုင်သည့်နိုင်ငံများတည်ဆောက်နိုင်ရေးအတွက် ကမ္ဘာ့တစ်ဝှမ်းမှရှုထောင့်အမြင်များနှင့် ဒေသန္တရ အသိပညာများကိုလည်း မျှဝေပေးသည်။

မူပိုင်ခွင့် @ UNDP ၂၀၁၇ ခုနှစ်

ဓာတ်ပုံ- UNDP မြန်မာ၊ ပညာအလင်းပွင့်မြန်မာ သုတေသနဖောင်ဒေးရှင်း (EMReF)

*Empowered lives.*
*Resilient nations.*

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်

တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော

တရားမျှတရေးစနစ်များ သုတေသနလေ့လာမှု

# ရှမ်းပြည်နယ်

*မြေ ၁ ကေ ပြန်ရတာ၊*

*ဘာမှမရတာထက်စာရင်*

*တော်သေးတာပေါ့*

# ဝေါဟာရအတိုအကောက်အညွှန်း

| | |
|---|---|
| 10 HHH | ဆယ်အိမ်မှူး (အိမ်ထောင်စု ၁၀စု၏ အုပ်စုခေါင်းဆောင်) |
| CLA | ယဉ်ကျေးမှု နှင့်စာပေ ရိုးရာ အဖွဲ့အစည်း |
| CrPC | ၁၈၉၈ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ |
| CSC | နိုင်ငံသားစိစစ်ရေးကဒ် |
| DNK | မသိပါ |
| FMC | လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ (၂၀၁၂ လယ်ယာမြေဥပဒေအရဖွဲ့စည်းသည်) |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန |
| MPF | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| MWAF | မြန်မာနိုင်ငံအမျိုးသမီးရေးရာအသင်း |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| RTA | ဖြေဆိုရန်ငြင်းဆို |
| TBC | မြို့နယ်နယ်စပ်/နယ်ခြားကော်မတီ |
| KIA | ကချင်လွတ်မြောက်ရေးတပ်မတော် |
| TNLA | တအာန်း အမျိုးသားလွတ်မြောက်ရေးတပ် |
| UNDP | ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| VFV Law | ၂၀၁၂မြေလွတ် မြေလပ် မြေရိုင်းဥပဒေ |
| VTA | ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး |
| W/VTA | ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး |

# ပုံပြအညွှန်း

| | |
|---|---|
| ပုံ ၁.၁ | တရားဝင်ဖြစ်မှုနှင့်ယုံကြည်မှု |
| ပုံ ၂.၁ | ပညာရေးအဆင့်အတန်း |
| ပုံ ၂.၁(က) | ကျား/မ အရ ပညာရေးအဆင့်အတန်း |
| ပုံ ၂.၂ | အိမ်ထောင်စု လစဉ်ဝင်ငွေ အဆင့်အတန်း |
| ပုံ ၂.၃ | လူထုမီဒီယာထိတွေ့မှု |
| ပုံ ၂.၃(က) | သတင်းအချက်အလက် လက်လှမ်းမီရရှိမှု |
| ပုံ ၃.၁ | လူမှုယုံကြည်မှု၊ ယုံကြည်ထိုက်မှုနှင့် မျှတမှု |
| ပုံ ၃.၂ | လူမှုယုံကြည်မှု၊ အခြားသူများအပေါ်ယုံကြည်မှု |
| ပုံ ၃.၃ | ပြုမူဆက်ဆံခြင်းဆိုင်ရာ အကြောင်းအချက်များ |
| ပုံ ၃.၄ | နေ့စဉ်သုံး စကားလုံးများ |
| ပုံ ၄.၁ | အမှုပြဿနာအမျိုးအစား |
| ပုံ ၄.၂ | အမှုဖြစ်ပွားသည့် အကြိမ်အရေအတွက် |
| ပုံ ၄.၃ | တရားမျှတမှုဆိုင်ရာဦးစားပေးပြဿနာများ |
| ပုံ ၅.၁ | ဦးစားပေးပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းမှုများ |
| ပုံ ၆.၁ | တရားသူကြီးများအပေါ်သဘောထားအမြင် |
| ပုံ ၆.၂ | ဥပဒေအရာရှိများအပေါ် သဘောထားအမြင် |
| ပုံ ၆.၃ | ရဲများအပေါ်သဘောထားအမြင် |
| ပုံ ၆.၄ | ရပ်ရွာအသိုင်းအဝိုင်း ခေါင်းဆောင်များအပေါ်သဘောထားအမြင် |
| ပုံ ၆.၅ | မညီမျှ သည့်ပြုမူဆက်ဆံမှုများအပေါ် သဘောထားအမြင် |
| ပုံ ၆.၆ | တာဝန်ယူတာဝန်ခံမှုအပေါ်သဘောထားအပြုအမူများ |

## နောက်ဆက်တွဲ(ခ)


| | |
|---|---|
| ပုံ ၂.၁(ခ) | ကျား/မအလိုက် မြန်မာစာတတ်မြောက်မှု |
| ပုံ ၂.၂(က) | အိမ်ထောင်စုဝင်ငွေ အဆင့်အတန်းအရပိုင်ဆိုင်မှု |
| ပုံ ၂.၃(ခ) | ကျား/မအလိုက် သတင်းအချက်အလက်ရရှိမှု |
| ပုံ ၂.၃(ဂ) | ဘာသာစကားများ |
| ပုံ ၃.၁(က) | လူမှုယုံကြည်မှု၊ ကျား/မအလိုက် ယုံကြည်ထိုက်မှုနှင့် မျှတမှု |
| ပုံ ၃.၂(က) | လူမှုယုံကြည်မှု၊ ကျား/မအလိုက်အခြားသူများအပေါ်ယုံကြည်မှု |
| ပုံ ၃.၄(က) | ကျား/မအလိုက် နေ့စဉ်သုံးစကားလုံးများ |
| ပုံ ၅.၂(က) | ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၁ |
| ပုံ ၅.၂(ခ) | ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၂ |
| ပုံ ၅.၂(ဂ) | ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၃ |
| ပုံ ၅.၂(ဃ) | ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၄ |
| ပုံ ၅.၂(င) | ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၅ |
| ပုံ ၅.၂(စ) | ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၆ |
| ပုံ ၆.၆(က) | တာဝန်ယူတာဝန်ခံမှုဆိုင်ရာ အတားအဆီးအဟန့်အတားများ |
| ပုံ ၆.၆(ခ) | ကျား/မအလိုက်တာဝန်ယူတာဝန်ခံမှု အပေါ် သဘောထားအမြင်အမှုနောက်ဆက်တွဲ(ဂ) |
| ပုံ က.၁ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်အဆင့်ဖွဲ့စည်းပုံ |
| ပုံ က.၂ | ပြစ်မှုဆိုင်ရာတရားမျှတရေးစနစ်လုပ်ငန်းစဉ် |
| ပုံ က.၃ | ပြင်ဆင်ချက်နှင့်အယူခံ |


## ဇယားအညွှန်း


| | |
|---|---|
| ဇယား ၂.၁ | ဖြေဆိုသူများ၏ လူမျိုး၊ ကျား/မပြဇယား |
| ဇယား ၂.၂ | ဖြေဆိုသူများ၏ လူမျိုး၊ ကိုးကွယ်သည့်ဘာသာပြဇယား |
| ဇယား ၂.၃ | လူမျိုးအလိုက် ပညာရေးအဆင့်အတန်း |
| ဇယား ၂.၄ | လူမျိုးအလိုက် မြန်မာစာပေတတ်မြောက်မှု |
| ဇယား ၃.၁ | တရားမျှတမှုအပေါ် သဘောထားအမြင် |
| ဇယား ၃.၂ | ဥပဒေအပေါ်သဘောထားအမြင် |
| ဇယား ၅.၁ | တတိယပုဂ္ဂိုလ်များ အမှုပြဿနာဖြေရှင်းရာတွင်ဖြစ်နိုင်ဖွယ်အခန်းကဏ္ဍများ |
| ဇယား ၆.၁ | တရားမျှတရေးစနစ်အပေါ် သဘောထားအပြုအမူ |
| ဇယား ၆.၂ | တရားရေးပုဂ္ဂိုလ်များအပေါ်ယုံကြည်မှု |


## နောက်ဆက်တွဲ (က)


| | |
|---|---|
| ဇယား ၁ | လေ့လာမှုနမူနာကောက်ကွက် အရွယ်အစားပမာဏ |


## နောက်ဆက်တွဲ (ခ)


| | |
|---|---|
| ဇယား ၂.၅ | လူမျိုးအလိုက် အိမ်ထောင်စုလစဉ်ဝင်ငွေ |
| ဇယား ၂.၆ | မြို့နယ်ဝန်ဆောင်မှုများရရှိရန် ကုန်ကျစရိတ် |
| ဇယား ၃.၁(က) | ကျား/မအလိုက် တရားမျှတမှုအပေါ်သဘောထားအမြင် |
| ဇယား ၃.၁(ခ) | မြို့ပြ/ကျေးလက်နေရာဒေသအလိုက် တရားမျှတမှုအပေါ်သဘောထားအမြင် |
| ဇယား ၃.၁(ဂ) | ကိုးကွယ်သည့်ဘာသာအလိုက် တရားမျှတမှုအပေါ် သဘောထားအမြင် |
| ဇယား ၆.၃ | တာဝန်ယူတာဝန်ခံမှုအပေါ် လူမျိုးအလိုက်သဘောထားအပြုအမူ |

# မာတိကာ

ဝေါဟာရအတိုအကောက်အညွှန်း ........ ဂ
ပုံပြအညွှန်း ........ ဂ
ဇယားအညွှန်း ........ ခ
အစီရင်ခံစာအကျဉ်းချုပ် ........ ၁

အခန်း ၁ နိဒါန်း ........ ၅
သုတေသနလေ့လာမှုနောက်ခံ ........ ၆
သုတေသနလေ့လာမှုရည်ရွယ်ချက်နှင့် နည်းနိဿယ ........ ၆
အယူအဆဆိုင်ရာ ခြုံငုံသုံးသပ်ချက် ........ ၆

အခန်း ၂ သုတေသနလေ့လာသည့် နေရာဒေသများနှင့် ဖြေဆိုသူများ၏
ဝိသေသသွင်ပြင်လက္ခဏာများ ........ ၉
လေ့လာသည့်နေရာဒေသ ခြုံငုံသုံးသပ်ချက် ........ ၁၀
လူမှုစီးပွားဘဝလေ့လာတွေ့ရှိချက်များ ........ ၁၀
ယဉ်ကျေးမှုဆိုင်ရာလေ့လာတွေ့ရှိချက်များ ........ ၁၀
လမ်းပန်းဆက်သွယ်ရေး ........ ၁၀
လုံခြုံရေးအခြေအနေ ........ ၁၀
သုတေသနလေ့လာမှုတွင်ဖြေဆိုသူများ ........ ၁၀
ယဉ်ကျေးမှုဆိုင်ရာဝိသေသသွင်ပြင်လက္ခဏာများ ........ ၁၂
ပညာရေးအဆင့်အတန်းနှင့် မြန်မာစာတတ်မြောက်မှု ........ ၁၃
မသန်စွမ်းမှု အခြေအနေ ........ ၁၃
ဝင်ငွေနှင့်အိမ်ထောင်စုပိုင်ဆိုင်မှု ........ ၁၅
လူထုမီဒီယာထိတွေ့မှုနှင့် သတင်းအချက်အလက်ရရှိမှု ........ ၁၅
ဝန်ဆောင်မှုများလက်လှမ်းမီရရှိမှု ........ ၁၈
အဓိကပံ့ပိုးကူညီသည့်ဇစ်မြစ်များ ........ ၁၉

အခန်း ၃ တရားမျှတမှုနှင့်ဥပဒေအပေါ် သဘောထားအမြင် ........ ၂၁
လူမှုယုံကြည်မှု ........ ၂၂
တရားမျှတမှုအပေါ်သဘောထားအမြင်များ ........ ၂၃
ဥပဒေအပေါ်သဘောထားအမြင်များ ........ ၂၆
ဥပဒေအသိပညာပေးခြင်း ........ ၂၈

အခန်း ၄ အငြင်းပွားမှုပြဿနာများနှင့် တရားမျှတမှုဆိုင်ရာဦးစားပေးပြဿနာများ ........ ၂၉
တစ်ဦးချင်း/အိမ်ထောင်စုအဆင့် ........ ၃၀
အမှုပြဿနာ အငြင်းပွားမှု အမျိုးအစား ပုံစံများ ........ ၃၀
အမှုပြဿနာဖြစ်ပွားသည့် အကြိမ်အရေအတွက် ........ ၃၀
တရားမျှတမှုဆိုင်ရာဦးစားပေးပြဿနာများ ........ ၃၂
ကဏ္ဍအလိုက်ပြဿနာများ ........ ၃၃
မြေယာပိုင်ဆိုင်မှုနှင့်အိမ်ရာ ........ ၃၈
မူးယစ်ဆေးဝါး ........ ၄၀
အမျိုးသမီးများနှင့် ထိခိုက်လွယ်အားနည်းသည့်အုပ်စုများအတွက် ဥပဒေကာကွယ်စောင့်ရှောက်မှု.. ၄၄
ခွဲခြားဆက်ဆံမှု ........ ၄၈
ချေးငွေနှင့်ကြွေးမြီ ........ ၅၀
ပြည်သူ့ဝန်ဆောင်မှုများ၊ လက်လှမ်းမီရရှိမှုနှင့် စည်းမျဉ်းစည်းကမ်းများ ........ ၅၅
သမားရိုးကျတရားမျှတရေးစနစ် ........ ၅၈
မြေယာ ........ ၅၈

မူးယစ်ဆေးဝါး ..... ၅၈
အမျိုးသမီးများနှင့် ထိခိုက်လွယ်အားနည်းသည့်အုပ်စုများအတွက် ဥပဒေကာကွယ်စောင့်ရှောက်မှု ..... ၆၀
ယာဉ်မတော်တဆမှုများ ..... ၆၁
မဲစုကြေးများ ..... ၆၁
၁၉၄၅ ရဲအက်ဥပဒေ ..... ၆၁
မတရားအသင်း ..... ၆၁

အခန်း ၅ အမှုပြဿနာဖြေရှင်းသည့်လမ်းကြောင်းများ ..... ၆၃
တိုက်ရိုက်ညှိနှိုင်းခြင်းနှင့် တတိယပုဂ္ဂိုလ်အကူအညီ ..... ၆၃
အမှုပြဿနာပြေလည်ကျေအေးမှုများတွင် တတိယပုဂ္ဂိုလ်များပါဝင်ပတ်သက်မှု အခန်းကဏ္ဍ ..... ၆၅
ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ် ..... ၇၅
ရဲများ ..... ၇၅
ဥပဒေအကျိုးဆောင်ကိုယ်စားလှယ်လိုက်ပါနိုင်မှု ..... ၇၆
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ..... ၇၆
မြေယာနှင့်ဆိုင်သည့် အငြင်းပွားမှုများ ..... ၇၆
One- Stop- Shops (ပြည်သူ့ဝန်ဆောင်မှုရုံး/ ဝန်ဆောင်မှုအမျိုးမျိုးကို
တနေရာတည်းတွင်ရရှိနိုင်သည့်ရုံးများ) ..... ၇၇

အခန်း ၆ တရားမျှတရေးစနစ်နှင့် တရားရေးတာဝန်ရှိသူများအပေါ် သဘောထားအပြုအမူများ ..... ၇၉
တရားစီရင်ရေးစနစ်အပေါ် သဘောထားအပြုအမူများ ..... ၈၀
တရားရေးတာဝန်ရှိသူများအပေါ် သဘောထားအမြင်များ ..... ၈၁
တရားသူကြီးများ ..... ၈၁
ဥပဒေအရာရှိများ ..... ၈၂
ရဲများ ..... ၈၃
ရပ်ရွာလူထုခေါင်းဆောင်များ ..... ၈၄
တရားရေးတာဝန်ရှိသူများအပေါ် ပြည်သူလူထုယုံကြည်မှု ..... ၈၄
မမျှတသည့် ပြုမူဆက်ဆံမှုများအပေါ်သဘောထားအမြင်များ ..... ၈၅
တာဝန်ယူတာဝန်ခံမှုအပေါ်သဘောထားအမြင်များ ..... ၈၆

အခန်း ၇ သုံးသပ်ချက်နိဂုံးနှင့် အကြံပြုချက်များ ..... ၈၉
တရားမျှတမှုလက်လှမ်းမီရရှိရေး ..... ၉၀
အနှစ်သာရပြည့်ဝသည့် တန်းတူညီမျှမှု ..... ၉၂
အုပ်ချုပ်မှုဆိုင်ရာတရားမျှတရေးနှင့် ပြည်သူလူထုအပေါ် တာဝန်ယူတာဝန်ခံမှု ..... ၉၄
တရားရေးလုပ်ပိုင်ခွင့်အာဏာအပေါ် ပြည်သူလူထုယုံကြည်မှု ..... ၉၆

နောက်ဆက်တွဲ(က) နည်းနိသယ ..... ၉၈
နောက်ဆက်တွဲ(ခ) နောက်ဆက်တွဲပုံနှင့်ဇယားများ ..... ၁၀၀
နောက်ဆက်တွဲ(ဂ) ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်ရှိ အဓိကအဖွဲ့အစည်းများနှင့်
လုပ်ထုံးလုပ်နည်းများ ..... ၁၀၈

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် အဖွဲ့အစည်းအသီးသီးမှ ပံ့ပိုးကူညီပေးခဲ့သည်။ UNDP ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ကြီးမှူးပြီး တသီးပုဂ္ဂလအကြံပေးပညာရှင်များဖြစ်သည့် Elaine Chan နှင့် Jessica So တို့က အကောင်ထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းလေ့လာမှုများကို ရှမ်းပြည်နယ်တွင် ပညာအလင်းပွင့်မြန်မာသုတေသနအဖွဲ့ Enlightened Myanmar Research Foundation က လုပ်ဆောင်ခဲ့ပြီး ဘာသာပြန်ဆိုမှုကို ဦးစိုးမြတ်သူက ပံ့ပိုး ပေးသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ အရေးပါသည့် ကူညီပံ့ပိုးမှုများအားလည်းကောင်း၊

ဤသုတေသနလေ့လာမှုတွင် အစွမ်းကုန်ပါဝင်ကူညီပေးကြသည့် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်နှင့် ခရိုင်အဆင့် အထွေထွေအုပ်ချုပ်ရေးအရာရှိများ၊ စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့အစည်း ကိုယ်စားလှယ်/တာဝန်ရှိ ပုဂ္ဂိုလ်များအားလည်းကောင်း၊

အစီရင်ခံစာပါ အချက်အလက်များကို သုတေသနလေ့လာမှုအဖွဲ့နှင့်အတူ စိတ်ရှည်စွာ ပါဝင်ဆွေးနွေးခဲ့ကြသည့် ရှမ်းပြည်နယ် လားရှိုး၊ ကွတ်ခိုင်၊ ကျိုင်းတုံ၊ တာချီလိတ်၊ တောင်ကြီး၊ လွိုင်လင်၊ ဆီဆိုင်မြို့နယ်များမှ ပြည်သူအသီးသီးတို့အား လည်းကောင်း၊

သုတေသနလေ့လာမှု (၂) နှစ်တာ ကာလအတွင်း သန္နိဋ္ဌာန်အပြည့်ဖြင့် ပါဝင်လက်တွဲခဲ့ကြပြီး UNDP Rule of Law အဖွဲ့ဝင်များဖြစ်ကြသည့် Mascha Mattews (Programme Specialist) ၊ Simone Boneschi (Rule of Law Specialist)၊ ဦးပေါလ်ဒွဲလာ (Programme Analyst)၊ ဒေါ်သက်မွန်စိုး (Programme Associate)၊ Ugo Okoh (Programme Management Specialist)၊ ဦးဇော်မင်းနောင် (National Field Officer)၊ ဒေါ်နှင်းမာလာထွန်း (Programme Associate)၊ ဒေါ်နွေးနွေးလွင် (National Officer)၊ Natalie Matranga (Rule of Law Officer)၊ Leo Twiggs (Rule of Law Officer)၊ ဦးဇော်လော့ဒ် (National Field Officer) တို့အားလည်းကောင်း၊ ရှမ်းပြည်နယ်ရှိ UNDP ရုံးခွဲအားလည်းကောင်း၊ သုတေသနလေ့လာမှုတွင် အဖိုးတန်အကြံဉာဏ်များ ပေးခဲ့ကြသည့် Scott Ciment (Chief Technical Adviser)၊ Emma Morley (Team Leader) နှင့် Jessica Price (Programme Analyst) တို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ဤ အစီရင်ခံစာကို Jenny Rouse က တည်းဖြတ်ပါသည်။

# ဥပဓောဏ



မြန်မာနိုင်ငံရှိ တရားမျှတရေးကဏ္ဍသည် နိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလတွင် အရေးပါသည့် နေရာမှပါဝင်သည်။ တရားရုံးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများနှင့် တရားမျှတမှု ဝန်ဆောင်မှုပေးသည့် အခြားအစိုးရဌာနများ လုပ်ငန်းဆောင်တာများကို အလေးပေးဆောင်ရွက်ခြင်းသည် တရားဝင်စနစ်နှင့် အုပ်ချုပ်မှုစနစ်အပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို ပြန်လည်တည်ဆောက်ရန်နှင့် ခိုင်မာစေရန် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ သာတူညီမျှ တရားမျှတပြီး အခွင့်အရေးများကို အခြေခံသည့်ပြုမူဆက်ဆံမှုများအတွက် ပြည်သူများ၏ မျှော်လင့်ချက်များမှာလည်း မြင့်မားလာပြီး၊ မြန်မာပြည်သူများ၏ တရားဝင်တရားရေးစနစ်အပေါ် ယုံကြည်မှု၊ သက်ဝင်ကိုးစားမှု အတိုင်းအတာရေချိန်ဖြင့် တိုးတက်မှုကို တစ်စိတ်တစ်ပိုင်းတိုင်းတာနိုင်မည်ဖြစ်သည်။

"တရားမျှတမှု လက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သောတရားမျှတရေးစနစ်များ သုတေသနလေ့လာမှု၊ ရှမ်းပြည်နယ်" အစီရင်ခံစာသည် မြန်မာနိုင်ငံရှိ တရားမနှင့် ပြစ်မှုဆိုင်ရာ တရားမျှတရေး ဝန်ဆောင်မှုများအပေါ် ပြည်သူများ၏ မျှော်လင့်ချက်များ၊ ပဋိပက္ခအငြင်းပွားမှုပြဿနာ ပေါ်ပေါက်လာပါက အခြေခံအဆင့်တွင် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော နည်းလမ်းများ အသုံးပြုပုံ အဆင့်ဆင့်တို့ကို စတင်သတ်မှတ် ဖော်ထုတ်ထားသည်။ တစ်ဦးချင်း၊ မိသားစုများနှင့် အုပ်စုလိုက် အလွတ်သဘော အခင်းအကျင်းများ၊ ပဋိပက္ခဖြစ်လွယ်သည့် နေရာဒေသများတွင် တွေ့ဆုံဆွေးနွေးမေးမြန်းသည့် နည်းနိဿယသည် အနာဂတ်တရားမျှတရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များရေးဆွဲရာတွင် အထောက်အကူ ဖြစ်နိုင်မည့် ရခဲသည့် အချက်အလက်များ ရရှိစေသည်။ ထို့အပြင်အမှုကိစ္စများကိုတရားမျှတမှုစနစ်နှင့် မိမိဆန္ဒအလျောက်ဖြစ်စေ၊ ဆန္ဒအလျောက်မဟုတ်သည်ဖြစ်စေ ထိတွေ့ဆက်ဆံရာတွင် မျှတစွာ ကိုင်တွယ်ဖြေရှင်းလိမ့်မည်ဟူသော ယုံကြည်မှုနည်းပါးသည့် ပြည်သူများ၏ ရှုထောင့်အမြင်ကိုလည်း နားလည်သိမြင်စေသည်။ ထိုသို့ယုံကြည်မှု နည်းပါးခြင်းကြောင့် ပြည်သူများသည် ပြဿနာအငြင်းပွားမှုများ ဖြေရှင်းရာတွင် မျှတသည့်ရလဒ်များ ဆောင်ကြဉ်းပေးနိုင်သည့် သမားရိုးကျမဟုတ်သော နည်းလမ်းများကို များစွာမှီခိုသော်လည်း၊ ထိုရလဒ်အဖြေများသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းသို့မဟုတ် လူ့အခွင့်အရေးစံများနှင့် အမြဲတစေ ကိုက်ညီမှု မရှိတတ်ပါ။

ယုံကြည်မှု ပြန်လည်တည်ဆောက်ရန်အတွက် တရားမျှတရေးစနစ်အတွင်း ပါဝင်သည့်သူများနှင့် အဖွဲ့အစည်းအားလုံး၏ အရည်အသွေးနှင့် မျှတမှု ကောင်းမွန်ထွန်းကားလာစေရေးအတွက် တိုင်းတာ၍ရသည့် တိုးတက်မှုများကို အစိုးရမှ ဆောင်ရွက်ရန် လိုအပ်သည်။ တရားမျှတမှုစနစ်အပေါ် ပြည်သူများ၏ ရှုမြင်ခံယူမှုနှင့် မျှော်လင့်တောင်းတချက်များကိုနားလည်သဘောပေါက်ခြင်းသည် ထိခိုက်လွယ်ဆုံးသူများနှင့် လူ့အဖွဲ့အစည်းအတွင်း ဘေးဖယ်ခံရဆုံးသူများအပါအဝင် ပြည်သူများအားလုံး၏ တရားမျှတမှု လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက် အဖြေရှာလိုပါက မြန်မာနိုင်ငံအနေဖြင့် မဖြစ်မနေ ပြည့်ဝစွာရှာဖွေ ဖော်ထုတ်ရမည့် ကနဦးအဆင့်ပင် ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းမှုများကို သဘောတူ လက်ခံဆွေးနွေး ဖြေကြားပေးခဲ့သည့် ရှမ်းပြည်နယ်မှ ပြည်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ဤအစီရင်ခံစာသည် ပေါ်လစီမူဝါဒချမှတ်သူများ၊ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဘက်အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အခြားအကျိုးဆိုင်အဖွဲ့အစည်းများ မြန်မာနိုင်ငံတွင်း အခွင့်အရေးများကို အခြေခံသည့် စွမ်းရည်ပြည့် တရားမျှမှုစနစ်တစ်ရပ် တည်ဆောက်ရာတွင် တဖက်တလမ်းမှ အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

Peter Batchelor
Country Director
UNDP Myanmar



# အစီရင်ခံစာအကျဉ်းချုပ်

ဓာတ်ပုံ - အေးသာယာ စပျစ်စိုက်ခင်း ၊ တောင်ကြီးမြို့အနီး ၊ ရှမ်းပြည်နယ်။

(၂၀၁၃) ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး ၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ရရှိရေးဆိုင်ရာလေ့လာမှုများကို ပထမအကြိမ် ဆောင်ရွက်ခဲ့ပြီးနောက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ထပ်မံသုတေသနပြုလုပ်ဆောင်ရွက်ခဲ့သည်။ ဒုတိယအကြိမ်တွင် ယခင်ဆောင်ရွက်ချက်များအပေါ် ပိုမိုကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်းဆောင်ရွက်စေခဲ့ပြီးသမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များကိုပါ အလေးပေးထည့်သွင်းဆောင်ရွက်ခဲ့သည်။

ဤ သုတေသနတွင် အဓိကမေးခွန်း (၃) ခုကို အဖြေရှာဖွေထားသည်။

( ၁ ) တရားမျှတမှုကို ပြည်သူများ မည်ကဲ့သို့ ရယူရှာဖွေကြသနည်း။

( ၂ ) သမားရိုးကျ တရားမျှတ ရေးစနစ်အပေါ် ပြည်သူများ၏ သဘောထားထင်မြင်ချက်၊ ယုံကြည်မှုနှင့် အားကိုးသက်ဝင်မှုများမှာ အဘယ်နည်း။

( ၃ ) ဒေသတွင်း တည်ရှိနေသည့် သမားရိုးကျ မဟုတ်သော တရားမျှတရေးဖြစ်စဉ်များ၊ ၄င်းတို့ ကျင့်သုံးလည်ပတ်ပုံများမှာ အဘယ်နည်း။

သုတေသနလေ့လာမှုနည်းနိဿယများကို နောက်ဆက်တွဲ (က) တွင်ဖော်ပြထားသည်။ ဤအစီရင်ခံစာတွင် ရှမ်းပြည်နယ်မှ လေ့လာတွေ့ရှိချက်များကို အနှစ်ချုပ်ဖော်ပြထားသည်။[၁] မှတ်သားသင့်သည်မှာ ဤတွေ့ရှိချက်များသည် ကိုယ်စားပြုမှုထက်စာလျှင် အညွှန်းသဘောပို၍ဆောင်ပြီး ကျယ်ပြန့်သည် လူဦးရေအတိုင်းအတာ တစ်ခုခုအတွက် ယေဘုယျကောက်ချက်ပေးနိုင်မည် မဟုတ်ပါ။

လေ့လာတွေ့ရှိချက်များကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု လက်လှမ်းမီရေးလုပ်ငန်းစဉ်များချမှတ်သည့်အခါထည့်သွင်းစဉ်းစားသင့်သည့်အချက်များ သတ်မှတ်ဖော်ထုတ်ရာတွင် အထောက်အကူပြုရန်ရည်ရွယ်သည်။

"ဘာမှမရတာထက်စာရင် မြေ ၁ ဧကရတာ ကတော်သေးတာပေါ့" ခေါင်းစဉ်မှာ မြေယာအငြင်းပွားမှုပြဿနာကိုသမားရိုးကျမဟုတ်သည့် တရားမျှတမှုနည်းလမ်းဖြင့် ဖြေရှင်းခဲ့ပြီး၊ ၄င်းရထိုက်သည်ထက် အလွန်နည်းပါးစွာရရှိခဲ့သည့် ဖြေဆိုသူတစ်ဦး၏ဖြေကြားချက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုသို့နည်းပါးစွာရရှိခဲ့သော်လည်း ၎င်းသည် အငြင်းပွားမှုအားဖြေရှင်းသည့် ရလဒ်အပေါ် စိတ်ကျေနပ်မှုရှိသည်။ အကြောင်းမှာ တရားမျှတပြီးတန်းတူညီမျှပြုမူဆက်ဆံခံရမှုအပေါ် ၎င်း၏မျှော်လင့်ချက်နည်းပါးခြင်းကြောင့်ဖြစ်သည်။ အငြင်းပွားမှုပြဿနာများကိုသမားရိုးကျမဟုတ်သည့်နည်းလမ်းများဖြင့် ဖြေရှင်းကြသည့် ဖြေဆိုသူများ၏ မျှော်လင့်ချက်သဘောထားမှာလည်းဤသို့အလားတူဖြစ်သည်။

အစီရင်ခံစာအခန်း (၁) နိဒါန်းတွင် သုတေသနတွေ့ရှိချက်များ၊ နောက်ဆက်တွဲ ခွဲခြမ်းစိတ်ဖြာ လေ့လာသုံးသပ်မှု အခင်းအကျင်းများပါဝင်သည့် သုတေသနလေ့လာမှုအယူအဆများကို ဖော်ပြထားသည်။ ယင်းမှာ (၁) လုပ်ပိုင်ခွင့်အာဏာ၏ တရားဝင်ဖြစ်မှု၊ (၂) တရားစီရင်ရေးအခွင့်အာဏာကျင့်သုံးမှုအပေါ် ပြည်သူလူထု၏ ယုံကြည်မှု၊ (၃) ရဲ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများ၏ တာဝန်ယူတာဝန်ခံမှု အပါအဝင် တရားဥပဒေစိုးမိုးမှု စသည့်ကောင်းမွန်သည့် အုပ်ချုပ်မှု၏ အခြေခံသဘောတရား ၃ ချက်အပေါ် အခြေခံထားသည်။ နိုင်ငံအများအပြားတွင် တရားမျှတမှု၊ တရားစီရင်ရေးစနစ်၏ တရားဝင်ဖြစ်မှုအပေါ် ပြည်သူလူထု ယုံကြည်မှုသည် လူ့အဖွဲ့အစည်းတွင်း လက်ခံထားသည့် စံတန်ဖိုးများနှင့် ဆက်စပ်မှုရှိသည်။ ထိုလက်ခံထားသည့် စံတန်ဖိုးများသည် အခြေခံအားဖြင့် လူ့အခွင့်အရေးအထူးသဖြင့် အနှစ်သာရပြည့်ဝသည့် သာတူညီမျှမှု၊ ခွဲခြားဆက်ဆံမှု မရှိခြင်း၊ ဥပဒေရှေ့မှောက်တွင် မှန်ကန်သည့် လုပ်ထုံးလုပ်နည်းများအရ တရားမျှတသည့် ပြုမူဆက်ဆံရခွင့်များအပေါ်အခြေခံသည်။ ထို့အတွက် လက်ခံထားသည့် စံတန်ဖိုးများအတွက် တရားမျှတမှု လက်လှမ်းရေးအတွက် အဓိကကျပြီး တရားစီရင်ရေးလုပ်ငန်းစဉ်များနှင့် ရလဒ်များအပေါ် ပြည်သူတို့၏ မျှော်လင့်တောင်းတချက်များကို သိရှိစေသည်။ ထို့အပြင် ၎င်းတန်ဖိုးများသည် ပြည်သူ့ဝန်ဆောင်မှု တာဝန်ယူထားသူများသည် မိမိလုပ်ဆောင်ချက်များ အတွက် ပြည်သူလူထုအား တာဝန်ယူ ဖြေကြားနိုင်ရမည်ဖြစ်ပြီး ပြည်သူလူထုကထိုအစိုးရအရာရှိများအား တာဝန်ယူတာဝန်ခံမှုရှိရန် တောင်းဆိုပိုင်ခွင့်ရှိသည်ဆိုသော တူညီသည့် မျှော်လင့်တောင့်တချက်တစ်ခုကိုလည်း ရည်ညွှန်းသည်။

အခန်း (၂) တွင် ရှမ်းပြည်နယ်တွင်း သုတေသနလေ့လာသည့်နေရာဒေသများ၊ ဖြေဆိုသူများ၏ လူမှုစီးပွား၊ လူဦးရေ၊ ယဉ်ကျေးမှု နောက်ခံအခြေအနေများကို ဖော်ပြထားသည်။[၂] အခန်း (၃) မှ အခန်း (၆) တွင် လေ့လာတွေ့ရှိချက်များကို ခွဲခြမ်းစိတ်ဖြာသုံးသပ် တင်ပြထားသည်။

---

၁ ရှမ်းပြည်နယ်တွင် လေ့လာခဲ့သည့်နေရာဒေသများနှင့် ဖြေဆိုသူများကိုရည်ရွယ်ချက်ရှိစွာရွေးချယ်ထားသည်။ ဖြေဆိုသူများအကြားကိန်းဂဏန်းစာရင်းဇယားအရ ဆက်စပ်နိုင်းယှဉ်မှုများ ပြုလုပ်နိုင်မည်မဟုတ်သကဲ့သို့ ဤတွေ့ရှိချက်များသည် ကျယ်ပြန့်သည့် လူဦးရေအတိုင်းအတာတစ်ခုအတွက် ယေဘူယျကောက်ချက်ဆွဲနိုင်မည်မဟုတ်ပါ။

၂ ဤ အစီရင်ခံစာတွင် " ဖြေဆိုသူ " ဆိုသည်မှာ သုတေသနလေ့လာမှုတွင် အုပ်စုလိုက် ပါဝင်ဆွေးနွေးသူနှင့် တစ်ဦးချင်းတစ်ယောက်ချင်း အင်တာဗျူးမေးခွန်းများ ဖြေကြားသူ မည်သူ့ကိုမဆိုရည်ညွှန်းသည်။ ဤ အစီရင်ခံစာတွင် ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသည့် IDP ဖြေဆိုသူများနှင့် ပတ်သက်သည့် တွေ့ရှိချက်များကို ထည့်သွင်းထားခြင်းမရှိပါ။

အခန်း (၃) တွင် ပြီးခဲ့သည့် နှစ်ကာလအတွင်း ၎င်းတို့ကိုယ်တိုင်နှင့်ရပ်ရွာလူ့အဖွဲ့အစည်းပါဝင်ပါတ်သက်သည့် အမှုပြဿနာများတွင် ဖြေဆိုသူများ ပြောဆိုတင်ပြသည့် အခြေအနေများကိုဖော်ပြထားသည်။ ဤအပိုင်းတွင် ဖြေဆိုသူများအကြား လူမှုယုံကြည်မှုရေချိန်ဖြင့် စတင်အစီရင်ခံသည်။ ရှမ်းပြည်နယ်တွင်း ဖြေဆိုသူများသည် မိသားစုနှင့် ရပ်ရွာအသိုင်းအဝိုင်းအပေါ် ယုံကြည်မှု ပိုမိုခိုင်မာပြီး “ အပြင်လူ” များအပေါ် မယုံကြည်တတ်သည်ကို ပြသကြသည်။

ဤအခန်းတွင် တရားမျှတမှုနှင့် ဥပဒေများဆိုင်ရာ ရှုထောင့်အချို့အပေါ် ဖြေဆိုသူများ၏သဘောထား အမြင်များကို ဆန်းစစ်လေ့လာထားသည်။ ထိုဆန်းစစ်မှုသည် ပြည်သူများတရားမျှတမှုကို အဘယ်ကြောင့် ရှာဖွေသည် မည်သည့် နည်းလမ်းများဖြင့် ရှာဖွေကြသည် စသည့် နောက်ခံအခြေအနေများကို ပံ့ပိုးပေးသည်။ ဖြေဆိုသူများသည် အငြင်းပွားမှု ပြဿနာများကို ရပ်ရွာဒေသအတွင်း ပို၍ဖြေရှင်းလိုကြသည်မှာ ထင်ရှားသည်။ သိသာသည့် ဖြေဆိုသူအများစုက အမျိုးသားနှင့် အမျိုးသမီးများသည် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ထိန်းသိမ်းစောင့်ရှောက်ရန် တူညီသောစံတန်ဖိုးနှင့် တူညီသောတာဝန်များ ရှိကြသည်၊ မိမိအလိုကျ ရလဒ်အဖြေရရှိခြင်းထက် ဖြစ်စဉ်တစ်လျှောက် လုပ်ထုံးလုပ်နည်းမျှတမှုက ပို၍အရေးပါသည်၊ လူအများသည် မတရားမှုကြုံတွေ့ရပါက အကူအညီရယူခွင့် ကုစားမှုနှင့်မျှတသည့်ရလဒ် ရရှိပိုင်ခွင့်ရှိရမည်၊ မည်သည့် ကိုးကွယ်သည့်ဘာသာ သို့မဟုတ် လူမျိုးဖြစ်စေကာမူ လူတိုင်းသည် အစိုးရ၏ညီမျှသည့် စောင့်ရှောက်မှုနှင့် ဦးစားပေး အလေးထားခံထိုက်သည် - တို့ကို သဘောတူ လက်ခံကြသည်။ သို့သော် ၎င်းတို့က မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် လူတစ်ဦးကောင်းမွန်စွာ ပြုမူဆက်ဆံခံရမှုကို အဆုံးအဖြတ်ပေးသည့် အဓိကအကြောင်းတရားများမှာ တစ်ခဲနက်သော အများစုက ဥစ္စာဓနချမ်းသာကြွယ်ဝမှုဟု လည်းကောင်း၊ အများအပြားကလည်း ပညာရေးအဆင့်အတန်းနှင့် နိုင်ငံရေးအဆက်အသွယ်များကြောင့်ဟု ဖော်ပြကြသည်။

ဖြေဆိုသူများသည် ယေဘုယျ အားဖြင့် သမားရိုးကျ တရားမျှတရေးစနစ်နှင့် ထိတွေ့ဆက်ဆံမှုမရှိဘဲ၊ ဥပဒေအရာရှိများ၊ ရှေ့နေများ၊ တရားရုံးများ၊ တရားသူကြီးများ ထက်စာလျှင် ရဲများကို ပိုမိုသိကျွမ်းကြသည်။ ဖြေဆိုသူအများအပြားသည် အချို့ ဥပဒေရေးရာများကိုမသိခြင်း သို့မဟုတ် နားလည်မှု လွဲခြင်းများ ရှိကြသည်။ သို့သော် ထက်ဝက်နီးပါးဖြေဆိုသူများကမြန်မာနိုင်ငံတွင်ဥပဒေရှေ့မှောက် တန်းတူညီမျှမှုရှိသည်မှာ လူတိုင်းမဟုတ်ဟု လက်ခံသဘောထားကြသည်။ ဖြေဆိုသူများ၏ သဘောထားများမှာ ဥပဒေပြဋ္ဌာန်းချက်များနှင့် လက်တွေ့ဘဝကွာခြားမှုကို အတည်ပြုရာ ရောက်သည်။ အချို့ အရာရှိများသည် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလက်လှမ်းမီရေး မြှင့်တင်ရာတွင်ဥပဒေဆိုင်ရာ အသိဗဟုသုတ၏ အရေးပါပုံကို အသိအမှတ်ပြုပြီး ဥပဒေနှင့်ပတ်သက်သည့် အများပြည်သူ အသိပညာပေးရေးကို ထောက်ခံပြောဆိုကြသည်။

အခန်း (၄) တွင် ဖြေဆိုသူများပါဝင်ပတ်သက်သည့် အငြင်းပွားမှုပြဿနာများ၏ သဘောသဘာဝနှင့် ၎င်းအနေဖြင့် ဦးစားပေးအရေးပါသည်ဟု သတ်မှတ်သဘောထားသည့် အမှုပြဿနာများကို လေ့လာထားသည်။ မြေယာ၊ မြေယာနှင့်ပတ်သက်သည့် အငြင်းပွားမှု ပြဿနာများမှာ လေ့လာခဲ့သည့် နေရာများအားလုံးနီးပါးတွင် အများဆုံးဖြစ်လေ့ရှိပြီး အရေးကြီးဆုံး ဦးစားပေးပြဿနာအဖြင့် သဘောထားခံယူသည်။ ဤပြဿနာများတွင် ပုဂ္ဂလိကအငြင်းပွားမှုများ၊ မြေယာမှတ်ပုံတင်ခြင်း သို့မဟုတ် သိမ်းယူခဲ့သော မြေယာများ ပြန်လည်ရယူခြင်း သို့မဟုတ် လျော်ကြေး တောင်းဆိုခြင်းများ ပါဝင်သည်။ မြေယာနှင့်ပတ်သက်သည့် အမှုများတွင် အစိုးရအာဏာပိုင်များ၏ အလွဲသုံးစားပြုမှုများကို ဖြေဆိုသူအချို့ကတင်ပြကြသည်။ ချေးငွေနှင့်ကြွေးမြီအငြင်းပွားမှုများသည်လည်း အနည်းနှင့်အများ အဖြစ်များသည်။ အကြွေးသံသရာများ၏ အခြေခံအကြောင်းတစ်ရပ်မှာ မတည်ငွေ/ ငွေလုံးငွေရင်း လက်လှမ်းမမီ ခက်ခဲသောကြောင့် ဖြစ်သည်။ ထိုပြဿနာအများအပြားမှာ မဲကြေးစုသည့်အစုအဖွဲ့များနှင့် အစိုးရသမဝါယမ ငွေချေးအဖွဲ့များအတွင်း ဖြစ်ပွားလေ့ရှိပြီး သမားရိုးကျ တရားမျှတရေးစနစ်များ၏ ပါဝင်ပတ်သက်မှုမှာ မရှိသလောက်ဖြစ်သည်။

ရပ်ရွာအသိုင်းအဝိုင်းအဆင့်တွင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့် ပြဿနာများမှာ အဓိကဦးစားပေး စိုးရိမ်စရာတစ်ရပ်ဖြစ်ပြီး မိသားစုနှင့်ကလေးများအပေါ် ကြီးမားသည့် လူမှုရေးနှင့်စီးပွားရေး ရိုက်ခတ်မှုများရှိသည်။ မူးယစ်ဆေးဝါးနှင့် ဆေးစွဲအသုံးပြုမှု ကျယ်ပြန့်လာခြင်းသည် ရပ်ရွာအတွင်း မှုခင်းများပြားစေပြီး အများပြည်သူ မလုံခြုံမှုဖြစ်စေသည်။ ခရိုင်အဆင့် ကြားနာဆုံးဖြတ်သည့် အမှု (၈၀ %) မှ (၉၀ %) မှာ မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့် ပြစ်မှုများဖြစ်သည်။

အိမ်တွင်း အကြမ်းဖက်မှုနှင့် လိင်ပိုင်ဆိုင်ရာ စော်ကားမှုများမှာလည်း အရေးပါသည့် ဦးစားပေးပြဿနာများဖြစ်ပြီး တစ်ခါတစ်ရံ မူးယစ်ဆေးဝါး သုံးစွဲမှု၊ ဆေးစွဲခြင်းများနှင့် တိုက်ရိုက်ဆက်စပ်သည်။ မိသားစုအိမ်တွင်းရေးများနှင့် ပတ်သက်သည့် ယဉ်ကျေးမှုဆိုင်ရာ အပြုအမူအလေ့အထများသည် အမျိုးသမီးများအနေဖြင့် ညှင်းပမ်းနှိပ်စက်သည့် အခြေအနေများမှ ရုန်းထွက်နိုင်စွမ်းနှင့် တရားမျှတမှု ရယူပိုင်ခွင့်တို့ကို အဟန့်အတားဖြစ်စေသည်။

တရားဝင် စာရွက်စာတမ်း အထောက်အထား မရှိခြင်းသည် ရွှေ့ပြောင်းအလုပ်သမား ခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးမှုများကို တွန်းအားပေးပြီး ဤကိစ္စများတွင် ရပ်ရွာအသိုင်းအဝိုင်းအနေဖြင့် နစ်နာသူများကို ပံ့ပိုးကူညီနိုင်စွမ်း မရှိပါ။ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့်တောင်ပိုင်းမှ လူနည်းစု လူမျိုးသို့မဟုတ် ဘာသာဝင်များကခွဲခြားဆက်ဆံမှုခံရသည်၊ မှတ်ပုံတင်အထောက်အထားရယူရာတွင် အခက်အခဲများကြုံရသည်ဟု တင်ပြကြသည်။ ရေရရှိမှု၊ ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များမရှိ

မှုနှင့် အဂတိလိုက်စားမှု စသည့် ဝန်ဆောင်မှုဆိုင်ရာ အခက်အခဲများနှင့် ၄င်းတို့၏ အခက်အခဲပြဿနာများကို ထိရောက်စွာဖြေရှင်းနိုင်သည့်နည်းလမ်းများမရှိခြင်းတို့ကိုလည်း ဖြေဆိုသူများက ဖေါ်ပြကြသည်။

အခန်း (၅) တွင် ပြည်သူများအနေဖြင့် ၄င်းတို့၏ အငြင်းပွားမှုများ၊ ဦးစားပေးပြဿနာများ ကြိုးစားဖြေရှင်းသည့် နည်းလမ်းများကို လေ့လာထားသည်။ ရှမ်းပြည်နယ်ရှိ ဖြေဆိုသူများသည် ပြဿနာများဖြေရှင်းရာတွင် မိမိကိုယ်ကိုပို၍အားကိုးကြသည်။ အများစုက သမားရိုးကျ တရားမျှတရေးစနစ်ကိုမသုံးလိုကြဘဲ ရပ်ရွာဒေသအတွင်း ဖြေရှင်းရန် ကြိုးစားကြသည်။ သို့သော် အများစုမှာ အောင်မြင်မှု မရရှိပါ။ အဓိက ဦးစားပေးပြဿနာထက်ဝက်ကျော်တွင် မကျေနပ်သူ/တိုင်ကြားသူများသည် တိုက်ရိုက်ညှိနှိုင်းခြင်းဖြင့် ပြေလည်ကျေနပ်မှုရရှိရန် ကနဦးကြိုးစားကြသည်။ တိုက်ရိုက်ညှိနှိုင်းမှုများနှင့်/သို့မဟုတ် တတိယပုဂ္ဂိုလ်များ၏ အကူအညီများ ရယူပြီးနောက် အရေးကြီးဆုံး ဦးစားပေးပြဿနာ အမှု (၆၂) အနက် (၅၈%) မှာ ကျေအေးပြေလည်သွားခြင်း မရှိပါ။ ကျေအေးပြေလည် ခဲ့သည်များတွင်လည်း အားလုံးမှာ မိမိလိုလားသည့် သို့မဟုတ် ကျေနပ်စိတ်တိုင်းကျသည့် ရလဒ်အဖြေထွက်ခဲ့သည်ဟု မဆိုသာ။ ဤသည်မှာ ဖြေဆိုသူများ၏ တရားမျှတမှုရရှိရေးသည် အကန့်အသက်များစွာ ရှိနေသည်ကို ညွှန်းဆိုသည်။

အမှုပြဿနာ ကြိုးစားဖြေရှင်းရာတွင် ပါဝင်ပတ်သက်သည့် အထင်ရှားဆုံး တတိယပုဂ္ဂိုလ်များမှာ တရားသူကြီးများ ဖြစ်သည်။ ရပ်ရွာအသိုင်းအဝိုင်းတွင် လေးစားထိုက်သည့် ရပ်မိရပ်ဖ (အမျိုးသားနှင့် အမျိုးသမီး) များကိုလည်း အငြင်းပွားမှုနှင့် တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများဖြေရှင်းရန် အကူအညီတောင်းကြသည်။ မြေယာ စီမံခန့်ခွဲမှု ကော်မတီများမှလည်း အခန်းကဏ္ဍ တစ်စုံတစ်ရာရှိသည်။ ညှိနှိုင်းမှုများ မအောင်မြင်ခဲ့သောအခါ အချို့တိုင်ကြားသူများသည် အခြားနောက်တစ်ဦးထံမှ အကူအညီတောင်းခံခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် လူမှုဆက်ဆံရေး စည်းဘောင်ပျက်ပြားမည် သို့မဟုတ် ခြိမ်းခြောက်ခံရမည် စိုးသောကြောင့်ဖြစ်သည်။

အခန်း (၆) တွင် ပြည်သူများကို အစိုးရအရာရှိများ၏ ခွဲခြားဆက်ဆံမှုအပေါ် ဖြေဆိုသူများ၏သဘောထားခံယူချက်များနှင့် အတွေ့အကြုံများကို တင်ပြထားသည်။ ပြစ်မှုကျူးလွန်သည်ဟု စွဲဆိုခံရပါက ဆင်းရဲသူများသည် အခြားသူများထက်စာလျှင် ဥပဒေအောက် တန်းတူညီမျှဆက်ဆံခံရမှု အနည်းဆုံးဖြစ်သည်ဟု ဖြေဆိုသူများက သဘောထားသည်။ အဂတိလိုက်စားမှု ဥပမာဖြစ်ရပ် နှစ်ခုကို တိုင်ကြားလိမ့်မည်မဟုတ်ဟု ဖြေဆိုသူထက်ဝက်နီးပါးက ဆိုသည်။ ၄င်းတို့အများစုက အဂတိလိုက်စားမှု လုပ်ရပ်ပင်လျှင် တာဝန်ယူတာဝန်ခံစေမှုကို အဟန့်အတားဖြစ်နေသည်ဟု ပြောကြသည်။ အတော်များများက မတိုင်လိုခြင်းမှာ ကြောက်ရွံ့၍၊ အစိုးရဗျူရိုကရေစီ ယန္တရားနှင့် ပတ်သက်ရမည်စိုးသောကြောင့်ဟုဖြေဆိုကြသည်။ တိုင်မည် သို့မဟုတ် တိုင်ကောင်းတိုင်မည် ဖြေဆိုသူအနည်းစုသည် တိုင်သောကြောင့် ရလဒ်အနေဖြင့် အရေးယူဆောင်ရွက်မှု တစ်စုံတစ်ရာမျှော်လင့်ကြသော်လည်း တရားဝင် တာဝန်ယူတာဝန်ခံမှုအပေါ် မျှော်လင့်ချက်များစွာ မထားရှိပါ။ ဤတွေ့ရှိချက်သည် တရားမျှတမှု လက်လှမ်းမီရေးအတွက် အဓိပ္ပါယ်များစွာ ရှိပါသည်။

သုတေသနလေ့လာမှုမှ ပေါ်ထွက်လာသည့် သုံးသပ်ချက်နှင့် အကြံပြုချက်များကို အခန်း(၇)တွင် တင်ပြထားသည်။ တရားမျှတမှုလက်လှမ်းမီရေး အလေ့အကျင့်၏ ဗဟိုချက်မှာ အများလက်ခံထားသည့် စံတန်ဖိုးများဖြစ်သည်ကို လေ့လာမှုက အတည်ပြုထားသည်။ ဤသဘောတူလက်ခံထားသည့် စံတန်ဖိုးများသည်တရားမျှတရေးဖြစ်စဉ် (သမားရိုးကျဖြစ်သော၊ အုပ်ချုပ်ရေးဆန်သော၊ သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်) များအပေါ် ပြည်သူများ၏ မျှော်လင့်တောင့်တချက်များကို အသိပေးရာလည်းရောက်သည်။

တရားမျှတမှုနှင့်ပတ်သက်သည့် ဖြေဆိုသူများ၏ ဦးစားပေးပြသာနာများ၏ သဘောသဘာဝနှင့် ၄င်းတို့ တွေ့ကြုံခံစားမှုများက ဥပဒေရှေ့မှောက် ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်မှုများကို ပြည်သူများ အမြဲတမ်း မခံစားကြရသည်ကို ဖေါ်ပြသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ တန်းတူညီမျှမှုနှင့် တရားမျှတမှုကို လက်တွေ့တွင်လိုက်နာကျင့်သုံးရန်၊ အနှစ်သာရပြည့်ဝသည့် တန်းတူညီမျှမှုအပေါ် အခြေခံ၍ ပြည်သူများတစ်ပြေးညီ ဆက်ဆံခံခွင့်များကို အာမခံရန်လိုအပ်သည်။

အစိုးရလုပ်ပိုင်ခွင့်အာဏာ အလွဲသုံးစားမှုများနှင့် အစိုးရဌာနအဖွဲ့အစည်း တာဝန်ရှိသူများ၏ စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ တရားဝင် ပြန်လည်ကုစားခွင့် နည်းလမ်းများပါဝင်သည်။ အုပ်ချုပ်ရေးဆိုင်ရာ တရားမျှတမှုမှာ ဦးစားပေးတရပ်အဖြစ်ထင်ရှားစွာ ထုတ်ဖေါ်သတ်မှတ်ပြီး အစိုးရ တာဝန်ယူထားသူများ ပြည်သူ အပေါ်တာဝန်ခံမှုကို အာမခံရန်လိုအပ်သည်။ တရားရေးစနစ်အပေါ် ပြည်သူများ၏ ယုံကြည်မှုမြှင့်တင်ရန်မှာ တရားရေးကဏ္ဍ တာဝန်ရှိပုဂ္ဂိုလ်များအတွက် ဦးစားပေးတရပ်ဖြစ်သည်။ ဥပဒေရှေ့မှောက် တန်းတူညီမျှမှုစသည့် အများလက်ခံသဘောတူသည့် စံတန်ဖိုးများ၊ အထူးသဖြင့် တရားစီရင်ကြားနာမှုများတွင် ပွင့်လင်းမြင်သာမှု၊ လွတ်လပ်အမှီခိုကင်းမှု၊ မျှတမှုတို့ကို အားပေးမြှင့်တင်သည့် မူဝါဒပေါ်လစီများ ချမှတ်ရန် အရေးပါသည်။ ဖြေဆိုသူများသည် ပိုမိုနှစ်သက်သဘောကျသည့် ဒေသတွင်း သမားရိုးကျမဟုတ်သော နည်းလမ်းပုံစံများဖြင့် အငြင်းပွားမှုပြသာနာများ ဖြေရှင်းကြသည်။ နိုင်ငံတော်မှ ယခင်သိမ်းဆည်းခဲ့သည့် မြေယာများ ပြန်လည်ပေးဆပ်ခြင်းနှင့် ခွဲဝေခြင်းကဲ့သို့ စီရင်ဆုံးဖြတ်မှုများတွင် စီရင်ချက်အဖြေထက် ဖြစ်စဉ်တလျှောက် လုပ်ထုံးလုပ်နည်းများ ပို၍ပွင့်လင်းမြင်သာသည့် အကျိုးကျေးဇူး ဖြစ်ထွန်းစေသည်ဟု အဓိပ္ပါယ်သက်ရောက်သည်။



# အခန်း (၁)
# နိဒါန်း

ဓာတ်ပုံ - လားရှိုးမြို့မဈေးတွင် အနီးနားကျေးရွာများမှ ဟင်းသီးဟင်းရွက်လာရောက် ရောင်းချသည့် ပလောင်အမျိုးသမီးများ၊ ရှမ်းပြည်နယ်မြောက်ပိုင်း။

## သုတေသနလေ့လာမှုနောက်ခံ

၂၀၁၃ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလက်လှမ်းမီရေးဆိုင်ရာ လေ့လာမှုများကို ပထမအကြိမ် ဆောင်ရွက်ခဲ့ပြီးနောက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် UNDP သည် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်များတွင် တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များကို လေ့လာမှုများထပ်မံပြုလုပ်ခဲ့သည်။

ဒုတိယအကြိမ်တွင် ယခင်ဆောင်ရွက်ချက်များကို ပိုကျယ်ပြန့်နက်ရှိုင်းစွာ လေ့လာနိုင်ခဲ့ပြီး သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များကိုပါ အလေးပေး ထည့်သွင်းခဲ့သည်။ ၂၀၁၃လေ့လာမှု၏အဓိကတွေ့ရှိချက်တစ်ခုဖြစ်ပြီး၊ ၂၀၁၄ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့သည့် နောက်ဆက်တွဲ သီးခြား လေ့လာမှုများကလည်း[၃] ထပ်လောင်း ဖေါ်ပြသည့်အချက်မှာ အမှုပြဿနာအများစုသည် ရပ်ကွက်နှင့်ကျေးရွာအဆင့်တွင် ညှိနှိုင်းဖြေလည်ဖြေရှင်းကြပြီး သမားရိုးကျတရားစီရင်ရေး စနစ်သို့ ရောက် မလာကြပေ။

အထက်ဖေါ်ပြပါ သုတေသနလုပ်ငန်းများနှင့် အခြားအရည်အသွေး အခြေခံလေ့လာမှုအချို့ (qualitative studies) ပြုလုပ်ခဲ့သည်ဆိုသော်ငြားလည်း မြန်မာနိုင်ငံရှိ တရားမျှတမှုရရှိရေးဆိုင်ရာ နားလည်သဘော ပေါက်မှုများစွာ လိုအပ်နေသေးသည်။ ဤလေ့လာမှုသည် မြန်မာနိုင်ငံတွင်း တရားဥပဒေစိုးမိုးရေး အားကောင်းလာစေရန် နှင့် တရားမျှတမှုပိုမိုရရှိလာစေရေးအတွက် UNDP ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်၏ ကြိုးပမ်းဆောင်ရွက်ချက် များကို အောက်ပါအတိုင်း ပံ့ပိုးသွားရန် ရည်ရွယ်သည်။ ယင်းတို့မှာ ( ၁ ) တရားဝင် တရားစီရင်မှုစနစ်အတွင်း တရားမျှတမှုကို ပြည်သူများ ရယူရှာဖွေသည့် နည်းလမ်းများအပေါ် အခြေခံနားလည် သဘောပေါက်မှုကို ချဲ့ထွင်ခြင်း၊ ( ၂ )သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ၏ လည်ပတ်ဆောင်ရွက်ပုံများကို နက်ရှိုင်းစွာနားလည်ခြင်းတို့ဖြစ်သည်။ ဤသုတေသန လေ့လာတွေ့ရှိချက်များသည် UNDP နှင့် အကျိုးဆိုင်မိတ်ဖက်အဖွဲ့အစည်း stakeholders များ၏ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ပံ့ပိုးမြှင့်တင်ရေး အစီအစဉ်များ ရေးဆွဲသည့်အခါ ထည့်သွင်းစဉ်းစားသင့်သည့် အခြေခံအချက်များ သတ်မှတ်ဖေါ်ထုတ်ရာတွင် အထောက်အကူဖြစ်နိုင်ရန် ရည်ရွယ်သည်။

## သုတေသနလေ့လာမှု ရည်ရွယ်ချက်နှင့် နည်းနိဿယများ

သုတေသနလေ့လာမှုမှာ သမားရိုးကျ တရားမျှတရေး၊ အုပ်ချုပ်ရေးဆိုင်ရာ တရားစီရင်မှု၊ သမားရိုးကျမဟုတ်သော တရားမျှတရေးနည်းလမ်းများဖြင့်အငြင်းပွားမှု၊ ဆုံးရှုံးနစ်နာမှုများအတွက် ပြည်သူများ ချဉ်းကပ်အသုံးပြုပုံများကို သိမြင်နားလည်ရန် ရည်ရွယ်သည်။ လေ့လာမှုတွင် အဓိက မေးခွန်း ( ၃ ) ခုကို အဖြေ ရှာဖွေထားသည်။

( ၁ ) တရားမျှတမှုကိုပြည်သူများမည်ကဲ့သို့ရယူရှာဖွေကြသနည်း၊

( ၂ ) သမားရိုးကျ တရားမျှတရေးစနစ်အပေါ် ပြည်သူများ၏သဘောထားထင်မြင်ချက်၊ယုံကြည်မှုနှင့်အားကိုးသက်ဝင်မှုများမှာ အဘယ်နည်း။

( ၃ ) ဒေသတွင်းတည်ရှိနေသည့် သမားရိုးကျ မဟုတ်သော တရားမျှတရေးဖြစ်စဉ်များ၊ ၎င်းတို့ ကျင့်သုံးလည်ပတ်ပုံများမှာ အဘယ်နည်း။

လေ့လာမှု နည်းနိဿယကို နောက်ဆက်တွဲ (က) တွင် ဖေါ်ပြထားသည်။ မှတ်သားရမည်မှာ လေ့လာမှုနေရာဒေသများနှင့် ဖြေဆိုသူ[၄] ရွေးချယ်သည့် ပုံစံကြောင့် တွေ့ရှိချက်များသည် လေ့လာမှုနမူနာ[၅] ကိုသာ ထင်ဟပ်ဖေါ်ပြသည်။ ဖြေဆိုသူများအကြား ကိန်းဂဏန်းစာရင်းအရ ထင်ရှားသည့်နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်မည်မဟုတ်သကဲ့သို့ တွေ့ရှိချက်များသည် ကျယ်ပြန့်သည့် လူဦးရေအတိုင်းအတာတစ်စုံတစ်ရာအတွက် ယေဘူယျကောက်ချက်ချနိုင်မည် မဟုတ်ပါ။

## အယူအဆဆိုင်ရာ ခြုံငုံသုံးသပ်ချက်

အဓိက သဘောထားနှစ်ရပ်ဖြစ်သော တရားဝင်ဖြစ်မှုနှင့် ယုံကြည်အားထားမှုတို့သည် မည်သည့် လူ့ဘောင်အဖွဲ့အစည်းတွင်မဆို ကောင်းမွန်သော အစိုးရဖြစ်လာစေ

၃ မြန်မာဥပဒေ အထောက်အကူကွန်ယက်၊ အကြောက်တရားနှင့်မျှော်လင့်ချက်အကြား မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုရရှိရေး မြှင့်တင်ရာတွင် ကြုံရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ ( စက်တင်ဘာ ၂၀၁၄ )
၄ ဤအစီရင်ခံစာတွင် ဖြေဆိုသူသည်မှာ သုတေသနလေ့လာမှုတွင် အုပ်စုလိုက် ပါဝင်ဆွေးနွေးသူနှင့် အင်တာဗျူးမေးခွန်းများ ဖြေကြားသည့်မည်သူကိုမဆို ရည်ညွှန်းသည်။
၅ ဤအစီရင်ခံစာတွင် စစ်တွေမြို့နယ်တွင် သုတေသနနည်းနိဿယများကို ကနဦးစမ်းသက်သည့်အနေဖြင့် ပြုလုပ်ခဲ့သည် အုပ်စုလိုက်ဆွေးနွေးမှုများ ( FGD ) နှင့် အဓိက သတင်းအချက်အလက်ပံ့ပိုးသူများနှင့် အင်တာဗျူးမေးမြန်းမှုများ ( KII ) မှ ရရှိသည့်တွေ့ရှိချက်များ ထည့်သွင်းထားသည်။ သို့သော် အိမ်ထောင်စုအဆင့် တစိတ်တစ်ပိုင်းဖွဲ့စည်း တည်ဆောက်ထားသည့် အင်တာဗျူးမေးခွန်းပုံစံ ( household – semi – structured interview questionnaire ) များမှာ ကနဦးလေ့လာမှုပြီးနောက် ပြန်လည်သုံးသပ်ခဲ့ရသဖြင့် ယင်းမှတွေ့ရှိချက်များကိုထည့်သွင်းခြင်းမရှိပါ။

ရေးအတွက် အခြေခံအချက်များ ဖြစ်သည်။ (၂၀၁၅) ခုနှစ် သမိုင်းဝင် အထွေထွေရွေးကောက်ပွဲ၏ရလဒ်မှာ မြန်မာနိုင်ငံတွင် နိုင်ငံရေးအခွင့်အာဏာကို ကျင့်သုံးရာတွင် အဆိုပါ အယူအဆများသည် အချက်အခြာကျကြောင်း ညွှန်းဆိုခဲ့သည်။

တရားဝင်ဖြစ်မှုနှင့် ယုံကြည်မှုတို့သည် တရားဥပဒေစိုးမိုးမှုတို့အတွက် ရှိရင်းစွဲအယူအဆများဖြစ်ပြီး သမားရိုးကျ တရားမျှတရေးစနစ်မှတစ်ဆင့် ဥပဒေရေးရာ အခွင့်အာဏာတို့ကို ကျင့်သုံးရာတွင် အရေးပါသည်။


တရားဝင်ဖြစ်မှုသည် ဥပဒေနှင့်အညီလိုက်နာကျင့်သုံးမှုကို အားပေးမြှင့်တင်ပြီး တရားဝင်တရားရေး ကဏ္ဍအတွင်း တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တွန်းအားပေးသည်။ ထို့အပြင် လူမှုရေး၊ နိုင်ငံရေးနှင့်ရပ်ရွာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် ပြည်သူများ တက်ကြွစွာပါဝင်လာမှုကိုလည်း ပံ့ပိုးပေးသည်။[၆] တရားရေးစနစ်နှင့် ၎င်း၏ တရားဝင်ဖြစ်မှုအပေါ် ပြည်သူလူထုယုံကြည်မှုသည် အခြားအစိုးရအဖွဲ့အစည်းများအပေါ် ယုံကြည်မှုကိုပါ မြှင့်တင်ပေးသည်။ အဘယ်ကြောင့်ဆိုသော် ထိုအဖွဲ့အစည်းများ၏ အလွဲသုံးစား လုပ်နိုင်ချေများမှ အကာအကွယ်ပေးထား၍ ဖြစ်သည်။[၇]

ယုံကြည်မှုသည် အရေးအသွေးပြည့်မီမှုနှင့် လက်ခံထားသည့် စံတန်းဖိုးများ၏ လုပ်ဆောင်ချက်တစ်ရပ် ဖြစ်သည်၊ တစ်နည်းဆိုရလျှင် တရားမျှတရေးကဏ္ဍတွင်တာဝန်ရှိသူများသည် (အသိပညာ၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် အရင်းအမြစ်များ) အရည်အချင်း ပြည့်ဝပြီး ပြည်သူများ ယုံကြည်ထားသည့်အတိုင်း မှန်ကန်သည့် သဘောထားဖြင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့် ဦးစားပေးမှုများကို ထိရောက်မှုတစွာ တုံ့ပြန်ဆောင်ရွက်ခြင်း ဖြစ်သည်။[၈] ပြည်သူ့ဝန်ထမ်းအရာရှိများသည် တန်စိုးလက်ဆောင်နှင့် ပြင်ပဩဇာ ဖိအားများကို တိမ်းညွှတ်ယိမ်းယိုင်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံမှုပြုပါက ထိုအပြုအမူများသည် တရားမျှတရေးကို အနောက်အယှက်ဖြစ်စေသည့် ယုံကြည်မှုအဟန့်အတားများ ဖြစ်လာသည်။

တရားဝင်ဖြစ်မှုသည် အများလက်ခံထားသည့် စံတန်ဖိုးများနှင့်လည်း သက်ဆိုင်သည်။ တရားဝင်ဖြစ်မှုကို ဖော်ပြပါအချက် (၃) ချက် အဓိပ္ပါယ် ဖွင့်ဆိုသည်။ ၎င်းတို့မှာ (၁) ဖွင့်ဟ ထုတ်ဖော်သည့် သဘော တူညီချက် (၂) ဥပဒေဘောင်နှင့်အညီ လုပ်ပိုင်ခွင့်အာဏာ အပေါ်အခြေခံပြီး ရယူသည့် သဘောတူညီချက်နှင့် (၃) လက်ခံထားသောစံတန်ဖိုးများ သို့မဟုတ် မှန်ကန်သည့် သဘောထားများ ဖြစ်သည်။[၉] မြန်မာနိုင်ငံအနေအထားနှင့် လိုက်လျောညီထွေဖြစ်စေရန် ယင်းအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် လုပ်ပိုင်ခွင့်အာဏာတို့၏ မူလသဘာဝ ဝိသေသ လက္ခဏာများကိုပါ ထည့်သွင်းထားသည်။

ထို့ကြောင့် တရားဝင်ဖြစ်မှုနှင့် ယုံကြည်မှုအယူအဆများသည် အများလက်ခံထားသည့် စံတန်ဖိုးများနှင့် ဆက်စပ်မှုရှိနေသည် (ပုံ ၁.၁ တွင်ရှု)။ [၁၀]

ပုံ ၁ . ၁ တရားဝင်ဖြစ်မှုနှင့်ယုံကြည်မှု




၆ Tom Tyler and Jonathan Jackson ပြုစုရေးသားသည့် အများအကြိုက် တရားဝင်ဖြစ်မှုနှင့် ဥပဒေအခွင့်အာဏာကျင့်သုံးမှု ( Popular Legitimacy and the Exercise of Legal Authority ) လိုက်နာကျင့်သုံးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးပေါင်းပါဝင်မှုကို လှုံ့ဆော်ခြင်း ( Motivating Compliance, Cooperation and Engagement ) ၂၀၁၃

၇ Steven Van de Walle ၏ တရားမျှတမှု / တရားစီရင်မှုစနစ်အပေါ် ယုံကြည်မှု ( Trust in the Justice System ) ဥရောပတစ်ခွင် နှိုင်းယှဉ်သုံးသပ်အမြင် ( A Camparative View Across Europe ) ၂၀၀၉

၈ Jonathan Jackson, etal တရားမျှတမှုအပေါ်ယုံကြည်မှု၊ ဥရောပလူမှုညွှန်းကိန်းများ ပြုစုခြင်းဆိုင်ရာ မှတ်စုများ (၂၀၁၁)

၉ ဥရောပ လူမှုစစ်တမ်း တရားမျှတမှု ညွှန်းကိန်းများ ဖွံ့ဖြိုးတိုးတက်မှုမှတူညီရာကောက်ထုတ်ခြင်း / ကောက်နုတ်ခြင်း (Drawing Similarity upon the devento-ment of the European Social Survey Justice indicattiors ), David Beethan ၏ အာဏာတရားဝင်ဖြစ်မှု (The Legitimation of Power လန်ဒန်၊ Macmillon ၊ ၁၉၉၁)၊ Mike Hough နှင့် Stetano Mattei ရေးသားပြုစုသည့် " တရားမျှတမှုအပေါ်ယုံကြည်မှု " (Trust in Justice)၊ " တရားဝင်ဖြစ်မှုအပေါ်တွေးဆချက် " (Thinking about Legitimacy )၊ ဥရောပပြစ်မှု ဗေဒ (Criminology in Europe) အပိုင်း (၂) ၂၀၁၃

၁၀ Jonathan Jackson နှင့် Jacinta Gau ရေးသားပြုစုသည့် " အယူအဆ ထုဆစ်ခြင်း၊တရားဝင်အခွင့်အာဏာဆိုင်ရာ ယုံကြည်မှုနှင့် တရားဝင်ဖြစ်မှုအပေါ် လူထုသဘောထားအမြင်များကို ခွဲခြမ်းစိတ်ဖြာခြင်း " (Carving up Concepts ? Differentiation between Trust and Legitimacy in Public Attitudes towards Legal Authority) E . Shockley at al အတွဲများ၊ " ယုံကြည်မှုအပေါ် နွယ်ယှက်ရှုထောင့်အမြင်များ (Interdisciplinary Perspectives on Trust) Switgerlang ၊ Springer International ၊ ၂၀၁၆ ၄၉ - ၆၉ "

တရားမျှတမှု လက်လှမ်းမီရေးတွင် အများလက်ခံထားသည့် စံတန်ဖိုးများသည် အဓိကအခရာကျသည်ကို ဖေါ်ပြသည်။[၁၁] သမားရိုးကျဖြစ်သော သို့မဟုတ် အုပ်ချုပ်ရေးဆန်သော သို့မဟုတ် သမားရိုးကျမဟုတ်သော တရားမျှတရေး လုပ်ငန်းစဉ်များအပေါ် ပြည်သူလူထုမျှော်လင့်တောင့်တချက်များကိုလည်း ဤစံတန်ဖိုးများက အသိပေးဖေါ်ပြသည်။ ထိုစံတန်ဖိုးများတွင် ဥပဒေရှေ့မှောက် တန်းတူညီမျှမှု၊[၁၂] ခွဲခြားဆက်ဆံမှုမရှိခြင်း၊ အခြားသူများအပေါ် လေးစားမှု၊ လူမှုအသိုင်းအဝိုင်းအတွင်း မျှတမှုနှင့် အဂတိကင်းမဲ့မှုတို့ ပါဝင်သည်။ ရပ်ရွာအဆင့်တွင် ၄င်း စံတန်ဖိုးများသည် လူမှုရေးကဏ္ဍ၌ တန်းတူညီမျှမှု၊ ခွဲခြားဆက်ဆံမှု ကင်းမဲ့ခြင်းတို့နှင့်ဆက်စပ်ပြီး တရားစီရင်မှုဖြစ်စဉ်များတွင် ပွင့်လင်းမြင်သာမှု၊ အမှီခိုဩဇာကင်းလွတ်လပ်မှု၊ မျှတမှုတို့နှင့် ဆက်နွယ်သည်။ ထိုစံတန်ဖိုးများသည် လူ့အခွင့်အရေးအခြေခံမှုများနှင့်လည်း နီးနွယ်သည်။[၁၃] ၎င်းတို့သည် တာဝန်ယူ တာဝန်ခံမှုဆိုင်ရာ အများမျှော်လင့် တောင့်တချက်ကိုလည်းရည်ညွှန်းသည်။ တာဝန်ယူတာဝန်ခံမှုသည် ဒီမိုကရေစီ သို့မဟုတ် ကောင်းမွန်သည့်အုပ်ချုပ်မှု၏ အခြေခံလိုအပ်ချက် တစ်ရပ်ဖြစ်သည်။ ဆိုလိုသည်မှာ ပြည်သူဆန္ဒကို ကိုယ်စားပြုရွေးချယ်တင်မြှောက် သို့မဟုတ် ခန့်အပ်ခံရသူ (တာဝန်ရှိသူ) များအား ၄င်းတို့၏ ပြုမူလုပ်ဆောင်ချက်၊ ဆုံးဖြတ်ချက်များအပေါ် တာဝန်ယူဖြေကြားစေခြင်း ဖြစ်သည်။ ပြည်သူ့အစိုးရ တာဝန်ရယူထားသူများ တာဝန်ယူတာဝန်ခံစေရာတွင် အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍလည်း အရေးပါသည်။ တာဝန်ယူ တာဝန်ခံမှုဆိုသည်မှာ မည်သည့် လုပ်ရပ်အတွက် မည်သူကတာဝန်ရှိသည်၊ မည်သည်က တရားမဝင်လုပ်ရပ်ဖြစ်သည်ကို သိမြင်စေခြင်းဖြစ်သည်။[၁၄]

အထူးသဖြင့် တရားဥပဒေစိုးမိုးရေး မူဘောင်အတွင်း တရားမျှတရေး ကဏ္ဍပြုပြင်ပြောင်းလဲမှုတွင် ပြည်သူလူထုယုံကြည်မှုကို အာမခံပေးသည့် ထိရောက်၍ မှန်းဆလွယ် အုပ်ချုပ်မှုကိုမြှင့်တင်ပေးသော သာတူညီမျှမှုနှင့် အခြေခံအခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှု၊ ကတိကဝတ်များကို လေးစားလိုက်နာသော နိုင်ငံတော်အစိုးရ၏ အထူးသဖြင့် လွတ်လပ်မှီခိုကင်းသည့် တာဝန်ခံမှုရှိသည့် တရားစီရင်ရေးစနစ်ဖြင့်[၁၅] ဥပဒေအရ ချည်နှောင်မှုကို အာမခံသည့်ပေါ်လစီမူဝါဒ ရည်မှန်းချက်များနှင့် ဆက်နွယ်သည်။ ထိုကဏ္ဍတစ်ခုချင်းတိုးတက်မှုသည် အနေအထားကိုလိုက်၍ ကွဲပြားခြားနားမည်ဖြစ်ပြီး မတူညီသည့် ကွဲပြားခြားသည့် ရည်မှန်းချက်များသည် (ဥပမာ - အများပြည်သူ လုံခြုံမှုနှင့် တရားမဝင် ငွေ့ပြောင်းဝင်ရောက်မှုများကတစ်ဖက်၊ အခြားတစ်ဖက်တွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုစသည့်) တစ်ခါတရံ တစ်ခုနှင့်တစ်ခုကြား ပွတ်တိုက်လွန်ဆွဲမှုများ ရှိနိုင်သည်။

ဤလေ့လာမှု အဓိက ဦးတည်ချက်မှာ တရားမျှတမှုရရှိရေးဖြစ်ပြီး တရားမျှတမှုရရှိရေးသည် တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့်စိန်ခေါ်မှု အခက်အခဲများ စူးစမ်းဖေါ်ထုတ်ရာတွင်အရေးပါသည့်မှတ်ကျောက်ဖြစ်သည်။ အခြေခံအခွင့်အရေးများ ချိုးဖေါက် သို့မဟုတ် ခြိမ်းခြောက် ခံရပါက ထိရောက်သည့်ကုစားမှုကို အာမခံနိုင်ရန် လိုအပ်သော အချက်များမှာ - (၁) အခြေခံအခွင့်အရေးများကို အသိအမှတ်ပြုခြင်း (ဥပဒအရဖြစ်စေ၊ သို့မဟုတ် ဓလေ့ထုံးတမ်းအရဖြစ်စေ၊ (၂) ထိုအခွင့်အရေးများကို သိရှိခြင်း /မသိရှိခြင်း (ထို အခွင့်အရေးများ ရှိသည်ဆိုသည့် အသိ) (၃) အခွင့်အရေးများ ထိပါး သို့မဟုတ် ခြိမ်းခြောက်ခံရပါက တောင်းဆိုတိုင်ကြားနိုင်သည့် အခွင့်အလမ်းနှင့် ယုံကြည်ကိုးစားမှု၊ (၄) တရားမျှတရေး လုပ်ငန်းစဉ်တိုင်း၏ သမာသမတ် ကျမှု၊ (၅) ဆုံးဖြတ်ချက် ရလဒ်၏ မျှတမှုနှင့် (၆) အခွင့်အရေး နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ သက်ဝင် အကောင်အထည်ဖေါ်ရာတွင် မျှတသည့်ထိရောက်မှုတို့ ဖြစ်သည်။ မည်သည့်နည်းလမ်း၊ မည်သည့်စနစ် အခြေအနေတွင် ဖြစ်စေကာမူ ထိရောက်သည့် ကုစားမှုရရှိရန် ထိုအချက်များမှာ အခရာကျသည်။

၁၁ အောက်ခြေမှတ်စု ( ၁ ) နှင့် နောက်ဆက်တွဲ ( က ) တွင်ရှု

၁၂ ဥပဒေရှေ့မှောက်တန်းတူညီမျှမှုသည် မျှတသည့် စီရင်ကြားနာမှုအခွင့်အရေးနှင့် မှန်ကန်သည့်လုပ်ထုံးလုပ်နည်းများ၏ အခြေခံအုတ်မြစ်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် (၇) တွင် " တရားဥပဒေအောက် လူတိုင်းတန်းတူညီမျှ အခွင့်အရေးရှိပြီး ခွဲခြားဆက်ဆံမှုမရှိပဲ ဥပဒေ၏ သာတူညီမျှ ကာကွယ်စောင့်ရှောက်မှုကို ရပိုင်ခွင့်ရှိသည် " ဟု ပြဌာန်းထားပြီး နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် ( ICCPR ) အပိုဒ် ၁၄ တွင်လည်း ဤသို့ဆိုထားသည်။

၁၃ လူ့အခွင့်အရေးများသည် လူသားအားလုံး၏ မွေးရာပါအခွင့်အရေးဖြစ်သည်။ လူသားအားလုံးဟုဆိုရာတွင် မည်သည့်နိုင်ငံသား၊ မည်သည့်နေရာ၊ ကျား / မ မရွေး၊ တိုင်းရင်းသား လူမျိုးစုမရွေး၊ မည်သည့်အသားအရောင်၊ ကိုးကွယ်မှု၊ ဘာသာစကား နှင့် မည်သည့်အဆင့်အတန်းကိုမဆို ဆိုလိုသည်။ လူတိုင်းသည် ခွဲခြားမှုမရှိဘဲ ၄င်းတို့၏ လူ့အခွင့်အရေးများကို တန်းတူညီမျှမှု ရရှိနိုင်သည်။ နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူစာချုပ်များမှ လူ့အခွင့်အရေးနှင့် တဦးတယောက်ချင်း သို့မဟုတ် အုပ်စုများ၏ အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ရန် နှင့် ကာကွယ် စောင့်ရှောက်ရန်အတွက် ဆောင်ရန်ရှောင်ရန် တာဝန်ဝတ္တရားများကို ချမှတ်ထားသည် ။

၁၄ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ၊ အစိုးရစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ အခြေခံဝေါဟာရအဓိပ္ပါယ်များ ပြည်သူ့အုပ်ချုပ်ရေး အထွေထွေအတွင်းရေးမှူးမှတ်စု - ပြည်သူ့အုပ်ချုပ်ရေး ဆိုင်ရာ ကျွမ်းကျင်သူများကော်မတီအဖွဲ့၊ နယူးယောက် ၅ ကြိမ်မြောက်အစည်းအဝေး၊ ၂၇ - ၃၁ မတ်လ ၂၀၀၆ အခြေခံအုပ်ချုပ်မှုဝေါဟာရနှင့် ပြည်သူ့အုပ်ချုပ်မှုများဆိုင်ရာ သုတပေါင်းချုပ်မှ အစီအစဉ် ( ၅ )၊ ( UN Doc. E / C . 16/2006/4 )

၁၅ ဤလေ့လာမှုတွင် တရားဥပဒေစိုးမိုးရေး၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုနေခြင်းမဟုတ်သော်လည်း ၄င်း၏အရေးပါသောအချက်များကို ထုတ်နုတ်ပြခဲ့သည်။ ၄င်းတို့မှာ ( ၁ ) ဥပဒေနှင့်အညီ အစိုးရ၏ ကတိကဝတ် ( ၂ ) မျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဥပဒေပြုခြင်း၊ စီရင်ဆုံးဖြတ်ခြင်း နှင့် ဥပဒေ အာဏာသက်ရောက်ခြင်း ( ၃ ) လေးစားမှုနှင့် တူညီသော ဂုဏ်သိက္ခာ ရှိမှု ဖြစ်စေသည့် ဥပဒေပြဌာန်းချက်များ ( ၄ ) တရားမျှတမှု ရရှိရေးတို့ဖြစ်သည်။ ကမ္ဘာ့တရားရေး စီမံကိန်းတွင်လည်း ရှာဖွေ့လေ့လာနိုင်သည်။ http://worldjusticeproect.org/Factors တွင် ကမ္ဘာ့တရားရေး စီမံကိန်း၏ တရားဥပဒေစိုးမိုးရေး ညွှန်းကိန်း၊ အထွေထွေ အတွင်းရေးမှူးချုပ် အစီရင်ခံစာ - ပဋိပက္ခ ကာလတွင်း နှင့် ပဋိပက္ခ အလွန် လူမှုအသိုင်းအဝိုင်းအတွင်း အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးမှု၊ ၁၃ ဩဂုတ် ၂၀၁၄ ( UN Doc. S / 2004 / 616 )




# အခန်း (၂)
# သုတေသနလေ့လာသည့် နေရာဒေသများနှင့် ဖြေဆိုသူများ၏ ဝိသေသ သွင်ပြင်လက္ခဏာများ

ဓာတ်ပုံ - ကချင် ယဉ်ကျေးမှု နှင့် စာပေရိုးရာအဖွဲ့၊ အမှတ် ၅ ရပ်ကွက်၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။

ဤအခန်းတွင် သုတေသနလေ့လာရာ နေရာဒေသများ ဖြေဆိုသူများ၊ ၎င်းတို့၏ လူဦးရေလူမှုစီးပွားရေးနှင့် ယဉ်ကျေးမှု ဝိသေသနလက္ခဏာများကို ခြုံငုံဖေါ်ပြထားသည်။ ထို့အပြင် ဖြေဆိုသူများအနေဖြင့် ဒေသခံအရာရှိများ၊ ဒေသတွင်းဝန်ဆောင်မှုများနှင့် လက်လှမ်းမီထိတွေ့သည့်နည်းလမ်းများ၊ လိုအပ်ပါက အခြားအကူအညီရယူသည့် နည်းလမ်းများကို လေ့လာထားသည်။

## လေ့လာသည့် နေရာဒေသများဆိုင်ရာ ခြုံငုံသုံးသပ်ချက်

သုတေသန လေ့လာမှုကို ရှမ်းပြည်နယ်အတွင်း တောင်ပိုင်း (တောင်ကြီး၊ လွိုင်လင် နှင့် ဆီဆိုင်မြို့နယ်များ)၊ အရှေ့ပိုင်း (ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်များ) နှင့် မြောက်ပိုင်း (လားရှိုးနှင့် ကွတ်ခိုင်မြို့နယ်များ) ရှိ ရပ်ရွာများတွင်ပြုလုပ်ခဲ့သည် (မြေပုံတွင်ရှု) ထို လေ့လာခဲ့သည့် နေရာဒေသများမှာ အထူးသဖြင့် ကျေးရွာအုပ်စုများသည် ပထဝီဧရိယာအားဖြင့် ကျယ်ပြန့်ကြသည်။

### လူမှုစီးပွားဘဝ လေ့လာတွေ့ရှိချက်

အခြေခံအားဖြင့် လေ့လာခဲ့သည့်နေရာဒေသများမှသူများ၏ဝင်ငွေမှာ အလယ်အလတ်နှင့် မြင့်မားသည့် အဆင့်တွင် ရှိသည်။

### ယဉ်ကျေးမှုဆိုင်ရာ လေ့လာတွေ့ရှိချက်များ

ရှမ်းပြည်နယ်သည် တိုင်းရင်းသားလူမျိုးစုံလင်ပြီး လူမျိုးအသီးသီးတွင် ၎င်းတို့ ကိုယ်ပိုင်ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းများ ရှိကြသည်။ အစိုးရအရာရှိအချို့က တိုင်းရင်းသား လူမျိုးများသည် "တည်ငြိမ်"၊ "အေးချမ်း"၊ "ပွင့်လင်း"၊ "ရိုးသား" ကြသည်ဟုဆိုပြီး အချို့က ဒေသခံတိုင်းရင်းသားများသည် "အသိပညာဗဟုသုတနည်းပါးကြသည်" ဟု သဘောထားကြသည်။

အရာရှိတစ်ဦးက ရပ်ကျေးအုပ်ချုပ်ရေးမှူးများ နှင့် ပြောဆိုဆက်ဆံရသည်မှာ ဘာသာစကား အခက်အခဲရှိသည်ဟုမှတ်ချက်ပြုသည်။ နောက်တစ်နေရာမှအရာရှိတစ်ဦးက တိုင်းရင်းသားလူမျိုးများသည် "အစိုးရအဖွဲ့အစည်းများကို ကြောက်ရွံ့ကြပြီး ပြဿနာများကို ၎င်းတို့ ကိုယ်ပိုင်နည်းလမ်းများဖြင့် ဖြေရှင်းကြသည်မှာ ဓလေ့တစ်ရပ်ဖြစ်သည်" ဟု အကျယ်တဝင့် ရှင်းပြသည်။ အခြားအရာရှိများကလည်း တိုင်းရင်းသားခေါင်းဆောင်များ အထူးသဖြင့် လက်နက်အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသူများ၏ ဩဇာလွှမ်းမိုးမှုရှိသည်ဟု မှတ်ချက်ပြုသည်။

### လမ်းပန်းဆက်သွယ်ရေး

ရှမ်းပြည်နယ်တွင်း လမ်းပန်းဆက်သွယ်ရေးမှာ အမြဲတမ်း လွယ်ကူချောမွေ့မှုမရှိဟု အချို့အရာရှိများ မှတ်ချက်ပြုသော်ငြားလည်း တာချီလိတ်ရှိ အစိုးရအရာရှိများက တာချီလိတ်ဒေသသည် ထိုင်းနိုင်ငံနှင့် နယ်စပ်ချင်းထိတွေ့နေသည့် မဟာဗျူဟာ အနေအထားကြောင့် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အဦ ကောင်းမွန်သည်ဟု ဖေါ်ပြသည်။ ဆက်လက်၍ ၎င်းတို့က နှစ်နိုင်ငံနယ်ခြား ဆက်ဆံရေးမှာကောင်းမွန်ပြီး အထူးသဖြင့် မြို့နယ် နယ်စပ်ကော်မတီ ( TBC ) ပုံစံဖြင့် ချိတ်ဆက်ဆောင်ရွက်သကဲ့သို့ "ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှုကော်မတီ" မှ တဆင့် ကြီးသည့်ပြဿနာများကို ဖြေလျှော့သေးငယ်စေသည့် နည်းလမ်းများဖြင့် မြန်မာနှင့်ထိုင်းနိုင်ငံကြားဖြစ်ပွားသည့် အငြင်းပွားမှုပြဿနာများကို ကြိုးစားဖြေရှင်းကြသည်ဟု ရှင်းပြကြသည်။ မြို့နယ် နယ်စပ် / နယ်ခြားကော်မတီ ( TBC ) ၏ ဥက္ကဋ္ဌ အဖြစ် တပ်မတော် တပ်ရင်းမှူးတဦး၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ် ရဲတပ်ဖွဲ့များနှင့် လူဝင်မှုကြီးကြပ်ရေး အရာရှိတို့သည် ကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည်။


### လုံခြုံရေး အခြေအနေ

လေ့လာခဲ့သည့် အချို့မြို့နယ်များတွင် ပြည်သူ့စစ်များရှိသည်။ ထိုပြည်သူ့စစ်များသည် ၎င်းတို့၏ ရပ်ရွာဒေသ အေးချမ်းလုံခြုံရေးကို ပံ့ပိုးကူညီပေးပြီး တပ်မတော်၏ တိုက်ရိုက် ညွှန်ကြားမှုအောက်တွင် လှုပ်ရှားကြသည်ဟု တာဝန်ရှိသူများက ရှင်းပြသည်။ လက်နက်ကိုင်အဖွဲ့ အစည်းများ လှုပ်ရှားသည့် ပြည်နယ်တွင်းရှိ ဝေးလံခေါင်သီသော ဒေသများသို့ အစိုးရအဖွဲ့အစည်းများ မရောက်ရှိနိုင်/လက်လှမ်းမီနိုင်ဟု အချို့ကပြောပြသည်။ အထူးသဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ၎င်းတို့၏လုပ်ငန်းတာဝန်များကို တပ်မတော်နှင့်လက်တွဲ၍ လုပ်ဆောင်ရသည်ဟုလည်းဆိုသည်။

## သုတေသန လေ့လာမှုတွင် ဖြေဆိုသူများ

ဤအခန်းတွင် အိမ်ထောင်စုအလိုက် အင်တာဗျူး မေးခွန်းပုံစံ ဖြေဆိုသူများ၏ လူဦးရေ၊ ယဉ်ကျေးမှုနှင့် လူမှုစီးပွားဘဝနောက်ခံ အခြေအနေများကိုဖေါ်ပြထားသည်။ ရှမ်းပြည်နယ်မြို့နယ် (၇) မြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၁၄) ခုမှာ အရွယ်ရောက်ပြီး ဖြေဆိုသူ စုစုပေါင်း (၅၂၀) ဦး (အမျိုးသမီး ၂၆၀၊ အမျိုးသား ၂၆၀) တို့

## UNDP တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသနလေ့လာရာ နေရာဒေသများ (ရှမ်းပြည်နယ်)




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

အား တွေ့ဆုံမေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ပျမ်းမျှအသက်မှာ ၄၅ နှစ်ဖြစ်ပြီး အငယ်ဆုံး ၁၈ နှစ်နှင့် အကြီးဆုံး ၇၇ နှစ်ဖြစ်သည်။ တွေ့ဆုံမေးမြန်းချိန်တွင် ဖြေဆိုသူ ၄ ပုံ ၃ ပုံနီးပါး (၇၂ . ၅ %) အိမ်ထောင်သည်များ ဖြစ်သည်။

## ယဉ်ကျေးမှုဆိုင်ရာ ဝိသေသလက္ခဏာများ

ဖြေဆိုသူများက ၎င်းတို့၏ တိုင်းရင်းသားလူမျိုးနှင့် ကိုးကွယ်သည့်ဘာသာကို သတ်မှတ်ဖော်ပြကြသည်။[၁၆] ဖြေဆိုသူများ၏ ဖြေကြားချက်များကို တိုင်းရင်းသား လူမျိုးအရ အုပ်စု (၁၀) စုခွဲထားသည်။[၁၇] ၎င်းတို့မှာ ရှမ်း၊[၁၈] ပအိုဝ်း၊ အခါ၊ ဗမာ၊ တရုတ်၊ ကချင်၊ ကိုးကန့်၊ လားဟူ၊ တအာန်း/ပလောင် နှင့် တောင်အာရှနွယ်ဖွား[၁၉] များဖြစ်သည်။ ဖြေဆိုသူများ၏ တိုင်းရင်းသားလူမျိုးနှင့် ကျား/မ အရ အုပ်စုခွဲထားမှုကိုဇယား ၂.၁ တွင်ဖော်ပြထားသည်။

ကိုးကွယ်သည့်ဘာသာနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ မွတ်စလင်နှင့်နတ်ကိုးကွယ်မှု စသည့်ဖြင့် ဖြေဆိုသူများက ၎င်းတို့ကိုယ်တိုင် အသီးသီးဖော်ပြကြသည်။ ဖြေဆိုသူများကို တိုင်းရင်းသားလူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ အလိုက် အုပ်စုခွဲထားမှုကို ဇယား ၂-၂ တွင် ဖော်ပြထားသည်။

ဇယား ၂-၁ ဖြေဆိုသူ၏လူမျိုးနှင့် ကျား/မပြဇယား

| လူမျိုး | ကျား/မ | | စုစုပေါင်း |
|---|---|---|---|
| | မ | ကျား | |
| ရှမ်း | ၆၀ | ၆၀ | ၁၂၀ |
| ပအိုဝ်း | ၄၀ | ၄၀ | ၈၀ |
| အခါ | ၂၀ | ၂၀ | ၄၀ |
| ဗမာ | ၂၀ | ၂၀ | ၄၀ |
| တရုတ် | ၂၀ | ၂၀ | ၄၀ |
| ကချင် | ၂၀ | ၂၀ | ၄၀ |
| ကိုးကန့် | ၂၀ | ၂၀ | ၄၀ |
| လားဟူ | ၂၀ | ၂၀ | ၄၀ |
| တအာန်း/ပလောင် | ၂၀ | ၂၀ | ၄၀ |
| တောင်အာရှနွယ်ဖွား | ၂၀ | ၂၀ | ၄၀ |
| စုစုပေါင်း | ၂၆၀ | ၂၆၀ | ၅၂၀ |

ဇယား ၂-၂ ဖြေဆိုသူများ၏ လူမျိုးကိုးကွယ်သည့်ဘာသာပြဇယား

| လူမျိုး | ကိုးကွယ်သည့် ဘာသာ | | | | စုစုပေါင်း |
|---|---|---|---|---|---|
| | ဗုဒ္ဓဘာသာ | ခရစ်ယာန် | မွတ်စလင် | နတ်ကိုးကွယ်မှု | |
| ရှမ်း | ၁၁၉ | -- | ၁ | -- | ၁၂၀ |
| ပအိုဝ်း | ၈၀ | -- | -- | -- | ၈၀ |
| အခါ | ၂ | ၃၈ | -- | -- | ၄၀ |
| ဗမာ | ၃၈ | -- | ၂ | -- | ၄၀ |
| တရုတ် | ၃၉ | -- | ၁ | -- | ၄၀ |
| ကချင် | ၁ | ၃၉ | -- | -- | ၄၀ |
| ကိုးကန့် | ၃၈ | ၁ | -- | ၁ | ၄၀ |
| လားဟူ | ၁၀ | ၃၀ | -- | -- | ၄၀ |
| တအာန်း /ပလောင် | ၄၀ | -- | -- | -- | ၄၀ |
| တောင်အာရှနွယ်ဖွား | ၃၇ | -- | ၃ | -- | ၄၀ |
| စုစုပေါင်း | ၄၀၄ | ၁၀၈ | ၇ | ၁ | ၅၂၀ |


၁၆ ဖိအားပေးတိုက်တွန်းလှုပ်ဆော်မှု မပါသည့် အဖွင့်မေးခွန်း ဖြေကြားချက်
၁၇ ဤအမျိုးအစားအုပ်စုများကို ကျယ်ပြန့်စွာ လက်ခံအသိမှတ်ပြုထားသည့် သီးခြားတိုင်းရင်းသားလူမျိုး ၁၃၅မျိုး စာရင်းအရ ယေဘုယျအားဖြင့် ခွဲခြားသတ်မှတ်သည်။ ထိုစာရင်းတွင် နားလည်သဘောပေါက်လွယ်ကူသည့် တိုင်းရင်းသားလူမျိုးအပြင် မတိကျမရေရာဖွယ် တိုင်းရင်းသားလူမျိုးအချက်အလက်များ ပါဝင်ပြီး ယေဘုယျအားဖြင့် လူမျိုးအပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှုရှိသည်။
၁၈ ရှမ်းနှင့်ရှမ်းကြီးအပါဝင်
၁၉ "တောင်အာရှနွယ်ဖွား"အုပ်စုတွင် မိမိကိုယ်ကို မွတ်စလင်၊ အိန္ဒိယ၊ ဂေါ်ရခါးနှင့် ဆစ်မ်ဟု သတ်မှတ်သည့် ဖြေဆိုသူများပါဝင်သည်။

# ပညာရေးအဆင့်အတန်းနှင့် မြန်မာစကားတတ်မြောက်မှု

ခွဲခြားစိတ်ဖြာ သုံးသပ်နိုင်ရန်အလို့ငှာ ဖြေဆိုသူများ၏ ပညာအဆင့်အတန်း ပြီးမြောက်မှုနှင့်ဆိုင်သည့် ဖြေဆိုချက်များကို အုပ်စု (၉) စုခွဲထားသည်။ ၎င်းတို့မှာ ကျောင်းလုံးဝမတတ်ဘူး/အတန်းပညာမရှိ၊ မူလတန်း[၂၀]၊ အလယ်တန်း[၂၁]၊ အထက်တန်း [၂၂]၊ တက္ကသိုလ်ဝင်ခွင့်[၂၃]၊ ကောလိပ်/ဘွဲ့ကြို[၂၄]၊ ဘွဲ့လွန်မဟာ[၂၅]၊ ပါရဂူဘွဲ့ [၂၆]နှင့် အခြား/အသက်မွေးဝမ်းကျောင်း[၂၇] တို့ဖြစ်သည်။ ဖြေဆိုသူများကို ပညာအဆင့်အတန်း အလိုက် ပုံ ၂-၁ တွင် ဖော်ပြထားသည်။

အထက်တန်း သို့မဟုတ် ကောလိပ်/ တက္ကသိုလ် ပညာရေးရှိသည့် အချိုးအစားတွင် အမျိုးသားများ ထက် အမျိုးသမီးက ပို၍မြင့်မားသည်။ သို့သော် အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် အချိုးအစားတွင် အမျိုးသမီးများသည် အမျိုးသားများထက်ပို၍ နည်းပါးသည်။ အစိုးရကျောင်းပညာ သို့မဟုတ် အလွတ်ပညာရေး လုံးဝမရှိမှုတွင် အမျိုးသမီးအချိုးအစား (၂၂.၃ %) သည် အမျိုးသားများ (၁၆.၅ %) ထက် ပို၍မြင့်မားသည် (ပုံ ၂ - ၁ ၊ က တွင်ရှု)။

ပုံ ၂-၁ ပညာရေးအဆင့်အတန်း





ဖြေဆိုသူအမျိုးအစား အများဆုံးဖြစ်သည့် (၂၁.၉ %) သည် အလယ်တန်းပညာအဆင့် တစ်ခုခုပြီးမြောက်ခဲ့ကြသည်။ ထို့ထက်အနည်းငယ်လျော့သည့် (၁၉.၂ %) သည် အစိုးရကျောင်း ပညာရေး သို့မဟုတ် အလွတ်ပညာ လုံးဝမရှိကြပါ။ (၁၀) ဦးလျှင် (၁) ဦးဖြစ်သည့် (၁၂.၂ %) သည် အထက်တန်းကျောင်းမှ တက္ကသိုလ်တန်း အောင်မြင်ခဲ့ကြသည်။ အဆင့်မြင့် တက္ကသိုလ်ပညာရေး၊ မဟာဘွဲ့လွန် သို့မဟုတ် ပါရဂူအဆင့် တစ်ခုခု ရှိသူအချိုးအစားမှာ (၁၁.၈ %) ဖြစ်သည်။

ရှမ်း၊ အခါ၊ လားဟူ သို့မဟုတ် တအာန်း/ ပလောင် ဟုပြောသည့် ဖြေဆိုသူများကြားတွင် အစိုးရအတန်းပညာ သို့မဟုတ် အလွတ်ပညာရေး လုံးဝမတက်ခဲ့သည့် အမျိုး အစားမှာ အမြင့်မားဆုံးဖြစ်သည် (ရှမ်း ၂၄.၂ %၊ အခါ ၃၂.၅ %၊ လားဟူ ၄၂.၅.%၊ တအာန်း/ ပလောင် ၂၀ %)။ အစိုးရအတန်းပညာ သို့မဟုတ် အလွတ်ပညာရေးလုံးဝမရှိသည့် ဖြေဆိုသူအားလုံး၏ ၄ ပုံ ၁ ပုံကျော် (၂၈.၇ %) မှာ ရှမ်းလူမျိုးများဖြစ်သည် (ဇယား ၂ - ၃ တွင် ရှု)။ ဖြေဆိုသူများ

---

၂၀ ၁တန်းမှ ၄တန်းကြား အဆင့်တစ်ခုခုအောင်မြင်ပြီးသူ
၂၁ ၅ တန်းမှ ၈ တန်းကြား အဆင့်တစ်ခုခုအောင်မြင်ပြီးသူ
၂၂ ၉ တန်းနှင့် ၁၀ တန်းကြားအဆင့်တစ်ခုခု အောင်မြင်ပြီးသူ
၂၃ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ
၃၄ လက်ရှိ တက္ကသိုလ်ကောလိပ်များတွင် အဆင့်မြင့်ပညာသင်ကြားနေသူများနှင့် ဘွဲ့ရရှိပြီးသူများ
၂၅ လက်ရှိ တက္ကသိုလ်ကောလိပ်များတွင် မဟာဘွဲ့လွန်တက်နေသူများနှင့် မဟာဘွဲ့ရရှိပြီးသူများ
၂၆ လက်ရှိ ပါရဂူတန်းတက်နေသူများနှင့် ပါရဂူဘွဲ့ရပြီးသူများ
၂၇ တရုတ်စာပေနှင့် ဘာသာရေးဆိုင်ရာ ပညာရေးတို့ ပါဝင်သည်။

ပုံ ၂ - ၁ ၊ ( က ) ကျား / မ အရ ပညာရေးအဆင့်အတန်း




က မြန်မာဘာသာဖြင့် သတင်းစာဖတ်နိုင်မှုနှင့် စာရေးနိုင်မှု ရှိ / မရှိ ကို ဖေါ်ပြကြသည်။ ၃ ပုံ ၂ ပုံ ကျော် (၆၉.၆ %) က ရေးတတ်ဖတ်တတ်သည်ဟု ဆိုသည်။ ဖြေဆိုသူ ၄ ပုံ ၁ ပုံနီးပါးသည် မြန်မာဘာသာဖြင့် ဖတ်နိုင်စွမ်း သို့မဟုတ် ရေးနိုင်စွမ်း မရှိဟုဆိုသည်။

ယေဘုယျအားဖြင့် အမျိုးသားဖြေဆိုသူအကြား မြန်မာစာပေတတ်မြောက်မှု မြင့်မားသည်။ မြန်မာစာပေ တတ်မြောက်မှုတွင် အမျိုးသားဖြေဆိုသူ (၇၃.၈%) များ ထက်စာလျှင် အမျိုးသမီးအချိုးအစား (၆၅.၄%) နိမ့်ပါးသည်။ မြန်မာစာပေ မတတ်မြောက်မှုနှုန်းတွင် အမျိုးသားဖြေဆိုသူ (၂၀.၈ %) ထက်စာလျှင် အမျိုးသမီးအချိုးအစား (၂၈.၅ %) မြင့်ပါးသည် (ပုံ ၂ - ၁ (ခ) နောက်ဆက်တွဲ (ခ) တွင်ရှု)။ ကိုးကန့်ဖြေဆိုသူအများစု (၅၇.၅ %) သည် မြန်မာစာပေ

ဇယား ၂ - ၃ လူမျိုးအလိုက် ပညာရေး အဆင့်အတန်း

| ပညာရေး အဆင့်အတန်း | လူမျိုး | | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | ရှမ်း | ပအိုဝ်း | အခါ | ဗမာ | တရုတ် | ကချင် | ကိုးကန့် | လားဟူ | တအာန်း/ ပလောင် | တောင်အာရှ နွယ်ဖွား | |
| အတန်းပညာမရှိ | ၂၉ | ၁၇ | ၁၃ | ၁ | ၂ | ၁ | ၁၀ | ၁၇ | ၈ | ၃ | ၁၀၁ |
| မူလတန်း | ၁၉ | ၃၂ | ၆ | ၄ | ၄ | ၃ | ၈ | ၆ | ၆ | ၄ | ၉၂ |
| အလယ်တန်း | ၂၂ | ၁၈ | ၉ | ၁၄ | ၁၅ | ၉ | ၃ | ၄ | ၇ | ၁၃ | ၁၁၄ |
| အထက်တန်း | ၂၀ | ၃ | ၅ | ၇ | ၆ | ၉ | ၅ | ၄ | ၆ | ၁၀ | ၇၅ |
| တက္ကသိုလ်ဝင်ခွင့် | ၁၁ | ၅ | ၅ | ၇ | ၂ | ၅ | ၁ | ၇ | ၅ | ၅ | ၅၃ |
| ကောလိပ်/ဘွဲ့ကြို | ၁၅ | ၅ | ၂ | ၇ | ၅ | ၁၁ | ၃ | ၂ | ၄ | ၄ | ၅၈ |
| ဘွဲ့လွန်မဟာ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၂ |
| ပါရဂူဘွဲ့ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| အခြား/အသက်မွေး ဝမ်းကျောင်း | ၃ | ၀ | ၀ | ၀ | ၆ | ၀ | ၁၀ | ၀ | ၄ | ၁ | ၂၄ |
| စုစုပေါင်း | ၁၂၀ | ၈၀ | ၄၀ | ၄၀ | ၄၀ | ၄၀ | ၄၀ | ၄၀ | ၄၀ | ၄၀ | ၅၂၀ |

တတ်မြောက်မှု မရှိကြပါ။ လားဟူဖြေဆိုသူများ အကြား မြန်မာစာပေတတ်မြောက်မှု နှင့် မတတ်မြောက်မှုအချိုးအစား ဆတူဖြစ်ပြီး (၄၇.၅ %) စီရှိသည်။ ရှမ်း၊ ပအို့ သို့မဟုတ် အခါဟု ဖေါ်ပြသူများအနက် မြန်မာစာပေတတ်မြောက်မှု အချိုးအစား အတော်အသင့်မြင့်မားသည် (ရှမ်း ၂၁.၇ % ၊ ပအိုဝ်း ၂၇.၅ % ၊ အခါ ၃၇.၅ %)။

ဇယား ၂- ၄ လူမျိုးအလိုက် မြန်မာစာပေတတ်မြောက်မှု

| မြန်မာစာပေတတ်မြောက်မှု | လူမျိုး | | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | ရှမ်း | ပအိုဝ်း | အခါ | ဗမာ | တရုတ် | ကချင် | ကိုးကန့် | လားဟူ | တအာန်း/ပလောင် | တောင်အာရှနွယ်ဖွား | |
| ရေးတတ်ဖတ်တတ် | ၈၃ | ၄၉ | ၂၂ | ၃၉ | ၃၃ | ၃၇ | ၁၅ | ၁၉ | ၃၀ | ၃၅ | ၃၆၂ |
| ဖတ်တတ်မရေးတတ် | ၁၁ | ၉ | ၃ | ၀ | ၀ | ၀ | ၂ | ၂ | ၁ | ၂ | ၃၀ |
| မဖတ်တတ်မရေးတတ် | ၂၆ | ၂၂ | ၁၅ | ၁ | ၇ | ၃ | ၂၃ | ၁၉ | ၉ | ၃ | ၁၂၈ |
| စုစုပေါင်း | ၁၂၀ | ၈၀ | ၄၀ | ၄၀ | ၄၀ | ၄၀ | ၄၀ | ၄၀ | ၄၀ | ၄၀ | ၅၂၀ |

## အိမ်ထောင်စု ဝင်ငွေနှင့် ပိုင်ဆိုင်မှု

ဖြေဆိုသူအားလုံး၏ အနီးစပ်ဆုံး / ခန့်မှန်းချေ အိမ်ထောင်စုလစဉ်ဝင်ငွေ အဆင့်အတန်းကို ပုံ ၂ -၂ တွင် ဖေါ်ပြထားသည်။


ဖြေဆိုသူ ၄ ပုံ ၁ ပုံကျော် (၂၉.၀ %) ၏ အိမ်ထောင်စုလစဉ်ဝင်ငွေများမှာ ကျပ် (၁၀၀,၀၀၀) နှင့် (၂၀၀,၀၀၀) ကြားတွင်းရှိသည်။ အနည်းစု (၅.၆ %) ၏ လစဉ်ဝင်ငွေများမှာ ကျပ် (၅၀,၀၀၀) အောက်ဖြစ်သည်။ ဖြေဆိုသူ (၁၀) ဦးလျှင် (၁) ဦးခန့် (၁၀.၆ %) ၏ အိမ်ထောင်စု လစဉ်စုစုပေါင်းဝင်ငွေသည် ကျပ် (၅၀၀,၀၀၀) အထက်အတွင်းရှိသည်။ လူမျိုးအလိုက် အိမ်ထောင်စုဝင်ငွေများကို ဇယား ၂ - ၅ နောက်ဆက်တွဲ (ခ) တွင်ဖေါ်ပြထားသည်။

အိမ်ထောင်စု / မိသားစု အဓိကဝင်ငွေ လုပ်ငန်းများမှာ စိုက်ပျိုးရေး ဖြေဆိုသူ (၄၀.၆ %)၊ ရောင်းဝယ်ဖေါက်ကား အသေးစားစီးပွားရေး လုပ်ငန်းများ (၁၆.၅ %) နှင့် ယာဉ်စက်ပြင်ခြင်း၊ ရိတ်သိမ်းလွန်ကာလ လုပ်ငန်းများစသည့် အသေးစားဝန်ဆောင်မှု လုပ်ငန်းများ (၁၀.၂ %) ဖြစ်သည်။ ဖြေဆိုသူ ၅ ပုံ ၂ ပုံကျော် (၄၂.၁) တွင် မိသားစု အပိုဝင်ငွေလုပ်ငန်းမရှိကြပါ။

## မသန်စွမ်းသူများ

ဖြေဆိုသူ အနည်းစု (၆.၇ %) က ၎င်းတို့အိမ်ထောင်စုတွင် အနည်းဆုံးပုံစံ တစ်မျိုးဖြင့် မသန်စွမ်းသူတစ်ဦးရှိသည်ဟု ဆိုသည်။ မသန်စွမ်းမှုပုံစံများတွင် ခန္ဓာကိုယ် ရုပ်ပိုင်းဆိုင်ရာ၊ အမြင်အာရုံ၊ အကြားအာရုံ၊ စကားပြောနိုင်စွမ်းနှင့်/သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်း သို့မဟုတ် ချို့တဲ့ခြင်းများပါဝင်သည်။

ပုံ ၂-၂ အိမ်ထောင်စု လစဉ်ဝင်ငွေ အဆင့်အတန်း




ဖြေဆိုသူအတော်များများက ၎င်းတို့တွင်မိုဘိုင်းလ်ဖုန်း (၉၄.၉ %)၊ မော်တော်ဆိုက်ကယ်/တုတ် တုတ် (၈၈.၆ %) နှင့် / သို့မဟုတ် ရုပ်မြင်သံကြားစက် (၈၇.၂ %) ရှိကြသည်ဟု ဆိုသည်။ ဖြေဆိုသူ (၅) ဦးလျှင် (၂) ဦးနီးပါး (၃၉.၁ %) က ရေဒီယို၊ ၄ ပုံ ၁ ပုံကျော် (၂၉.၃ %) က ရေခဲသေတ္တာ၊ ၅ ပုံ ၁ ပုံ (၂၁.၀ %) က မီးအားမြင့်စက် ပိုင်ဆိုင်ကြသည်။ ဤမေးခွန်းပုံစံတွင် ဖော်ပြထားသည့် ပစ္စည်းပိုင်ဆိုင်မှု (၁၅) မျိုးစလုံး ၎င်းတို့အိမ်တွင် တစ်ခုမျှ မရှိ ဟု ဖြေဆိုသူ(၁၁)ဦးက ပြောကြသည်။ ရုပ်မြင်သံကြားစက်၊ ရေဒီယိုနှင့် မိုဘိုင်းလ် ဖုန်းပိုင်ဆိုင်မှုကို အိမ်ထောင်စု လစဉ်ဝင်ငွေ အဆင့်အတန်း အလိုက် ပုံ ၂-၂ (က) နောက်ဆက်တွဲ (ခ) တွင်သုံးသပ် ဖော်ပြထားသည်။


## လူထုမီဒီယာထိတွေ့မှုနှင့် သတင်းအချက်အလက် လက်လှမ်းမီရရှိမှု

လူထုမီဒီယာထိတွေ့မှုကို ဖြေဆိုသူများက တစ်ပတ်လျှင် ရုပ်မြင်သံကြားကြည့်သည့် အကြိမ်အရေအတွက်၊ ရေဒီယိုနားထောင်သည့် အကြိမ်နှင့် သတင်းစာ သို့မဟုတ် ဂျာနယ်ဖတ်သည့် အကြိမ် အရေအတွက်များဖြင့် ဖော်ပြကြသည်။ (ပုံ ၂ - ၃ တွင်ရှု)။ သတင်းစာသို့မဟုတ်ဂျာနယ်လုံးဝမဖတ်သည့် ဖြေဆိုသူအများစုဖြစ်ပြီး အလားတူ ရေဒီယိုလုံးဝ နားမထောင်သူ အများအပြားရှိသည်။ ဖြေဆိုသူ ထက်ဝက်နီးပါး (၄၉.၈ %) သည် တစ်ပတ်လျှင် နေ့စဉ် သို့မဟုတ် နေ့စဉ်နီးပါး ရုပ်မြင်သံကြား ကြည့်ကြသည်။ အနည်းစုသော ဖြေဆိုသူများသာနေ့စဉ်သို့မဟုတ်နေ့စဉ်နီးပါး ရေဒီယိုနားထောင် (၁၆.၀ %) သို့မဟုတ်၊ သတင်းစာ သို့မဟုတ် ဂျာနယ် (၆.၅ %) ဖတ်ကြသည်။ တစ်ပတ်တာအတွင်း ရုပ်မြင်သံကြားလုံးဝမကြည့် သူများ ဖြေဆိုသူ ၄ ပုံ ၁ ပုံ ကျော်ကျော် (၂၆.၀ %)၊ ရေဒီယို လုံးဝနားမထောင်သူ (၆၇.၉ %) သို့မဟုတ်၊ သတင်းစာ သို့မဟုတ် ဂျာနယ်မဖတ်သူ (၇၀.၄ %) ရှိသည်။


သတင်းအချက်အလက်ရယူသည့် အဓိကနည်းလမ်းမှာ မိသားစု / မိတ်ဆွေအပေါင်းအသင်း / အိမ်နီးနားချင်းများ ထံမှဖြစ်သည် (ဖြေဆိုသူ ၉၂.၂ %)။ အများစု ဖြေဆိုသူများက ရုပ်မြင်သံကြား (၆၈.၁ %) နှင့် မိုဘိုင်းလ်ဖုန်းများ (၅၆.၅ %) အပေါ်လည်း မှီခိုအားထားကြသည်။ အခြားသတင်းဇစ်မြစ်များမှာ ၃ ပုံ ၁ ပုံကျော် (၃၇.၉ %) သည် ဖေ့စဘုတ်စ်၊ အင်တာနက် (၃၄.၃ %) သို့မဟုတ် ရေဒီယို (၃၃.၉ %) များကို အသုံးပြုကြသည်။

အမျိုးသမီးနှင့်အမျိုးသား ဖြေဆိုသူများ၏ သတင်းရယူမှုပုံစံများအနည်းငယ်ကွာခြားမှုရှိသည်(ပုံ၂-၃(ခ)နောက်ဆက်တွဲ (ခ) တွင်ရှု )။ ဖြေဆိုသူ အမျိုးသမီး (၉၄.၈ %) အတွက် နိုင်ငံအတွင်းဖြစ်ပျက်နေသည့် သတင်းများကို အများဆုံးကြားသိရသည့် နည်းလမ်းမှာ မိသားစု / မိတ်ဆွေအပေါင်းအသင်း / အိမ်နီးနားချင်းများထံမှဖြစ်သည်။ ထို့နောက် ရုပ်မြင်သံကြားမှ (၆၃.၆ %)၊ မိုဘိုင်းလ်ဖုန်း (၅၅.၆ %)၊ ဖေ့စဘုတ်စ် (၃၆.၈ %) နှင့် အင်တာနက် (၃၃.၆ %) တို့မှ ကြားသိရသည်။

ပုံ ၂ -၃ လူထုမှဒီယာနှင့်ထိတွေ့မှု




ပုံ ၂- ၃ ( က ) သတင်းအချက်အလက် လက်လှမ်းမှီရရှိမှု



အမျိုးသားဖြေဆိုသူများ၏ သတင်းဇစ်မြစ်များမှာ ပိုမိုစုံလင်ပြီး အထူးသဖြင့် ပုံနှိပ်မီဒီယာနှင့် ရေဒီယိုတို့ကို မှီခို အားထားသည်။ နိုင်ငံအတွင်း ဖြစ်ပျက်နေသည့် သတင်း အချက်အလက်များကို အများဆုံးကြားသိရသည့် နည်းလမ်းမှာ အမျိုးသမီးများကဲ့သို့ပင် မိသားစု/မိတ်ဆွေ အပေါင်းအသင်း/ အိမ်နီးနားချင်းများထံမှ တစ်ဆင့်ဖြစ်ပြီး အချိုးအစား အနည်းငယ် နည်းပါသည်၊ (၈၉.၆ % သောအမျိုးသားဖြေဆိုသူ) ရရှိလေ့ရှိသည့် နောက်ထပ်သတင်းဇစ်မြစ်များမှာ ရုပ်မြင်သံကြားမှ (၇၂.၅ %)၊ မိုဘိုင်းလ်ဖုန်း (၅၇.၄ %)၊ ရေဒီယို (၄၂.၂ %)၊ ဖေ့စဘုတ်စ် (၃၉.၀ %)၊ သတင်းစာ (၃၇.၈ %)၊ အင်တာနက် (၃၅.၀ %)၊ ဂျာနယ် (၃၃.၉ %) နှင့် ဘာသာရေး ခေါင်းဆောင်များ (၃၃.၅ %) ထံမှဖြစ်သည်။

ဖြေဆိုသူများက သတင်းများကို မည်သည့် ဘာသာစကားဖြင့် အဓိကလက်ခံရရှိသည်ကို ဖော်ပြကြသည်။[၂၈] အများစု (၆၀.၀ %) က သတင်းများကို မြန်မာဘာသာစကားဖြင့် ရရှိကြသည်။ အခြားသူများက သတင်းများကို ပအိုဝ်းဘာသာ (၅.၈ %)၊ ရှမ်း (၅.၄ %)၊ တရုတ် (၄.၆ %) နှင့်ထိုင်း (၄.၆ %) ဘာသာစကားများဖြင့် လက်ခံရရှိကြသည်။ ဤပုံစံမှာ ဖြေဆိုသူများ၏ အိမ်ထောင်စု / မိသားစုအတွင်း အဓိကပြောဆို သုံးစွဲသည့် ဘာသာစကားနှင့် ကွဲပြားမှုရှိသည်။ ၅ ပုံ ၁ ပုံကျော် (၂၂.၃ %) ဖြေဆိုသူများက ရှမ်းစကား ပြောကြသည်ဟု ဖော်ပြသည်။ ယင်းနောက်တွင် မြန်မာ (၁၇.၃%)၊ ပအိုဝ်း (၁၃.၈%) ၊ ဂျိမ်းဖော (၇.၇%)၊[၂၉] လားဟူ (၇.၇%)၊ တအာန်း/ပလောင် (၇.၅%)၊ ကိုးကန့် (၇.၃%)၊ အခါ (၇.၁%)၊ တရုတ် (၄.၈%)၊ ဝေါ်ရခါး (၃.၅%) စကားများ မိသားစုအတွင်း အဓိက သုံးစွဲကြသည် (ပုံ ၂-၃ (ဂ) နောက်ဆက်တွဲ (ခ) တွင်ရှု)

တိုင်းပြည်တွင် ဖြစ်ပျက်နေသည့် မည်သည့်သတင်းကိုမျှ လက်ခံရရှိခြင်းမရှိဟု အမျိုးသားဖြေဆိုသူ ( ၉ ) ဦး နှင့် အမျိုးသမီး (၁၀) ဦးတို့က အတည်ပြုပြောကြသည်။ ထိုသူများအနက် (၈) ဦးမှာ ပအိုဝ်း၊ (၅) ဦးမှာ ရှမ်းနှင့် ကျန်သူများမှာ လားဟူ၊ တအာန်း /ပလောင်၊ ဗမာ (သို့) ကိုးကန့်များ ဖြစ်သည်။

## ဝန်ဆောင်မှုများ လက်လှမ်းမီရရှိမှု

ဖြေဆိုသူများသည် ၎င်းတို့နှင့်အနီးဆုံး ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ (W/VTA) များထံ အနည်းနှင့်အများ အလွယ်တကူ လက်လှမ်းမီရရှိသည်။ ၄ပုံ၃ပုံနီးပါးသော ဖြေဆိုသူ (၇၄.၈%) က ၎င်းတို့၏ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ရောက်ရှိရန် ၁၅မိနစ် သို့မဟုတ် ထိုထက်နည်းသည့်အချိန် ယူရသည်ဟု ဆိုသည်။ အနည်းစု (၁၄.၀%) က ထိုသို့သွားရန် နာရီဝက်အထိ အချိန်ကြာသည်ဟု ခန့်မှန်းကြသည် အနည်းစုဖြစ်သော (၆.၅%) သည် ၎င်းတို့၏ ရပ်ရွာအုပ်ချုပ်ရေးမှူးများ မည်သည့် နေရာတွင်ရှိသည်ကို မသိဟုပြောသည်။ စားရိတ်စကအနေဖြင့် ဖြေဆိုသူတစ်ဝက်ကျော် (၅၁.၅%) က ၎င်းတို့၏ ရပ်ရွာအုပ်ချုပ်ရေးမှူးများထံ သွားရောက်ခြင်းသည် ကုန်ကျစရိတ်မရှိဟုဆိုပြီး ၄ ပုံ ၁ ပုံကျော် (၂၉.၈%) က ထိုသို့သွားရောက်ရာတွင် ကျပ် (၅၀၀) သို့မဟုတ် ထို့ထက်နည်းစွာ ကုန်ကျနိုင်သည် ဟု ဖော်ပြသည်။ ၄ ပုံ ၃ ပုံ နီးပါးဖြေဆိုသူ (၇၂.၁%) သည် လွန်ခဲ့သည့် တစ်နှစ်တာကာလအတွင်း ၎င်းတို့၏ ရပ်ရွာ အုပ်ချုပ်ရေးမှူးရုံးသို့ အကူအညီရယူရန် သွားရောက်ခဲ့ခြင်း မရှိဟုဆိုပြီး ၄ ပုံ ၁ ပုံ နီးပါး (၂၄.၈%) သည် ခန့်မှန်းချေ (၁) ကြိမ်မှ (၅) ကြိမ် သွားရောက်ခဲ့သည်ဟုပြောကြသည်။

ဖြေဆိုသူထက်ဝက် (၅၀.၂ %) သည် ၎င်းတို့အိမ်နှင့် အနီးဆုံး ရဲကင်းစခန်းသို့ သွားရောက်ရန် ၁၅ မိနစ် သို့မဟုတ် ထိုထက်နည်းသည့် အချိန်ယူရသည်ဟု ဆိုသည်။ ၃ ပုံ ၁ ပုံ နီးပါး (၃၀.၈ %) အတွက် နာရီဝက်အထိ ခန့်မှန်းချေကြာနိုင်သည်။ ၁၀ ဦးလျှင် ၁ ဦးကျော်ကျော် (၁၁.၅ %) က ၎င်းတို့အိမ်နှင့် အနီးဆုံး ရဲကင်းစခန်းမည်သည့် နေရာတွင် တည်ရှိနေသည်ကို မသိကြပါ။ ကုန်ကျစရိတ်နှင့် ပတ်သက်၍ (၃၁.၂ %) က ရဲစခန်းသို့သွားရန် စရိတ်စက မရှိဟုလည်းကောင်း၊ အလားတူအချိုး နောက် (၃၁.၂ %) က ကုန်ကျစရိတ် ကျပ် ၅၀၀ အောက်ရှိမည်ဟု ဆိုသည်။ တစ်နှစ်တာကာလအတွင်း ရဲစခန်းသို့ အကူညီတောင်းခံရန်သွားရောက်ခဲ့ခြင်းမရှိဟု ဖြေဆိုသူအများစု (၈၈.၈%) ကလည်းကောင်း၊ ကျန် (၁၁.၂%) သည် တစ်ကြိမ်မှ (၅) ကြိမ်အကြားသွားရောက်ခဲ့သည်ဟု ဖော်ပြကြသည်။

၎င်းတို့အိမ်နှင့် အနီးဆုံး ဘာသာရေးခေါင်းဆောင်များထံ သွားရောက်ရန်ဖြေဆိုသူ ၄ ပုံ ၃ ပုံ ကျော် (၇၈.၁%) အတွက် ၁၅မိနစ်သို့မဟုတ် ထိုထက်အချိန်နည်းပြီး (၁၆.၀%) က နာရီဝက်အထိ ခန့်မှန်းခြေကြာသည်ဟု ဆိုသည်။ ကုန်ကျစရိတ်နှင့်ပတ်သက်၍ ၃ ပုံ ၂ ပုံကျော် ဖြေဆိုသူ (၆၉.၆ %) က ၎င်းတို့၏ ဘာသာရေးခေါင်းဆောင်များထံ သွားရခြင်းသည် စားရိတ်စကမရှိဟု၎င်း၊ (၅) ဦးလျှင် (၁) ဦးနီးပါး (၁၈.၇%) က ကျပ် (၅၀၀) သို့မဟုတ် ထိုထက် နည်းသည်ဟု ပြောသည်။ ဖြေဆိုသူအများစု (၈၆.၉%) က ၎င်းတို့သည် တစ်နှစ်တာကာလအတွင်း အနီးဆုံးရှိ ဘာသာရေး ခေါင်းဆောင်ထံ အကူအညီ တောင်းခံရန် သွားရောက်ခဲ့ခြင်းမရှိ ဟုလည်းကောင်း၊ (၁၁.၂%) က ခန့်

၂၈ ဖိအားပေးတိုက်တွန်း လှုံ့ဆော်မှု တစ်စုံတစ်ရာမပါသည့် အဖွင့်မေးခွန်းများမှတစ်ဆင့် လေ့လာတွေ့ရှိချက်

၂၉ ဤအချိုးအစား (၇.၇%) တွင် ၎င်းတို့မိသားစုတွင်း "ကချင်"စကားကို အဓိကပြောဆိုသည်ဟု ဖော်ပြသည့် ဖြေဆိုသူ (၆.၃%) ပါဝင်သည်။ "ကချင်" ဝေါဟာရသည် ယေဘုယျအားဖြင့် အဓိကမျိုးနွယ်စု(၆)မျိုးဖြစ်သည့် ဂျိမ်းဖော့၊ လချိတ်၊ လရှီ၊ လောဝို၊ မရူ၊ လီဆူး၊ ရဝမ်နှင့် ဇိုင်ဝါ/အဇီ အားလုံးလွှမ်းခြုံသည်ဟု မှတ်ယူသည်။

မှန်းခြေ တစ်ကြိမ်မှ ငါးကြိမ်ကြား သွားရောက်ခဲ့သည်ဟု ဖော်ပြကြသည်။

မြို့နယ်အဆင့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ (၂၅%) မှ (၃၀%) အကြား ဖြေဆိုသူများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး (၂၄.၈%)၊ မြို့နယ်ရဲစခန်း (၃၁.၇%) နှင့် မြို့နယ်တရားရုံး (၂၆.၉%) သွားရန်အချိန် ၁၅ မိနစ် သို့မဟုတ် ထို့ထက်နည်းစွာ အချိန်ယူရသည်ဟု ပြောပြသည်။ အလားတူအချိုးအစားနီးပါး ဖြေဆိုသူများက မြို့နယ်အုပ်ချုပ်ရေးရုံး (၂၉.၀%)၊ မြို့နယ်ရဲစခန်း ( ၃၁.၉% ) နှင့် မြို့နယ်တရားရုံး (၃၂.၁%) များသို့ သွားရန်အချိန် နာရီဝက်အထိ ရယူနိုင်သည်ဟုဆိုသည်။ အတော်အတန်များပြားသည့် ဖြေဆိုသူများက မြို့နယ်အုပ်ချုပ်ရေးရုံး ( ၂၆.၉% )၊ မြို့နယ်ရဲစခန်း (၁၆.၉%) နှင့် မြို့နယ်တရားရုံး (၁၉.၂%) များ မည်သည့်နေရာတွင် တည်ရှိသည်ကို မသိဟု ပြောကြသည်။ ထိုဝန်ဆောင်မှုများနှင့်ပတ်သက်သည့် ခန့်မှန်းခြေကုန်ကျစားရိတ်များကို ပုံ ၂-၆၊ နောက်ဆက်တွဲ ( ခ ) တွင် ဖော်ပြထားသည် မှတ်သားသင့်သည့်အချက်မှာ အများအပြားသော ဖြေဆိုသူများက တစ်နှစ်တာ ကာလအတွင်း အုပ်ချုပ်ရေးမှူးရုံး (၉၄.၄%)၊ မြို့နယ်ရဲစခန်း (၉၂.၇%) နှင့် မြို့နယ်တရားရုံး (၉၇.၇% ) များကို အကူအညီတောင်းခံရန် သွားရောက်ခဲ့ခြင်း မရှိဟု ပြောကြသည်။

## ကူညီပံ့ပိုးသည့် အဓိကဇစ်မြစ်များ

အကူအညီလိုအပ်သည့်အခါ ဖြေဆိုသူ ၃ ပုံ ၁ ပုံ (၃၃.၈%) သည် ၎င်းတို့၏မိသားစုများထံ တောင်းခံကြသည်။ အနည်းစုက မိတ်ဆွေအပေါင်းသင်းနှင့် လုပ်ဖော်ကိုင်ဖက်များ (၁၅.၀%) နှင့် အိမ်နီးချင်း (၆.၇%) များထံသွားကြသည်။ သိသာထင်ရှားသည့် အချိုးအစားဖြစ်သည့် (၅) ဦးလျှင် (၂) ဦးကျော် (၄၃.၅%) သည် အကူအညီတောင်းခံရမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိကြပါ။ အကူအညီများ ရရှိနိုင်သည်ဟုဆိုသည့် ဖြေဆိုသူများအနက် အများစု (၉၂.၂%) က ထိုအကူအညီများသည် နိုင်ငံရေးပါတီနှင့် ဆက်နွယ်မှု မရှိကြောင်း၊ (၅၄.၁%) က ချမ်းသာကြွယ်ဝသူများထံမှ ဖြစ်ကြောင်း ဖော်ပြသည်။

*အနှစ်ချုပ်အနေဖြင့် ရှမ်းပြည်နယ်တွင်း လေ့လာခဲ့သည့် နေရာဒေသများသည် မတူကွဲပြားမှုစုံလင်ပြီး ယေဘုယျအားဖြင့် အလယ်အလတ်နှင့် အထက်ဝင်ငွေ အဆင့်အတန်းရှိသည်။ အချို့ဒေသများတွင် ပြည်သူ့စစ်များရှိသည်။*

*ပညာအဆင့်အတန်းလုံးဝမရှိသည့် ဖြေဆိုသူများ၏ ၄ ပုံ ၁ ပုံ ကျော်မှာ ရှမ်းလူမျိုးများဖြစ်သည်။ မြန်မာဘာသာစကား တတ်မြောက်မှုမရှိသည့် အချိုးအစားမှာ ဖြေဆိုသူအားလုံး၏ ၄ ပုံ ၁ ပုံ နီးပါးရှိပြီး ကိုးကန့်ဖြေဆိုသူ အများစု၊ ရှမ်း၊ ပအိုဝ်း သို့မဟုတ် အခါ ဟုဖော်ပြသည့် ဖြေဆိုသူ အများ အပြားသည် သတင်းစာ သို့မဟုတ် ဂျာနယ်လုံးဝ မဖတ်ကြပါ ရေဒီယိုနားထောင်မှုများလည်း လုံးဝနီးပါးမရှိကြပါ။*

*ဖြေဆိုသူများ၏မိသားစု အဓိကဝင်ငွေလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။*

*ဖြေဆိုသူများသည် သတင်းအချက်အလက်များကို မိသားစု/မိတ်ဆွေအပေါင်းသင်း / အိမ်နီးချင်းများထံမှ အများဆုံး သိကြရသည်။ အမျိုးသမီးများထက် အမျိုးသားများ၏ သတင်းဇစ်မြစ်များမှာ ပိုမိုစုံလင်ပြီး အထူးသဖြင့် ပုံနှိပ်မီဒီယာနှင့် ရေဒီယိုများကိုလည်း ပိုမိုအားထားကြသည်။*

*၄၀% ကျော် ဖြေဆိုသူများက အကူအညီလိုအပ်သောအခါ အကူအညီတောင်းခံရမည့်သူ တစ်ဦးတစ်ယောက်မျှမရှိဟု ဖော်ပြကြသည်။*



ဓာတ်ပုံ - ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့ မြင်ကွင်းကျယ်



# အခန်း (၃)
# တရားမျှတမှုနှင့် ဥပဒေအပေါ် သဘောထားအမြင်များ

ဓာတ်ပုံ - တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝင်းအတွင်းရှိ ပြည်သူ့ဝန်ဆောင်မှုရုံး (one – stop – shop)၊
ရှမ်းပြည်နယ်အရှေ့ပိုင်း


ဤအခန်းတွင် ဖြေဆိုသူများအကြား လူမှုယုံကြည်မှုရေချိန် အဆင့်အတန်းကို ဦးစွာတင်ပြသည်။ လူမှုရေချိန်ကို (၁) ယေဘုယျအားဖြင့် လူများ၏ယုံကြည်ထိုက်မှုနှင့် မျှတမှု အတိုင်းအတာအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင် (၂) အခြားသူများအပေါ် ဖြေဆိုသူများ၏ ယုံကြည်မှု အတိုင်းအတာ ရှုထောင့်နှစ်မျိုးဖြင့် ဆန်းစစ်လေ့လာသည်။

ထို့နောက် တရားမျှတမှုနှင့် ဥပဒေအတိုင်း အတာ တစ်စုံတစ်ရာအပေါ် ဖြေဆိုသူများ၏ သဘောထား အမြင်များကို လေ့လာသည်။ ဤသည်မှာ ပြည်သူများ တရားမျှတမှုရယူရှာဖွေရသည့် အကြောင်းတရားနှင့် နည်းလမ်းများကို လေ့လာရသည့် အခြေအနေအခင်းအကျင်း အချို့ကို ဖော်ပြသည် (နောက်ဆက်တွဲအခန်းများတွင်ရှု)။

## လူမှုယုံကြည်မှု

လူမှုတန်းဖိုးနှင့်ဆက်နွယ်သည့် ဝိသေသလက္ခဏာ (၂) ရပ် (ယုံကြည်ထိုက်မှုနှင့်မျှတမှု) အပေါ် ဖြေဆိုသူများက ၎င်းတို့၏သဘောထားအမြင်များကို ထုတ်ဖော်ကြသည် (ပုံ၃-၁တွင်ရှု)။[၃၀]

ပုံ ၃-၁ လူမှုယုံကြည်မှု-ယုံကြည်ထိုက်မှုနှင့်မျှတမှု




ဖြေဆိုသူ ၃ ပုံ ၁ ပုံ ကျော်က "ယေဘုယျဆိုရင် လူအတော်များများက ယုံကြည်ထိုက်တယ်" (၃၉.၂%) နှင့် "အကြမ်းအားဖြင့် လူအတော်များများဟာ တခြားလူတွေ အပေါ်မျှတဖို့ ကြိုးစားကြတယ်" (၃၆.၅%) ဆိုသည်ကို သဘောတူကြသည်။ သို့သော် အတော်အတန် ပမာဏ အနည်းစုက လူအတော်များများသည် ယုံကြည်ထိုက်သည် (၂၉.၂%)၊ လူအများသည် ယေဘုယျအားဖြင့် အခြားသူများအပေါ် မျှတရန်ကြိုးစားကြသည် (၃၁.၇%) ဆိုသည့် အဆိုပြုချက်များကို သဘောမတူကြပါ။

အမျိုးသားဖြေဆိုသူများနှင့် နိုင်းယှဉ်ပါက အမျိုးသမီးဖြေဆိုသူများသည် ထိုအဆိုပြုချက်နှစ်ခုအပေါ် သဘောတူနိုင်ချေနည်းပြီး သဘောမတူနိုင်ခြေပို၍များသည် (ပုံ ၃ - ၁ (က) နောက်ဆက်တွဲ (ခ) ရှု)။

ဖြေဆိုသူများသည် လူမျိုးအစား အသီးသီးပေါ် ၎င်းတို့၏ ယုံကြည်မှု သို့မဟုတ် မယုံကြည်မှု အတိုင်း အတာ ရေချိန်များကိုလည်း ဖေါ်ပြကြသည်။ ထိုအမျိုးအစား အုပ်စုများမှာ မိသားစုနှင့်ဆွေမျိုးများ၊ အိမ်နီးချင်းများ၊ မိတ်ဆွေ အပေါင်းအသင်းများနှင့် ရပ်ရွာအသိုင်းအဝိုင်းမှ လူများ၊ ရပ်ရွာခေါင်းဆောင်များ၊ ရပ်ရွာအသိုင်းအဝိုင်းပြင်ပမှ လူများ၊ လူမျိုးကွဲ၊ ဘာသာကွဲများဖြစ်သည် (ပုံ ၃ - ၂ တွင် ရှု့)။[၃၁]

မိသားစုနှင့် ရပ်ရွာအသိုင်းအဝိုင်းကို ပို၍အားထား


၃၀ ယုံကြည်ထိုက်မှုနှင့်မျှတမှုတို့နှင့်ဆိုင်သည့် အဆိုပြုချက်နှစ်ရပ်အပေါ် ဖြေဆိုသူများ၏ သဘောတူသို့မဟုတ် သဘောမတူမှုအတိုင်းအတာကို မေးမြန်းခဲ့သည် ၎င်းတို့၏ဖြေကြားချက်များကို Likert စကေး (Likert scale) ၇ချက် "အခိုင်အမာ/လုံးဝသဘောတူသည်"၊ "အတော်အတန်သဘောတူသည်"၊"အနည်းငယ်သဘောတူသည်"၊"သဘောတူသည်လည်းမဟုတ်၊သဘောမတူသည်လည်းမဟုတ်"သိပ်သဘောမတူပါ""အတော်အတန်သဘောမတူပါ""လုံးဝသဘောမတူ" ဖြင့် မှတ်တမ်းတင်သည်။ လေ့လာသုံးသပ်မှု လွယ်ကူစေရန် "လုံးဝသဘောတူသည်"၊ "အတော်အတန်သဘောတူသည်"၊ "အနည်းငယ်သဘောတူသည်"၊တို့ကို "သဘောတူသည်"ဟု တစ်စုတည်းပေါင်းပြီး "သိပ်သဘောမတူ" "အတော်အတန်သဘောမတူပါ" "လုံးဝသဘောမတူ"တို့ကို "သဘောမတူ"ထဲတွင် စုစည်းထားသည်။

ယုံကြည်သည်ကို ရလဒ်များကဖော်ပြသည်။ မိသားစုနှင့် ဆွေမျိုးများသည် အယုံကြည်ခံရဆုံးသူများဖြစ်ပြီး၊ ဖြေဆိုသူအများစုက ရပ်ရွာအသိုင်းအဝိုင်းခေါင်းဆောင်များနှင့် ရပ်ရွာအသိုင်းအဝိုင်းတွင်းမှလူများကိုလည်း ယုံကြည်ကြသည်မှာ အံ့အားသင့်ဖွယ်မဟုတ်ပါ။ ရပ်ရွာအသိုင်းအဝိုင်းပြင်ပမှ သူများမှာ ယုံကြည်ခံရမှု အနည်းဆုံးဖြစ်သည်။

# တရားမျှတမှုအပေါ် သဘောထားအမြင်

လေ့လာမှုတွင် တရားမျှတမှုအယူအဆ အပေါ် ဖြေဆိုသူများ၏ နားလည် သဘောပေါက်မှုကို ဆန်းစစ် လေ့လာမထားသော်ငြားလည်း အဆိုပြုချက်တွဲ (၈) စုံကို ဖတ်ပြပြီး တရားမျှတမှု၏ အရေးပါသည့်လားရာ ရှုထောင့် (၈) ချက်အပေါ် ၎င်းတို့၏ သဘောထားအမြင်များရယူခဲ့သည်။

ပုံ ၃ - ၂ လူမှုယုံကြည်မှု အခြားသူများအပေါ် ယုံကြည်မှု




အမျိုးသမီးဖြေဆိုသူများသည် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက ယုံကြည်မှုရေချိန် ပို၍ နိမ့်ပြီး မယုံကြည်မှုအတိုင်းအတာ ပို၍မြင့်မားသည်။ (ပုံ ၃ - ၂ (က) နောက်ဆက်တွဲ (ခ) တွင်ရှု)။

အချုပ်ဆိုရလျှင် လူအတော်များများသည် ယေဘုယျအားဖြင့် ယုံကြည်ထိုက်သည်၊ မျှတကြသည်ကို သဘောမတူသူများထက်စာလျှင် သဘောတူထောက်ခံသည့် ဖြေဆိုသူပို၍များပြီး၊ အမျိုးသားများထက်စာလျှင် အမျိုးသမီးများက ပို၍ သဘောမတူကြပါ။ ယေဘုယျဆိုလျှင် ဖြေဆိုသူများသည် မိသားစုနှင့် ရပ်ရွာ အသိုင်းအဝိုင်းအပေါ် ပို၍ အားကိုးယုံကြည်ကြပြီး " အပြင်လူများ " အပေါ် မယုံကြည်လိုကြပေ။

ထိုလားရာ ရှုထောင့် (၈) ချက်မှာ -

- သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော တရားမျှတမှုဆီသွားရာလမ်းကြောင်းများ
- တန်းတူညီမျှမှု အခြေခံမှုနှင့် လူ့အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရမည့် နိုင်ငံတော် အစိုးရ၏တာဝန်
- ကုစားမှုခံယူ / ရရှိခွင့်
- ပုဂ္ဂလိကနှင့် အများပြည်သူအခွင့်အာဏာ
- အသွင်ကူးပြောင်းမှုကာလ တရားမျှတမှု (ပဋိပက္ခရိုက်ခတ်ခံရသည့်/အကျိုးသက်ရောက်ခံရသည့် လူမှု အသိုင်းအဝိုင်းတွင်)
- မှန်ကန်သည့် လုပ်ထုံးလုပ်နည်းဖြစ်စဉ်
- ကျား / မ ရေးရာ တန်းတူညီမျှမှု
- လူမှုမျှခြေ ပေါင်းစည်းမှုနှင့် ဆက်နွယ်သည့် တစ်ဦးချင်းအခွင့်အရေးများ (ဇယား ၃.၁ တွင် ရှု)

၃၁ ဖြေဆိုသူများအား ဖော်ပြပါအမျိုးမျိုးသော လူအမျိုးအစားတို့အပေါ်မည်မျှယုံကြည်မှုရှိသည်ဆိုသည့် အကြောင်းကို မေးမြန်းခဲ့သည်။ ၎င်းတို့၏ အဖြေများကို Likert စကေး ၇ ချက်ဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။ ၎င်းတို့မှာ - "လုံးဝ ယုံကြည်ပါသည်"၊ "အတော်အတန် ယုံကြည်ပါသည်"၊ "အနည်းငယ်ယုံကြည်ပါသည်"၊ "ယုံကြည်သည်လည်းမဟုတ်"၊ "မယုံကြည် သည်လည်း မဟုတ်ပါ"၊ "အနည်းငယ် မယုံကြည်ပါ"၊ "အတော်အတန် မယုံကြည်ပါ"၊ "လုံးဝ မယုံကြည်ပါ"တို့ ဖြစ်သည်။ ခွဲခြားပြ သရာတွင် ရှင်းလင်းစေရန်အတွက် "လုံးဝ ယုံကြည်ပါသည်"၊ "အတော်အတန် ယုံကြည်ပါသည်"၊ "အနည်းငယ်ယုံကြည်ပါသည်"၊ စသည့် အဖြေတို့ကို ပေါင်း၍ "ယုံကြည်ပါသည် "ဟုလည်းကောင်း၊ "အနည်းငယ် မယုံကြည်ပါ"၊ "အတော်အတန် မယုံကြည်ပါ"၊ "လုံးဝ မယုံကြည်ပါ"ဆိုသည့် အဖြေတို့ကိုပေါင်း၍ "မယုံကြည်ပါ"ဟု ဖော်ပြထားပါသည်။

ဇယား ၃.၁ တရားမျှတမှုအပေါ် သဘောထားအမြင်

| တရားမျှတမှု လားရာရှုထောင့် | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* |
|---|---|---|
| တရားဝင်နှင့် ဓလေ့ထုံးတမ်း | (က) အချို့သော အငြင်းပွားမှုများကို တရားရုံးများတွင် ဖြေရှင်းသည်မှာ အကောင်းဆုံးဖြစ်သည်။ | ၁၀.၈% |
| | (ခ) အငြင်းပွားမှု အများစုကို ရပ်ရွာအတွင်း ဖြေရှင်းလျှင် ပိုကောင်းသည်။ | ၇၃.၁% |
| တန်းတူညီမျှမှု | (က) လူတိုင်းသည် ဘာသာ၊ လူမျိုးမရွေး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှုခံထိုက်သည်။ | ၈၁.၃% |
| | (ခ) လူအများစုဖြစ်သော လူမျိုးနှင့် ဘာသာဝင်များသည် လူနည်းစု လူမျိုးနှင့် ဘာသာဝင်များထက်ပိုပြီး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှု ရသင့်သည်။ | ၁၂.၅% |
| ကံကြမ္မာ နှင့် ကုစားမှု | (က) မတရားမှုသည် လူများအပေါ်တွင်ကျရောက်နိုင်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိတို့သည် ဘာမျှမတတ်နိုင်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ မိမိတို့၏ ကံကြမ္မာအရသာဖြစ်သည်။ | ၁၄.၀% |
| | (ခ) ပြည်သူများသည် မတရားမှုခံရသည့်အခါ ကုစားမှုနှင့် တရားမျှတသော ရလဒ်ကို ရရှိစေရန်အတွက် အခြားသူများထံမှ အကူအညီရသင့်သည်။ | ၈၁.၅% |
| အိမ်တွင်းရေး နှင့် အများပြည်သူ | (က) မိသားစုအတွင်းဖြစ်သည့် ကိစ္စသည် အိမ်တွင်းတွင်သာ ဖြေရှင်းရမည့် အိမ်တွင်းရေးဖြစ်သည်။ အိမ်ထောင်ရှင်အမျိုးသားသည် ၎င်း၏ ဇနီးနှင့် သားသမီးများ အပေါ်တွင် ဩဇာ အပြည့်အဝရှိသည်။ | ၄၈.၃% |
| | (ခ) ရပ်ရွာလူထုသည် တစ်ခါတစ်ရံ အခြားမိသားစုများ၏ တစ်ချို့သောအရေးကိစ္စများတွင် ကြားဝင်ဖြေရှင်းပေးရန် တာဝန်ရှိသည်။ | ၃၉.၄% |
| အသွင်ကူးပြောင်းမှု ကာလ တရားမျှတမှု | (က) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ထပ်ခါထပ်ခါပြန်ကျော့ခြင်းမလုပ်သင့်။ လူတိုင်းသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးကိုသာ အလေးထားသင့်သည်။ | ၅၁.၂% |
| | (ခ) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ဖြေရှင်းသင့်သည်။ သို့မှသာ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်လိမ့်မည်။ | ၃၇.၅% |
| လုပ်ထုံးလုပ်နည်း ဖြစ်စဉ်နှင့် ရလဒ် | (က) လုပ်ငန်းစဉ်တစ်လျှောက် မျှတစွာ ဆက်ဆံခံရခြင်းက ရလဒ်ကောင်းထွက်ပေါ်လာရေးထက် ပိုမိုအရေးကြီးသည်။ | ၈၉.၈% |
| | (ခ) ရလဒ်ကောင်းထွက်ပေါ်လာရေးက လုပ်ငန်းစဉ်တစ်လျှောက် တရားမျှတစွာ ဆက်ဆံခံရရေးထက် ပိုမိုအရေးကြီးသည်။ | ၅.၀% |
| ကျား/မ ရေးရာ | (က) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဘိုးရှိသည်။ သို့သော် အမျိုးသမီးများသည် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် ပိုမိုတာဝန် ရှိသည်။ | ၆.၂% |
| | (ခ) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဘိုးရှိသည်။ အမျိုးသားများရော အမျိုးသမီးများပါ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် အညီအမျှတာဝန်ရှိသည်။ | ၉၂.၁% |
| တစ်ဦးချင်းနှင့် ရပ်ရွာ လူအဖွဲ့အစည်း | (က)လူတစ်ဦးချင်းစီ၏ အခွင့်အရေးအများကို ရပ်ရွာအတွင်း သဟဇာတ ဖြစ်စေရေးကို လေးစားသကဲ့သို့ပင် လေးစားသင့်သည်။ | ၅၅.၆% |
| | (ခ) တစ်ဦးချင်းအခွင့်အရေးများအတွက် အခိုင်အမာပြောဆိုခြင်းသည် တစ်ကိုယ်ကောင်းဆန်သည်။ ရပ်ရွာအတွင်း သဟဇာတဖြစ်မှုနှင့် သဘောတူညီမှု ထိန်းသိမ်းရေးကို ဦးစားပေးသင့်သည်။ | ၃၈.၈% |

* အကြောင်းအရာတစ်ခုစီအတွက် စုစုပေါင်း ဖြေဆိုထားသည်များသည် ၁၀၀% မပြည့်မီပေ။ အကြောင်းမှာ အချို့ဖြေဆိုသူများက အဆိုပြုချက်နှစ်ခုစလုံးကို ရွေးချယ်ကြပြီး အချို့က တစ်ခုကိုမျှ မရွေးချယ်ပါ။ အချို့က ဖြေဆိုရန် ငြင်းဆိုကြပြီး အချို့မှာ မည်သည့်အဆိုပြုချက်သည် ၎င်းတို့၏ အမြင်နှင့် ပို၍ ကိုက်ညီသည်ကို မသိပါဟုဖော်ပြကြသည်။

သိသာထင်ရှားသည့် ဖြေဆိုသူအများစုက ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အလေးထား စောင့်ရှောက်ရမည့် စံတန်ဖိုးနှင့်တာဝန်များ ယောကျာ်းနှင့်မိန်းမ တန်းတူဖြစ်သည် ( ၉၂.၁ % )၊ ဖြစ်စဉ်တစ်လျှောက် လုပ်ထုံးလုပ်နည်း မျှတမှုသည် မျက်နှာသာပေးသည့် စိတ်ကြိုက် အဖြေရရှိခြင်းထက် ပို၍အရေးပါသည် ( ၈၉.၈ % )၊ လူများသည် မတရားမှု ကြုံတွေ့ရပါက ကုစားမှုရရှိနိုင်ရန်နှင့် မျှတသည့် ရလဒ်အဖြေ ထွက်ပေါ်နိုင်ရန် အကူအညီ ရယူပိုင်ခွင့်ရှိသည် ( ၈၁.၅ % ) နှင့် မည်သည့် ကိုးကွယ်သည့်ဘာသာ သို့မဟုတ် တိုင်းရင်းသားလူမျိုးဖြစ်စေကာမူ လူတိုင်းသည် အစိုးရ၏ အလေးပေး စောင့်ရှောက်မှုကို တန်းတူညီမျှ ရထိုက်သည် စသည့် အချက်များကို သဘောတူကြသည်။

ဖြေဆိုသူ ၄ ပုံ ၃ ပုံ နီးပါး ( ၇၃.၁ % ) က ပြဿနာအငြင်းပွားမှုများကို ရပ်ရွာဒေသတွင်၊ ပို၍ဖြေရှင်းလိုကြသည်။ " အချို့အမှုပြဿနာများကို တရားရုံးများတွင် ဖြေရှင်းခြင်းမှာ အကောင်းဆုံးဖြစ်သည် " နှင့် " အမှုပြဿနာအများစုကို ရပ်ရွာအသိုင်းအဝိုင်းတွင် ဖြေရှင်းခြင်းကပို၍ကောင်းသည် " အဆိုနှစ်ရပ်စလုံးကို ( ၁၄.၄ % ) ဖြေဆိုသူများက သဘောတူလက်ခံသည်မှာ မှတ်သားဖွယ်ဖြစ်သည်။


ဖြေဆိုသူ ထက်ဝက်ကျော်ကျော်သည် လူတစ်ဦးချင်းအခွင့်အရေးများကို လူ့အသိုင်းအဝိုင်း ဟန်ချက်ညီ သဟဇာတ သကဲ့သို့ လေးစားရမည် ( ၅၅.၆ % )၊ အတိတ်ပြဿနာများကို ပြန်လည်တူးဆွမနေသင့်ဘဲ လူတိုင်းသည် မြန်မာနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးကို အာရုံထားအလေးပေးသင့်သည် ( ၅၁.၂ % ) အဆိုများကိုသဘောတူကြသည်။

ဖြေဆိုသူ ထက်ဝက်အောက် ( ၄၈.၃ % ) က မိသားစုရေးရာ ကိစ္စများမှာ ပုဂ္ဂိုလ်ရေးနှင့် အိမ်တွင်းရေးကိစ္စများဖြစ်ပြီး အိမ်ထောင်သည် ယောကျ်ားသည် ၎င်း၏ မိသားစုအပေါ် သြဇာအာဏာအပြည့် ရှိသည်ဟု ထင်မြင်ယူဆပြီး တစ်ဖက်တွင် ဖြေဆိုသူ ( ၅ ) ဦးလျှင် ( ၂ ) ဦးနီးပါး ( ၃၉.၄ % ) က ရပ်ရွာလူ့အဖွဲ့အစည်းသည် တစ်ခါတရံ အချို့အခြေအနေများတွင် အခြားသူများ၏ မိသားစုကိစ္စများကို ဝင်ရောက်စွက်ဖက်ရသည့် တာဝန်ရှိသည်ကို သဘောတူကြသည်။ ဖြေဆိုသူ ( ၁၀ ) ဦးလျှင် ( ၁ ) ဦး ( ၁၀.၆ % ) သည် အဆိုပြုချက် နှစ်ခုစလုံးကို သဘောတူသည်။

အမျိုးသားများနှင့် အမျိုးသမီး ဖြေဆိုသူများကြား ယေဘုယျအားဖြင့် သဘောထားရှုမြင်ပုံများ တူညီကြပြီး မြို့ပြနှင့် ကျေးလက်ဖြေဆိုသူများအကြား အမြင်များမှာလည်း အလားတူဖြစ်သည် ( ဇယား ၃.၁ ( က ) နှင့် ၃-၁ ( ခ ) နောက်ဆက်တွဲ ( ခ ) တွင်ရှု )။

ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ဖြေဆိုသူများ၏ သဘောထားအမြင်များမှာ ယေဘုယျအားဖြင့်တူညီကြပြီး တရားမျှတမှုဆိုင်ရာ ရှုထောင့် ( ၂ ) ခုတွင် ကွဲပြားခြားနားသည်။ အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာ ဖြေဆိုသူအများစု ( ၅၃.၀ % ) က အတိတ်ကိုပြန်လည်တူးဆွမနေသင့်ဘဲ မြန်မာနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးကို အလေးပေးသင့်သည်ဟု ထင်မြင်ပြီး ခရစ်ယာန်ဖြေဆိုသူများစွာ ( ၄၆.၃ % ) က အတိတ် ပြဿနာများကို ဖြေရှင်းရမည်ဟု သဘောထားသည်။ တရားမျှတမှုဆိုင်ရာ ပုဂ္ဂိုလ်ရေး / အများပြည်သူရှုထောင့်တွင် ဗုဒ္ဓဘာသာဖြေဆို သူအများစု ( ၅၂.၀ % ) က မိသားစုတွင်းပြဿနာများမှာ ပုဂ္ဂလိကအိမ်တွင်းရေး ကိစ္စများဖြစ်သည်၊ အိမ်ထောင်သည် ယောကျ်ားသည် သူ၏မိသားစုအပေါ် သြဇာအာဏာ အပြည့်ရှိသည်ဟု ယူဆပြီး အချိုးအစားတူ ခရစ်ယာန်ဖြေဆိုသူ ( ၅၁.၉ % ) များက ရပ်ရွာအသိုင်းအဝိုင်းသည် တစ်ခါတစ်ရံ အချို့ အခြေအနေများတွင် အခြားသူများ၏မိသားစုကိစ္စများကိုဝင်ရောက်စွက်ဖက်ရသည့် တာဝန်ရှိသည်ဟု သဘောထားသည်။ တရားမျှတမှုဆိုင်ရာ ရှုထောင့်အသီးသီးအပေါ် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ဖြေဆိုသူများ၏ သဘောထားအမြင်များကို ဇယား ၃ - ၁ ( ဂ ) နောက်ဆက်တွဲ ( ဂ ) တွင်ဖော်ပြထားသည်။

ပုံ ၃.၃ ပြုမူဆက်ဆံမှုအပေါ် အဆုံးအဖြတ်ပေးသည့် အချက်များ



ဖြေဆိုသူများသည် မြန်မာလူ့ဘောင်အသိုင်းအဝိုင်း အတွင်း လူတစ်ယောက်ကောင်းမွန်စွာ ဆက်ဆံခံရမှုကို အဆုံးအဖြတ်ပေးသည့် အချက်များအပေါ် ၎င်းတို့ထင်မြင်ချက်များကိုလည်း ပေးကြသည်။ ထိုအကြောင်းအချက်များမှာ ပညာအဆင့်အတန်း၊ ချမ်းသာကြွယ်ဝမှု၊ လူမျိုး၊ ကျား/မ ရေးရာ၊ ကိုးကွယ်သည့်ဘာသာ၊ မိသားစုနှင့် နိုင်ငံရေး အဆက်အသွယ်များဖြစ်သည် ( ပုံ ၃.၃ တွင်ရှု )။

ဖြေဆိုသူ အမြောက်အများ (၈၀.၂ %)က မြန်မာလူ့ဘောင်တွင် လူတစ်ဦးကောင်းမွန်စွာ ပြုမူဆက်ဆံခံရမှုကို အဆုံးအဖြတ်ပေးသည့် အချက်မှာ ချမ်းသာကြွယ်ဝမှုဟု ဖော်ပြကြသည်။ အများစုကလည်း လူတစ်ယောက်ကောင်းမွန်စွာ ပြုမူဆက်ဆံခံရမှုသည် ပညာရေးအဆင့်အတန်း (၇၈.၅ %)၊ နိုင်ငံရေးအဆက်အသွယ် (၇၂.၅ %)၊ မိသားစုအဆက်အသွယ် ( ၇၀.၆ % )၊ လူမျိုး ( ၆၀.၂ % ) နှင့် ကိုးကွယ်သည့်ဘာသာ (၅၈.၈ % ) တို့က အဆုံးအဖြတ်ပေးသည်ဟုလည်း ယုံကြည်ကြသည်။ ထက်ဝက်နီးပါး ၄၉.၈% က မြန်မာလူ့အသိုင်းအဝိုင်းတွင်လူတဦးကောင်းမွန်စွာပြုမူဆက်ဆံခံရမှုကို ကျား/မ ရေးရာ က အဆုံးအဖြတ်ပေးသည်ဟု ယုံကြည်သည်။


အချုပ်ဆိုရလျှင် ဖြေဆိုသူများသည် အမှုပြဿနာများကို ရပ်ရွာဒေသအတွင်း ပို၍ဖြေရှင်းလိုကြသည်။ သိသာထင်ရှားသည့်ဖြေဆိုသူအများစုက ယဉ်ကျေးမှုနှင့်ရိုးရာဓလေ့ထုံးတမ်းများ အလေးထား စောင့်ရှောက်ရာတွင် အမျိုးသားနှင့် အမျိုးသမီးများကြား တန်းဖိုးနှင့် တာဝန်များတူညီကြသည်။ မိမိလိုလားသည့် ရလဒ်အဖြေ ရရှိခြင်းထက် ဖြစ်စဉ်တစ်လျှောက် လုပ်ထုံးလုပ်နည်းမျှတမှုက ပို၍အရေးပါသည်၊ လူများသည် မတရားမှု ကြုံတွေ့ရသည့်အခါ အကူအညီရပိုင်ခွင့် ကုစားပိုင်ခွင့်နှင့် မျှတသည့်ရလဒ်အဖြေရပိုင်ခွင့်များ ရှိရမည်၊ မည်သည့်ကိုးကွယ်သည့်ဘာသာ လူမျိုးဖြစ်စေကာမူ လူတိုင်းသည် အစိုးရ၏ အလေးထားစောင့်ရှောက်မှုကို တန်းတူညီတူရထိုက်သည် စသည့်အချက်များ အပေါ်သဘောတူကြသည်။

လူမှုအသိုင်းအဝိုင်းတွင် လူတစ်ဦးကောင်းမွန်စွာပြုမူဆက်ဆံခံရမှုကို အဆုံးအဖြတ်ပေးသည့် အဓိက အချက်များမှာ တစ်ခဲနက်ဖြေဆိုသူများက ချမ်းသာကြွယ်ဝမှုဟု ၎င်းအများစုက ပညာရေးအဆင့်အတန်းနှင့် နိုင်ငံရေး အဆက်အသွယ်များဖြစ်သည်ဟု ဆိုကြသည်။

## ဥပဒေအပေါ်သဘောထားအမြင်

သုတေသနလေ့လာမှုသည် ဖြေဆိုသူများ၏ ဥပဒေဆိုင်ရာအသိပညာ ဗဟုသုတကို စစ်ဆေးရန်မဟုတ်ဘဲ၊ ဖော်ပြသည့်အခြေအနေများတွင် တရားမျှတမှု / တရားစီရင်ရေးစနစ် လည်ပတ်ပုံ သို့မဟုတ် ထို စနစ်လုပ်ဆောင်သည့်နည်းလမ်းများအပေါ် ဖြေဆိုသူများ၏ သဘောထား အမြင်များကို သဘောပေါက် နားလည်ရန်ဖြစ်သည်။ "ဥပဒေ၊" "ရဲ၊" "တရားသူကြီး၊" "ဥပဒေအရာရှိ၊" "တရားရုံး၊" နှင့် "ရှေ့နေ၊" စသည့်စကားလုံးများကို နေ့စဉ်ပြောဆိုဆက်ဆံမှုများတွင် မည်သည့်အတိုင်းအတာကြားရသည် သို့မဟုတ် ပြောဆိုအသုံးပြုသည်ကို ဖြေဆိုသူများက ဖော်ပြကြသည်။ အဖြေရလဒ်များသည် ဖြေဆိုသူများ သမားရိုးကျ တရားမျှတရေးစနစ်နှင့် ထိရောက်မှုတစ်စုံတစ်ရာ အတိုင်းအတာကို ညွှန်ပြသည်။ ( ပုံ ၃.၄ တွင်ရှု ) ထို့အပြင် မြန်မာနိုင်ငံရှိ ဥပဒေပြဌာန်းချက်များနှင့် လက်တွေ့အမြင်ကြား " ကွာဟချက်များ " အတိုင်းအတာကိုလည်း ဖော်ပြသည်။

ပုံ ၃.၄ နေ့စဉ်သုံး စကားလုံးများ



ဖြေဆိုသူထက်ဝက်ကျော် ( ၅၁.၀ % ) က " ရဲ "ဟူသော စကားလုံးကို နေ့စဉ်ပြောဆို ဆက်ဆံရာတွင် ပုံမှန် သို့မဟုတ် ရန်ဖန်ရန်ခါ အသုံးပြုသည်ဟု ဆိုသည်။ ဖြေဆိုသူအများစုသည် " ဥပဒေအရာရှိ " ( ၆၆.၃ % )၊ " တရားသူကြီး " ( ၆၀.၉ % )၊ " ဥပဒေ " ( ၅၈.၆ % )၊ " တရားရုံး " ( ၅၇.၅ % ) နှင့် " ရှေ့နေ " ( ၅၆.၁ % ) စကားလုံးများကို ကြားရခဲ သို့မဟုတ် မကြားဘူး၊ အသုံးခဲ သို့မဟုတ် လုံးဝမသုံးကြပါ။

ယေဘုယျအားဖြင့် အမျိုးသမီးဖြေဆိုသူများသည် အမျိုးသားဖြေဆိုသူများထက်စာလျှင် ထိုစကားလုံးများနှင့် ထိတွေ့မှုနည်းပါးသည် ( ပုံ ၃.၄ (က) နောက်ဆက်တွဲ (ခ) တွင်ရှု )။

ရလဒ်အဖြေများကို အခြေခံ၍ ဖြေဆိုသူများ၏ ဥပဒေ အသိပညာနည်းပါးမှု (မှတ်ယူတွေးဆချက်) ကို ဥပဒေ အကောင်အထည်ဖော်မှု အားနည်းခြင်းမှ ခွဲထုတ်ရန်မဖြစ်နိုင်ပါ။ ဤရလဒ်အဖြေများကို အခြေခံ၍ ဖြေဆိုသူများ၏ ဥပဒေ အသိပညာနည်းပါးမှုနှင့် ဥပဒေ အကောင်အထည်ဖော်မှု လိုအပ်ချက်များအကြား ရှုပ်ထွေးမှုကိုဖြေလျှော့ရန်မှာ မဖြစ်နိုင်ပါ။

ကလေးသူငယ်အလုပ်သမားအရေးတွင် ဖြေဆိုသူအများဆုံး ( ၄၁.၃ % ) က အသက် ( ၁၂ ) နှစ် နှင့်အ ထက် ကလေးများသည် လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ရန် " ရွေးချယ်ဆုံးဖြတ်နိုင်သည် " ဟု ယုံကြည်ကြသည်။

ဇယား ၃.၂ ဥပဒေအပေါ် သဘောထားအမြင်များ

| အကြောင်းအရာ | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* |
|---|---|---|
| ကလေးသူငယ် အလုပ်သမား | (က) မြန်မာနိုင်ငံတွင် ၁၂ နှစ်အောက် ကလေးများ လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ခြင်းသည် ဥပဒေနှင့် မညီပါ။ | ၂၅.၄% |
| | (ခ) မြန်မာနိုင်ငံတွင် ၁၂ နှစ် နှင့်အထက် ကလေးများသည် လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ရန် ရွေးချယ်ဆုံးဖြတ်နိုင်သည်။ | ၄၁.၃% |
| ဥပဒေရှေ့မှောက် တန်းတူညီမျှမှု | (က) မြန်မာနိုင်ငံတွင် လူတိုင်းသည် ဥပဒေရှေ့မှောက် တန်းတူ အခွင့်အရေးများရှိသည်။ | ၃၈.၃% |
| | (ခ) မြန်မာနိုင်ငံတွင် ဥပဒေရှေ့မှောက် တူညီသော အခွင့်အရေးကို လူတိုင်းမရ | ၄၉.၈% |
| အမျိုးသမီးများအပေါ် အကြမ်းဖက်မှု | (က)အမျိုးသား/ ပြည်တွင်း ဥပဒေအရ အမျိုးသမီး တစ်ဦးသည် ရုပ်ပိုင်းဆိုင်ရာ/ ကိုယ်ထိလက်ရောက်အကြမ်းဖက်ခံရမှသာ ရဲစခန်းသို့ တိုင်ကြားနိုင်သည်။ | ၄၈.၇% |
| | (ခ)အမျိုးသား/ ပြည်တွင်း ဥပဒေအရ အမျိုးသမီးများ သည် ၎င်းတို့၏ လုံခြုံမှုကို ခြိမ်းခြောက်ခံရပါကလည်း ရဲစခန်းသို့ တိုင်ကြားနိုင်သည်။ | ၃၈.၃% |
| မြေယာအခွင့်အရေး/ မြေယာပိုင်ဆိုင်ခွင့် | (က) မြေယာပိုင်ဆိုင်မှု တောင်းဆိုသည့်အခါ မြေယာ နှင့် ဆိုင်သည့် အစိုးရတရားဝင် စာရွက်စာတမ်းများက အခိုင်မာဆုံးဖြစ်သည်။ | ၆၆.၉% |
| | (ခ) မြေယာပိုင်ဆိုင်မှုတွင် အစိုးရတရားဝင် စာရွက်စာတမ်းများသည် ရပ်ရွာအသိအမှတ်ပြု ဘိုးဘွား ပိုင်မြေလောက် ခိုင်မာမှု မရှိဟု သဘောထားသည်။ | ၂၃.၇% |

*အဆိုပြုချက်အတွဲတစ်တွဲစီ၏ စုစုပေါင်းမှာ ၁၀၀%မရှိပါ။ အဘယ်ကြောင့်ဆိုသော် အချို့ဖြေဆိုသူများက အဆိုပြုချက်နှစ်ခုစလုံးကို ရွေးချယ်ကြပြီး အချို့က တစ်ခုကိုမျှ မရွေးချယ်ပါ။ အချို့က ဖြေဆိုရန် ငြင်းဆိုကြပြီး အချို့မှာ မည်သည့်အဆိုပြုချက်သည် ၎င်းတို့၏ အမြင်နှင့် ပို၍ ကိုက်ညီသည်ကို မသိပါဟုဖော်ပြကြသည်။

ထို့နောက် အချို့ ဥပဒေပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ ၎င်းတို့အားဖတ်ပြသည့် အဆိုပြုချက် ( ၄ ) ခုအပေါ် ဖြေဆိုသူများက ၎င်းတို့၏ နားလည်သဘောပေါက်မှုကို ဖော်ပြကြသည် ( ဇယား ၃.၂ တွင်ရှု )။ ယင်းမှာ ဥပဒေ အပေါ် ၎င်းတို့၏ သဘောထားအမြင်နှင့် မြန်မာနိုင်ငံတွင် ယင်း ဥပဒေ ကျင့်သုံးလည်ပတ်ပုံတို့အပေါ် အတိုင်းအတာ တစ်စုံတစ်ရာသိမြင်စေသည်။ သို့သော် မှတ်သားသင့်သည်မှာ ဤ ထို သဘောထားအမြင်သည် ဆင်းရဲမွဲတေမှုကြောင့် နိုင်ငံ တစ်ဝန်း ကလေးများ လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်နေရသည့် ယေဘုယျပြယုဒ် လက္ခဏာကို ထင်ဟပ်သည်။ ၁၉၅၁ ဈေးဆိုင်နှင့်ဆိုင်ခန်းများ အက်ဥပဒေ ( ပုဒ်မ ၈ ) တွင် "အသက် ( ၁၃ နှစ်မပြည့်သေးသည့် မည်သူ့ကိုမျှ ဆိုင်၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အများပြည်သူ ဖျော်ဖြေရေးလုပ်ငန်းတွင် အလုပ်လုပ်ကိုင်ခြင်းမရှိစေရ" ဟု ပြဋ္ဌာန်း

ထားသည်။ ဖြေဆိုသူ ၄ ပုံ ၁ ပုံက အသက် ( ၁၂ ) နှစ်အောက် ကလေးများသည် လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ခြင်းမှာ တရားမဝင်ဟုယုံကြည်သည်။ စိတ်ဝင်စားသည်ကောင်းသည်မှာ ဖြေဆိုသူ ၄ ပုံ ၁ ပုံဝန်းကျင်သည် အဆိုပြုချက် နှစ်ခုစလုံးကို ထောက်ခံသဘောတူသည် ( ၁၂.၇ % ) သို့မဟုတ် တစ်ခုမျှသဘောမတူကြပါ ( ၁၁.၅ % )။

ဖြေဆိုသူထက်ဝက်နီးပါး ( ၄၉.၈ % ) က မြန်မာနိုင်ငံတွင် ဥပဒေရှေ့မှောက်တူညီသော အခွင့်အရေးများ လူတိုင်းမရဟု ထင်မြင်ကြသည်။ ဤအချက်နှင့်ပတ်သက်၍ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေတွင် အငြင်းပွားဖွယ် ပြဋ္ဌာန်းချက်များ ပါဝင်သည်။ တစ်ဖက်တွင် ပုဒ်မ ၂၁ ( က ) သည် ညီမျှခြင်း လွတ်လပ်ခြင်းနှင့် တရားမျှတမှု အခွင့်အရေးများကို နိုင်ငံသားများကိုသာ အာမခံထားသည်။ အခြားတစ်ဖက်တွင်ပုဒ်မ ၃၄၇ သည် ဥပဒေရှေ့မှောက် တန်းတူအခွင့်အရေးများနှင့် ဥပဒေ၏သာတူညီမျှ ကာကွယ်စောင့်ရှောက်မှုကို ပြည်ထောင်စု အတွင်းရှိ မည်သူ့ကိုမဆို အာမခံပေးသည်။

အမျိုးသမီးအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်၍ ထက်ဝက်အောက် ဖြေဆိုသူ ( ၄၈.၇ % ) သည် လုံခြုံမှုကို ခြိမ်းခြောက်ခံရပါက အမျိုးသမီးသည် ရဲထံ သတင်းပို့ တိုင်ကြားနိုင်သည် [၃၂] ဟု ထင်ကြပြီး အခြားတစ်ဖက်တွင် ၃ ပုံ ၁ ပုံ ကျော် ( ၃၈.၃ % ) က အမျိုးသမီးတစ်ဦးသည် ရုပ်ပိုင်းဆိုင်ရာ/ကိုယ်ထိလက်ရောက် အကြမ်းဖက်ခံရမှသာ ထိုသို့ တိုင်ကြားနိုင်သည်ဟု ယုံကြည်ကြသည်။

ဖြေဆိုသူ ၃ ပုံ ၂ ပုံ ( ၆၆.၉ % ) က မြေယာပိုင်ဆိုင်မှုတောင်းဆိုသည့်အခါ တရားဝင် စာရွက်စာတမ်းများသည် အခိုင်မာဆုံးဖြစ်သည်ဟုယူဆကြပြီး ၄ ပုံ ၁ ပုံအောက် ( ၂၃.၇ % ) က ရပ်ရွာအသိအမှတ်ပြု ဘိုးဘွားပိုင်ဖြစ်မှုကလည်း အလားတူ ခိုင်မာသည်ဟု ယုံကြည်ကြသည်။

## ဥပဒေအသိပညာပေးခြင်း

ပြည်သူလူထုအကြား ဥပဒေအသိပညာ ပေးခြင်းသည် တရားဥပဒေစိုးမိုးမှုနှင့် တရားမျှတမှုရရှိရေး မြှင့်တင်ရာတွင် အရေးပါသည်ဟု အချို့ အစိုးရအရာရှိများက ပြောကြသော်လည်း ဥပဒေပညာပေးမှု မည်သည့်ရှုထောင့်များက အသုံးဝင်သည်ကို နောက်ထပ်အသေးစိတ်ဖော်ပြလေ့မရှိကြပါ။ လူထုပညာပေးမှု အရေးပါပုံကိုပြောကြရာတွင် အချို့က မူးယစ်ဆေးဝါနှင့် မြေယာဥပဒေ ခေါင်းစဉ်များကို ဦးစားပေးဖော်ပြကြသည်။ လူထုပညာပေး ခြင်းဆိုင်ရာ သီးခြားရည်ရွယ်ချက်များနှင့်ပတ်သက်၍ မြို့နယ်တရားသူကြီး တစ်ဦးက " ဥပဒေထဲမှာ လူတွေအတွက် ဘာအခွင့်အရေးတွေရှိတယ်ဆိုတာ ရှင်းပြဖို့ပါ " ဟု လည်းကောင်း၊ ခရိုင်တရားသူကြီးတစ်ဦးက " လူတွေအနေနဲ့ ဘယ်လိုကုစားမှု ရယူရတယ်ဆိုတာ သိသင့်တယ် ပြီးတော့ အစိုးရဌာနတွေကိုဘယ်လိုဆက်သွယ်ရမယ် ဆိုတာလည်း သိသင့်တယ် " ဟု မှတ်ချက်ပြုကြသည်။

လူထုအသိပညာပေးခြင်း အရေးပါပုံနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ပေးသည့် မှတ်ချက်များမှာ ယေဘုယျအားဖြင့် ပညာရေးအဆင့်အတန်းများနှင့် သွယ်ဝိုက်ဆက်စပ်မှုရှိသည်။ ပညာပေးမှု လုပ်ငန်းများကို ပညာမတတ်သူများကို အဓိကထားပေးသင့်သည်ဟု ရဲ အရာရှိတစ်ဦးက မှတ်ချက်ပြုသည်။ မြို့နယ်တရားသူကြီးတစ်ဦးက "လူတိုင်းကိုပညာပေးရမှာ ပြည်သူလူထုတွင် မဟုတ်ဘူး…ဌာနဆိုင်ရာအဖွဲ့အစည်းတွေလည်း အဂတိမလိုက်စားအောင် ပညာပေးရမှာ တစ်ချို့က ဥပဒေကိုသိတယ် ဒါပေမယ့် ဥပဒေကို အလွဲသုံးစားလုပ်တယ်။ ဝန်ဆောင်မှုပေးတဲ့သူတွေ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်အောင်လည်း လုပ်ရမှာဘဲ " ဟု ထင်မြင်ချက်ပေးသည်။

အချုပ်အားဖြင့် ဖြေဆိုသူများ၏ နေ့စဉ်သုံး စကားလုံးများသည် သမားရိုးကျ တရားမျှတရေးစနစ်နှင့် ၎င်းတို့၏ ထိတွေ့မှု ညွှန်းကိန်းတစ်ခုဖြစ်သည်ဆိုပါက ယေဘူယျအားဖြင့် ၎င်းတို့ထိတွေ့မှု မရှိသည်မှာထင်ရှားသည်။ ၎င်းတို့သည် ဥပဒေအရာရှိများ၊ ရှေ့နေများ၊ တရားရုံးများနှင့် တရားသူကြီးများထက်စာလျှင် ရဲများကို ပို၍ ကျွမ်းဝင်သိရှိသည်။

ဖြေဆိုသူများသည် တစ်ခါတစ်ရံ ဥပဒေကိုမသိနားမလည် သို့မဟုတ် နားလည်မှုလွဲကြသည်။ သို့သော် ထက်ဝက်နီးပါးဖြေဆိုသူများက မြန်မာနိုင်ငံတွင် ဥပဒေရှေ့မှောက် တန်းတူညီမျှအခွင့်အရေးရရှိသည်မှာ လူတိုင်းမဟုတ်ဟုရှုမြင်ကြသည်။ ဖြေဆိုသူများ၏ သဘောထားအမြင်များသည် ဥပဒေပြဋ္ဌာန်းချက်များနှင့် လက်တွေ့ကွာဟမှုကို အတည်ပြုသည့် သဘောဆောင်သည်။

အချို့အစိုးရအရာရှိများက တရားဥပဒေစိုးမိုး ရေးနှင့် တရားမျှတမှု လက်လှမ်းမီရေး မြှင့်တင်ရာတွင် ပြည်သူလူထုအကြား ဥပဒေပညာပေးမှု၏ အရေးပါပုံကို အခိုင်အမာညွှန်းဆိုပြီး မူးယစ်ဆေးဝါးနှင့် မြေယာဥပဒေဆိုင်ရာ အသိပညာ ပေးမှုများ ပြုလုပ်ရန် ထောက်ခံပြောဆိုကြသည်။ အချို့က အသိပညာပေးမှုလိုအပ်ချက်ကို ပြည်သူများ၏ ယေဘုယျ ပညာရေးအဆင့်အတန်း နိမ့်ကျမှုနှင့် ချိတ်ဆက်ကြသည်။

[၃၂] ၁၈၆၁ ရာဇသတ်ကြီး ပုဒ်မ ( ၅၀၃ )




# အခန်း (၄)
# အငြင်းပွားမှုပြဿနာများနှင့် တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများ

ဓာတ်ပုံ - အမျိုးသမီးရေးရာအဖွဲ့ နှင့် မူလတန်းကြိုကျောင်း ပူးတွဲအဆောက်အဦး၊ ဆီဆိုင်မြို့နယ် ၊ ရှမ်းပြည်နယ်။

သုတေသနလေ့လာမှု၏ ပထမ မေးခွန်းမှာ တရားမျှတမှုရန် ပြည်သူများ မည်သို့မည်ပုံ ကြိုးစားရှာဖွေကြသနည်း ဖြစ်သည်။

ဖြေဆိုသူများသည် နေ့စဉ်ဘဝတွင် ရဲများ၏ အခန်းကဏ္ဍတာဝန်နှင့် လုပ်ငန်းဆောင်ရွက်မှုတို့နှင့် ရင်းနှီးကျွမ်းဝင်သော်လည်း ၎င်းတို့သည် တရားဝင်တရားရေးစနစ် ဆပ်စပ်ထိတွေ့မှုမရှိသည်ကို ရှေ့အခန်းတွင် ညွှန်ပြခဲ့သည်။ သို့ဖြစ်ရာ သူတို့သည် ၎င်းတို့၏ တရားမျှတမှုဆိုင်ရာ အငြင်းပွားမှုများနှင့် ဦးစားပေးပြဿနာများကို မည်ကဲ့သို့ ကြိုးစားအဖြေရှာကြသနည်း ။

ဤအခန်းတွင် တစ်ဦးချင်း / အိမ်ထောင်စုအဆင့် နှင့် ရပ်ရွာလူ့အဖွဲ့အစည်းအဆင့်တွင် ပေါ်ပေါက်ဖြစ်ပွားသည့် တရားမျှတမှုဆိုင်ရာ အဓိကအငြင်းပွားမှုများကို သတ်မှတ်ဖော်ထုတ်သည်။ ဖြေဆိုသူများ၏ ပါဝင်ပတ်သက်မှုကို ဖော်ပြထားသည်။ ထိုနောက် သုတေသန လေ့လာမှု ကာလ တစ်လျှောက် ရှမ်းပြည်နယ်တွင် အဖြစ်များသည့် ကဏ္ဍ အလိုက် ပြဿနာများကို ဆန်းစစ်လေ့လာထားသည်။

## တစ်ဦးချင်း / အိမ်ထောင်စု အဆင့်

တရားမျှတမှုနှင့် ပတ်သက်သည့် ပြည်သူများ၏ ဦးစားပေး စိုးရိမ်မှု / ပြဿနာများ၏ သဘောသဘာဝကို နားလည်သဘောပေါက်ရန် အလို့ငှာလွန်ခဲ့သည့်(၁၂) လတာ ကာလအတွင်း ဖြစ်ပွားခဲ့သော (သို့မဟုတ်) ဆက်လက်ဖြစ်ပွားနေသော အမှုပြဿနာ အမျိုးအစား အတိုင်းအတာနှင့် ဖြစ်ပွားအကြိမ်အရေအတွက်များကို စတင် လေ့လာသည်။

## အမှုပြဿနာအမျိုးအစားများ

ဖြေဆိုသူ (၅၂၀) အနက် (၈၄) ဦးကသာ ၎င်းတို့ အိမ်ထောင်စုသည် လွန်ခဲ့သည့် (၁၂) လ တာကာလ အတွင်း အနည်းဆုံး အငြင်းပွားမှုပြဿနာ ကြုံတွေ့ခဲ့ရသည်ဟု ဖော်ပြသည်။ ထိုအမှု ပြဿနာများမှာ ကျယ်ပြန့်သည့် အကြောင်း အရာအမျိုးမျိုးနှင့်ပတ်သက်ပြီး စာရင်းတွင် ဖော်ပြထားသည့် အမှုပြဿနာ (၁၉)မျိုး[၃၃] အပြင် အခြား ပြဿနာများ (ဥပမာ - ယာဉ်မတော်တဆမှု၊ ခိုးမှုနှင့် သံသယဖြစ်ဖွယ် လူသေမှု) လည်း ပါဝင်သည်။


အဖြစ်အများဆုံးပြဿနာမှာ မြေယာနှင့်ပတ်သက်ပြီး ဖြေဆိုသူ (၃၄) ဦးက ဖော်ပြကြသည်။ ထို့အပြင် မြေယာ မှတ်ပုံတင် လက်မှတ်ရယူရာတွင် ဖြေဆိုသူ (၅) ဦးသည် ပြဿနာများကြုံတွေ့ခဲ့ရသည်။ အခြားအဖြစ်များသည့် ပြဿနာများမှာ ကြွေးမြီ (၁၄)၊ လာဘ်ပေးလာဘ်ယူမှု သို့မဟုတ် အဂတိလိုက်စားမှု (၁၁) နှင့် မွေးစာရင်းနှင့် မှတ်ပုံတင် အထောက်အထားရယူမှုဆိုင်ရာ ပြဿနာများ (၁၀) ဖြစ်ကြသည်။ အခြားအစိုးရ စာရွက်စာတမ်း အထောက်အထားရယူခြင်းနှင့်ဆိုင်သည့် ပြဿနာများ၊ အမွေ အငြင်းပွားမှုနှင့် ရေ နှင့်ပတ်သက်သည့် အငြင်းပွားမှုများ တစ်မျိုးစီလျှင် ဖြေဆိုသူ (၆) ဦးရှိသည်။ (ပုံ ၄.၁ တွင် ရှု)

## အမှုပြဿနာဖြစ်ပွားသည့် အကြိမ်အရေအတွက်


ထိုဖြေဆိုသူ (၈၄) ဦးသည် အမှုပြဿနာ (၁၄၈) ခု တွင် ပါဝင်ပတ်သက် ခဲ့သည်ဟု ဖော်ပြကြသည် (ပုံ ၄.၂ တွင်ရှု)။

[၃၃] သဘာဝအရင်းအမြစ်များ - မြေယာ၊ ရေ၊ သစ်တော ( သစ်တောထွက် ပစ္စည်းများအပါအဝင် )၊ ငါးဖမ်းပိုင်ခွင့်များ၊ အုပ်ချုပ်မှုဆိုင်ရာ ရေးရာ ပြဿနာများ၊ မွေးစာရင်းနှင့် မှတ်ပုံတင်အထောက်အထားရယူခြင်းဆိုင်ရာ ပြဿနာများ၊ မြေယာမှတ်ပုံတင်အထောက်အထား၊ အခြားတရားဝင်စာရွက်စာတမ်း အထောက်အထားများ၊ မိသားစုအငြင်းပွားမှု၊ လင်မယား ကွဲခြင်း သို့မဟုတ် ပြတ်စဲခြင်း ၊ ကလေးအုပ်ထိန်းခွင့်၊ အမွေ၊ အိမ်တွင်းအကြမ်းဖက်မှု၊ အလုပ်သမားအငြင်းပွားမှု အလုပ်ချိန် သို့မဟုတ် လုပ်ခ၊ ငွေရေးကြေးရေးပြဿနာများ၊ အကြွေးပြန်ဆပ်ခြင်း အခြားသူများဆီမှ ရရန် ကြွေးမြီများ၊ မှုခင်းဖြစ်မှုများ၊ လုယက်မှု၊ ကျော်နင်းမှု၊ လိင်ပိုင်းဆိုင်ရာစော်ကားမှု၊ အခြားကိုယ်ထိလက်ရောက်စော်ကားမှု၊ ရန်ဖြစ်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြဿနာများ၊ အာဏာပိုင်များနှင့်အငြင်းပွားမှုပြဿနာများ၊ လာဘ်ပေးလာဘ်ယူမှု သို့မဟုတ် အဂတိလိုက်စားမှု / အကျင့်ပျက်ခြစားမှုနှင့် အာဏာပိုင်များ၏ ဖမ်းဆီးချုပ်နှောင်မှု၊

ပုံ ၄.၁ အမှုပြဿနာအမျိုးအစား




ပုံ ၄.၂ အမှုပြဿနာဖြစ်ပွားသည့် အကြိမ်အရေအတွက်



အခြားပြဿနာ အမျိုးအစားများနှင့် စာလျှင် မြေယာအငြင်းပွားမှု ဖြစ်ပွားမှုနှုန်းမှာ သိသာစွာမြင့်မားသည်။ ဖော်ပြပါ ပြဿနာစုစုပေါင်း၏ ၄ ပုံ ၁ ပုံ (၂၅.၇ %၊ ၁၄၈ အနက် ၃၈ မှ) ရှိသည်။ ယင်းနောက်တွင် ကြွေးမြီပြဿနာ (၁၃.၅ %၊ ၁၄၈ အနက် ၂၀)၊ လာဘ်ပေးလာဘ်ယူ သို့မဟုတ် အဂတိလိုက်စားမှု (၁၀.၁ %၊ ၁၄၈ အနက် ၁၅)၊ မွေးစာရင်းနှင့်မှတ်ပုံတင်အထောက်အထား ရယူရာတွင် ကြုံရသည့် ပြဿနာများ (၉.၅ %၊ ၁၄၈ အနက် ၁၄) နှင့် အခြားအစိုးရစာရွက်စာတမ်း အထောက်အထား ရယူခြင်းနှင့်ဆိုင်သည့် ပြဿနာများ၊ အိမ်တွင်းအကြမ်းဖက်မှု၊ အမွေ နှင့် ရေ နှင့် ပတ်သက်သည့် အငြင်းပွားမှုများ (တစ်မျိုးစီတွင် ၄.၇ %၊ ၁၄၈ အနက် ၇ မှုစီ) ဖြစ်သည်။ ထိုအဖြစ်အများဆုံး အမှုပြဿနာ (၈) မျိုးသည် ပြဿနာစုစုပေါင်း (၁၄၈) မှုအနက် (၁၁၅) မှုရှိသည်။

ထိုအဖြစ်အများဆုံး အမှုပြဿနာ (၁၁၅) မှုအနက် (၆၅) မှုတွင် ငွေရေးကြေးရေးအရ ဆုံးရှုံးနစ်နာမှုများကို ဖြေဆိုသူများကြုံတွေ့ခဲ့ရပြီး (၂၂) မှုတွင် ပိုင်ဆိုင်မှုပစ္စည်းဥစ္စာ ပျက်ဆီးဆုံးရှုံးမှုနှင့် (၆) မှုတွင် ရုပ်ပိုင်းဆိုင်ရာ / ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာရမှုများ ရှိခဲ့သည်။

မြေယာနှင့် ဆိုင်သည့် အငြင်းပွားမှု အများစု (၃၈ အနက် ၂၉ မှု) မှာ သဘောသဘာဝအားဖြင့် ပုဂ္ဂလိက ပြဿနာဖြစ်ပြီး အဓိကအားဖြင့် ဖြေဆိုသူများ၏ ရပ်ရွာတွင်းမှလူများ သို့မဟုတ် အခြားရပ်ရွာမှ လူအများ၊ မိသားစုဝင်များ သို့မဟုတ် ရပ်ရွာပြင်ပအဖွဲ့ များနှင့် ဖြစ်ပွားသည်။ ကျန်အမှုများမှာ မြို့နယ်အုပ်ချုပ်ရေးဌာန၊ မြို့နယ်မြေစာရင်းဌာန၊ တပ်မတော်နှင့် စည်ပင်သာယာအဖွဲ့ တို့နှင့် ရင်ဆိုင်ဖြစ်ပွားကြသည်။

ကြွေးမြီပြဿနာ (၂၀) မှ အနက် (၁၉) မှုတွင် ၎င်းတို့ရပ်ရွာမှ သို့မဟုတ် အခြားရပ်ရွာမှသူများနှင့် အမှုဖြစ်ရသည်ဟု ဖြေဆိုသူများက ဖော်ပြသည်။

လာဘ်ပေးလာဘ်ယူ သို့မဟုတ် အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် ပြဿနာ (၁၅) မှုအနက် (၁၃) မှုမှာ အစိုးရဝန်ထမ်းများနှင့် အမှုရင်ဆိုင်ဖြစ်ပွားရသည်။ ၎င်းတို့မှာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဌာန၊ မြို့နယ်မြေစာရင်းဌာန၊ ယာဉ်ထိန်း ရဲ၊ ခရိုင် အထွေထွေ အုပ်ချုပ်ရေးဌာန၊ ရပ်ကျေးအုပ်ချုပ်ရေးနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာနတို့ ဖြစ်သည်။ အမှုအနည်းအကျဉ်းတွင် ပုဂ္ဂလိက အရပ်သားများနှင့် ဖြစ်ပွားရသည်။

မွေးစာရင်းနှင့် မှတ်ပုံတင် အထောက်အထား ရယူခြင်းနှင့်ဆိုင်သည့်ပြဿနာ (၁၄) ခုအနက် (၁၃) မှုတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ဖြစ်ရသည်ဟု ဖြေဆိုသူများက ဖော်ပြသည်။ ကျန်တစ်မှုမှာ ခရိုင်အုပ်ချုပ်ရေးဌာနနှင့် ဖြစ်ပွားသည်။

အိမ်တွင်းအကြမ်းဖက်မှု၊ အမွေ နှင့် ရေ ပြဿနာများမှာ ပုဂ္ဂလိကသဘောဆောင်ပြီး မိသားစုဝင်များ ဖြေဆိုသူများ၏ ရပ်ရွာ သို့မဟုတ် အခြားရပ်ရွာ အသိုင်းအဝိုင်းမှ တစ်ဦးချင်း / တစ်ယောက်ချင်း သို့မဟုတ် အုပ်စုများနှင့် ဖြစ်ပွားကြသည်။ အခြားအစိုးရ / တရားဝင် စာရွက်စာတမ်း အထောက်အထားရယူမှုနှင့်ဆိုင်သည့် ပြဿနာများတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဌာန၊ ရပ်ကျေးအုပ်ချုပ်ရေး ရုံးစာရေးများ၊ ပြည်သူ့စစ်နှင့် တသီးပုဂ္ဂလ အရပ်သားများနှင့် ဖြစ်ပွားရသည်ဟု ဖြေဆိုသူများက ဆိုသည်။

## တရားမျှတမှုဆိုင်ရာ အဓိကဦးစားပေးပြဿနာများ


ပြီးခဲ့သည့် ၁၂ လအတွင်းမှာ ပြဿနာတစ်ခုနှင့် ပါဝင်ပတ်သက်ခဲ့သည့် ဖြေဆိုသူ ၈၄ ဦးက ၎င်းတို့အရေးကြီးဆုံးဟု သဘောထားသည့် ပြဿနာကို ဖော်ပြကြသည် (ပုံ ၄.၃ တွင်ရှု)။[၃၄] ဤအချက်ကို စိုးရိမ်မှုအကြီးမားဆုံးဖြစ်စေသည့် အမှုပြဿနာများ ဖြေရှင်းသည့် လမ်းကြောင်းများကို ခြေရာကောက်ရန် အသုံးပြုသည် (အခန်း ၅၊ ပုံ ၅.၁ တွင်ရှု)။ အရေးကြီးဆုံးဟု သဘောထားသည့် ပြဿနာမှာ မြေယာနှင့် ပတ်သက်သည့် အငြင်းပွားမှုဖြစ်သည်။

အနှစ်ချုပ်အားဖြင့် ဖြေဆိုသူ အမျိုးအစား အနည်းငယ်သည် တစ်နှစ်တာကာလအတွင်းမှာ ပြဿနာတစ်ခု အနည်းဆုံး ကြုံတွေ့ခဲ့ရသည်။ အဖြစ်အများဆုံးနှင့် အရေးကြီးဆုံးပြဿနာများမှာ မြေယာနှင့် ပတ်သက်ပြီး ပုဂ္ဂလိက အရပ်သားများအကြားဖြစ်ပွားတတ်သည်။ ယင်းနောက်တွင် ကြွေးမြီပြဿနာများဖြစ်ပြီး ပုဂ္ဂလိက အချင်းချင်းကြား ဖြစ်ပွားသည်။

---

[၃၄] လွန်ခဲ့သော ၁၂ လအတွင်း အမှု ပြဿနာတခုတည်းသာ ကြုံခဲ့ရသည်ဆိုသော ဖြေဆိုသူ ၅၉ ဦးအတွက် ယင်းပြဿနာကိုသာ အရေးကြီးပြဿနာအဖြစ် မှတ်တမ်းတင်သည်။

ပုံ ၄.၃ တရားမျှတမှုဆိုင်ရာ အဓိကဦးစားပေးပြဿနာများ




# ကဏ္ဍအလိုက်ပြဿနာများ

ဤအခန်းတွင် သုတေသန လေ့လာသည့် ကာလတလျှောက် ရှမ်းပြည်တွင်အဖြစ်များသည့် ကဏ္ဍအလိုက်ပြဿနာများကို ဆန်းစစ်လေ့လာထားသည်။ ၄င်းတို့မှာ (၁) မြေယာ၊ ခြံမြေနှင့် အိမ်ရာဆိုင်အငြင်းပွားမှုများ (၂) မူးယစ်ဆေးဝါး (၃) အမျိုးသမီးများနှင့် ထိခိုက်လွယ် အားနည်းသည့် အုပ်စုများအတွက် ဥပဒေ အကာအကွယ် စောင့်ရှောက်မှုဆိုင်ရာ ပြဿနာများ (၄) အများပြည်သူ ဝန်ဆောင်မှုများ လက်လှမ်းမီ မရရှိမှုနှင့် စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ ထိုပြဿနာများမှာ ရှေ့အခန်းတွင် ဖော်ပြခဲ့သည့် အငြင်းပွားမှုပြဿနာများနှင့်အခိုင်အမာဆက်စပ်မှုရှိသည်။ မြေယာနှင့်ဆိုင်သည့် အငြင်းပွားမှုများ၊ မူးယစ်ဆေးဝါးပြဿနာများ၊ ပြည်သူ့ဝန်ဆောင်မှုများ ရရှိမှုနှင့် ခွဲခြားဆက်ဆံမှု တို့မှာ ဖြေဆိုသူများ၏ ရှုထောင့် အမြင်အရ တစ်ဦး တစ်ယောက်ချင်းနှင့် သို့မဟုတ် မိသားစုကိုသာ ရိုက်ခတ် အကျိုးသက်ရောက်သည့် သီးခြားဖြစ်ရပ်များထက်စာလျှင် ရပ်ရွာအဖွဲ့အစည်း ပြဿနာများ ဖြစ်လာသည်ဟု ခံယူနိုင်သည်။

ဆက်လက်ဆွေးနွေးမည့် ကဏ္ဍအလိုက် ပြဿနာများအပြင် အများပြည်သူမလုံခြုံမှု၊ ယာဉ်မတော်တဆမှုများနှင့် အကျင့်စာရိတ္တ ပျက်ပြားမှုများသည်လည်း ဦးစားပေးပြဿနာများအဖြစ် ထွက်ပေါ်ခဲ့သည်။ လေ့လာခဲ့သည့် နေရာများတစ်လျှောက် ခိုးမှုများ၊ ခိုက်ရန်ဖြစ်မှုများသည် အများပြည်သူမလုံခြုံမှု ပြဿနာများအဖြစ် ထွက်ပေါ်ခဲ့ပြီး မူးယစ်ဆေးဝါး၊ အရက်သေစာ သောက်စား သုံးစွဲမှုများ နှင့် တိရိစ္ဆာန်ခိုးမှုတစ်မှုလည်း တွေ့ရှိခဲ့ရသည်။ မြို့ပြလေ့လာရာဒေသအချို့တွင် ဖြေဆိုသူများက ယာဉ်မတော်တဆမှုများကို ဦးစားပေး ပြဿနာအဖြစ် သဘောထားကြသည်။ ဖြေဆိုသူများက အကျင့်စာရိတ္တပျက်ပြားသည့် ပြဿနာများသည်တစ်ခါတစ်ရံစီးပွားရေးနှင့်လူမှုရေးပြဿနာများအဖြစ် ဦးတည်သွားကြသည်ကိုလည်း ရှင်းပြကြသည်။ ရပ်ရွာနှစ်ခုတွင် လောင်းကစား စွဲလန်းရာမှတဆင့် ငွေကြေးဆုံးရှုံးခြင်းနှင့် မိသားစုများအပေါ် ရိုက်ခတ်သည့် အကျိုးသက်ရောက်မှုများကို ရပ်ရွာ ဦးစားပေး တစ်ရပ်အဖြစ် ပြောဆိုကြသည်။

သူတစ်ပါးသားမယားပြစ်မှားသည့် အိမ်ထောင်ရေးဖောက်ပြန်မှုများကို ဒေသ (၃) ခုတွင် ပြောဆိုဆွေးနွေးကြသည်။ အခြားရပ်ရွာတစ်ခုတွင် ယောကျ်ားများနှင့် လူငယ်များ အရက်သေစာသောက်စား မူးယစ်သောင်းကျန်းကြသည်ကို ဦးစားပေးပြဿနာအဖြစ်ထုတ်ဖော်ကြသည်။

## မြေယာပိုင်ဆိုင်မှုနှင့် အိမ်ရာ

မြေယာ၊ ပိုင်ဆိုင်မှုနှင့်အိမ်ရာအမှု ပြဿနာများကို လေ့လာခဲ့သည့်နေရာတိုင်းတွင် တွေ့ရသည်။ မြေယာနှင့် မြေယာပိုင်ဆိုင်မှုပြဿနာများကို လေ့လာသည့် ကျေးလက်ဒေသအားလုံးနီးပါးနှင့် မြို့ပြဒေသများစွာရှိ ဖြေဆိုသူများနှင့် ရပ်ရွာခေါင်းဆောင်များမှ ဦးစားပေးပြဿနာတစ်ရပ်အဖြစ် သတ်မှတ်ကြသည်။

မြန်မာနိုင်ငံတွင် မြေယာနှင့် ပတ်သက်သည့် ပြဋ္ဌာန်းထားသည့် ဥပဒေစည်းမျဉ်းစည်းကမ်း များစွာရှိသည်။ (၁၈၉၄) မြေသိမ်း အက်ဥပဒေ မှ ( ၂၀၁၂ ) ဥပဒေများ တိုင်အောင်ဖြစ်သည်။ ထို ဥပဒေများသည် မြန်မာနိုင်ငံအတွင်းရှိ မြေအားလုံးကို အစိုးရကပိုင်ဆိုင်ပြီး "မြေအသုံးချခွင့်" ကို တစ်ဦးတစ်ယောက်ချင်း၊ စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများအား ခွင့်ပြုချက်ချမှတ်နိုင်သည့် အခွင့်အာဏာရှိသည်။ (၂၀၁၂) လယ်ယာမြေဥပဒေနှင့် မြေလွတ် မြေလပ် မြေရိုင်းဥပဒေ (VFV Law) များအရ မြေယာ အသုံးချခွင့်ပြု လက်မှတ် (ပုံစံ - ၇) ထုတ်ပေးသည့်စနစ်ကို စတင်ကျင့်သုံးခဲ့ပြီး တရားဝင်မြေဈေးကွက်အကောင်အထည်ဖေါ်ခဲ့သည်။

ထို့အတွက် မြေယာမှတ်ပုံတင်မှုမှာ ပို၍အရေးပါလာသည်။ ထိုဥပဒေများတွင် သိမ်းဆည်းခံမြေ လျော်ကြေးနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များလည်း ပါဝင်သည်။ အစိုးရစီမံကိန်းများအတွက် သိမ်းဆည်းထားပြီး အသုံးမပြုသည့်မြေများကို မူလမြေ အသုံးပြုခွင့်ရှိသူ သို့မဟုတ် အဖွဲ့အစည်းထံ ပြန်လည်ပေးအပ်ရမည်ဟု လယ်ယာမြေဥပဒေတွင် ပြဋ္ဌာန်း ထားသည်။ မြေလွတ် မြေလပ် မြေရိုင်းဥပဒေပုဒ်မ ၂၅ (ခ) တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးသော မြေဧရိယာ အပေါ်တွင် ယခင်ကတည်းက လက်ရှိစိုက်ပျိုးရေး လုပ်ကိုင်နေသော ဒေသခံ တောင်သူလယ်သမားများ၏ စိုက်ပျိုးမြေများ ပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့် ရရှိထားခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေရန် ယင်းတို့၏ ဆန္ဒအပေါ်ညှိနှိုင်း ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။

ယင်းဥပဒေ ပုဒ်မ ၁၆ (ခ) တွင် စတင်ခွင့်ပြုသည့်နေ့မှစ၍ (၄) နှစ်အတွင်း လုပ်ပိုင်ခွင့်ရမြေကို အသုံးမပြုပါက နိုင်ငံတော်အစိုးရအား ပြန်လည်အပ်နှံရမည်ဟု ဖော်ပြထားသည်။

ဥပဒေ၊ နည်းဥပဒေနှင့်ညွှန်ကြားချက်အမိန့်တို့၏အဆင့်ဆင့် ရှုပ်ထွေးမှု အနေအထားများ (ပြဋ္ဌာန်းချက် ရှုပ်ထွေးမှုများ အပါအဝင်) ကြောင့် မြေယာမြေ မှတ်ပုံတင်ခြင်း၊ သိမ်းဆည်းမြေ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် သိမ်းဆည်းမြေလျော်ကြေးရရှိရေး ကိစ္စများတွင် ပဋိပက္ခပြဿနာများ ဖြစ်ပွားကြသည်။ ရှမ်းပြည်နယ်တွင် လေ့လာခဲ့သည့် နေရာဒေသ များမှ ဖြေဆိုသူများ တွေ့ကြုံပြောပြသည့် ထိုပြဿနာအငြင်းပွားမှုများကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း အမျိုးအစားအုပ်စု ခွဲခြားနိုင်သည်။ (၁) ခေတ်အဆက်ဆက် မြေယာသိမ်းဆည်းမှုများမှ ပေါ်ပေါက်လာသည့် ပြဿနာများ (၂) မြေယာလုပ်ပိုင်ခွင့် မလုံခြုံမှု / အာမခံမရှိမှုနှင့် တရား ဝင်မှတ်ပုံတင်မှုများပြားလာခြင်းကြောင့် ပေါ်ပေါက်လာသည့် ပြဿနာများ (၃) ပုဂ္ဂလိကအငြင်းပွားမှုများဖြစ်သည်။ ထို့အပြင် စတုတ္ထအမျိုးအစားမှာ ဥပဒေအဆင့်ဆင့် ရှုပ်ထွေးမှုနှင့် ကွဲပြားသည့် ဌာနဆိုင်ရာ အာဏာပိုင်အသီးသီးထံ လျှောက်လွှာတင်ရခြင်းများမှ ပေါ်ပေါက်လာသည့် ပြဿနာများ ဖြစ်သည်။

## ခေတ်အဆက်ဆက် မြေသိမ်းမှုများမှ ပေါ်ပေါက်လာသည့် ပြဿနာများ

### *မြေပြန်လည်ရယူမှု တောင်းဆိုရာတွင် အခက်အခဲများ*

သမိုင်းအဆက်ဆက် သိမ်းဆည်းခံခဲ့ရသည့် မြေများကိုလယ်သမားများကပြန်လည်တောင်းခံခြင်းသို့မဟုတ် လျော်ကြေးတောင်းခြင်းများကိုလေ့လာရာဒေသအနှံ့အပြားတွင် တွေ့ရသည်။ အထူးသဖြင့် သမ္မတဦးသိန်းစိန် ၏ ၂၀၁၄ မိန့်ခွန်း ပြောကြားပြီးနောက် ထိုလယ်သမားများသည် မြို့နယ်အုပ်ချုပ်ရေးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့်သို့ စာများရေးသား၍သော်၄င်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်များထံမေးမြန်း၍သော်၄င်း အကူအညီတောင်းခံခဲ့ကြသည်။ အများစုမှာ တုံ့ပြန်ဖြေကြားချက်များကို ဆက်လက်စောင့်နေဆဲဖြစ်သည်ဟုဖြေဆိုသူများကဆိုသည်။ မြေယာပြန်လည်တောင်းဆိုရာတွင် ကြုံရသည့် အခက်အခဲအမျိုးမျိုးကို ဖြေဆိုသူများက ရှင်းပြသည်။ " ပိုင်ဆိုင်မှု" အထောက်အထားပြရန်မှာအခက်အခဲတစ်ရပ်ဖြစ်သည်။ အသုံးပြုသည့် သိမ်းဆည်းထားသော မြေပေါ်တွင်ပြန်လည်စတင်စိုက်ပျိုးခဲ့သည့် ဖြေဆိုသူတစ်ဦးက ယခုကဲ့သို့ရှင်းပြသည်။

"အစိုးရအသစ်တက်လာတော့မြေတွေပြန်တောင်းလို့ရတယ်ဆိုတာ ကြားရတယ်။ ဒီတော့ ကျွန်တော်လည်း ရပ်ကွက်၊ မြို့နယ်၊ ခရိုင် နှင့် ပြည်နယ်အဆင့်ဆင့်ကို တိုင်စာတွေပို့ခဲ့တယ်။ ဒါပေမဲ့ မြေပိုင်ဆိုင်တဲ့ အထောက် အထားပြဖို့က တော်တော်ခက်တယ်၊ ဘာလို့လဲ ဆိုတော့ တရားဝင်မြေခွင့်ပြုချက်က ဘယ်သူ့ဆီမှာမှမရှိဘူး။ လယ်သမားတွေအချင်းချင်းကြား ဘယ်သူက ဘယ်နေရာပိုင်တယ်ဆိုတဲ့ အသိ

နဲ့ဘဲ သက်သေပြလို့ ရတယ်။ ဗဟိုအစိုးရက အရာရာထိန်းချုပ်ထားတော့ အကုန်လုံးဖြေရှင်းဖို့က ခက်လိမ့်မယ်လို့ထင်တယ်၊....စောင့်ကြည့်ရမှာပေါ့လေ ”

ယခင် “ ပိုင်ဆိုင်မှု ”အထောက်အထားရှိသည့်တိုင် (ဥပမာ - မြေခွန်ဆောင်ပြီးပြေစာ) သိမ်းဆည်းခံခဲ့ရသည့်မြေကို လယ်သမား တစ်ယောက် ပြန်ရမည့်အရေးမှာ အာမခံချက်မရှိပါ။ ဖြစ်စဉ်တော်တော်များများတွင် စိုက်ပျိုးမှုမရှိသည့် သိမ်းဆည်းထားသောမြေများ သို့မဟုတ် တပ်မတော်က သိမ်းထားသောမြေများသည် ပိုင်ဆိုင်မှု လက်အဆင့်ဆင့်ပြောင်းခဲ့ပြီး ယခုအခါ အခြားသူတစ်ဦးဦး၏ လက်ထဲတွင်ရှိသည်။ မြေပြန်ရလိုမှု တောင်းခံသည့် လယ်သမားများသည် လက်ရှိလက်ဝယ်ရှိသူများ သို့မဟုတ် တရားဝင်ဖြစ်မှုကို ဥပဒေတစ်ရပ်ရပ်ပေါ် အခြေခံ၍ ပိုင်ဆိုင်မှုပြသည့် အခြားပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ အပြိုင်အဆိုင်လျှောက်ထားမှုများနှင့် ရင်ဆိုင်ရသည် (ဖြစ်စဉ် ၁ တွင်ရှု)။

ဖြစ်စဉ် ၁

လယ်သမားတစ်ဦးသည် ၁၉၈၈ တွင် ၎င်း၏ မြေ (၅) ဧကကို အစိုးရ၏ သိမ်းဆည်းခြင်းခံခဲ့ရပြီး လျော်ကြေး တစ်စုံတစ်ရာ မရရှိခဲ့ပါ။ သမ္မတဦးသိန်းစိန် အစိုးရလက်ထက် သိမ်းဆည်းခံ မြေများကို ပြန်လည်လျှောက်ထား တောင်းဆိုနိုင်ကြောင်း ကြားသိရသည့်အခါ သူနှင့်အခြားလယ်သမား (၄)ဦးသည် လျှောက်ထားတောင်းခံစာများကိုရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်နှင့် ပြည်နယ်မြေစာရင်းဌာနများနှင့် လွှတ်တော် လယ်ယာမြေစစ်ဆေးမှုကော်မတီများသို့ပေးပို့ခဲ့သည်။

ဤသုတေသန ပြုလုပ်သည့် အချိန်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးမှု ပါတီဝင်များသည် ပါတီရန်ပုံငွေရရှိရန်အတွက် ဤမြေပေါ်တွင်သီးနှံများစိုက်ပျိုးနေကြသည်။ ထိုမြေနှင့် ပတ်သက်၍ လယ်သမားများက ကြံ့ခိုင်ရေးပါတီ မြို့နယ်တာဝန်ခံအားပြောပြသည့်အခါ ၎င်းက “ ပြည်ခိုင်ဖြိုး ပါတီဝင်တွေ ဒီမြေပေါ်မှာ လုပ်နေတာ ပြည်သူ့အကျိုးစီးပွားအတွက်၊ ပုဂ္ဂိုလ်ရေးအတွက် မဟုတ်ဘူး။ သူတို့ ဒီမြေပေါ်မှာ လုပ်နေတာ အခုဆို (၄) နှစ်ရှိပြီ။ ပြီးတော့ ၂၀၁၂ မြေပိုင်ဆိုင်မှု ဥပဒေအရဆိုရင် ဒီမြေကိုသူတို့ ပိုင်ခွင့်ရှိတယ်”* ဟု ပြန်ပြောသည်။ ပြည်ခိုင်ဖြိုးပါတီဝင်များသည် ဤမြေကို ဆက်လက်အသုံးပြုကြသည်။

၂၀၁၅ တွင် ၎င်းတို့လျှောက်ထားတင်ပြစာများနှင့် ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာလက်ခံမရရှိသည့်အတွက် ရပ်ကွက်အုပ်ချုပ်ရေးရုံးတွင် စုံစမ်းခဲ့သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးက မြေယာနှင့်ပတ်သက်သည့် ကိစ္စများကို ဖြေရှင်းရန် ၎င်းတွင် အခွင့်အာဏာမရှိ၊ လယ်သမားများ၏ ထိုကိစ္စကို လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီထံ တင်ပြသင့်သည်ဟု ပြောသည်။

၂၀၁၅ခုနှစ်တွင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် အာဏာရ ပါတီဖြစ်နေသည့် အတွက် လယ်သမားများသည် ၎င်းတို့၏ တောင်းဆိုစာတင်ရန် အစိုးရသစ်တက်မည့် ၂၀၁၆ ထိ စောင့်ဆိုင်းခဲ့သည်။ ၎င်းတို့သည် တောင်းဆိုစာများကို ရပ်ကျေး၊ မြို့နယ်၊ ခရိုင် နှင့် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီများသို့ ပို့ခဲ့သည်။ ထို့နောက် ရပ်ကျေးလယ်ယာမြေစီမံခန့်ခွဲကော်မတီမှ ထိုကိစ္စကို စုံစမ်းစစ်ဆေးသည်။ လယ်သမားသည် ၎င်း၏ မျှော်လင့်ချက်ကို “ဒီမြေတွေကို ကျွန်တော်တို့ပိုင်တယ်ဆိုတဲ့ အခွန်ပြေစာ အထောက်အထားတွေရှိတယ်။ ဒီတော့ပြန်ရရင်လည်း ရမှာပေါ့”

* မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေ ပုဒ်မ ၂၅ (ခ) ကို ရည်ညွှန်းပုံရသည်။

ဖြစ်စဉ်တစ်ခုတွင် ကြားပုဂ္ဂိုလ်တစ်ဦးက ၎င်းမြေပိုင်ဆိုင်ခွင့် ရရှိရန် ၎င်း၏အခွင့်အာဏာကို အသုံးချခဲ့သည်။ ( ဖြစ်စဉ် ၂ တွင်ရှု )

ဖြစ်စဉ် ၂

၂၀၀၂ နှင့် ၂၀၀၃ ကာလတွင် ရော်ဘာစိုက်ပျိုးရေးစီမံကိန်းဖြင့် တပ်မတော်သည် သုတေသန လေ့လာရာဒေသတစ်ခုရှိ လယ်ယာမြေ (၄၀၀) ဧကကိုသိမ်းခဲ့သည်။ သို့သော် ရေမြေ သဘာဝအရ ရော်ဘာပင်များ မဖြစ်ထွန်းသည့်အတွက် ထိုစီမံကိန်း ကို စွန့်လွှတ်ခဲ့သည်။ လွန်ခဲ့သော (၈) နှစ်တာ ကာလအတွင်းတပ်မတော်သည် ထိုမြေများကိုဒေသခံလယ်သမားများအား အငှားချသည်။

ဒုတပ်မမှူး တစ်ဦးသည် ထိုသိမ်းဆည်းမြေထဲမှ (၅၄) ဧကကို ဖယ်ထုတ်ခြံခတ်ပြီး သူ၏နံမည်ဖြင့် မြေမှတ်ပုံတင်အမည် ပြောင်းလဲခဲ့သည်။ လေ့လာမှုပြုလုပ်မှုကာလတွင် ထိုတပ်မမှူးသည် မြေကို အခြားသူများအား ရောင်းချရန် ကြိုးစားနေသည်ဟုဆိုသည်။ သို့သော် မူလပိုင်ရှင်များက ဤမြေသမိုင်းကို ဝယ်လိုသူများအား ပြောပြကြသည်။ မြေအရောင်းအဝယ်မဖြစ်ပါ။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင်များက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီထံ လယ်သမားများ တောင်းခံ တင်ပြရန် အကူအညီပေးကြသည်။ ၎င်းတို့မြေများ ပြန်လည်ရရှိနိုင်မှုအပေါ် လယ်သမားများသည် မျှော်လင့်ချက်များစွာ ရှိကြသည်။

အထူးသဖြင့် အခြားနိုင်ငံသို့ ရွှေ့ပြောင်းသွားရောက် အလုပ်လုပ်ရသည့် လူငယ်များရွာသို့ ပြန်လာနိုင်မည့် အရေးကြောင့် ဖြစ်သည်။

## *မြေယာပြန်လည်လျှော်ကြေးထားမှုများမှ ပေါ်ပေါက်လာသည့် ပြဿနာများ*

သိမ်းထားသည့်မြေများ ပြန်လည်လျှော်ကြေးထားမှုများသည် ရပ်ရွာအသိုင်းအဝိုင်း အတွင်း နောက်ဆက်တွဲ ပြဿနာများ ဖြစ်ပွားစေသည်။ လေ့လာရာဒေသတစ်ခုတွင် မြေသိမ်းခံရသူများကို အစိုးရက ပြန်လည်နေရာချရန် သတ်မှတ်ပေးသည့်မြေနှင့် ပတ်သက်၍ အငြင်းပွားမှုများရှိသည်။ ထိုပြန်လည်အစားထိုးပေးသည့် မြေမှာလည်း အခြားသူများထံမှ သိမ်းထားသည့်မြေဖြစ်သည့်အတွက် ပြန်လည်နေရာချထားသူများနှင့် ထိုမြေကို ပြန်လည်လျှော်ကြေးထားသည့် မူလပိုင်ရှင်များအကြား ပဋိပက္ခဖြစ်စေသည် (ဖြစ်စဉ် ၃ တွင်ရှု)။

ဖြစ်စဉ် ၃

၁၉၉၇ တွင် တပ်စခန်းတစ်ခု တည်ဆောက်ရန်နှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရန် အစိုးရမှ ပုဂ္ဂလိက အသုံးချမြေများကို သိမ်းယူခဲ့သည်။ မြေအသိမ်းခံရသည့် မိသားစုတိုင်းကိုရပ်ကွက်အတွင်း၌ ၄၀ × ၆၀ ပေ မြေတကွက်စီပေးသည်။ ထိုမြေမှာလည်း အခြားသူများထံမှ သိမ်းထားသည့်မြေဖြစ်သည်။ ထိုအစားထိုးပြန်ပေးသည့်မြေမှာ အသိမ်းခံမိသားစုအတွက် ရည်ရွယ် သတ်မှတ်ထား သော်ငြားလည်းအစိုးရဝန်ထမ်းများနှင့် စစ်တပ်အရာရှိများလည်း မြေကွက်ရကြသည်ဟု ဖြေဆိုသူများက ဆိုသည်။

ထိုရပ်ကွက် မြေအသိမ်းခံရသူများသည် မြို့နယ်အုပ်ချုပ်ရေးရုံးသို့ စာများပေးပို့ပြီး ၎င်းတို့ မြေပြန်လည်ရရှိရန်၊ လက်ရှိ နေထိုင်နေသည့် ပြန်လည်နေရာချထားသူများကို ဖယ်ရှားပေးရန် တောင်းဆိုခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူးက ထိုမြေသည် လွန်ခဲ့သည့် (၁၅) နှစ် ကတည်းက အစိုးရမှ တရားဝင်ချပေးသည့် မြေဖြစ်သည်၊ ဖယ်ရှားခံရမည်ကို စိုးရိမ်စရာမလိုဟု ပြန်လည်နေရာချထားသူများအား အာမခံသည်။

အခြားသူများ ပြန်လည် နေရာချပေးရန် ရပ်ကွက်အတွင်းမှ အသိမ်း ခံခဲ့ရသည့် အမျိုးသား တစ်ဦးက ၎င်း၏စိတ်ပျက်လက်ပျက်ဖြစ်မှုကို "သူတို့တွေဘာဖြစ်လို့ကျွန်တော်တို့မြေတွေကို ဆက်သိမ်းနေတာ စဉ်းစားလို့မရဘူး။ သူတို့က တစ်ခြားသူတွေရဲ့မြေကိုသိမ်းတယ်။ ပြီးတော့ ကျွန်တော်တို့ ရပ်ကွက်ထဲက မြေတွေနဲ့ပြန်အစားထိုးပေးတယ်။ သူတို့က ကျွန်တော်တို့ကို မှုတောင်မမှုဘူး။ တစ်ချို့ဆို မြေပြန်ရမှာကို စောင့်ရင်းနဲ့ သေကုန်ပြီ "

သိမ်းဆည်းခံ သို့မဟုတ် ပြန်လည်စွန့်လွှတ်သည့်မြေနှင့် ပတ်သက်၍ လယ်သမား အချင်းချင်းကြား (ဥပမာ- မူလပိုင်ရှင်များနှင့် လုပ်ပိုင်ခွင့်အာဏာရာထူးမရှိသည့် လက်ရှိလက်ဝယ်ရှိသူများ) သို့မဟုတ် တစ်ဦးတစ်ယောက်ချင်းနှင့် ရပ်ရွာ အသိုင်းအဝိုင်းကြား ဖြစ်ပွားသည့် ပြဿနာများတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် တစ်စုံတစ်ရာ အတိုင်းအတာဖြေရှင်းပေးနိုင်ကြသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ လုပ်ပိုင်ခွင့်အာဏာမှာ သူက ကျန်ရှိသော သို့မဟုတ် စွန့်လွှတ်သည့်မြေများကို ပြန်လည်ဝေငှရေးသာဖြစ်သည်။ ၎င်းတို့သည် ကုမ္ပဏီသို့မဟုတ် အစိုးရမြေကိုစွန့်လွှတ်ရန် ဖိအားပေး၍မရပါ။ မူလပိုင်ရှင်များသည် ၎င်းတို့၏ သိမ်းဆည်းခံမြေအစိတ်အပိုင်းကိုသာ ပြန်လည်ရရှိတတ်သည်။ (ဖြစ်စဉ် ၄ နှင့် ၅ တွင်ရှု)။

ဖြစ်စဉ် ၄

၁၉၉၅ တပ်မတော်သည် လမ်းနှင့်ကပ်လျက်မှ မြေဧရိယာ ဧက ( ၁၀၀၀ ) ကျော်နှင့် လမ်းနှင့်ဝေးသည့်ဘက်မှ ကေပေါင်းများစွာ တို့ကို သိမ်းဆည်းခဲ့သည်။ ထိုထဲမှ တစ်စိတ်တစ်ပိုင်းကို လမ်းဖောက်လုပ်ရန် တပ်မတော်သည် Asia World ကုမ္ပဏီအား လုပ်ကွက်ချပေးခဲ့သည်။ Asia World သည် ထိုလုပ်ကွက်ထဲမှ တစ်စိတ်တစ်ပိုင်းကို ကျောက်ထုတ်လုပ်ရန် အသုံးပြုပြီး ( ၇၅ ) ဧကကို ကိုးကန့် လယ်သမား ( ၁၆ ) ဦးအား အငှားချခဲ့သည်။

၂၀၁၅ တွင် အသိမ်းခံမြေ မူလပိုင်ရှင်များဖြစ်သည့် တအာန်း/ ပလောင် လယ်သမား ( ၁၈ ) ဦးသည် အစိုးရ အသုံးမပြုသည့် မြေများကို ပြန်လည်တောင်းခံနိုင်သည့် သတင်းကြားသိရသောအခါ ကိုးကန့် လယ်သမားများ လွန်ခဲ့သော ( ၁၄ ) နှစ်ကတည်းက ဌားရမ်းလုပ်ကိုင်နေသော ၎င်းတို့ပိုင်ဆိုင်ခဲ့သော မြေပေါ်တွင်သီးနှံများ စတင်စိုက်ပျိုးကြသည်။ Asia World ကုမ္ပဏီမှာ မရှိတော့ပြီဖြစ်သဖြင့် ထိုမြေကို တရားဝင် ပိုင်ဆိုင်သည်ဟု ကိုးကန့်လယ်သမားများက ယုံကြည်ကြသည်။

ထိုလယ်သမားအုပ်စု နှစ်စုအကြား ပြဿနာမှာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးထံ ရောက်သည်၊ မြို့နယ်အုပ်ချုပ်ရေးမှူးက လယ်သမား (၃၄) ဦး တစ်ယောက်လျှင် (၂) ဧက ရစေ၊ ကျန်မြေကို ရပ်ရွာမြေအဖြစ် ထားရှိစေဟု ဆုံးဖြတ်ချက်ချသည်။ မြေယာခွဲဝေသတ်မှတ်ရန် တာဝန်ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား တာဝန်ပေးသည်။ ကျေးရွာ အုပ်ချုပ်ရေးမှူးသည် ကိုးကန့်လယ်သမားများအား တန်ဖိုးနည်းသည့် (လမ်းနှင့် ဝေးရာတွင်တည်ရှိသည့်)မြေ တစ်ဦးလျှင် ၁.၅ ဧကစီ၊ ပို၍တန်ကြေးများသည့်မြေ (လမ်းနှင့်ကပ်သည့်အခြမ်း)

(၂) ဧကစီကို တအာန်း / ပလောင် လယ်သမားများ အား ခွဲဝေပေးသည်။

ထိုသို့ခွဲဝေမှုကို ကိုးကန့်လယ်သမားများက မကျေနပ်ကြပါ။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် တအာန်း/ပလောင် ဖြစ်သောကြောင့် ဘက်လိုက် သည်ဟု ထင်ကြသည်။ ၎င်းတို့က NLD ထံတိုင်ကြား သည်။ ထို့အပြင် ၂၀၁၂ ဥပဒေများအရ ၎င်းတို့၏ ပိုင် ဆိုင်မှုကို အခြေခံ၍ လယ်ယာမြေ စီမံခန့်ခွဲမှု ကော်မ တီအဆင့်ဆင့်သို့ တိုင်ကြားစာများပေးပို့ရန်စီစဉ်ကြ သည်။ တစ်ချိန်တည်းမှာပင် တအာန်း/ပလောင် လယ် သမားများက သိမ်းဆည်းခံခဲ့ရသည့် ဧက ( ၁၀၀၀ ) ကျော်ပြန်လည်ရရှိရေးအတွက် ကြိုးစားလျှက်ရှိသည်။

## ဖြစ်စဉ် ၅

ယခင်က သိမ်းဆည်းခဲ့သည့် မြေ (၅၀) ဧက မှ (၈) ဧကကို တပ်မတော်မှ နတ်မိန့်ဖြင့် ရွာတစ်ရွာ အား ပြန်လည် စွန့်လွှတ်ခဲ့သည်။ ထိုရွာမှ လယ်သမား တစ်ဦးက ထိုသိမ်းဆည်းခံမြေမှာ ၎င်းမူလပိုင်မြေဖြစ် သဖြင့် ထိုအထဲမှ (၄) ဧကကိုပေးရန် ရပ်မိရပ်ဖများ ထံ တောင်းဆိုသည်။ ရွာဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်း ဆောက်လုပ်ရန်အတွက် ၎င်းမြေအ ချို့ကို ရပ်ရွာအတွက် လှူရန်ရပ်မိရပ်ဖများက နားချ သည်။ လယ်သမားကသဘောတူသည်။ သူနှင့်သူကြီး တို့သည် လယ်သမား (၃) ဧက ရမည်။ ကျန် (၅) ဧကကို ရပ်ရွာမှရမည်ဟူသော သဘောတူစာချုပ်ကို ရပ်ကျေးအုပ်ချုပ်ရေးမှူး ရှေ့မှောက် လက်မှတ်ရေး ထိုးကြသည်။

ယခင် သိမ်းဆည်းခံခဲ့ရသည့်မြေများ ပြန်လည် စွန့်လွှတ်ခြင်း သို့မဟုတ် ပြန်လည်ခွဲဝေခြင်းများတွင် အဂတိ လိုက်စားမှုများရှိကြောင်း ဖြေဆိုသူအချို့က ငြီးတွားကြ သည်။ ပြန်လည်ပေးအပ်သည့် ပလပ် မြေလွတ်များအပေါ် အစိုးရအရာရှိများ ၎င်းတို့ ကိုယ်ကျိုးစီးပွားရှာမည်ကိုလည်း ဖြေဆိုသူများ စိုးရိမ်ကြသည်။ ( ဖြစ်စဉ် ၆ နှင့် ၇ တွင် ရှု )

## ဖြစ်စဉ် ၆

လေ့လာခဲ့သည့် နေရာတစ်ခုတွင် တပ်မ တော်မှ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအတွက် မြေသိမ်းခဲ့ သည်။ စီမံကိန်း မအောင်မြင်သော်လည်း ထိုမြေကို ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ခဲ့ခြင်း မရှိ။ ထိုမြေကိုဆင်း ရဲပြီး လုပ်သက် ၂၀ နှစ် နှင့် အထက်ရှိ သည့်ဝန်ထမ်း များနှင့် တိုင်းရင်းသား လူနည်းစု ယဉ်ကျေးမှုအဖွဲ့များ အတွက် တန်ဖိုးနည်းမြေ မြို့နယ် စီမံကိန်း အ ကောင်အထည်ဖော်ရန် မြို့နယ်ဖွံ့ဖြိုး တိုးတက်မှု အထောက်အကူကော်မတီ (DSC) မှ အဆိုပြုခဲ့ သည်။ ပြည်နယ်အစိုးရက လက်ခံခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် အုပ်ချုပ်ရေးမှူးများအား တစ်ဦးလျှင် ၆၀ × ၄၀ ပေ ၂၃ ကွက်စီ ချမှတ်ပေးခဲ့သည်။ ထိုအကွက်များ ကို တကွက်လျှင် ကျပ် ၉၀၀,၀၀၀ ဖြင့် သတ်မှတ် ထားသူများအား ရောင်းရမည့်အစား အခြားသူများ အား လမ်းနှင့် အနီးအဝေးအပေါ် မူတည်၍တကွက် လျှင် ကျပ်သိန်း ၃၀ မှ သိန်း ၆၀ ဖြင့် ရောင်း ချခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးသည် အဂတိ လိုက်စားမှုတွင် ပါဝင်ပတ်သက်သည်။ မြေကွက် များကို ဆင်းရဲသူများမရရှိဘဲ စီးပွားရေးသမား တစ်ဦးဆိုလျှင် ထိုမြေကွက် ၅ ကွက်ပိုင်သည်ဟု ဖြေဆိုသူများက ပြစ်တင်ကြသည်။ ရပ်ကွက်အုပ် ချုပ်ရေးမှူး တစ်ဦးသည် မြေ ၂ ကွက်ကို ၎င်း၏ ဆွေမျိုးများအား ပေးခဲ့သည်ဟု ဆိုသည်။

## ဖြစ်စဉ် ၇

လေ့လာခဲ့သည့် နေရာတခုတွင် မိမိတို့ မြေမှ ဖယ်ရှားခံရပြီး မြို့ပေါ်တွင် ပြန်လည် အခြေ ချခဲ့ရသည့် အိမ်ထောင်စုများသည် တပ်မတော်မှ အသုံးမပြုပဲ ပလပ်ထားသည့် ၎င်းတို့မူလပိုင်မြေ (၃) ဧက ပြန်လည်ရရှိရန် လျှောက်ထားသည်။ သို့သော် ရပ်ကျေးနှင့်မြို့နယ် လယ်ယာစီမံခန့်ခွဲမှု ကော်မတီများက ရပ်ရွာမြေအဖြစ် သတ်မှတ်ရန် ဆုံးဖြတ်သည်။ အကြောင်းပြချက်မှာ ထိုမိသားစု များသည်ပြန်လည်နေရာချခဲ့စဉ်က အစားထိုး မြေ ရရှိခဲ့ပြီး၊ အကယ်၍ ထိုမြေကို မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်ပါက နောက်ထပ်မြေယာ ပြဿ နာများ ဖြစ်ပွားမည် စိုးသောကြောင့်ဖြစ်သည်။

သူကြီးက မြို့နယ်အုပ်ချုပ်ရေးမှူးများ အား ထိုမြေကို မည်ကဲ့သို့ အသုံးပြုမည်နည်းဟု မေးမြန်းရာအုပ်ချုပ်ရေးမှူးက အဝေးပြေးကားဂိတ် တည်ဆောက်ရန်သုံးမည်ဟု ဆိုသည်။ သို့သော် အဝေးပြေးဂိတ်ကို မြို့နယ်ရှိ အခြားတနေရာတွင် တည်ဆောက်ခဲ့သည်။

မြေမူလပိုင်ရှင်များက ရပ်ရွာဖွံ့ဖြိုးတိုး တက်မှုအတွက် အသုံးချသည်ဆိုပါက လက်ခံ သည်။ သို့သော် အစိုးရအရာရှိ/တာဝန်ရှိသူများက

ပုဂ္ဂလိက စီးပွားရေးအတွက်ငှားရမ်းခြင်း သို့မဟုတ် အသုံးပြုသည် ဆိုပါက လက်မခံနိုင်ဟု ဆိုကြသည်။

### *လုပ်ပိုင်ခွင့်အာဏာ ဆက်လက်အလွဲသုံး စားပြုမှုများ*

ဖြေဆိုသူများ ပြောပြကြသည့် မြေသိမ်းဆည်းမှု အများစုမှာ ၁၉၈၀ နှင့် ၁၉၉၀ ခုနှစ်ကာလများ အတွင်း ဖြစ်ပွားခဲ့သည် ဆိုသော်ငြားလည်း လုပ်ပိုင်ခွင့်အာဏာ အလွဲသုံးစားမှုများကြောင့် အခက်အခဲများ ဆက်လက် ရင်ဆိုင်နေရဆဲဟု ဖြေဆိုသူအချို့က ဖော်ပြကြသည် (ဖြစ်စဉ် ၈ တွင် ရှု )။

ဖြစ်စဉ် ၈

ဂေါ်ရခါး အသိုင်းအဝိုင်း တခုသည် နို့စားနွား မွေးမြူခြင်းဖြင့် အသက်မွေးကြသည်။ ၁၉၈၈ ခုနှစ်တွင် ၎င်းတို့၏ စားကျက်မြေကို အကျဉ်းထောင်ဆောက်ရန် အစိုးရမှ သိမ်းခဲ့သည်။ ၎င်းတို့အတွက် နွားကျောင်းစရာမြေမှာ ထောင်အနောက်မြေကွက်မှလွဲ၍ အခြားနေရာမရှိတော့ပါ။

ဂေါ်ရခါးမိသားစုများသည် ကျဉ်းမြောင်းသည့်လမ်းကို ဖြတ်၍သွားရသည့် ထိုမြေကွက်တွင် နွားကျောင်းနိုင်ရန် ထောင်အရာရှိများနှင့် ညှိနှိုင်းရသည်။ ထောင်အရာရှိများက တစ်နှစ်လျှင် ( ၆ ) လ နွားကျောင်းသူများအား ဤလမ်းအသုံးပြုခွင့်ပေးပြီး ခွင့်ပြုခ နွား ( ၄ ) ကောင် ပေးရမည်သတ်မှတ်သည်။ ထောင်အစောင့် ဝန်ထမ်းများက နွားများ လမ်းပေါ်မှကျော်ပြီး ထောင်ပိုက်နက်ထဲမဝင်ရန် အမြဲတမ်းစောင့် ကြည့်ရသည်။ အကယ်၍ နွားများ ပိုင်နက်ကျော်ပါက နွားကျောင်းသူများ တုတ်ဖြင့် အရိုက်ခံရသည်ဟုဆိုသည်။ ထို့အတွက် မည်သူကိုမျှ တိုင်ကြားခြင်းမရှိဘဲ မိမိတို့နွားများ ပိုင်နက်မကျော်ရန် ဂရုစိုက်ကြရသည်။

လွန်ခဲ့သည့် ( ၂ ) နှစ်က နွား ( ၂ ) ကောင်သည် ထောင် ပြောင်းစိုက်ခင်းထဲ ရောက်သွားပြီး အစောင့် ဝန်ထမ်းက ဖမ်းထားခဲ့သည်။ ထောင်အရာရှိက ပိုင်ရှင်နှင့် တွေ့ဆုံပြီး ပြောင်းခင်းပျက်စီးမှုအတွက် လျော်ကြေး နွား ( ၂ ) ကောင်ပေးရမည်ဟု တောင်းဆိုသည်။ ပိုင်ရှင်မှာ အခြားရွေးချယ်စရာမရှိဘဲ တစ်ကောင်လျှင် တန်ဖိုးကျပ် (၈၀၀,၀၀၀) ရှိ နွား ( ၂ ) ကောင်အား ပေးရသည်။

ဂေါ်ရခါး မိသားစုများသည် အကျဉ်းထောင်နှင့် နောက်ထပ်ပြဿနာ မတက်လိုသည့်အတွက် နွားများကို ကုန်းမြင့်ပိုင်းရှိ သစ်တောဧရိယာများတွင် လှန်ကျောင်းကြသည်။ သို့သော် နွားများမှာ အမြင့်ပိုင်းသို့ တက်ရသည့်အတွက် မောပန်း နွမ်းနယ်မှု၊ မြက်ရှားပါမှု တို့ကြောင့် နို့ထွက်နှုန်း ကျဆင်းခဲ့သည်။ ထိုအခက် အခဲများကြောင့် မိသားစုနှစ်စုမှာ နွားမွေးမြူခြင်းလုပ်ငန်းကို စွန့်လွှတ်ရပ်ဆိုင်းခဲ့သည်။

## မြေယာလုပ်ပိုင်ခွင့် အာမခံချက်မရှိမှုနှင့် တရားဝင်မြေမှတ်ပုံတင်ပြုလုပ်ရာမှ ပေါ်ပေါက်လာသည့် ပြဿနာများ

### *မြေလုပ်ပိုင်ခွင့်အာမခံချက်မရှိမှု*

၎င်းတို့မြေပေါ်တွင် လုပ်ပိုင်ခွင့်အာမခံချက်မရှိမှုကို ဖြေဆိုသူများက ဖော်ပြကြသည်။ ဖြစ်ရပ်တစ်ခုတွင် ပအိုဝ်းနှင့် တောင်ရိုးလူမျိုးများနှစ် (၃၀) ထွန်ယက် စိုက်ပျိုးခဲ့သည့်မြေကို ရပ်ရွာကိုကြိုတင်အသိပေး အကြောင်းကြားခြင်းမရှိဘဲ သစ်တောမြေအဖြစ် သတ်မှတ်ခဲ့သည်။

သစ်တောဌာနမှ ထိုမြေပေါ်တွင် ထင်းရှူးပင်များ စိုက် ပျိုးခဲ့သည်။ ထိုထင်းရှူးပင်များ မဖြစ်ထွန်းသော ကြောင့် လယ်သမားများက ထိုမြေပေါ်တွင် ထွန်ယက် စိုက်ပျိုးကြသည်။ ၎င်းတို့သည် သစ်တောဌာနနှင့် ခရိုင်အုပ်ချုပ်ရေးဌာနများသို့ အကူအညီ ကြိုးစားတောင်းခံခဲ့သော်ငြားလည်း မြေအားလုံးကို နိုင်ငံတော်အစိုးရ ပိုင်သည်ဟူသောအဖြေသာ ရရှိကြသည်။ ထိုမြေပေါ်မှ ဖယ်ရှားခံရမည် စိုးရိမ်စိတ်ဖြင့် ဆက်လက်နေရသည်ဟု ဖြေဆိုသူများက ပြောပြသည်။ အခြားနေရာမှ ဖြေဆိုသူများက တရားဝင်မှတ်ပုံ မတင်ထားသည့် ရိုးရာ အစဉ်အဆက် ထွန်ယက်စိုက်ပျိုးသည့်မြေ (ဘိုးဘွားစဉ်ဆက်)[၃၅] ဆုံးရှုံးမှုကို ပြောပြသည်။ ရိုးရာအစဉ်အလာအရ ထွန်ယက်စိုက်ပျိုးသည့်မြေကို တရားဝင်မှတ်ပုံတင်ထားလေ့ မရှိသောကြောင့် မြေယာမှတ်ပုံတင်စာရင်းတွင် မြေလွတ်အဖြစ် သတ်မှတ်သည်။ ထို့အတွက် ချမ်းသာသူများဝယ်ယူခြင်းကို ခံရသည် (ဖြစ်စဉ် ၉ တွင် ရှု)။

၃၅ " ဘိုးဘွားဘီဘင်များ လုပ်ကိုင်ခဲ့သည့်မြေ "

### ဖြစ်စဉ် ၉

ချမ်းသာသူ တစ်ဦးသည် မြေလွတ်မြေအဖြစ် သတ်မှတ်ထားသည့် မြေဧက(၁၀၀) တွင်စိုက်ပျိုးရန် အစိုးရထံ လျှောက်ထားရာ ခွင့်ပြုချက်ရသည်။ ထိုသူသည် လုပ်ပိုင်ခွင့် ခွင့်ပြုချက် ရရှိထားသောကြောင့် ထိုမြေပေါ်တွင် ရွာသားများဆက်လက်မစိုက်ပျိုးရန် ရပ်ခိုင်းသည်။ သို့သော် ရွာသားများက ဆက်လက် စိုက်ပျိုးကြသည်။ ဤမြေပေါ်တွင် ၄င်းတို့ ဘိုးဘွားဘီဘင်များ လက်ထက်များကတည်းက လုပ်ကိုင်စားသောက်လာခဲ့သဖြင့် ဘယ်သော် အခါမှ စွန့်ခွာမည်မဟုတ်ဟု ဆိုသည်။ ၄င်းတို့တွင်အခြားသွားစရာနေရာလည်း မရှိပါ။ အကယ်၍ ချမ်းသာသည့်သူက ၄င်းတို့ကို ဤမြေပေါ်မှ အင်အားသုံးဖယ်ရှားမည်ဆိုပါက အုပ်ချုပ်ရေးထံတိုင်ကြားရန်စီစဉ်ထားသည်။

ဤကဲ့သို့ ပြဿနာများမှာ မြေစာရင်းဌာန၏ နားလည်မှုလွဲမှုကြောင့် ဖြစ်ပွားရသည်ဟု ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ဆိုသည်။ ရိုးရာအစဉ်အလာအားဖြင့် ထိုဒေသရှိ လယ်သမားများသည် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ကြပြီး အချို့တောင်ယာများကို (၃)နှစ်စိုက်ပျိုးပြီးသောအခါ ပလပ်ထားကြသည်။ ထိုပလပ်မြေများပေါ်တွင် လယ်သမားများသည် ၄င်းတို့နွားများ ကျောင်းကြသည်ဆိုသည်မှာ ထိုမြေသည် ပိုင်ရှင်ရှိသည်ဟု အခြားသူများအား ထင်ရှားသည့် သင်္ကေတပြရာဖြစ်သည်ဟု ၄င်းက ပြောသည်။ သို့သော်မြေစာရင်းဌာနသည်ဤအချက်ကို မသိ သို့မဟုတ် အသိအမှတ်မပြုသည့်အတွက် ပလပ်မြေအဖြစ် သတ်မှတ်ပြီး အခြားသူများ အသုံးပြုရန် လျှောက်ထားခြင်းကို ခွင့်ပြုသည်။

## *မြေယာမှတ်ပုံတင်ရန် ကြိုးစားခြင်းများမှပေါ်ပေါက်လာသည့် ပြဿနများ*

မြေယာမှတ်ပုံတင်ရန် ကြိုးစားခြင်းများမှပေါ်ပေါက်လာသည့် ပြဿနများရှိပြီး လာဘ်ပေးလာဘ်ယူ စွဲဆိုမှုများလည်း ပါဝင်သည်။ မြေဈေးတက်လာခြင်းနှင့် တရားဝင်မှတ်ပုံတင်ခြင်းမှတဆင့် မြေလုပ်ပိုင်ခွင့် ခိုင်မာမှုတို့ကြောင့် လယ်သမားများ အလားတူ အခြားသူများသည်တရားဝင်မြေမှတ်ပုံတင်ခြင်းကို ပို၍ ပြုလုပ်လာကြသည်။

လေ့လာခဲ့သည့် နေရာတစ်ခုတွင် ရပ်ရွာတွင်နေထိုင်သူများကြား နယ်နမိတ်စည်းပြဿနာ အငြင်းပွားမှုများဖြစ်ပွားကြသည်။ လွန်ခဲ့သည့် နှစ် (၃၀) က ဘုရားကျောင်းမြေပေါ်တွင် အခြေချနေထိုင်လာသည့် မိသားစုများသည်ယခုအခါ၄င်းတို့နေအိမ်နယ်နမိတ်များကို အတိအကျရေးဆွဲသတ်မှတ်ကြပြီး မြေစာရင်းဌာနထံ မှတ်ပုံတင် လျှောက်ထားကြသည်။ လွန်ခဲ့သော(၂) နှစ်အတွင်း မြေဈေးများ သိသိသာသာတက်လာခဲ့သည်။ မှတ်ပုံတင်ထားသည့်မြေကို အပြင်လူများအား ရောင်းမည်ဆိုပါက ဈေးပိုရနိုင် သည်ကို ကြားသိခဲ့ရသည်ဟု ထိုမိသားစုများက ရှင်းလင်းချက်ပေးသည်။ အိမ်တိုင်းက အုတ်တံတိုင်းခတ် မိမိအကွက်သတ်မှတ် ထားသောကြောင့် အိမ်များအကြား အမှန်တကယ် နယ်နမိတ်နှင့်ပတ်သက်သည့် ပြဿနာများ ပေါ်ပေါက်လာသည်။ လွန်ခဲ့သည့် တစ်နှစ်ခွဲအတွင်း အိမ်နယ်နမိတ်ပြဿနာ (၅) ခု ကူညီဖြေရှင်းပေးခဲ့ရသည်ဟု သူကြီးက မှတ်ချက်ပေးသည်။

အခြားနေရာတစ်ခုတွင် တပ်နယ်နမိတ်နှင့် ကပ်လျှက်ရှိသည့် ရပ်ကွက်မှနေထိုင်ခွင့် ရယူကြသည်။ အကြောင်းမှာ " တပ်နယ်နမိတ် နှင့် ထိစပ်သည့် မြေအားလုံးသည် တပ်ပိုင်ဖြစ်သည်။ ထို့အတွက် အချိန်မရွေး အသိမ်းခံရနိုင်သည် " ဆိုသည့် ကောလဟာလများ ကြားရသောကြောင့်ဖြစ်သည်။ ရပ်ကွက်နေသူများသည် တပ်မှတ်တမ်းရုံးသို့ သွားသည့်အခါ ၄င်းတို့အား တပ်စခန်းဆောက်ရန် စစ်တပ်မှ သိမ်းထားခဲ့သော မြေဧက (၅၀၀) ထဲတွင် ရပ်ကွက်အပိုင်းတစ်ချို့ပါဝင်သည့် မြေပုံများကိုတွေ့ခဲ့ရသည်။ မြို့နယ်မြေစာရင်းဦးစီးဌာနတွင် မြေပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်း အထောက်အထားများ မရှိသည့်အတွက် ရပ်ကွက်နေသူများက စတင်စုံစမ်းကြသည်။ ရပ်ကွက်တွင်းနေထိုင်သူ အငြိမ်းစား တပ်မတော်အရာရှိများက ပြည်နယ်လွှတ်တော် တပ်မတော်သား ကိုယ်စားလှယ် တစ်ဦးထံ အကူအညီတောင်းသည်။ ထိုတပ်မတော်သားကိုယ်စားလှယ်သည် တပ်မတော် မှတ်တမ်းရုံးသို့ သွားရောက် ခဲ့ရာ ၄င်းကိုပြသည့် မြေပုံအသစ်များတွင် စစ်တပ်မှ ဧက (၃၀၀) ကိုသာ သိမ်းခဲ့သည့် အထောက်အထားများကိုသာ တွေ့ရသည်။ ထို့အတွက် ရပ်ကွက်နေထိုင်သူများသည် ရပ်ကွက်/ဒေသဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီထံ စာရွက်စာတမ်း အထောက်အထားများ မှန်ကန်စွာတင်ပြပြီး ( ပုံစံ - ၁၀၅ ) ရရှိခဲ့သည်။

တတိယနေရာတွင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီသည် မြေ မပိုင်သည့်သူများထံမှ တန်စိုးလက်ဆောင်များရယူ၍ မြေအသုံးချခွင့်ပြုချက် လက်မှတ်များထုတ်ပေးသည်ဟု ဖြေဆိုသူများကဆိုသည်။ ဖြစ်ရပ်တစ်ခုတွင် အိမ်ဌားများမှ ကော်မတီအား ကျပ်သိန်း ( ၂၀ ) ပေးကာ ကော်မတီအဖွဲ့ဝင်များကို ကျွေးမွေးဧည့်ခံပြီး လျှို့ဝှက်စွာ မြေမှတ်ပုံတင်ခဲ့သောကြောင့် ပိုင်ရှင်အမျိုးသမီးသည် သူမ၏ မြေကွက်တစ်ဝက် ဆုံးရှုံးခဲ့သည်။ အိမ်ဌားများသည် တရားဝင်အစိုးရ စာရွက်စာတမ်းများ ပြသနိုင်သည့်အတွက် မြေပိုင်ရှင်အမျိုးသမီးမှာ မည်သို့မျှ မတက်နိုင်ခဲ့ပါ။

## *တစ်သီးပုဂ္ဂလအငြင်းပွားမှုများ*

ပုဂ္ဂလိကမြေနှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုအများအပြားမှာ တရားဝင်အစိုးရ မြေယာလုပ်ပိုင်ခွင့်ရှိသူများထက် စာလျှင် ရပ်ရွာခေါင်းဆောင်များဖြင့် ဖြေရှင်းကြသည်။ ထိုပြဿနာတွင် နယ်နမိတ်အငြင်းပွားမှုနှင့် အမွေပြဿနာများ ပါဝင်သည်။ (ဖြစ်စဉ် ၁၀ တွင်ရှု)

ဖြစ်စဉ် ၁၀

မိဘများ ကွယ်လွန်ပြီးနောက် မိသားစုမြေခွဲဝေမှုနှင့်ပတ်သက်၍ညီအကိုမောင်နှမများအငြင်းပွားကြသည်။ ၎င်းတို့က သူကြီးနှင့် ရွာရပ်မိရပ်ဖများထံ အကူအညီတောင်းသည်။ ရှမ်းရိုးရာအရ မြေအားလုံးကို အငယ်ဆုံးသား ဖြစ်သူက ပိုင်ဆိုင်ခွင့်ရှိသည်ဟု တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ကြသည်။ အခြား ညီအကို မောင်နှမများနှင့် ၎င်းတို့၏ မိသားစုများက ထိုဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ တိုင်ကြားသည်။ ရှမ်းလူမျိုးဖြစ်သူ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ရိုးရာအစဉ်အလာမှာ အားလုံးအတွက် မမျှတကြောင်း ၎င်း၏ခံယူချက်ကိုပြောပြီး ညီအကို(၃) ဦး တစ်ဦးလျှင် ( ၁ ) ဧက စီရစေ အမဖြစ်သူမှာ မိဘများ မကွယ်လွန်ချိန်အထိ အိမ်တွင်နေထိုင် ပြုစုရသဖြင့် ( ၁ ) ဧကခွဲရစေဟု ညီအကိုမောင်နှမများကို အဆိုပြုသည်။ မောင်နှမများ အားလုံးကထိုဆုံးဖြတ်ချက်အပေါ် ကျေနပ်ကြသည်။

## *ဥပဒေအမျိုးမျိုး နှင့် ဝိရောဓိ ပဋိပက္ခ*

တစ်သီးပုဂ္ဂလ လူအမျိုးမျိုး သို့မဟုတ် အုပ်စုအသီးသီးက မတူကွဲပြားသည့် ဥပဒေ သို့မဟုတ် အခွင့်အာဏာများအပေါ် ၎င်းတို့၏ ပိုင်ဆိုင်မှုကို အခြေခံ၍ မြေတစ်ကွက်တည်းအပေါ် အပြိုင်အဆိုင်တောင်းဆိုမှုများလည်း ရှိသည်။ လေ့လာခဲ့သည့် ဒေသတစ်ခုတွင် မြေတစ်ကွက်အပေါ် မတူညီသည့် တိုင်းရင်းသားလူမျိုးနှစ်စုက မတူညီသည့် အခွင့်အာဏာနှစ်ရပ် အပေါ်အခြေခံပြီး ပိုင်ဆိုင်မှု တောင်းဆိုကြသည်။ တစ်စုက ထိုမြေပေါ်တွင် ထွန်ယက်စိုက်ပျိုးခဲ့ခြင်း မရှိသည့်တိုင် ဘိုးဘွားပိုင်ဟု ပြောကြသည်။ ဒုတိယအုပ်စုက ထိုမြေပေါ်တွင် ပထမအုပ်စု၏ ခွင့်ပြုချက်ဖြင့် (၅) နှစ်တာ လယ်ယာစိုက်ပျိုးခဲ့ကြသဖြင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေအရ ၎င်းတို့ပိုင်ဆိုင်သည်ဟု တောင်းဆိုသည်။ ပထမအုပ်စုက ဒုတိယအုပ်စုကို ဖယ်ရှားလိုသည့် အချိန်တွင် ပြဿနာ ပေါ်ပေါက်ခဲ့သည်။ မြို့နယ် အုပ်ချုပ်ရေးဌာနသည် နှစ်ဖက်အုပ်စုများအကြား ကြိမ်ဖန်များစွာ ညှိနှိုင်း ဆွေးနွေးခဲ့သော်လည်း ထိုမြေခွဲဝေရေးအတွက် နှစ်ဖက်အုပ်စု သဘောတူညီချက် မရခဲ့ပါ။ အဆုံးတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသည် အငြင်းပွား / အခင်းဖြစ် မြေပေါ်တွင် မည်သူမျှ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်ခြင်းမရှိစေရဟု ထုတ်ပြန်ကြေညာခဲ့သည်။ ထိုပဋိပက္ခသည် ရပ်ရွာတွင်းရှိ တိုင်းရင်းသားအုပ်စု နှစ်စုကြားလူမှုဆက်ဆံရေးများကို ပျက်ပြားစေသည်ဟု ဖြေဆိုသူများက မှတ်ချက်ပေးသည်။ ရပ်မိရပ်ဖတစ်ဦးက " ဒီပြဿနာက လူမျိုးရေးဘာသာရေးတွေနဲ့လည်းနွယ်တယ် " ဟုဆိုသည်။

ဒုတိယအမှု ( ဖြစ်စဉ် ၁၁ တွင်ရှု ) တွင် ကချင်စာပေနှင့် ရိုးရာယဉ်ကျေးမှု တာဝန်ခံတစ်ဦးက တရားဝင်အစိုးရ ဥပဒေနှင့် ရိုးရာထုံးတမ်းဥပဒေကြား ဝိရောဓိကို ဖော်ပြသည်။

ဖြစ်စဉ် ၁၁

ကချင် အမျိုးသမီးတစ်ဦးသည် မိသားစုတစ်စုမှ ဒုတိယသားနှင့် အိမ်ထောင်ကျသည်။ ၎င်းတို့ကလေးရပြီး သိပ်မကြာမီတွင် ယောကျ်ားသေဆုံးသည်။ အမျိုးသမီးသည် သူမ၏ ကွယ်လွန်သူယောကျ်ား၏ အကိုနှင့် ခရစ်ယာန်ထုံးတမ်းအစဉ်အလာအရ အိမ်ထောင်ထပ်ပြုသည်။ ဒုတိယအိမ်ထောင်နှင့် သားနှစ်ယောက်ထပ်ရသည်။

သူမ၏ ဒုတိယယောကျ်ား နာမကျန်းဖြစ်ချိန်တွင် ဗမာယောကျ်ား တစ်ယောက်နှင့် လိုက်ပြေးသည်။ သို့သော် အများမကြာမီ ပြန်ရောက်လာပြီး သူမသည် ထိုမိသားစု၏ သားနှစ်ယောက်နှင့် လက်ထပ်ခဲ့ရသည်၊ ကလေးသုံးယောက်ဖွား မြင်ပေးခဲ့သည်ဟု ထောက်ပြပြီး သူမယောကျ်ားမိသားစုထံမှ အမွေဝေစုတောင်းသည်။

ကချင်ရိုးရာ ထုံးတမ်းအစဉ်အလာ အရ အမျိုးသမီးများသည် အထူးသဖြင့် အိမ်ထောင်ရေးဖောက်ပြန်ပါက မည်သည့်အမွေမျှ ဆက်ဆံခွင့်မရှိ။ စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့၏ စေ့စပ်ဖြန်ဖြေမှုနှင့် " လူမှုရေး ရှုထောင့်များ " ကိုငဲ့ညှာ၍ ခြံကွက် ရောင်းရငွေထက်ဝက်ကို အမျိုးသမီးအားပေးစေဟု အမိန့်ချမှတ်သည်။ ကျန်တစ်ဝက်ကို ကလေးသုံးယောက် အသက် (၁၈) နှစ်မပြည့်မီအထိ သီးသန့်ထိန်းသိမ်းထားရမည် ဟုလည်းပါသည်။ အမျိုးသမီးသည် ထိုအစီအစဉ်ကို သဘောတူလက်ခံပြီး သဘောတူချက်ကို စာဖြင့်ရေးသား မှတ်တမ်းတင်သည်။

၂၀၁၃ တွင် အမျိုးသမီးသည် ထိုမြေကွက်သို့ ပြန်ရောက်လာပြီး ထိုအိမ်တွင်နေထိုင်သည်။ စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့က ထိုလုပ်ရပ်သည် ၎င်းတို့၏ ကနဦးဆုံးဖြတ်ချက်ကို ဆန့်ကျင်ကြောင်းရှင်းပြပြီး ကျေးရွာအုပ်ချုပ်ရေးမှူး အကူအညီဖြင့် အမျိုးသမီးအား ထိုမြေပေါ်မှ နှင်ထုတ်ရန်စီစဉ်သည်။

တစ်ချိန်တည်းမှာပင် အမျိုးသမီးသည် ၎င်း၏ ကလေးများအတွက် ဖယ်ထားသည့် မြေကွက်အတွက် တရားဝင်လက်ဝယ်ရှိမှု စာရွက်စာတမ်း အထောက်အထားများ ရယူခဲ့သည်။ သူမသည် ထိုသို့ စီစဉ်နိုင်ရန် ထွေအုပ်စာရေး၏ အကူအညီရယူခဲ့ပြီး မြေတစ်ဝက် ကိုလည်း ထိုသူကို ရောင်းခဲ့သည်။ ထို့နောက် အမျိုးသမီးသည် မြေကွက်ကိုစတင်ခြံခတ်သည်။ စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့က တားသည့်အခါ အဖွဲ့တာဝန်ခံများကို ပိုင်နက်ကျူးကျော်မှု၊ အကျိုးစီးပွား ပျက်လိုမှု တို့ဖြင့် တရားစွဲသည်။

ကချင်စာပေနှင့် ရိုးရာယဉ်ကျေးမှု တာဝန်ခံ ၎င်း၏ ထင်မြင်ယူဆချက်ကိုဖော်ပြပါ အတိုင်းပြောပါသည်။ " စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်က တရားပါတယ်။ တကယ်ဆို ဒုတိယယောက်ျား ( အကိုကြီး ) မှာ မြေပိုင်ဆိုင်ခွင့်မရှိဘူး။ ဖြစ်တာက အမွေမှု၊ ဒီမြေကို ပိုင်တာက ညီအစ်ကိုနှစ်ယောက်ရဲ့ မိဘတွေ။ ပြဿနာက အစိုးရက ရိုးရာဥပဒေတွေကိုဆက်ပြီး အသိအမှတ်ပြုတယ်။ ဒါပေမဲ့ တိုင်းရင်းသား လူမျိုးတွေကို လုပ်ထုံးလုပ်နည်း ဆုံးဖြတ်ချက်တွေ ချဖို့တော့ အားမပေးဘူး။ နှစ်ပေါက်တစ်ပေါက် ရိုက်နေသလိုဘဲ။ နည်းဥပဒေတွေ မရှိတာက ပြဿနာ၊ အဲ့ဒါမရှိဘဲနဲ့ ဘယ်လောက် အတိုင်းအတာထိ လုပ်နိုင်မယ်ဆိုတာ ကျွန်တော်တို့လည်း မသိဘူး။ ဒီက အစိုးရအရာရှိတွေနဲ့ စကားပြောကြည့်တော့ သူတို့က ရိုးရာဓလေ့ထုံးတမ်းတွေအကြောင်း မသိဘူး။ ဘယ်တရားရေးစနစ်က ဘယ်သူကို လွှမ်းမိုးတယ်ဆိုတာလည်း ကျွန်တော်တို့မသိဘူး။ တရားမျှတမှုနဲ့မျှမျှတတဖြစ်အောင်ကျွန်တော်တို့ချခဲ့တဲ့ဆုံးဖြတ်ချက်တွေကို အစိုးရဥပဒေက ပယ်ဖျက်နိုင်တယ်ဆိုတာ အဓိပ္ပါယ်သိပ်မရှိဘူး။ တစ်ချို့အစိုးရ ဥပဒေတွေက မမျှတ/ မတရားဘူး။ "

## မူးယစ်ဆေးဝါး

မူးယစ်ဆေးဝါး၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြဿနာများမှာ ၎င်းတို့ရပ်ရွာများ၏ ဦးစားပေးပြဿနာတရပ်အဖြစ် လေ့လာခဲ့သည့် နေရာဒေသအားလုံးနီးပါးမှ ဖြေဆိုသူများက သတ်မှတ်ကြသည်။ မူးယစ်ဆေးဝါး သုံးစွဲမှု၏ ဆိုးကျိုးများကို ၎င်းတို့ကအကျယ်တဝင့် ရှင်းပြသည်။

၎င်းတို့ရပ်ရွာများအတွင်း မူးယစ်ဆေးဝါး ပြန့်နှံ့လာသည့် အကြောင်းတရားများနှင့် ပတ်သက်၍ အဆိုဖြေဆိုသူများက ၎င်းတို့၏ ထင်မြင်ယူဆချက်များကိုလည်း ပြောဆိုကြသည်။

### *မူးယစ်ဆေးဝါးအကျိုးသက်ရောက်မှုများ*

ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသများရှိ လေ့လာခဲ့သည့် နေရာအတော်များများတွင် ရပ်ရွာအတွင်းရှိ လူငယ် အမျိုးသားအများစု မူးယစ်ဆေးဝါး သုံးစွဲကြသည်ဟု ဖြေဆိုသူများက မှတ်ချက်ပေးသည်။ နေရာတခုရှိ ဖြေဆိုသူများက ၎င်းတို့ရပ်ရွာထဲရှိ လူ ၃ ဦးတွင် ၁ ဦးသည် မူးယစ်ဆေးဝါး သုံးစွဲကြပြီး အိမ်ထောင်စု ၈၀ % ၌ တစ်အိမ်လျှင် အနည်းဆုံး မူးယစ်ဆေးဝါးသုံးစွဲသူ တစ်ဦးရှိသည်ဟု ပြောကြသည်။ ဘိန်းဖြူနှင့် စိတ်ကြွ ဆေးပြားများမှာ ဈေးပေါပြီး အချိန်တိုင်း နေရာတိုင်း၌ အလွယ်တကူရနိုင်သည်ဟု ဆိုသည်။ ရပ်ကွက်တစ်ခုကို မူးယစ်ဆေးဝါး ဈေးကွက်ဟု ဖြေဆိုသူများက သတ်မှတ်ကြသည်။

မူးယစ်ဆေးဝါး သုံးစွဲမှုများနှင့် ဆေးစွဲမှုများ ပျံ့နှံ့ကျယ်ပြန့်လာသည့်အတွက် ရပ်ရွာအတွင်း မှုခင်းဖြစ်ပွားမှုများပြားပြီး မလုံခြုံမှုကိုလည်း ဖြေဆိုသူများက ဖော်ပြသည်။ အချို့ဆေးစွဲသူများသည် မူးယစ်ဆေးဝါးဆက်လက် သုံးစွဲနိုင်ရန် ခိုးမှု သို့မဟုတ် ဖောက်ထွင်းမှုများ ကျူးလွန်၍ ငွေရှာကြသည်။ အိမ်အပြင်ဖက်တွင် ဖုန်းထွက်ပြောကြသည့်သူများ၏ မိုဘိုင်းဖုန်းများ အလုခံရသည်များလည်း ရှိသည်။ ဆိုင်များ ဖောက်ထွင်းခံရမှု၊ မော်တော်ဆိုင်ကယ်အခိုးခံရမှုများကိုလည်း ပြောကြသည်။ ( ဖြစ်စဉ် ၁၂ တွင် ရှု )

ဖြစ်စဉ် ၁၂

ရပ်ကွက်တစ်ခုတွင် မိုဘိုင်းဖုန်းဆိုင်များ ဖောက်ထွင်းခံရပြီး ဆိုင်ကယ် (၄)စီး အခိုးခံရသည်။ ဆိုင်ကယ်ပိုင်ရှင်များနှင့် ဆိုင်ပိုင်ရှင်များက ၎င်းတို့ပစ္စည်းပျောက်မှုကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရဲထံ တိုင်ကြားကြသည်။ ရဲ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အပိုင်ခေါင်းဆောင် ( အကွက်မှူး /နယ်မြေမှူး ) များသည် သံသယရှိသူ လူငယ် ( ၄ ) ဦး၏ အိမ်များသို့ သွားရောက်ရှာဖွေရာ မူးယစ်ဆေးပြားများတွေ့သည်။

သံသယရှိသူ လူငယ်တစ်ဦးက ၎င်းတို့သည် မူးယစ်ဆေးဝယ်ရန်အတွက် ဆိုင်ကယ်နှင့် ဖုန်းများကို ခိုးယူရောင်းချခဲ့သည်ဟု ပြောသည်။ ထိုလူငယ် (၄)ဦးသည် ခိုးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုတို့ဖြင့် မြို့နယ်တရားရုံး၌ တရားစွဲဆိုခံရပြီး ပြစ်ဒဏ်ကျခဲ့ကြသည်။

ခိုက်ရန်ဖြစ်ပွားမှုနှင့် အများပြည်သူ အနှောက်အယှက်ဖြစ်မှုများလည်း ( ဖြစ်စဉ် ၁၃ တွင် ရှု ) မြင့်တက်လာသည်ဟု ဖြေဆိုသူများကပြောကြပြီး အချို့ဆိုလျှင် ဆေးစွဲသူများ ဆေးသုံးပြီး ရမ်းကားကြမည်ကို စိုးရိမ်ကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းမှ အမျိုးသမီးတစ်ဦးက သူမ၏ ရပ်ရွာထဲရှိသူများသည် ည (၉) နာရီကျော်လျှင် အပြင်မထွက်ရဲကြပါ။ အဘယ်ကြောင့်ဆိုသော် လူငယ်များသည် ဆေးသုံးစွဲပြီး ရန်ဖြစ်ကြသည်။ တွေ့သမျှသူ မုန်းသမျှကို တိုက်ခိုက်ကြသောကြောင့် ဖြစ်သည်။ နောက်ထပ် ရပ်ရွာတစ်ခုတွင် မူးယစ်ဆေးဝါး သုံးစွဲခြင်းနှင့် အကြမ်းဖက် ရမ်းကားမှုများကို အုပ်စုဂိုဏ်းဖွဲ့ လုပ်ဆောင်ကြသည်။

ဖြစ်စဉ် ၁၃

၂၀၁၆ မေလ တစ်ညနေတွင် လူငယ်(၆) ဦးသည် ပြည်သူ့ဆေးရုံ အပြင်ဘက် လမ်းကြားငယ်တစ်ခု၌ သောက်စားမူးယစ် ဆူညံ နေကြသည်။ ဆေးရုံလုံခြုံရေးက လူနာများ အနှောက်အယှက် မပေးရန် တိတ်ဆိတ်စွာနေရန် ၎င်းတို့အား ပြောသည်။ သို့သော် ဆက်လက် ဆူညံမြဲဖြစ်သည်။

လုံခြုံရေး ဝန်ထမ်းက ၎င်းတို့အား နောက်တစ်ကြိမ် ဆူပူကြိမ်းမောင်းသည့် အခါ ဆေးရုံထဲသို့ဝင်ပြီး စာရွက်စာတမ်း ဆွဲဖြဲခြင်း၊ ပစ္စည်းအသုံးအဆောင်များကို အရက်ဖြင့် ဖျန်းပြီး ဆေးရုံဝန်းအတွင်း ဖျက်ဆီး သောင်းကျန်းကြသည်။ ဆရာဝန်၊ ဆရာမများကိုလည်းတံတွေးဖြင့် ထွေးခဲ့ကြသည်။

မူးယစ်ဆေးဝါးသုံးစွဲပြီး ဆိုင်ကယ်မောင်းနှင်ရာမှ ယာဉ်တိုက်မှုများလည်း ဖြစ်ပွားကြပြီး အချို့အမှုများတွင် လူအသေအပျောက်ရှိသည်။ ( ဖြစ်စဉ် ၁၄ တွင်ရှု )

ဖြစ်စဉ် ၁၄

၁၄ နှစ်အရွယ် လူငယ်တစ်ဦးနှင့် ၎င်း၏ သူငယ်ချင်းများသည် မူးယစ်ဆေးဝါးသုံးစွဲပြီး မြို့ထဲ၌ ဆိုင်ကယ်အပြင်း မောင်းကြသည်။ ထိုလူငယ်သည် မီးပွိုင့်ကို အရှိန်ဖြင့် ဖြတ်စဉ် (၆၂) နှစ်အရွယ် လူကြီးတစ်ဦးကိုတိုက်မိရာ အခင်းဖြစ်ပွားနေရာတွင် ထိုလူကြီး သေဆုံးသည်။

ရဲက လူငယ်၏ မိဘများ၊ သေဆုံးသူ၏ ဆွေမျိုးသားချင်းများနှင့် တွေ့ဆုံမှုလုပ်သည်။ သေဆုံးသူ၏ ဇနီးက လူငယ်မှာ ကျောင်းသား ဖြစ်ပြီး သူမခင်ပွန်း သေဆုံးခြင်းမှာ သူ၏ ကံဆိုးမှုကြောင့် ယုံကြည်သည့်အတွက် ရဲစခန်း၌ အမှုမဖွင့်ဟု ပြောသည်။ နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် အမှုကို ရဲကမှတ်တမ်းတင်သည်။ လူငယ်ကို ထောင်ထဲ၌ (၂) လတာထားသည်။ ထို့နောက် လူငယ်ပြုပြင်ရေးစခန်းသို့ တစ်နှစ်တာပို့ခဲ့သည်။

မူးယစ်ဆေးစွဲမှုသည် မိသားစု / အိမ်ထောင်စုများအပေါ် နက်ရှိုင်းသည့် လူမှုစီးပွားဆိုးကျိုးများ ဖြစ်စေသည်ဟု ဖြေဆိုသူများက ပြောကြသည်။ မူးယစ်ဆေးဝါး စသုံးသည့် ကလေးများသည် မိဘများကို ပမာမခန့် အာခံပြောဆိုခြင်း၊ မိဘများများထံမှ ခိုးယူခြင်း နှင့် ဒုက္ခအမျိုးမျိုးပေးခြင်းတို့ကြောင့် ၎င်းတို့မိဘများက ရဲဖြင့်ဖမ်းခိုင်းကြသည်။ မူးယစ်ဆေးစွဲခြင်းကြောင့် အိမ်တွင်းအကြမ်းဖက်မှုများ (အောက်တွင်ရှု)၊ ငွေရေးကြေးရေး အကျပ်အတည်းများ ဖြစ်စေသည်ကိုလည်း ဖြေဆိုသူအများအပြားက အသိအမှတ်ပြုသည်။ အမျိုးသမီးတစ်ဦးက "အဖေတွေအများစုက အရက်သောက်တယ်၊ မူးယစ်ဆေးဝါးသုံးတယ်၊ မိသားစုလိုတဲ့ ပိုက်ဆံမပေးဘူး၊ ဒီတော့ သူတို့မိန်းမတွေအတွက် ဘဝကခက်ခဲပြီး စိတ်ပျက်စရာကြီး" ဟု မှတ်ချက်ပေးသည်။

ကလေးများအပေါ် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများမှာလည်း စိုးရိမ်စရာပြဿနာတစ်ရပ်ဟု လေ့လာခဲ့သည့် နေရာဒေသများတစ်လျှောက် ဖြေဆိုသူများဆိုပြီး လူငယ်နှင့် ကလေးများအကြား မူးယစ်ဆေးဝါး သုံးစွဲမှု မြင့်တက်လျှက်ရှိသည်။ နေရာဒေသ အများအပြားမှ ဖြေဆိုသူများက လူငယ်ကျောင်းသားများအကြား စိတ်ကြွဆေးပြားအပြင် ကော်ရှူမှု မြင့်တက်လာမှုကိုလည်း ပြောပြကြသည်။ ကော်ရှူ ဆေးပြားသုံးစွဲမှုများသည် ကလေးများကျောင်းထွက်ရမှုနှင့် ဆက်စပ်မှုရှိပြီး မူးယစ်ဆေးဝါးသုံးစွဲမှုသည် " လူငယ်များ၏ အနာဂတ်ကိုဖျက်ဆီးမည့်အရေး "ကိုဖြေဆိုသူအများအပြားက စိုးရိမ်ပူပန်ကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်းမှအမျိုးသမီးတစ်ဦးက သူမရပ်ရွာအခြေအနေကို အခုလိုရှင်းပြသည်။

" အခု မူးယစ်ဆေးပြားတွေက အလွယ်တကူရတယ်၊ ဆေးသုံးတဲ့လူကြီးတွေက ပထမကတော့ လူငယ်တွေကို ဆေးပြားတွေ အလကားပေးတယ်၊ ပြီးတော့ ဆေးစွဲလာပြီဆိုရင် ရောင်းတယ်၊ အရင်တုန်းက ဆေးပြားတစ်ပြားကို (၅၀၀) ကျပ် ( ၁,၀၀၀ ) ကျပ်လောက်ရှိတယ်၊ အခုဆို (၁,၀၀၀ ) ကို ( ၃ ) ပြား ရတယ်။ အဲ့ဒီတော့ ပေါပေါသုံးကြတာပေါ့။ အကျိုးဆက်က အဲ့ဒီကလေးတွေ သူတို့ပညာရေးတွေမပြီးဘူး။ တစ်ချို့ဆို ငယ်ငယ်ရွယ်ရွယ်နဲ့ သေကြတယ်။ "

ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ဖြေဆိုသူတစ်ဦးက ၎င်းတို့ရပ်ရွာ အတွင်း မူးယစ်ဆေးဝါး ပြဿနာကို မဖြေရှင်းနိုင်သည့် စိတ်ပျက်လက်ပျက် အနေအထားကို ပြောပြသည်။

" ကျောင်းသားလေးတွေကို ကျွန်တော် ကျောင်းအပြင်မှာတွေ့ရင် ကျောင်းသွားကြလို့ အမြဲပြောတယ်။ ဒါပေမဲ့ သူတို့က ကျွန်တော့ကို ပမာမခန့်လုပ်တယ်၊ တစ်ခါတစ်လေဆို ရိုင်းရိုင်းစိုင်းစိုင်းလုပ်ပြတယ်၊ ဒီတော့ ဘယ်သူကမှ သူတို့နဲ့ စကားမပြောရဲတော့ဘူး၊ ကိုယ့်က လေးဒီလိုမဖြစ်ပါစေနဲ့လို့ဘဲ ဆုတောင်းနေရတယ်။ ဒီခေတ်မှာ အထက်တန်းအောင်တာရှားလာပြီ တက္ကသိုလ်ကျောင်းသားဆို မရှိသလောက်ဘဲ ။"

## *မူးယစ်ဆေးဝါးများ ပျံ့နှံ့လာစေသည့် အကြောင်း*

၎င်းတို့ ရပ်ရွာအတွင်း မူးယစ်ဆေးဝါးများ ပျံ့နှံ့လာစေသည့် အကြောင်းနှစ်ချက်ကို ဖြေဆိုသူများက ယေဘုယျအားဖြင့် ပြောကြသည်။ ပထမအချက်မှာ မူးယစ်ဆေးဝါးများကို ၎င်းတို့ရပ်ရွာများအတွင်းသို့ ဈေးကွက်စီးပွားရေးအရ တင်သွင်းကြသည်။ လေ့လာရာနေရာတစ်ခုတွင် ဘိန်းစိုက်တောင်သူများ ( အခြားဝင်ငွေလုပ်ငန်းမရှိသဖြင့် အစိုးရ၏ ဘိန်းခင်းဖျက်ဆီးမှုကြားမှ ဘိန်းဆက်လက်စိုက်ပျိုးသူများ ) သည် ထွက်ရှိသည့် ဘိန်းပမာဏ၏ ထက်ဝက်တန်ဖိုးကို ငွေအစား စိတ်ကြွဆေးပြား (ရာဘ) လက်ခံကြရသည်။ ထိုဘိန်းတောင်သူများသည် ဝယ်လက်အကန့်အသတ် ရှိသောကြောင့် တရုတ်ပြည်မှလာသည်ဆိုသော ထိုဝယ်လက်များနှင့်သာစီးပွားရေးဆက်လုပ်ကြရသည်။ ၎င်းတို့လိုအပ်သည့် ငွေရရှိရန် တောင်သူများသည် ဆေးပြားများကို သူငယ်ချင်းအပေါင်းအသင်း အိမ်နီးချင်းများထံ ရောင်းချသည်။ ထို့အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားမှု သံသရာထဲ နွံနစ်ကြရသည်။

ထိုဆေးပြားများကို ( ၃ ) ပြားလျှင် ကျပ် ( ၁၀၀၀ ) ဖြင့် ဈေးပေါပေါ ရောင်းချကြသည်။ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် တောင်ပိုင်းမှ ဖြေဆိုသူများက တရုတ်ပြည်မှ စီးပွားရေးသမားများသည် နေ့စားပျံကျ အလုပ်သမားများ၏ လုပ်ခကို စိတ်ကြွဆေးပြား ( ရာဘ ) များဖြင့်ပေးသည်၊ အလုပ်သမားများသည် ကိုယ်ခန္ဓာအင်အားသုံးရသည့် အလုပ်များကို ဆေးပြားများသောက်၍ လုပ်ကြသည်ဟု ပြောကြသည်။

ဒုတိယအချက်မှာ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်ရောင်းဝယ်ဖောက်ကားမှု ( စီးပွားရေး ) များတွင် တရားဥပဒေစိုးမိုးရေးနှင့် အစိုးရအရာရှိများ ပါဝင်ပတ်သက်မှုကို ဖြေဆိုသူများက ပြောပြသည်။ ရှမ်းပြည်နယ် တောင်ပိုင်းဒေသတစ်ခုတွင် မူးယစ်ဆေးဝါးပေါများမှုကို ဖော်ပြရာတွင် မူးယစ်ဆေးဝါး အလွယ်တကူရရှိသည်ဟု လူသိများသည့် အနီးအနားမှ ရွာသို့ အစိုးရဝန်ထမ်းများ ပုံမှန်သွားလေ့ရှိသည်ကို မြင်ကြကြောင်း ရွာသူရွာသားများက ပြောပြသည်။ အစိုးရ အရာရှိများသည် မူးယစ်ဆေးဝါး ရောင်းချသူများ၏ အိမ်အပေါ်ထပ်တွင် သုံးစွဲကြသည်။ ရွာသားများက အောက်ထပ်တွင် သုံးကြသည်ဟု ဖြေဆိုသူများကပြောကြသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အရောင်းအဝယ် လုပ်ငန်းတွင် အများဆုံးပါဝင်ပတ်သက်သည့် အစိုးရဌာနမှာ ရဲဌာနဖြစ်သည်ဟု အမျိုးသားတစ်ဦးက ဆိုသည်။

" ကျွန်တော်တို့မြို့နယ်က အရင် ဒုစခန်းမှူး တစ်ယောက်ဆို ကျွန်တော့အိမ်ရှေ့က တစ်ပတ်ကို အနည်းဆုံး (၄) ခါလောက်ဖြတ်ဖြတ် သွားတယ်။ အခြားရဲအရာရှိတွေဆို နေ့တိုင်းဘဲ။ အချို့ရောင်းတဲ့သူတွေက အရာရှိကြီးတွေကို မူးယစ်ဆေးဝါးနဲ့ လာဘ်ထိုးတယ်။ အဲ့ဒီ အရာရှိကြီးတွေက သာမန်ရဲသားတွေကို ရောင်းဖို့ဘဲဖြစ်ဖြစ် သုံးဖို့ဘဲဖြစ်ဖြစ် ပြန်ဖြန့်တယ်။ "

မူးယစ်ဆေးဝါးသုံးစွဲမှု မြင့်မားလာခြင်းသည် ရပ်ရွာတွင်အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်းနှင့် ဆက်စပ်မှုရှိသည်ကိုလည်း ရှမ်းပြည်နယ် မြောက်ပိုင်းဒေသတစ်ခုမှ ထောက်ပြသည်။ အမျိုးသမီးတစ်ဦးက ဤကဲ့သို့ပြောသည်။

"ကိုယ့်နိုင်ငံထဲမှာ စက်ရုံတွေ ဒါမှမဟုတ် အလုပ်အကိုင်တွေရှိရင် တစ်ခြားဘယ်မှသွားမှာ မဟုတ်ဘူး။ စားစရာမရှိတော့ ကျမတို့ တိုင်းပြည်ပြင်ပထွက်ရတယ်၊ ဒီပြန် လာပြီး ဘာမှလုပ်စရာမရှိတော့ ပိုဆိုးတယ်၊ ဒီတော့ လူတွေ ဆေးစသုံးပြီး စွဲတော့တာဘဲ။ "

မူးယစ်ဆေးစွဲမှုနှင့် ဆေးစွဲသူများ ပစ္စည်းခိုးမှုများ အပါအဝင်အကျိုးဆက်ဆိုးကျိုးများကိုကိုင်တွယ်ဖြေရှင်းရန် ထိရောက်သည့် အကူအညီတောင်းခံနိုင်မည့်သူမရှိဟု ဖြေဆိုသူများက ပြောကြသည်။ ရပ်မိရပ်ဖတစ်ဦးက

"စဉ်းစား ကြည့်လေ ရဲတွေအများကြီးရှိရင်တောင်

အခြေအနေက ကိုင်တွယ်ဖို့ မလွယ်ဘူး။ အမှုဖြစ်လို့ တိုင်ရင်တောင် ဆိုင်ကယ် လိုင်စင်နံပါတ်ပြောလည်းမသိ၊ ဘယ်သူတွေမှန်းလဲမသိ၊ အဲ့ဒီတော့ ပျောက်လဲ မတိုင်တော့ဘူး ။"

## အမျိုးသမီးများနှင့် ထိခိုက်လွယ် အားနည်းသည့် အုပ်စုများအပေါ် ဥပဒေကာကွယ် စောင့်ရှောက်မှု

အမျိုးသမီး များနှင့် ထိခိုက်လွယ် အားနည်းသည့် အုပ်စုများအတွက် ဥပဒေကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ပြဿနာများ ပေါ် ထွက်ခဲ့သည်။ ၄င်းတို့မှာ ( ၁ ) အိမ်ထောင်သည်များ အကြား အိမ်တွင်း အကြမ်းဖက်မှု ( ၂ ) လိင်ပိုင်းဆိုင်ရာ စော်ကားမှု (၃) ရွှေ့ပြောင်းသူများအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်မှု များဖြစ်သည်။

အခြေခံအဆင့်တွင် ပထမပြဿနာနှစ်ခုဖြစ်သည့် အိမ်တွင်းအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာစော်ကားမှုများသည် အမျိုးသမီးများ၏ ဘေးအန္တရာယ်ကင်းမှု၊လုံခြုံမှုများနှင့်သက်ဆိုင်သည်။ သို့သော် ပုဂ္ဂလိက မိသားစုဘဝ အပေါ် ယဉ်ကျေးမှု ဆိုင်ရာ သဘောထားအမြင်များနှင့် အမျိုးသမီး ခန္ဓာကိုယ် ဂုဏ်သိက္ခာ ဆိုင်ရာ အယူအဆ များသည် ထိုပြဿနာများကို မိသားစုများနှင့် ရပ်ရွာအသိုင်းအဝိုင်းတို့၏ တုံ့ပြန်မှုများအပေါ် များစွာသက်ရောက် လွှမ်းမိုးမှုရှိသည်။

### *အိမ်ထောင်သည်များအကြား အိမ်တွင်းအကြမ်းဖက်မှု*

ရှမ်းပြည်နယ် လေ့လာခဲ့သည့် နေရာဒေသ (၈) ခုတွင် အိမ်တွင်းအကြမ်းဖက်မှုကို အဓိကပြဿနာ တစ်ရပ်အဖြစ် ပြောဆိုကြပြီး နေရာ (၄) ခုတွင် ရပ်ရွာအသိုင်းအဝိုင်း၏ ဦးစားပေးပြဿနာတစ်ရပ်အဖြစ် သတ်မှတ်သည်။

"ယောကျ်ားတွေက အလုပ်လုပ်တယ်၊ ပိုက်ဆံရာတယ်၊ ပြီးတော့ ရတဲ့ပိုက်ဆံနဲ့ မူးယစ်ဆေးဝါး သုံးတယ်၊ သူတို့မိန်းမတွေနဲ့ ကလေးတွေက ဒုက္ခရောက်တာပေါ့၊ တစ်ချို့ဆို သူတို့မိန်းမတွေကို အိမ်မှာညှဉ်းပန်းတယ်၊ ကြိတ်ပြီးရိုက်တယ်၊ သူကြီးဖျန်ဖြေ ဆုံးဖြတ်ပေးလည်း ခနပဲပြေလည်တာ၊ ဆေးသမား မိန်းမအများစုက အိမ်တွင်းအကြမ်းဖက်မှုနဲ့ ကြုံနေရတယ်။ ပြောမယ်ဆို ( ၉၀ % ) လောက်ရှိတယ်။ "

ခရစ်ယာန်ဘာသာဝင်ဖြစ်သူ ထိုဖြေဆိုသူ အမျိုးသမီးက အိမ်တွင်းအကြမ်းဖက်မှုများကို အမျိုးသမီးများ " သည်းခံ " ရပုံများကိုလည်း ရှင်းပြသည်။ အဘယ်ကြောင့်ဆိုသော် ဘာသာရေးရှုထောင့်အရ " လင်မယားကွဲမှုကို မသင့်လျော်စရာအဖြစ် သဘောထားသတ်မှတ်ပြီး သူမ၏ ရပ်ရွာထဲတွင် လင်မယားကွဲမှုများ မရှိကြပါ။ "

တစ်ခါတစ်ရံ အမျိုးသမီးများသည် ညှဉ်းပန်းနှိပ်စက်ခံရသည့် အခြေအနေများမှ ရှန်းထွက်ရန် အလွန်ခက်ခဲသည်ဟု ဖြေဆိုသူများက ပြောသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဌတစ်ဦးဖြစ်သည့် ဖြေဆိုသူ အမျိုးသမီးက ၄င်းဒေသရှိ အမျိုးသမီးတစ်ဦး၏ အတွေ့အကြုံကို ပြန်ပြောပြရာတွင်

" အဲ့ဒီမိန်းမက ကျမကိုပြောတယ် " ရိုက်လွန်းလို့ တစ်ခါတစ်လေ ကျမမျက်နှာတစ်ခုလုံး ရောင်ကိုင်းနေ တာဘဲ မျက်လုံးတောင်ဖွင့်လို့မရဘူး၊ အိပ်ရာထဲကလည်း မထနိုင်ဘူး။ အဲ့ဒီတော့လည်း ပျင်းရကောင်းလား အလုပ်မလုပ်ဘဲ အိပ်ရကောင်းလားဆိုပြီး ထပ်ရိုက်ပြန်ရော " သူကဒီအိမ်ထောင်နဲ့ မြဲအောင်နေရတယ်လေ၊ မိဘမဲ့ဆိုတော့ ယောကျ်ားကိုလည်း ခံမလုပ်ဘူး၊ ဘယ်သူ့ဆီမှ အကူအညီ မတောင်းဘဲကြိတ်ခံတယ်၊ သူ့ကို အိမ်နီးနားချင်းတွေက သနားကြပေမဲ့ဆိုးဆိုးရွားရွားရိုက်မှ ဝင်တားကြတယ်၊ မဟုတ်လို့ကတော့ ဖာသိဖာသာဘဲ။ သူကျမဆီလာပြီး အကူအညီလာတောင်းတယ်၊ ကျမက ဆက်ရိုက်နေရင် ဥပဒေအရ အရေးယူမယ်လို့ သူ့ယောကျ်ားကို သတိပေးခဲ့တယ်။ " ဟုရှင်းပြသည်။

အမျိုးသမီးများသည် အကူအညီ တောင်းခံသည့် အခါ ၄င်းတို့နှင့် အနီးစပ်ဆုံး အိမ်နီးချင်းများ၊ ဆွေမျိုးများ သို့မဟုတ် အပိုင်နယ်မြေမှူး သို့မဟုတ် သက်တောင့်သက်သာ ယုံကြည်စိတ်ချပြောနိုင်မည့်သူ တစ်ဦးဦးထံ ချဉ်းကပ်တောင်းခံကြသည်။ ထိုသူများသည် ဆိုးဆိုးရွားရွား ရိုက်သည့်အခါများတွင် ဝင်ရောက်တားမြစ်လေ့ရှိသည်။ မိန်းမများအားမရိုက်ရန် ယောကျ်ားများကိုဖျောင်းဖျ သို့မဟုတ် သတိပေးတတ်ကြသည်။ ဆက်လက်အကြမ်းဖက်နေပါက ရပ်ကျေးအုပ်ချုပ်ရေးမှူးများကဲ့သို့ ဩဇာအာဏာ ပိုရှိနေသူများ ဝင်ရောက်ပတ်သက်ကြသည်။ ( ဖြစ်စဉ် ၁၅ တွင် ရှု )။

ထိုသူများကလည်း ယောကျ်ားများနှင့် ဆွေးနွေးညှိနှိုင်းပြီး မိန်းမများကို မရိုက်ရန်သတိပေးသည်။ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများသည် မိန်းမများကို မရိုက်ရန်ယောကျ်ားများကို ခံဝန်ထိုးခိုင်းနိုင်သည့် အခွင့်အာဏာလည်းရှိသည်။ အကယ်၍ ခံဝန်ဖောက်ဖျက်ပါက အုပ်ချုပ်ရေးမှူးသည် ရဲအကူအညီဖြင့်ထိုသူအားဖမ်းနိုင်ပြီး တရားရုံးတင်နိုင်သည်။ ဖြစ်စဉ်တစ်ခုတွင် အောင်မြင်စွာ တရားစွဲဆိုနိုင်ခဲ့ပြီး ဆုံးဖြတ်ချက်ပြစ်ဒဏ်မှာ ယောကျ်ား အိမ်မှမထွက်ရဟု အမိန့်ချမှတ်သည်။ ( ဖြစ်စဉ် ၁၆ တွင် ရှု )။

ဖြစ်စဉ် ၁၅

အမျိုးသားတစ်ဦးသည် အရက်မူးပြီး သူ၏မိန်းမကို နေ့တိုင်းပုံမှန်ရိုက်သည်။ ထိုဒဏ်ကို ကာလအတော်ကြာ ခံရပြီးနောက် သူမ ယောကျ်ားနှင့် မနေလိုတော့ကြောင်း၊ ၎င်းနှင့်ကွဲလိုကြောင်း ဆယ်အိမ်မှူးထံ အသိပေးသည်။

ဆယ်အိမ်မှူးသည် ယောကျ်ားဖြစ်သူကို ခေါ်၍ မိန်းမအားနောက်နောင် မရိုက်ရန်သတိပေးသည်။ သို့သော် ယောကျ်ားမှာ ရိုက်မြဲ ဖြစ်သည်။ အမျိုးသမီးသည် ဆယ်အိမ်မှူးထံ မကြာခဏ တိုင်ကြားသည်။ နောက်ဆုံးတွင် ဆယ်အိမ်မှူးက ထိုကိစ္စကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ လွှဲပြောင်း တင်ပြသည်။

အုပ်ချုပ်ရေးမှူးသည် လင်မယားပြတ်စဲခြင်းကို ခွင့်မပြုဘဲ " ညှိနှိုင်းဖျန်ဖြေ " ပေးသည်။ ယောကျ်ားသည် မိန်းမအား ဆက်လက် နှိပ်စက်နေပြန်ရာ အုပ်ချုပ်ရေးမှူးက နှစ်ဖက်မိဘများကို ခေါ်ပြီး ၎င်းတို့ရှေ့မှောက်တွင် မိန်းမအား နောက်နောင်မရိုက်ပါဟု ယောကျ်ားကို ခံဝန်ဂတိ လက် မှတ်ထိုးခိုင်းသည်။အကြမ်းဖက်မှုမှာ အိမ်တွင်ဆက်လက်ဖြစ်ပွားပြီးလင်မယားနှစ်ယောက်သည် အုပ်ချုပ်ရေးမှူးနှင့် တတိယအကြိမ်၊ စတုတ္ထအကြိမ် ထပ်မံတွေ့ခဲ့သည်။ အုပ်ချုပ်ရေးမှူးက နောက်ထပ်ညှိနှိုင်းပေးတော့မည် မဟုတ်ကြောင်း အကယ်၍ ဆက်ဖြစ်နေပါက ရဲထံလွှဲအပ်မည်ဖြစ်ကြောင်း ပြောသည်။

ထိုနောက်ပိုင်းတွင် ၎င်းတို့သည် အုပ်ချုပ်ရေးမှူးထံမလာတော့ဘဲ တစ်သီးတခြားစီခွဲနေကြသည်။ တစ်နှစ်ခန့်ကြာပြီးနောက် လင်မယား ပြန်လည်ပြေသွားပုံ ရသည်။ အုပ်ချုပ်ရေးမှူးက ၎င်းတို့ကိုခေါ်၍ ချစ်ချစ်ခင်ခင် သင့်သင့်မြတ်မြတ်နေရန် ဆုံးမခဲ့သည်။

ဖြစ်စဉ် ၁၆

အမျိုးသားတစ်ဦးသည် ဆေးယင်းထပြီး သူ၏မိန်းမကို အခန်းထဲတွင် ပိတ်ကာ အပြင်းအထန် ရိုက်သည်။ မိန်းမ ဖြစ်သူသည် အပိုင်နယ်မြေမှူးထံ ထွက်ပြေးခဲ့သည်။ နယ်မြေမှူးက သူမအား အုပ်ချုပ်ရေးရုံးတွင် အကူအညီဝှက် ပေးသည်။ သို့သော်ကလေးမှာ အိမ်ထဲတွင် ကျန်နေခဲ့သည်။ ရပ်မိရပ်ဖများ အိမ်သို့သွားပြီး ထိုသူအား ထွက်လာခိုင်းသည်၊ ထိုသူကလေးနှင့် ထွက်လာသည်။ ထို့နောက် ရပ်မိရပ်ဖများက ရဲစခန်းသို့ ထိုသူအားဖမ်းချုပ်၍ ခေါ်သွားသည်။ ထိုသူသည် မိန်းမကို မရိုက်ပါဟု ခံဝန်ဂတိ လက်မှတ်ထိုးထားပြီးသား ဖြစ်သည်။ သို့သော် ထိုခံဝန်ကို အကြိမ်ကြိမ် ( ၃ ) ကြိမ်တိုင် ဖောက်ဖျက်ပြီးဖြစ်သည်။ နောက်ဆုံးအကြိမ်တွင် ရဲက ထိုသူကို ၁၉၆၁ ပြစ်မှုကျူးလွန်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေဖြင့် အမှုဖွင့်သည်။

တရားရုံးက မိန်းမအား ရိုက်နက်ခြင်းမှ ရပ်တန့်ရန်၊ အိမ်တွင် ခြေချုပ် ( ၁ ) နှစ်ခွဲ နေထိုင်ရန် ပြစ်ဒဏ်ချမှတ်သည်။*

*ထိုယောကျ်ားသည် မူးယစ်ဆေးဝါးဝယ်ရန်နှင့် သို့မဟုတ် အသုံးပြုရန် အိမ်မှမထွက်နိုင်တော့ဘဲ အကျိုးဆက်အနေဖြင့် မိန်းမအား နှိပ်စက်တော့မည် မဟုတ်ဟု ယူဆရသည်။

အိမ်တွင်းအကြမ်းဖက်မှုများတွင် ကြားဝင်စေ့စပ်သည့် အတွေ့အကြုံရှိသူ ( ၂၀ ) ကျော်နှင့် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့ပြီး ထိုထဲတွင် ဆယ်အိမ်မှူးများ၊ အပိုင်နယ်မြေမှူးများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာပေနှင့်ရိုးရာ ယဉ်ကျေးမှုအဖွဲ့ တာဝန်ခံများ ပါဝင်သည်။ ထိုသူအများစုက အိမ်တွင်းအကြမ်းဖက်မှုကို မိသားစုကိစ္စဖြစ်သည် ကျယ်ကျယ်လောင်လောင် လူသိရှင်ကြား ဖြေရှင်းရန်မလိုဟု သဘောထားကြသည်။ ညှိနှိုင်းပြီးနောက် လင်မယားများပြန်လည်ပြေလည်သွားကြသည်ဟုလည်းဆိုသည်။

## *လိင်ပိုင်းဆိုင်ရာစော်ကားမှု*

သုတေသနလေ့လာမှု ကာလအတွင်း လိင်ပိုင်းဆိုင်ရာစော်ကားမှု ( ၄ ) မှုပေါ်ထွက်ခဲ့သည်။ ၎င်းတို့အနက် တစ်မှုသာ တရားဝင်အစိုးရ တရားရေးစနစ်သို့ ရောက်ရှိခဲ့ပြီး ကျူးလွန်သူကို တရားရုံး၌ တရားစွဲဆိုခဲ့သည်။ ဤအမှုတွင် ( ဖြစ်စဉ် ၁၇ တွင် ရှု ) အစော်ကားခံရသည့် အမျိုးသမီးမှာ အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သူမခင်ပွန်း၏ ကူညီပံ့ပိုးမှုကို ရရှိသည်။ သူမယောကျ်ားကလည်း ကျူးလွန်သူအား အရေးယူစေလိုသည်။

အခြား (၂) မှု တွင် နစ်နာသူများနှင့် ၎င်းတို့၏ မိသားစုများသည် ရပ်ရွာမှ ပြောင်းပြေးခြင်းဖြင့် ဖြေရှင်းခဲ့ကြသည်။ ပထမအမှုတွင် (ဖြစ်စဉ် ၁၈ တွင် ရှု ) နစ်နာသည့် မိသားစုက ကျူးလွန်သည့် တပ်မတော်စစ်သားကို တရားစွဲလိုကြသည်။ သို့သော် အမှုဆက်လက်စွဲတင်ရန် ကုန်ကျစရိတ် အခြားအခက်အခဲများနှင့်အတူ အရှက်တကွဲ ကြုံရမည့် အရေးများက အဟန့်အတား ဖြစ်စေသည်။ ဒုတိယအမှုတွင် အမျိုးသားတစ်ဦးက ၎င်း၏မြေးဖြစ်သူကို စော်ကားပြီး ကိုယ်ဝန်ရစေခဲ့သည်။ ကလေးမ၏ မိခင်ဖြစ်သူသည် ရပ်ရွာမှ အခြားသူများက တရားစွဲပါဟု ဖိအားပေးသည့်တိုင် ဖခင်ဖြစ်သူကို တရားမစွဲလိုပါ။ ရပ်ကျေးအုပ်ချုပ်ရေးမှူးနှင့် ရပ်ရွာတွင်းမှ အခြားသူများက ထိုမွတ်စလင်မိသားစုကို ရွာမှ ထွက်သွားရန် ဖိအားပေးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် " ငါတို့ယဉ်ကျေးမှုမှာ လက်မခံနိုင်တဲ့ပြစ်မှုကို သူတို့ကျူးလွန်ခဲ့သောကြောင့် " ဖြစ်သည်။

### ဖြစ်စဉ် ၁၇

အိမ်ထောင်ရှိ အမျိုးသမီးတစ်ဦးသည် တစ်နေ့အိမ်တွင် တစ်ယောက်ထဲရှိနေချိန် သူမမိထွေး၏ သားဖြစ်သူရောက်ရှိလာပြီး မုဒိန်းကျင့်ခဲ့သည်။

အမျိုးသမီးသည် ရပ်ကွက်အတွင်းရှိ ကာလသမီးအုပ်စု ခေါင်းဆောင်ကို အသိပေးပြောကြားသည်။ ထိုကာလသမီးခေါင်းဆောင် သည် အခြားအဖွဲ့ဝင် (၃) ဦးနှင့်အတူ စွပ်စွဲခံရသူကို သွားရောက်တွေ့ဆုံရာ ၎င်းက မကျူးလွန်ကြောင်း ငြင်းဆန်သည်။ လူငယ်အမျိုးသမီး အဖွဲ့ဝင်များသည် သူကြီးအား တိုင်ကြားခဲ့သည်။ သူကြီးက ထိုသူနှင့်တွေ့ဆုံပြီးအမျိုးသမီးရေးရာနှင့်တိုင်မည်၊ ထောင်ကျစေရမည်ဟု ခြိမ်းခြောက်ပြောဆိုရာ ထိုသူက ကျူးလွန်ကြောင်း ဝန်ခံသည်။

သူကြီးသည် နစ်နာသူအမျိုးသမီး၊ သူမ၏ခင်ပွန်း၊ ကျူးလွန်သူနှင့် ၎င်း၏မိခင်တို့ကို တပေါင်းတည်း ခေါ်ယူတွေ့ဆုံသည်။ စွပ်စွဲခံရသူ၏မိခင်က အမှုကျေအေးရန် အမျိုးသမီးနှင့် သူမ၏ခင်ပွန်းတို့အား ငွေကမ်းလှမ်းသည်။ သို့သော် သူတို့က ထိုလူကို ထောင်ကျစေလိုကြောင်း အခိုင်အမာပြောသည်။ အမှုမှာ ကျေအေးခြင်းမရှိသည့်အတွက် သူကြီးက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးခဲ့သည်။ စွပ်စွဲခံရသူ၏ မိခင်သည် အမှုကိုလျော်ကြေးဖြင့် ကျေအေးရန် ကာလသမီးခေါင်းဆောင်၊ သူကြီးနှင့် အုပ်ချုပ်ရေးမှူးတို့ကို ကြားဝင်စေ့စပ်ပေးရန် အကူအညီတောင်းသည်။ သို့သော် အမျိုးသမီးနှင့် သူမ၏ခင်ပွန်းတို့သည် ထိုငွေကြေးကို လက်မခံကြပါ။အုပ်ချုပ်ရေးမှူးက အမှုကို ရဲထံသို့ လွှဲပြောင်းသည်။ ထိုသူသည် တရားရုံးတွင် စွဲချက်အတင်ခံရပြီး သူကြီးနှင့် အခြားရပ်ရွာ ခေါင်းဆောင်များ က သက်သေအဖြစ် ထွက်ဆိုကြသည်။ နှစ်ပတ်ကြာပြီးနောက် ထိုသူထောင်ဒဏ်ကျသည်။

ကာလသမီးခေါင်းဆောင်က "ကျမတို့က အမှုကိုရွာထဲမှာဘဲဖြေရှင်းချင်ပါတယ်၊ဒါပေမဲ့ ကျူးလွန်တဲ့သူက လူကောင်းမဟုတ်ဘူး ဒီလူက စိတ်ဓါတ်မကောင်းဘူး၊ သူ့မိသားစုက ပိုက်ဆံရှိတော့ မကောင်းတာ၊နောက်ထပ်ကျူးလွန်မှာကိုကြောက်တယ်လို့ နစ်နာတဲ့အမျိုးသမီးက ပြောတယ်။ သူတို့က ဥပဒေအရ ထောင်ကျစေချင်တာ။ ဒီတော့ သူကြီးလည်း ဒီလူကို အုပ်ချုပ်ရေးမှူးနဲ့နောက်ဆုံးလွှဲပေးလိုက်ရတယ်" ဟု ပြောပြသည်။

### ဖြစ်စဉ် ၁၈

၁၆ နှစ်အရွယ် ရှမ်းမိန်းကလေးနှင့်သူမ၏ သူငယ်ချင်းများသည် တပ်မတော်တပ် စခန်း ( ၂ ) ခုကို ဖြတ်၍ ( ၁၅ ) မိနစ်ခန့်ဝေးသည့် ကျောင်းသို့ နေ့စဉ်လမ်းလျှောက်သွားကြသည်။ အတန်းတင် စာမေးပွဲများပြီးနောက် မိခင်သည် သူမ၏သမီး အစားအသောက် အနေအထိုင် ပုံမှန်မဟုတ်မှုကို သတိပြုမိသည်။ မိခင်က သမီးအားမေးမြန်းရာ ကျောင်းသို့သွားသည့်လမ်း စစ်တန်းလျားမှ စစ်သားတစ်ဦးနှင့် ချစ်ကြိုက်ခဲ့ပြီး မုဒိန်းကျင့်ခံခဲ့ရသည်ဟု ဝန်ခံသည်။ မိဘများ ပြဿနာတက်မည်စိုးသဖြင့် ထိုကိစ္စကို မပြောရဲခဲ့ဟု ဆိုသည်။ မိခင်က ဖြစ်သမျှကို ခင်ပွန်းအား ပြောပြသည်။ သူမအနေဖြင့် သမီးဖြစ်သူကို ထိုတပ်သားနှင့်မပေးစားလိုကြောင်း တရားစွဲ အရေးယူလိုကြောင်းပြောကြားသည်။ ဖခင်မှာ ဒေါသပေါက်ကွဲပြီးသမီးကိုသတ်မည်ဟုအော်ပြောသည်။

မိဘများသည် ထိုအဖြစ်ကို အပိုင်နယ်မြေမှူးထံ အကြောင်းကြားပြီး အကြံဉာဏ်တောင်းခံသည်။ အငြိမ်းစား စစ်သားဖြစ်သူ နယ်မြေမှူးက အမှုကို စစ်ခုံရုံး၌သာ ကြားနာစစ်ဆေးလိမ့်မည်။ မိသားစုအနေဖြင့် မုဒိန်းကျင့်ကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများပြရလိမ့်မည်ဟု ရှင်းပြသည်။ သမီးဖြစ်သူ၏ ဂုဏ်သိက္ခာနှင့် အရှက်ကိုလည်း စဉ်းစားသင့်သည်ဟု အကြံပေးသည်။

အသိ၊အဆက်အသွယ်၊ပညာ၊ဗဟုသုတ နှင့် ငွေကြေးမရှိသည့်အတွက် အမှုကိုဆက်လက်မစွဲဆိုရန် မိဘများက ဆုံးဖြတ်သည်။ မိမိတို့ဂုဏ်

သိက္ခာနှင့် နောက်ထပ် အရှက်မရလိုသည့်အတွက် မိသားစုသည် အခြားတစ်နေသို့ ပြောင်းရွှေ့သွားကြသည်။

## *ရွှေ့ပြောင်းသူများအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း*

ဖြစ်စဉ် (၂) ခုတွင် မိမိတို့ရပ်ရွာ၌ စီးပွားရေး အခွင့်အလမ်းများမရှိခြင်းကြောင့် လိုအပ်သည့် တရားဝင်စာရွက်စာတမ်း အထောက်အထားများ မပါဘဲ တိုင်းတစ်ပါးသို့ သွားရောက် လုပ်ကိုင်ကြသူများ၏ အန္တရာယ် ထိခိုက်လွယ်မှုများကို မီးမောင်းထိုးပြသည်။ ပထမ ဖြစ်စဉ်တွင် ( ဖြစ်စဉ် ၁၉ တွင် ရှု ) လုပ်အားနှင့် လုပ်ခခေါင်းပုံဖြတ်မှု၊ ထိုခေါင်းပုံဖြတ်မှုများကို ကုစားအဖြေရှာရာတွင် ကြုံရသည့်အခက်အခဲ စိန်ခေါ်မှုများကို ဖော်ပြသည်။ ထို့အပြင် တရားမျှတမှု ရှာဖွေရာတွင် လူအများ၏ ကြံကြံခံဖွဲ့ရှိမှုနှင့် အရင်းအမြစ်ကြွယ်ဝမှု တရားမျှတမှုရယူ ရှာဖွေရာတွင် ပုဂ္ဂိုလ်ရေးအဆက်အသွယ် သို့မဟုတ် ဆက်ဆံရေးများ၏ အရေးပါပုံများကိုလည်း ပြသသည်။ ဒုတိယအမှုတွင် ( ဖြစ်စဉ် ၂၀ တွင် ရှု ) လူကုန်ကူးခံရသည့် ရွှေ့ပြောင်းသူများနှင့် ပတ်သက်ပြီး ရပ်ရွာအကူအညီပေးနိုင်မှု အကန့်အသတ်များကို ဖော်ပြသည်။

ဖြစ်စဉ် ၁၉

ရှမ်းပြည်နယ် မြောက်ပိုင်းမှ ညီအစ်ကိုနှစ်ယောက်ကို ငါးဖမ်းသင်္ဘောပေါ်တွင် သင်္ဘောသားအလုပ် ရမည်ဟုဆိုပြီး ရန်ကုန်မှ လူပွဲစား/agent လင်မယားက ခေါ်ခဲ့သည်။ ညီငယ်သည် အသက် ၁၇ နှစ်သာရှိသည့်အတွက် ထိုလင်မယားက သင်္ဘောသားအဖြစ် အလုပ်လုပ်ရန် အသက်သတ်မှတ်ချက် (၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကဒ်အတု လုပ်ပေးသည်။

ညီအစ်ကိုနှစ်ယောက် သင်္ဘောပေါ်တွင် အလုပ်လုပ်နေသည့်ကာလများတွင် လစာများကို ပွဲစားများက ၎င်းတို့၏ မိသားစုများထံ ပို့လွှဲပေးရသည်။ သို့ရာတွင် အစ်ကို၏လစာတစ်ဝက်ကိုသာ ပို့ပြီး ကျန်တစ်ဝက်နှင့် ညီဖြစ်သူ၏ လစာများကို ဖြတ်ယူထားကြသည်။ ထိုအချိန်က ညီအစ်ကိုနှစ်ဦးနှင့် ၎င်းတို့၏ မိဘများသည် လစာများဖြတ်တောက် ခိုးယူခံရသည်ကို မသိကြပါ။

သင်္ဘောပေါ်တွင် အလုပ်လုပ်ရသည်ကို ညီငယ်သည် စိတ်ဓါတ်ကျပြီး စိတ်မတည်မငြိမ်ဖြစ်လာသည်။ တစ်နှစ်နှင့် ( ၈ ) လကြာပြီး နောက် ညီအစ်ကိုနှစ်ယောက်ရန်ကုန်သို့ပြန်ရောက်သည်။ ပွဲစားများက တွေ့ဆုံရမည့်အတိုင်း ၎င်းတို့အား ရန်ကုန်တွင် မတွေ့ရှိခဲ့၊ ထို့အတွက် မိမိတို့ နည်းလမ်းဖြင့် ရှမ်းပြည်မြောက်ပိုင်းသို့ ပြန်ခဲ့ကြသည်။

အိမ်ပြန်ရောက်ပြီး သောအခါ ညီငယ်၏ စိတ်ကျန်းမာရေးမှာ ပိုမိုဆိုးရွားလာပြီး ဘာလုပ်ရမည်ကို မသိသည့် မိခင်သည် သူမ၏ ညီမဖြစ်သူထံ အကူအညီတောင်းသည်။ ထိုညီမသည်ပညာတတ်ဖြစ်ပြီး သမီးတစ်ယောက်မှာရန်ကုန်တွင် နေသည်။ အဒေါ်က ညီအစ်ကိုနှစ်ဦးကို ရန်ကုန်ကိုခေါ်လာပြီး တူအငယ်၏ လိုအပ်သည့် ဆေးကုသစာရိတ်ပံ့ပိုးပေးရန် ပွဲစားများကိုတောင်းဆိုသည်။ ပွဲစားများက ကုမ္ပဏီထံ တောင်းပေးမည်ဟု သဘောတူသည်၊ သို့သော် တစ်ဝက်ကို ၎င်းတို့ယူမည်ဟု တောင်းဆိုသည်။ ကုန်ကျစာရိတ် အပြည့်ရသင့်သည်ဟု အဒေါ်ကဆိုကာ ငြင်းဆိုသည်။

အဒေါ်သည် ရန်ကုန်သင်္ဘောသားရုံးသို့ သွားရောက်အကူအညီတောင်းရာ ထိုညီအကိုနှစ်ယောက်သည် တရာဝင်စာရွက်စာတမ်းများမပါဘဲ အလုပ်လုပ်ခဲ့သောကြောင့် ကူညီ၍မရဟု ပြောကြားသည်။ ရန်ကုန်တွင် နောက်ထပ်မည်သူထံမှ အကူအညီတောင်းရမည်ကို မသိတော့ပါ။ ( ၈၈ ) ကျောင်းသားမျိုးဆက်များနှင့် ရင်းနှီးသည့်သမီးဖြစ်သူ၏သူငယ်ချင်းက ထိုအဖွဲ့နှင့်တွေ့ဆုံဆွေးနွေးရန် အကြံပေးသည်။ ( ၈၈ ) ကျောင်းသားမျိုးဆက် အကူအညီဖြင့် အဒေါ်သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့နှင့် အဆက်အသွယ်ရသည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့သည် အမှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးပြီး ပွဲစားများကို မေးမြန်းခဲ့သည်။ ထိုအခါကျမှသာ ၎င်းတို့ လစာများ ဖြတ်တောက်ခံခဲ့ရသည်ကို ညီအစ်ကိုနှစ်ဦးနှင့် အဒေါ်တို့သိရှိရသည်။ ညီအစ်ကိုနှစ်ဦးကို စာရွက်စာတမ်းအတုဖြင့် အလုပ်လုပ်ခဲ့မှုနှင့် တရားစွဲမည်ဟု ပွဲစားများက ခြိမ်းခြောက်သည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့သည် အမှုကို ခရိုင်တပ်ဖွဲ့သို့ တိုင်ကြားသည်။ ရဲကနှစ်ဖက်စလုံးကို ဆင့်ခေါ်သည်။ ပွဲစားများရောက်မလာသည့် အတွက် ၎င်းတို့နေထိုင်သည့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ ရဲက အမှုကို လွှဲပေးသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးက နှစ်ဖွဲ့စလုံးကို သူ၏ရုံးခန်းသို့ခေါ်သည်။ ပွဲစားများကြိုတက်ရောက်လာသည်။ ရပ်ကွက် အုပ်ချုပ်ရေးမှူးက

ညီဖြစ်သူ၏ ဖြတ်တောက်ခံရသည့် လစာများကို ပြန်ပေးရန်အပြင် ဆေးဝါးကုသစာရိတ်ဒေါ်လာ (၇၀၀) ကိုလည်း ထောက်ပံ့ရန် နားချသည်။ အဒေါ်၏ အကူအညီကြိုးစားဖွေခြင်း တစ်လကြာပြီးနောက် ညီအစ်ကိုနှစ်ဦးမှာအချို့လျော်ကြေးပြန်ရကြသည်။ ညီဖြစ်သူသည် ယခုအခါ ရန်ကုန်ရှိဆေးရုံတစ်ခုတွင် ဆေးဝါးကုသမှု ခံယူလျှက်ရှိသည်။

ဖြစ်စဉ် ၂၀

လွန်ခဲ့သည့် (၃) နှစ်က ရှမ်းပြည်တောင်ပိုင်းမှ အမျိုးသမီး(၄)ဦးသည် တရုတ်ပြည်သို့ အလုပ်ရှာထွက်ခဲ့သည်။ ၄င်းတို့ထဲမှ (၂) ယောက်မှာ တရုတ်အမျိုးသားများနှင့်အတင်းအကြပ် လက်ထပ်ထိမ်းမြားခြင်း ခံခဲ့ရသည်ကို ရွာမှလူများကြားသိရသည်။ သို့သော် အခြားနှစ်ယောက်နှင့်ပတ်သက်၍ မည်သည့်သတင်းမှ မကြားရသည့်အတွက် လူကုန်ကူးခံရမည်ကို စိုးရိမ်ကြသည်။ သူကြီးက ဤကဲ့သို့ ရှင်းပြသည်။ " လူကုန်တား ရဲတပ်ဖွဲ့ကို အကြောင်းတော့ကြားဖူးတယ်၊ ဒါပေမဲ့ဘယ်လို တိုက်ရိုက်ဆက်သွယ် အကူအညီတောင်းရမည် ဆိုတာ မသိကြဘူး၊ ဒီတော့ ဖေ့ဘုတ်စ်ပေါ်တင်ပြီး မိတ်ဆွေအပေါင်းအသင်းတွေကြား ( Share ) လုပ်တယ်။ ဒါဘဲဒို့တွေ တတ်နိုင်တာ။ အခုထိတော့ သူတို့အကြောင်း ဘာမှမကြားရသေးပါဘူး။ "

## ခွဲခြားဆက်ဆံမှု

ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်း လေ့လာခဲ့သည့် နေရာအများစုတွင် အချို့ဖြေဆိုသူများက ခွဲခြားဆက်ဆံမှုများ တွေ့ကြုံရသည်ဟုဆိုသည်။ မှတ်ပုံတင် အထောက်အထားရယူရာတွင် အခက်အခဲများလည်း ရင်ဆိုင်ရသည်ဟု တစ်ခြားသူများက ပြောပြသည်။ ယေဘူယျအားဖြင့် ထိုဖြေဆိုသူများသည် ၄င်းတို့ရပ်ရွာဒေသတွင်း တိုင်းရင်းသား သို့မဟုတ် ကိုးကွယ်သည့်ဘာသာ လူနည်းစုများ ဖြစ်ကြသည်။

ရှမ်းပြည်မြောက်ပိုင်း ကျေးလက်ဒေသတစ်ခုမှ ကိုးကန့် ဖြေဆိုသူများသည် တအာန်း/ ပလောင် အုပ်ချုပ်ရေးမှူးက ခွဲခြားဆက်ဆံသည်ဟု ခံစားရကြောင်းဆိုသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် လွန်ခဲ့သည့် ( ၁၀ ) စုနှစ် အနည်းငယ်ကမှ ရှမ်းပြည်မြောက်ပိုင်း ထိုနေရာသို့ ရွှေ့ပြောင်းလာသောကြောင့် ဖြစ်သည်။ ခရီးသွား ထောက်ခံစာ တောင်းခံရာတွင် ၄င်းတို့၏ အုပ်ချုပ်ရေးမှူးက " ခင်ဗျားတို့ မူလက ဒီနေရာကမှ မဟုတ်တာ ဒီတော့ ထောက်ခံစာ မပေးနိုင်ဘူး " ဟုဆိုကာ ငြင်းပယ်ခံရသည်ကို ဖြေဆိုသူများက ပြောပြသည်။ ကိုးကန့်တစ်ဦးဖြစ်သူ သူကြီးကလည်း သူ့ရပ်ရွာ အသိုင်းအဝိုင်းအတွက် မရပ်တည်ပေး ဟုလည်း ပြောကြသည်။ ဖြစ်စဉ် ( ၂၁ ) တွင် ကိုးကန့်ဖြေဆိုသူများ ကြုံတွေ့ရသည့် ခွဲခြားဆက်ဆံမှု ဥပမာကို ဖော်ပြထားသည်။

ဖြစ်စဉ် ၂၁

ကိုးကန့် လင်မယားနှစ်ဦးသည် ကျပ်သိန်း (၈၀ ) တန်ဖိုးရှိ မြေ ( ၁.၂၈ ) ဧက ပိုင်ဆိုင်ကြသည်။ ရပ်ရွာမှ ဗမာနေထိုင်သူတစ်ချို့က လမ်းဖောက်ရန် ထိုမြေမှ ကျောက်စတင် တူးဖော်လိုကြောင်း ရပ်ကျေးအုပ်ချုပ်ရေးမှူးထံ အကြောင်းကြားသည်။ ကိုးကန့်လင်မယားသည် သူကြီးထံ တိုင်ကြားပြီး သူကြီးက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ သတင်းပို့သည်။ အုပ်ချုပ်ရေးမှူးသည် ကျောက်တူးဖော်မည့် ဗမာများကမ်းလှမ်းသည့် မြေအသုံးပြုခ ကျပ်သိန်း ( ၃၀ ) ပေးမည်ကို လက်ခံသည်။ သူကြီးသည် ထိုငွေကို ကိုးကန့်ဇနီးမောင်နှံထံပေးခဲ့ရာ သူတို့က ၄င်းတို့၏မြေကို မရောင်းလိုဆိုကာ လက်မခံခဲ့ပေ။ သူကြီးသည် ယောကျ်ားဖြစ်သူ ကိုခေါ်ကာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သွားတွေ့သည်။ အုပ်ချုပ်ရေးမှူးက ၄င်းတို့မြေကိုရောင်းရန်မှလွဲ၍ အခြားရွေးချယ်စရာမရှိဟု ပြောပြီး သိန်း ( ၄၀ ) နှင့် လက်ခံရန် တိုက်တွန်းသည်။

ယောကျ်ား အိမ်ပြန်ရောက်သည့် အခါ ထိုသို့ရောင်းချမှုကို ကြားသိရသဖြင့် မိန်းမဖြစ်သူ စိတ်မကောင်း ဖြစ်ရသည်။ သူမသည် သူကြီးထံသွားပြီး " ကျမတို့မှာ လုပ်ကိုင်စားသောက်စရာ ဒီမြေဘဲရှိတာပါ၊ ဒါကြောင့် သူတို့ဘယ် လောက်ဘဲပေးပေး ကျမတို့မရောင်းနိုင်တာပါ၊ ကျောက် ထုတ်ချင်တယ်ဆိုလည်း တစ်တောင်လုံးထုတ်လို့ရပါတယ်။ ဒါဆို ကျမတို့ခွင့်ပြုတယ်၊ဒါပေမယ့် ကျောက်တွေထုတ်ပြီးရင် ကျမတို့ ဒီမြေကိုပြန်လိုချင်တယ် ဒါမှစိုက်ပျိုးစားလို့ရမှာ " ပြောပြသည်။ ထိုအခါ သူကြီးက " ဒီကိစ္စက အုပ်ချုပ်ရေးမှူးက ဆုံးဖြတ်ပြီးသွားပြီ။ နင်မို့လို ဒီလိုပြောရဲလိုက်တာ "ဟု ဒေါသတကြီး တုံ့ပြန်သည်။

ထိုလင်မယားက ၄င်းကို အာခံသည် ဟု သူကြီးက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ သတင်းပို့သည်။ အုပ်ချုပ်ရေးမှူးက ဇနီးမောင်နှံကို

ငှင်း၏ရုံးခန်းသို့ခေါ်ပြီး သူကြီးကိုခံပြောသည့် အတွက်ထိုင်ခုံ ( ၅ ) လုံးစာတန်းဖိုးဒဏ်ရိုက်သည်။ သူကြီးကလည်း ထိုင်ခုံ ( ၁၀ ) လုံး စာ ဒဏ်ရိုက်သည်။*

*ခေါ်ယူတွေ့ဆုံမှုကို အုပ်ချုပ်ရေးမှူးအိမ်တွင် ပြုလုပ်သောကြောင့် အုပ်ချုပ်ရေးမှူးက လာရောက်မည့်သူများအတွက် နေရာထိုင်ခင်း စီစဉ်ပေးရသည်။ ထိုအတွက် ထိုင်ခုံများဝယ်ယူရန် ကုန်ကျစရိတ်ရှိသည်ဟု ဆိုသည်။ အပြစ်ပေးသည့် ဒဏ်ကြေးကို ခုံတန်ဖိုးကုန်ကျ စရိတ်ဖြင့် တိုင်းတာသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း မြို့ပြဒေသတစ်ခုမှ ဗမာဖြေဆိုသူများက ၎င်းတို့ကို ရပ်ရွာတွင်း လူမှုရေးနှင့် ဘာသာရေးပွဲများတွင် ထည့်သွင်းမခံရသည့်အတွက် ခွဲခြားဆက်ဆံသည်ဟု ခံစားရကြောင်း ပြောပြသည်။ဗမာနှင့်ရှမ်းများအကြား ပြဿနာအငြင်းပွားမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ရှမ်းများကို မျက်နှာသာပေး ဘက်လိုက်သည်ဟုလည်း ခံစားရသည်။ အမျိုးသားတစ်ဦးက

" ဒို့တွေဒီကိုလွန်ခဲ့တဲ့နှစ်(၂၀) ကပြောင်းလာကြတာ၊ ဒါပေမယ့် ရှမ်းတွေက အလုပ်အတူတူလုပ်ဖို့၊ ဘုန်းကြီးကျောင်းအတူတူသွားဖို့ တစ်ခါမှမပြောဘူး။ ရှမ်းနှင့် ဗမာ စကားများကြပြီဆိုရင် ဒီမှာရှိတဲ့ ရပ်မိရပ်ဖက သူကလည်း ရှမ်းဆိုတော့ ရှမ်းတွေကိုပဲမျက်နှာသာပေးတယ်။ သူတို့ပြောတဲ့ ရှမ်းစကားကို ကိုယ်တွေကနားမလည်တော့ သူတို့ဘာသူတို့ပဲ ပြဿနာရှင်းလိုက်ကြတာ၊ ကိုယ်တွေက လူနည်းစုဆိုတော့ ဘာမှပြန်ပြောလို့လဲမရဘူး။ ရှိပါစေဆိုပြီး သဘောထားရတာဘဲ။ "

ရှမ်းပြည်တောင်ပိုင်းမြို့ပြဒေသတစ်ခုတွင် မွတ်စလင်နေထိုင်သူများနှင့် ဧည့်သည်များအပေါ် အကန့်အသတ်ချုပ်ချယ်မှုများရှိသည်။ ဥပမာ - မွတ်စလင်များသည် ထိုရပ်ကွက်သို့သွားရောက် လည်ပတ်ခွင့်မရှိ။ (မွတ်စလင် နေထိုင်သူများနှင့် ဧည့်သည်များသည် မြို့နယ်အတွင်း ရပ်ကွက် (၆) ခုရှိသည့်အနက် (၂) ခုတွင်သာ နေထိုင် ခွင့်ရှိသည်။ ) ဧည့်သည်များ ရောက်ရှိလာပါက မွတ်စလင်နေထိုင်သူများသည် အပိုင်နယ်မြေမှူး ရပ်မိရပ်ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးရုံးသို့ သတင်းပို့ရသည်။ အမျိုးသား တစ်ဦးသည် သူ၏မြေးမဖြစ်သူကို မုဒိန်းကျင့်သည့်ဖြစ်ရပ် ပြီးနောက် ထိုမွတ်စလင်မိသားစုကို မကြာသေးမီက ရပ်ကွက်ထဲမှ မောင်းထုတ်ခဲ့သည်။ ရပ်ကွက်အုပ်ချုပ်ရေးရုံးက ထိုမိသားစု၏မြေကို အခြားမွတ်စလင်များအား ရောင်းချခွင့်ကိုတားမြစ်ခဲ့ပြီး ဗုဒ္ဓဘာသာဝင်များကိုသာ ရောင်းရန်ခွင့်ပြုသည်။ ထိုရပ်ကွက်မှ ပအို့ဝ်အမျိုးသားဦးက

" မွတ်စလင်တွေက ကျွန်တော်တို့နဲ့ လူမျိုးရော ဘာသာရော တွေးပုံခေါ်ပုံတွေလည်း မတူကြဘူး။သူတို့က အရမ်းကြမ်းတယ်၊ နွားသတ်တယ်၊ ကိုယ့်မြေးကို မုဒိန်းကျင့်တယ်၊ အရင်တုန်း က ဒီလိုဟာမျိုးတွေတစ်ခါမှ မကြားဘူးပါဘူး။ ဒါပေမယ့် သူတို့အဲ့ဒါတွေလုပ်တယ်၊ ကြောက်စရာကြီး၊ ဒီတော့ ဒီလိုလူတွေနဲ့ခပ်ကင်းကင်း နေတာပဲ ကောင်းတယ်" ဟု ပြောသည်။

ရပ်ကွက်ထဲမှ ဗမာအမျိုးသမီးတစ်ဦးက
" အခြားနေရာတွေမှာ ပဋိပက္ခတွေဖြစ်နေတယ်ဆိုတာ ကျမကြားရတယ်။ မြန်မာပြည် အောက်ဘက်ပိုင်း တွေမှာလိုပေ့ါ။ ဒီမှာတော့ ဘာအဓိကရုဏ်းမှ မဖြစ်ခဲ့ဘူး။ ဒါပေမယ့် အုပ်ချုပ်ရေးမှူးရုံးက ကြိုတင်ကာကွယ်တဲ့ အနေနဲ့ သူတို့ကို ဒီရပ်ကွက်ထဲမှာ နေခွင့်မပေးခဲ့တာလို့ ကျမထင်တယ် " ဟုဆိုသည်။

## *နိုင်ငံသားမှတ်ပုံတင် အထောက်အထား*

နိုင်ငံသားမှတ်ပုံတင် အထောက်အထားများ ရယူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများအကြောင်းကိုလည်း လူနည်းစုအုပ်စုများကပြောပြကြသည်။ ဖြေဆိုသူအများစုက အဆင့်ဆင့်၊အချိန်ကြာမြင့်စွာစောင့်ရပြီး အပိုကြေးများပေးခဲ့သည့်တိုင် အခြားသူများကဲ့သို့မှတ်ပုံတင် မရရှိကြဟု ပြောပြသည်။

မြို့ပြလေ့လာသည့် ဒေသတစ်ခုမှ ဂေါ်ရခါးဖြေဆိုသူများက ၎င်းတို့အသိုင်းအဝိုင်း၏ ( ၁၀% ) တွင်သာ မှတ်ပုံတင် ရှိကြသည်။ ထိုသည်မှာ အငြိမ်းစားစစ်သားများ၏ ကလေးများကို မှတ်ပုံတင်ထုတ်ပေးရန် အစိုးရမှ ညွှန်ကြားသည့် ၂၀၁၄ စီမံချက်ကာလအတွင်း ရရှိခဲ့သည်။ ကျေးလက် ဒေသတစ်ခုတွင် ဂေါ်ရခါးနေထိုင်သူ ( ၁၀၀ ) ရှိသည့်အနက် အိမ်ထောင်စုတစ်စုသာ နိုင်ငံသားစီစစ်ရေးကဒ်ပြားများရရှိခဲ့ သည်။ ထိုမိသားစုမှ ဖြေဆိုသူ အမျိုးသမီးက သူမမိသားစုသည် စတင်လျှောက်သည့် အချိန်တွင် ကျပ် ( ၃ ) သိန်းပေးခဲ့ရပြီး စောင့်ရသည့် ကာလအတွင်း နောက်ထပ် ( ၁၀ ) သိန်းပေးခဲ့ရသည်။ နိုင်ငံသားစီစစ်ရေးကဒ်များ ထွက်လာသည့်အခါ အရာရှိများကိုကျပ် ( ၁ ) သိန်းစီ ထပ်ပေးခဲ့ရသည်ဟု ပြောပြကြသည်။ မှတ်ပုံတင်ရရှိရန် လူဝင်မှုကြီးကြပ်ရေးဌာနရုံးသို့ အခေါက်ခေါက်အခါခါ သွားရခြင်း၊ တရားရုံးတွင် ကျမ်းကျိန်ခြင်းစသည့် အချိန်စုစုပေါင်း (၁၀) နှစ်ကြာမြင့်ခဲ့သည်။ ထိုနေရာမှတရုတ်နွယ်ဖွား ဖြေဆိုသူများအတွက် မှတ်ပုံတင်ရရှိမှုမှာ ပို၍ အစဉ်ပြေချောမွေ့သည်။ နိုင်ငံသားစီစစ်ရေးကဒ် ကိုင်ဆောင်ထားသည့် တရုတ်နွယ်ဖွားဖြေဆိုသူ ခန့်မှန်းချေ ( ၈၀% ) ရှိသည်ဟု ဆိုသည်။ နိုင်ငံသားစီစစ်ရေးကဒ် တစ်ခုရရှိရန် သုံးရသည့် ကုန်ကျစရိတ်မှာ တစ်လစာဝင်ငွေနှင့် ညီသည်ဟု ဖြေဆိုသူ များက ရှင်းပြသည်။

ပြည်ထောင်စုအစိုးရ၏ နိုင်ငံသားစီစစ်ရေး ကဒ် ပြားထုတ်ပေးခြင်းရက် ( ၁၀၀ ) အထူးစီမံချက်ထဲတွင် ၎င်းတို့မပါဝင်သဖြင့် စိတ်ပျက်ရမှုကို ဟိန္ဒူနှင့် ဆစ်ခ် ဖြေဆိုသူများက ပြောပြသည်။ အစက အထူးစီမံချက်ဖြင့် နိုင်ငံသား စီစစ်ရေးကဒ်များ ရမည်ဟု ပြောထားခဲ့သောကြောင့် ၎င်းတို့ပို၍ စိတ်ဓါတ်ကျရသည်၊ ဖြေဆိုသူတစ်ဦးက

" ဦးလည်း စေတနာသွေးလှူရှင် အဖွဲ့ခေါင်းဆောင် တစ်ယောက်အနေနဲ့ လုပ်ခဲ့တာပဲ၊ သွေးလှူတာ ၁၁၅ ကြိမ်ရှိပြီ၊ လူမှုထူးချွန်ဆု ၃ ကြိမ်ရခဲ့တယ်။ မြန်မာပြည်မှာပဲ မွေးတယ်၊ နိုင်ငံအတွက် အမြဲတမ်း လုပ်ပေးခဲ့တယ်။ ဒီတော့ ကိုယ်ပိုင်နိုင်ငံသား စီစစ်ရေးကဒ် ရသင့်တာပေ့ါ၊ ဒီမှာပဲမွေးတယ် ပြီးတော့ နိုင်ငံခြားမှာနေတာမဟုတ်တော့ ဦးရဲ့ စိစစ်ရေးကဒ် သူတို့ထုတ်ပေးသင့်ပါတယ် " ဟု ၎င်း၏ စိတ်ပျက်မှုကို ဖော်ပြသည်။

တအာန်း/ ပလောင် ဖြေဆိုသူများကလည်း တရားဝင် အသိအမှတ်ပြု တိုင်းရင်းသားလူမျိုးဖြစ်သည့်တိုင် နိုင်ငံသားစိစစ်ရေးကဒ် ( CSC ) ရယူရာတွင် စိန်ခေါ်မှု အခက်အခဲများ ကြုံကြရသည်။ ဖြေဆိုသူတစ်ဦးက ၎င်းတို့မြို့တွင်လူဝင်မှုကြီးကြပ်ရေးရုံး မရှိသဖြင့် နီးစပ်သည့်မြို့ရုံးသို့ ဝေးလံခေါင်သီသည့်ဒေသများမှ လမ်းခရီးခက်ခဲကြမ်းတမ်းစွာ သွားရပြီး တခါတရံ လမ်းတွင် ဓားပြအတိုက်ခံရသည့် တအာန်း/ ပလောင်များအကြောင်း ပြောပြသည်။ ထို့အပြင် တအာန်း/ ပလောင် အများအပြားမှာ ပညာရည် နိမ့်ပါးကြပြီး မြန်မာစကား ကျွမ်းကျင်စွာ မပြောတတ်သည့်အတွက် အစိုးရဌာနများနှင့် ပြောဆိုဆက်ဆံရမည်ကို ကြောက်ရွံ့ကြသည်။ တအာန်း/ ပလောင်များမှာ ကျပ် ၂၀,၀၀၀ သာပေးရန် တတ်နိုင်သည့်အတွက် မြို့နယ် လ.ဝ.က ရုံးက ၎င်းတို့၏ နိုင်ငံသား စိစစ်ရေးကဒ်များကို အလေးထားဦးစားပေးပြီး မလုပ်ပေးဟုလည်း ဖြေဆိုသူများက မြင်သည်။ ( တရုတ်နွယ်ဖွားများပေးသည့် ကျပ် ၃၀၀,၀၀၀ နှင့်နှိုင်းယှဉ်ပါက )ထိုမြို့နယ်မှ တအာန်း / ပလောင်များသည် လ.ဝ.က ရုံးနှင့် ပြောဆိုဆက်ဆံရာတွင် မြန်မာစကားကျွမ်းကျင်ပြီး အမျိုးသမီးရေးရာအဖွဲ့ဝင်ဖြစ်သည့် တအာန်း/ ပလောင် အမျိုးသမီး၏ အကူအညီကို မှီခိုအားထားရသည်။

နိုင်ငံသားမှတ်ပုံတင် မရှိသောကြောင့် ကြုံတွေ့ရသည့် အခက်အခဲနှင့် ဆိုးကျိုးများကိုလည်း ဖြေဆိုသူများက ရှင်းပြသည်။ ဂေါ်ရခါး အမျိုးသမီး ဖြေဆိုသူတစ်ဦးက သူမတွင် နိုင်ငံသားစီစစ်ရေးကဒ်မရှိသဖြင့် အကိုဖြစ်သူနှင့် ထောင်ဝင်စာသွား မတွေ့နိုင်သည်ကို ပြောပြသည်။ ကျောင်းစရိတ်အတွက် ဘဏ်မှ မိဘများလွှဲသည့်ငွေကို နိုင်ငံသား စီစစ်ရေးမပါ၍ မထုတ်နိုင်ပဲ ကျောင်းလခ နောက်ကျမှ ပေးနိုင်သဖြင့် စာသင်နှစ်နောက်ကျခဲ့ရသည့် ဂေါ်ရခါးအမျိုးသမီးငယ်က သူမအတွေ့အကြုံကို ပြောပြသည်။ ဟိန္ဒူဖြေဆိုသူတစ်ဦးကခရီးသွားရာတွင် ကြုံရသည့် အခက်အခဲများကို ရှင်ပြရာတွင်

"ကျွန်တော်လေယာဉ်နဲ့ သွားလို့မရဘူး၊ ဟိုတယ်တွေမှာလည်း တည်းလို့မရဘူး၊ ခရီးသွားမယ်ဆိုရင် ထောက်ခံစာတောင်းရတယ်။ ၁၄ ရက်ပဲခွင့်ပြုတာ၊ တကယ်လို့ ၁၄ ရက်ထက်ပိုပြီး ခရီးထွက်မိရင် တရားစွဲ အရေးယူခံရမှာ " ဟုဆိုသည်။

နိုင်ငံသားမှတ်ပုံတင် မရှိခြင်းသည် မှတ်ပုံတင်မရှိသည့် မိဘများ၏ ကလေးများအပေါ်လည်း ရိုက်ခတ်မှုရှိသည်။ ဖြစ်ရပ်တစ်ခုတွင် ပအို့အမျိုးသမီးနှင့် အိမ်ထောင်ကျသည့် ဂေါ်ရခါးအမျိုးသားတစ်ဦးသည် ၎င်းတွင် မှတ်ပုံတင် အထောက်အထား အခိုင်အလုံမရှိသည့်အတွက် ၎င်းတို့၏ ကလေး မွေးစားရင်းမရနိုင်။ " နောင်ဖြစ်လာမဲ့ ကလေးရဲ့ ပညာရေး ဒါမှမဟုတ် ကျန်းမာရေး ကိစ္စတွေအတွက် ကျွန်တော်တို့ စိုးရိမ်ရတယ်။ " ဟု ၎င်းကပြောသည်။ ဇနီးဖြစ်သူကလည်း ဒီလိုဖြစ်လာလိမ့်မယ်လို့ ကျွန်မမသိခဲ့ဘူး။ အခုကျတော့ လူမျိုးမတူတဲ့ လူနဲ့ လက်ထပ်ခဲ့တာ ငါများမှားသလားလို့ ခံစားရတယ်။ " ဟု ဖြည့်စွက်ပြောသည်။

## ချေးငွေနှင့်ကြွေးမြီ

ရှမ်းပြည်နယ် တလျှောက် လေ့လာခဲ့သည့် နေရာဒေသ ထက်ဝက်တွင် ချေးငွေနှင့်ကြွေးမြီ ပြဿနာများတွေ့ရှိခဲ့သည်။ ရပ်ရွာဒေသ ၅ခု တွင် ထိုပြဿနာကို ဦးစားပေး ပြဿနာတစ်ရပ်အဖြစ် သဘောထားကြသည်။ သူ၏ရပ်ရွာအတွင်း ၇၅% မှာ အကြွေးတင်နေကြသည်ဟု ရပ်ရွာခေါင်းဆောင်တစ်ဦးက ခန့်မှန်းသည်။

အကြွေးသံသရာ၏ အကြောင်းတရား တရပ်မှာ အရင်းအနှီးမတည်ငွေ အခက်အခဲများကြောင့်ဖြစ်သည်။ လိုအပ်သည့်ငွေရရှိရန် လူများသည် ပုံစံအမျိုးမျိုးဖြင့် ချေးယူကြပြီး အတိုးနှုန်းများလေ့ရှိသည်။ ဖြေဆိုသူများ ဖော်ပြသည့် ငွေချေးရသည့် အကြောင်းများမှာ -

- ကလေးများအတွက် ပညာရေးစရိတ်
- လယ်ယာသုံး မျိုးစေ့နှင့် သွင်းအားစု ကုန်ကျစရိတ်
- ဝယ်လက် (ကြွေး ) စားရင်းရှင်းရန်
- စီးပွားရေးလုပ်ငန်းမတည်ငွေ
- ငွေစု သို့ ငွေချေးအဖွဲ့ ချေးငွေ ပြန်ဆပ်ရန်
- စားဝတ်နေရေး ( ဝင်ငွေကို လောင်းကစားလုပ်ပစ်ခြင်း၏ အကျိုးဆက်ကြောင့် ) များ ဖြစ်သည်။

ငွေချေး၊ ငွေငှားပြဿနာများတွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ညှိနှိုင်းစေ့စပ်ပေးလေ့ရှိသည်။ ထိုချေးငှားမှု အတော်များများမှာ တရားဝင်စာချုပ်စာတမ်းမပါကြသဖြင့် တရားမဝင်ငွေချေးငှားမှု ပြဿနာများကို ဖြေရှင်းရာတွင် အခက်အခဲရှိသည်။ လေ့လာခဲ့သည့် နေရာ ၃ ခုတွင် တရားဝင် အထောက်အထား မပါသည့် အမှုပြဿနာများကို ကူညီဖြေရှင်းရန် ရပ်ကျေး အုပ်ချုပ်ရေးမှူးများက ငြင်းဆိုကြသည်။ လစဉ် ထိုကဲ့သို့အမှုပြဿနာ ၄ ခုနှင့် ၈ ခု အကြား ကူညီဖြေရှင်းပေးရသည့် ရပ်ကွက် အုပ်ချုပ်ရေးမှူးသည် တရားဝင်ချေးငှားမှု စာရွက်စာတမ်းမပါသည့် သူများ၏ပြဿနာများကို မဖြေရှင်းပေးပါဟူသည့် သတိပေးချက်ကို ၎င်း၏ရုံးခန်းတွင် ကပ်ထားရသည်။

မည်သို့ပင် ဆိုစေကာမူ အုပ်ချုပ်ရေးမှူးနှင့် အခြားရပ်ရွာခေါင်းဆောင်များသည် ၎င်းတို့ တတ်စွမ်းသလောက် ထိုပြဿနာများကို ဆက်လက်စေ့စပ် ညှိနှိုင်းပေးကြသည်။ လေ့လာရာ နေရာဒေသများရှိ နေထိုင်သူများသည် ငွေရေးကြေးရေး အခက်အခဲကို နည်းလမ်းများစွာဖြင့် ဖြေရှင်းကြသည်။ ထိုနည်းလမ်းများမှာ ( ၁ ) အကြွေးဝယ်ခြင်း ၊ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အပေါင်ခံခြင်းများ အပါအဝင် တစ်ဦးချင်းချေးယူခြင်း ( ၂ ) စုကြေးမဲအဖွဲ့ သို့မဟုတ် ငွေစုငွေချေးအဖွဲ့များတွင် ပါဝင်ခြင်း ( ၃ ) အစိုးရ သမဝါယမ ချေးငွေအဖွဲ့များတွင်ပါဝင်ခြင်းများ ဖြစ်သည်။ ဤကဲ့သို့ ချေးငှားသည့်ပုံစံများမှတဆင့် အမှုပြဿနာများ ဖြစ်ပွားကြသည်။

## *တစ်ဦးချင်းတစ်ယောက်ချင်းချေးငှားခြင်း*

လူအများသည် ဆွေမျိုးများ မိတ်ဆွေ အပေါင်း အသင်းများ စီးပွားရေးသမားများ လုပ်ဖော်ကိုင်ဖက်များနှင့် အခြားသူများထံမှ အချင်းချင်း ချေးငှားကြသည်။ ငွေထုတ်ပေးသည့်သူများသည် သူစိမ်းများထက်စာရင် ဆုံးရှုံးမှုနည်းနိုင်သည်။ မျက်နှာသိများကို ငွေချေးလေ့ရှိသည်။ ပြဿနာဖြစ်ပါက ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် ညှိနှိုင်းစေ့စပ်သူအဖြစ်ပါဝင်ပတ်သက်ရတတ်သည်။ သို့သော် အချို့ ငွေထုတ်ချေးသူများသည် ရရန်ရှိသည့်အကြွေးကို မတောင်းပဲ အဆုံးခံရသည်များ လည်းရှိသည်ဟု ပြောကြသည်။

တစ်ဦးတစ်ယောက်ချင်း ချေးငှားမှုများတွင် အကြွေးဖြင့်ဝယ်ခြင်းနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အပေါင်ခံခြင်းများလည်း ရှိတတ်သည်။

## *အကြွေးဖြင့် ဝယ်ယူခြင်း*

ရှမ်းပြည်မြောက်ပိုင်း လေ့လာခဲ့သည့် နေရာတစ်ခုတွင် ဈေးကြီးတစ်ဈေးရှိသည်။ ထိုဈေးမှ လက်လီဈေးသည်များသည် ၎င်းတို့၏ ကုန်ပစ္စည်းများကို နေ့ပြန်တိုး ( ၃၀ % ) ဖြင့် လက်လီလက္ကားဒိုင်များမှ အကြွေးယူပြီး ဈေးတွင်ပြန်လည်ရောင်းချကြသည်။ ထိုလက်လီဈေးသည်များမှာ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက် ရောင်းသူများနှင့် မုန့်ပဲသရေစာဆိုင်ရှင်များ ဖြစ်ကြသည်။ ( ဖြစ်စဉ် ၂၂ တွင် ရှု )

ဖြစ်စဉ် ၂၂

ရှမ်းအမျိုးသမီး တစ်ဦးသည် ဈေးတွင် ကြက်သား ရောင်းသည်။ ပြန်လည်ရောင်းချရန် နေ့စဉ်ဝယ်ရသည့် ကြက်သားဖိုးမှာ ကျပ် ( ၃၀,၀၀၀ ) ရှိသည်။ သူ့လက်ထဲတွင် နေ့စဉ် ကျပ် ( ၁၀,၀၀၀ ) သာရှိသည်။ ထိုအတွက် ကျန် ကျပ် ( ၂၀,၀၀၀ ) ဖိုးကို ကြက်သား လက္ကားဒိုင်မှ အကြွေးဖြင့် ဝယ်ရသည်။ ရောင်းကောင်းသည့်နေ့တွင် ( ၄၅,၀၀၀ ) ရသည်။ ဒိုင်မှဝယ်ထားသည့် အကြွေး ( ၂၀,၀၀၀ ) ကျပ်နှင့် အတိုး ( ၆၀၀၀ ) ကျပ်ပေးပြီးသည့်အခါ အမြတ် ( ၉,၀၀၀ ) ကျပ်ကျန်သည်။

တစ်ခါတစ်ရံ ရောင်းမကောင်းသည့် နေ့များတွင် အိမ်စရိတ်လည်း ဖယ်ရသည့်အတွက် အကြွေးဖြင့်ပိုဝယ်ရသည်။ ငွေချေးသူများထံမှမချေးလိုသောကြောင့် အကြွေးဆပ်ရန် ကြိုးစားရုန်းကန်ရသည်ဟု သူမကဆိုသည်။

ယေဘူယျအားဖြင့် အကြွေးယူထားသူများ အတိုးဖြင့်ချေးယူခဲ့သည့် ငွေပမာဏကို ပြန်မဆပ်နိုင်သည့်အခါ ပြဿနာများ ဖြစ်ပွားသည်။ ဖြစ်စဉ် (၂၂) ၌ ဖော်ပြခဲ့သည့် ဈေးတွင် စည်ပင်သာယာ ဈေးဝန်ထမ်း ဩဇာရှိသည့် ဈေးသည် သို့မဟုတ် ဈေးစီမံခန့်ခွဲရေးကော်မတီမှ ငှားရမ်း ထားသည့် ပုဂ္ဂလိက လုံခြုံရေးဝန်ထမ်းများက နှစ်ဖက်စလုံးကို ခေါ်ယူဆုံးမပြီး ပြဿနာကို ကြားဝင်ဖျန်ဖြေ ဖြေရှင်းပေးကြသည်။

## *ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအပေါင်ခံခြင်း*

ရှမ်းပြည်တောင်ပိုင်း ကျေးလက်ဒေသများတွင် မြေ သို့မဟုတ်ရွှေကို အာမခံအဖြစ်အပေါင်ထား၍ ငွေချေးကြသည်ကို ဖြေဆိုသူများကရှင်းပြသည်။ လယ်ယာစိုက်ပျိုးမှုသဘောသဘာဝအရ တောင်သူများသည် သီးနှံများကိုရိတ်သိမ်းရောင်းချပြီးမှသာ ငွေပေါ်ကြသည်။ လိုအပ်သည့်လယ်ယာ သွင်းအားစုများ ဝယ်ရန် အလုပ်သမားခပေးရန်နှင့် နေ့စဉ်အိမ်သုံးစရိတ်များအတွက် ၎င်းတို့၏မြေကို အာမခံအပေါင်ထား၍ ချေးငှားကြသည်။ အကယ်၍ လယ်သမားတစ်ဦးသည်ချက်ချင်းပြန်မဆပ်နိုင်ပါက ဆင့်တိုးတက်သဖြင့်မူလ အကြွေး ပမာဏထက် အဆပေါင်းများစွာ ပြန်ဆပ်ရသည်။

မူလအကြွေးနှင့် ဆင့်တိုးပြန်မဆပ်နိုင်သဖြင့် မြေဆုံးရသည်၊ သို့မဟုတ် ဆုံးလုနီးပါး သာဓကများစွာ ရှိသည်။ (ဖြစ်စဉ် ၂၃ နှင့်၂၄တွင်ရှု)

ဖြစ်စဉ် ၂၃

၂၀၁၄ တွင် လယ်သမား တစ်ဦးသည် ၎င်း၏ လယ်ကို အာမခံအပေါင်တင်၍ ကျပ် (၁၀၀,၀၀၀) ချေးယူခဲ့သည်။

သုတေသနပြုလုပ်သည့် အချိန်တွင် ထို လယ်သမား တင်နေသည့် အကြွေးမှာ ကျပ် ( ၇၀၀,၀၀၀ ) ဖြစ်သည်။ ဆက်တိုက်တိုးနေသည့် ငွေပမာဏကို ပြန်မဆပ်နိုင်သည့်အတွက် သူ၏ လယ်ကို ဆုံးရှုံးခဲ့ရသည်။ ထိုအချိန် လယ်၏ ကာလပေါက်ဈေးမှာ ကျပ် ( ၂၀၀,၀၀၀ ) ဖြစ်သည်။

ဖြစ်စဉ် ၂၄

လွန်ခဲ့သည့် ( ၆ ) နှစ်က လယ်သမားတစ်ဦးသည် ၎င်း၏မိသားစုနှင့် စိုက်ပျိုးရေး အသုံးစရိတ်များအတွက် ငွေကျပ် ( ၅၀,၀၀၀ ) ပေးရန် လိုသဖြင့် သူ၏ ( ၂ ) ကေခွဲမြေကို ရွာထဲမှ လူတစ်ယောက်ထံ အပေါင်ခံခဲ့သည်။ ချေးငွေ၏ လစဉ်အတိုးနှုန်းမှာ ( ၁၀ % ) ဖြစ်ပြီး အတိုးအရင်းအကျေဆပ်ပြီးမှသာ ထိုမြေကို ပြန်ရနိုင်သည်။

ထိုနှစ်တွင် ထွက်ရှိသည့် သီးနှံ ရောင်းချရာတွင် အမြတ်အစွန်း နည်းသဖြင့် အကြွေးပြန်မဆပ်နိုင်ခဲ့ပါ။ ထိုအတွက် အတိုးအရင်းပေါင်းမြင့် တက်လာပြီး လယ်သမားသည် ငွေထုတ်ချေးသူထံ (၁၀၀၀,၀၀၀) ကျပ် အကြွေးတင်သည်။ အဆုံးတွင်၎င်းတို့ ပိုင်ဆိုင်သည့်မြေ သူစိမ်းတစ်ယောက် လက်ထဲ အပါမခံလိုသည့် ယောက်ခမဖြစ်သူမှကြားဝင်ပြီ ငွေထုတ်ချေးသူကို (၁၀) သိန်းကျပ် ပေးချေခဲ့သည်။ မြေပိုင်ဆိုင်မှုကို သူမ၏ ယောက်ခမလက်ထဲ လွှဲပြောင်းခဲ့သည်။

ထိုဒေသမှလူများသည် ရွှေကို အာမခံအပေါင်တင်၍ အတိုး ( ၃% ) ဖြင့်လည်း ငွေချေးကြသည်။ အကယ်၍ ရွှေ သို့မဟုတ် ပိုင်ဆိုင်မှုအပေါင်ပစ္စည်းများ မရှိပါက အတိုးနှုန်းမှာ ( ၈% ) ဖြစ်သည်။ ရပ်ရွာခေါင်းဆောင်တစ်ဦးက " အဲ့ဒီလောက်များတဲ့ အတိုးနဲ့ ချေးနေသမျှတော့ ကိုယ်စားရမယ့် အစာကို သူတစ်ပါး သူစိမ်းတွေကို ခွဲကျွေးနေရသလိုပဲ" ဟု ငြီးတွားသည်။

## *ချေး / ငှား သံသရာ - မဲစုကြေးများ ( ပုဂ္ဂလိက )*

သုတေသနလေ့လာရာ မြို့ပြနေရာ ( ၄ ) ခုမှ ဖြေဆိုသူများက မဲစုကြေးများ အကြောင်းရှင်းပြကြသည်။ ယေဘုယျအားဖြင့် တစ်ယောက်နှင့်တစ်ယောက် သိကြသည်။ လူအနည်းဆုံး ( ၁၀ ) ဦးမှ အများဆုံးအယောက် ( ၃၀ ) အုပ်စုဖွဲ့ကြသည်။

ထိုအုပ်စုသည် လစဉ်သို့မဟုတ် (၁၅) ရက်တစ်ခါ စုရမည့် ငွေပမာဏကို သတ်မှတ်သည်။ ထို ပမာဏကို မဲလိပ်များအဖြစ်ပိုင်းခြားပြီး မိမိစီးပွားရေး တက်နိုင်သည့် အနေအထားအရ တစ်လိပ် သို့မဟုတ် ထိုထက်ပိုပြီး ထည့်ဝင်ကြသည်။ သတ်မှတ်ထားသည့် တစ်ပတ်လည်သည့် အချိန်တွင် ယေဘုယျအားဖြင့် အဖွဲ့ဝင်တစ်ဦးသည် စုငွေအကုန်ထုတ်ယူခွင့်ရှိသည်။ ထိုပမာဏထက် လျော့၍လည်း ဖြစ်နိုင်သည်။ (အောက်တွင်ရှု) အုပ်စုထဲတွင် ကမကထခေါင်းဆောင်နှင့် ကျန်အဖွဲ့သားများ ယုံကြည်သည့် ငွေထိန်းတစ်ဦး ရှိသည်။ ထိုသူသည် စုငွေကို ပထမဦးဆုံးအလှည့်တွင် ထုတ်ယူခွင့်ရှိသည်။

မဲစု ကြေးပုံစံတစ်မျိုးမှာ အခြား အဖွဲ့ဝင်များသည် (ငွေထိန်းမှလွဲ၍) မိမိမဲကြေးထုတ်ယူရမည့် အလှည့်ကို မဲနှိုက်ကြသည်။ မဲလိပ်ပိုထည့်ထားသူ များသည် ထည့်ထားသည့်အလျောက် ထုတ်ခွင့်အလှည့် ပိုရသည်။ သို့သော် မိမိအလှည့်မတိုင်မှီ စုငွေကြိုထုတ် လို သူသည် စုကြေးကြားဖြတ်ထုတ်ရန် လေလံတင်ရသည်။ နောက် အလှည့်တွင် စုကြေးထုတ်လို သူများ အမှန်တကယ် အပြည့်အဝပမာဏထက်နည်းသည့် လေလံကြေးများ တင်ကြသည်။ ကြေးအနိမ့်ဆုံး တင်သည့်သူသည် လေလံအောင်ပြီး အလှည့်ကျော်ကြားဖြတ်ထုတ်ခွင့်ရသည်။ အမှန်တကယ်စုကြေး နှင့် လေလံကြေးကြား ကွာခြားချက် ပမာဏကို အဖွဲ့ဝင်များကြား ထည့်ဝင်သည့် မဲလိပ်အရေအတွက်အရ ခွဲဝေသည်။ အလှည့်ကျော် ထုတ်ယူမှုကို ထိုထုတ်ယူသူများ၏ အလှည့်ဟုသတ်မှတ်သည်။ ဤသို့လုပ်ဆောင်ခြင်း၏ ရလဒ်မှာ မိမိအလှည့် မတိုင်မီ ငွေအရေးတကြီးလိုသူသည် အမှန်တကယ်ရသင့်သည့် ပမာဏထက် များစွာနည်း၍သာ ရသွားသည်။ အကယ်၍မဲအလှည့်အပတ် အကုန်ပြည့်ခဲ့ သည်ဆိုပါက ထိုသူသည် မိမိရခဲ့သည့်ငွေထက် အဖွဲ့ကိုပြန်သွင်းရသည့်ငွေက ပို၍များနေမည်ဖြစ်သည်။(ဖြစ်စဉ် ၂၅ တွင် ရှု)

မဲကြေး ဒုတိယပုံစံမှာ စုကြေးထုတ်ယူမှုကိုအလှည့်ဖြင့်အစဉ်လိုက် ထားရှိခြင်းမျိုးမဟုတ်ပါ။ ပထမအလှည့်တွင် ငွေထိန်းက စုကြေးထုတ်ယူပြီးနောက် နောက်အလှည့်အတွက် ထုတ်ယူရမည့်သူကို အဖွဲ့ဝင်များကြား လေလံစနစ်ဖြင့် သတ်မှတ်သည်။ စုကြေးကာလတလျှောက် အဖွဲ့ဝင်တစ်ဦးချင်းစီ ထည့်ဝင်ရမည့် ပမာဏထက် နည်းသည့်လျော့ဈေး

ဖြင့်လေလံတင်ကြသည်။ အမြင့်ဆုံးလျော့ကြေးတွင်ထည့်သွင်းသည့် အဖွဲ့ဝင် တစ်နည်းဆိုရလျှင် စုကြေးကို အနိမ့်ဆုံးဈေးဖြင့် ထုတ်ယူမည်ဟု တင်သွင်းသူသည် လေလံအောင်သည်။ ဥပမာ - အဖွဲ့ဝင် (၁၀) ဦးပါဝင်သည့်အုပ်စုတွင် စုကြေးတစ်ပတ်အတွက် အဖွဲ့ဝင်တိုင်းက ကျပ် (၁၀၀,၀၀၀) သွင်းရမည်။ စုစုပေါင်း ကျပ် (၁၀) သိန်းအတွက် သတ်မှတ်ထားသည်။ ကျပ် (၂) သိန်း သွင်းရမည်ဟု တင်သွင်းသူသည် ကျပ် (၁) သိန်းတင်သည့်သူကို ဖြတ်ကျော်ပြီး စုကြေးငွေကျပ် ( ၈ ) သိန်းထုတ်ယူခွင့်ရှိသည်။ ဤအလှည့်အတွက် အဖွဲ့ဝင်တစ်ဦးချင်း ထည့်ဝင်ရမည့် ပမာဏ (၂) သောင်းကျပ် နည်းသွားပြီး ကျပ် (၈) သောင်းသာထည့်ရသည်။ လေလံအောင်သည့်သူသည် ကျပ် (၁၀) သိန်းအစား ကျပ် (၈) သိန်း ထုတ်ယူနိုင်သည်။ နောက် အလှည့်များတွင် လေလံမအောင်သေးသည့် သူများသည် လေလံဆွဲခွင့် ရှိသည်။ ဆိုလိုသည်မှာ ထိုအဖွဲ့ဝင်များသည် စုကြေးကာလ အဆုံးပိုင်း ၎င်းတို့အလှည့်ရောက်သည့်အခါ ငွေပမာဏ အကုန်လုံးထုတ်ယူနိုင်ပြီး တစ်ချိန်တည်းမှာပင် အလှည့်တိုင်းတွင် အောက်ကြေးထည့်ဝင်ကြေးအကျိုးကျေးဇူးများ ရရှိသည်။[၃၆]

အမျိုးသမီးဖြေဆိုသူတစ်ဦးက သူမနှင့်ရပ်ရွာအခြားသူများ မဲစုကြေး အဖွဲ့ဝင်များတွင် ပါဝင်ရသည့် အကြောင်းကို ရှင်းပြသည်။

"တစ်နေ့ရာတည်းက တစ်လုံးတည်း တစ်ခဲတည်း ရဖို့ ဆိုတာခက်တယ်။ ကျမတို့ စီးပွားရေးလုပ်ဖို့ ငွေလိုတယ်လေ။ ဘယ်သူကမှလည်းအဲ့ဒီလောက်ကြီးပေးမှာမဟုတ်ဘူး။ အိမ်မှာ ကိုယ့်ဘာသာကိုယ် စုထားရင်လည်း သုံးလို့ကုန်မှာ ဒီတော့အခြားလူတွေနဲ့အတူ အဖွဲ့ထဲပေါင်းပြီး စုဖြစ်ကြတာ။ "

ယေဘုယျအားဖြင့်အဖွဲ့ထဲမှအဖွဲ့ဝင် တစ်ဦးမဲကြေး ထုတ်ယူပြီးနောက် ရပ်ရွာမှ ထွက်ပြေးသွားသဖြင့် ကျန်အဖွဲ့ဝင်များ၏ အလှည့်ဆုံးရှုံးရသည့်အခါများတွင် ပြဿနာများ ပေါ်ပေါက်သည်။ အချို့ရပ်ကျေးအုပ်ချုပ်ရေးမှူး များနှင့် ရပ်မိရပ်ဖများသည် ထိုအမှုများကို ၎င်းတို့တတ်စွမ်းသလောက် ကြိုးစားပြီး ကြားဝင်စေ့စပ်ပေးကြသည်။ ရပ်ရွာတစ်ခုတွင် မဲစုကြေးအဖွဲ့ဝင်များသည် ယူနီဖောင်းဝတ်ရဲ အရာရှိများ၏ အရှိန်အဩဇာကို အသုံးပြုပြီး ကျန်အဖွဲ့ဝင်များကို မဲကြေး ဆက်သွင်းခိုင်းကြသည်။

သို့သော် ယေဘုယျအားဖြင့် ပြဿနာဖြစ်လာပါက အကူအညီများစွာမရရှိဟု ဖြေဆိုသူများ ခံစားရသည်။ မဲစုကြေး အဖွဲ့ဝင် စာရွက်စာတမ်း သို့မဟုတ် ခွင့်ပြုချက်များဖြင့် လုပ်ကိုင်ခြင်းမဟုတ်သောကြောင့် ထိုပြဿနာများကို ရဲထံ တိုင်ကြားခြင်း သို့မဟုတ် အစိုးရ တာဝန်ရှိသူများထံမှ အကူအညီ ရယူခြင်းများမရှိဟု အချို့က မှတ်ချက်ပေးသည်။ ဖြေဆိုသူတစ်ဦးက

"မဲစုကြေးအဖွဲ့တွေထဲမှာ ထွက်ပြေးတာတို့၊ လိမ်သွားတာတို့ ကြားရတာဘဲ။ ငါတို့အဖွဲ့ထဲမှာ ဒီလိုမဖြစ်ပါစေနဲ့လို့ ဆုတောင်းရုံဘဲ တတ်နိုင်တယ်" ဟု ပြောပြသည်။

မဲစုကြေးအဖွဲ့ ( ပထမပုံစံ ) လည်ပတ်ဆောင်ရွက်ပုံများနှင့် အဖွဲ့ဝင်တစ်ဦး ထွက်ပြေးသည့်အခါ ပေါ်ပေါက်လာသည့် ပြဿနာများကို ( ဖြစ်စဉ် ၂၅ တွင် ဖော်ပြထားသည်။)

### ဖြစ်စဉ် ၂၅

ဈေးရှေ့ရှိ လူကြိုက်များသည့် စားသောက်ဆိုင်ငယ်ပိုင်ရှင် အမျိုးသမီးကို မဲစုကြေးအဖွဲ့ ငွေထိန်းအဖြစ် ရွေးချယ်ခဲ့သည်။ အဖွဲ့ဝင်များက စုကြေးကာလကို (၁၅) လ နှင့် (၁၅) ရက် တစ်လှည့် လျှာထားသည်။ တစ်လှည့်တွင် စုငွေကျပ်သိန်း(၉၀)၊ စုကြေးလိပ် (၃၀)၊ တစ်လိပ် (၃) သိန်းကျပ် သတ်မှတ်သည်။

စားသောက်ဆိုင်ပိုင်ရှင်သည် မဲလိပ် (၃) လိပ် ( ကျပ် ၉ သိန်း ) ထည့်ဝင်ရန် ဆုံးဖြတ်သည်။ ဆိုလိုသည်မှာ သူမသည် ( ၃ ) ကြိမ် မဲ ထုတ်ခွင့်ရှိသည်။ သူမသည် ငွေထိန်းဖြစ်သည့် အတွက် ပထမ အလှည့် မဲကြေး ထုတ်ခွင့်ရသည်။ ထိုငွေသိန်း (၉၀) ဖြင့် စီးပွားရေးလုပ်ငန်းချဲ့ထွင်ပြီး ကားအသစ် တစ်စီးလည်း ဝယ်ခဲ့သည်။

ပထမ (၃) လတာ ကာလအတွင်း အဖွဲ့သည် ချောမွေ့စွာ လည်ပတ်ခဲ့ပြီး စားသောက်ဆိုင်ပိုင်ရှင် အမျိုးသမီးသည် စုကြေးများကို ကောက်ခံ၍ လစဉ် စုမဲကြေး သိန်း ( ၉၀ ) ကိုလည်း အလှည့်ကျအဖွဲ့ဝင်တစ်ဦးစီကို ပေးအပ်ခဲ့သည်။ သို့သော် ( ၇ ) ပတ်မြောက်တွင် ဝက်သားဆိုင်ပိုင်ရှင်သည်သူထည့်ဝင်ရမည့်မဲကြေးနစ်စုစာ ( ၆ ) သိန်းကျပ်ကို စားသောက်ဆိုင်ပိုင်ရှင်အား ပေးရန်ငြင်းဆန်သည်။ အဘယ်ကြောင့်ဆိုသော် စားသောက်ဆိုင်ပိုင်ရှင်သည် ဝက်သားသယ်ကို အကြွေးပြန်ဆပ်ရန်ရှိသည့်အတွက် စားသောက်ဆိုင်ပိုင်ရှင်သည် ဝက်သားသယ်ထည့်ဝင်ရမည့် ကိုယ်တာ ( ၆ ) သိန်းကျပ်ကို စိုက်ထည့်ပေးရန် လိုအပ်သည်။

[၃၆] ဖြေဆိုသူများက ဤပုံစံကို "လေလံစု"ဟု ခေါ်ကြသည်။

စားသောက်ဆိုင်ပိုင်ရှင်သည် ဝက်သားသယ်ကိုယ်တာ အပြင် သူမ၏ ကိုယ်တာကိုပါ (စုစုပေါင်း ကျပ် ၁၅ သိန်း ) မထည့်ဝင်နိုင်သောကြောင့် အဖွဲ့မှ ဒုတိယအကြိမ် မဲကြေးထုတ်ယူနိုင်သည့် အခွင့်အရေးကို အသုံးချပြီး "အလှည့်ကျော်" လေလံဝင်စွဲသည်။ လေလံ၏ သဘော သဘာဝအရ သူမသည် သိန်း ( ၆၀ ) သာ ထုတ်ယူနိုင်ခဲ့ပြီး ထိုထဲမှ သူမနှင့် ဝက်သားသယ်၏ ကိုယ်တာ စုစုပေါင်း ၁၅ သိန်းကို ပေးချေထည့်ဝင်ရသည်။

လေလံ နည်းလမ်းဖြင့် သူမ၏ လက်တလောပြဿနာကို ဖြေရှင်းနိုင်ခဲ့သော်ငြားလည်း မဲကြေး (၈) ပတ်မြောက် တွင်လည်း မဲ ကိုယ်တာ (၃) ခုထည့်ရန် မသေချာသည့် အနေအထားတွင် ရှိသည်။ မဲစုကြေးထုတ်ရမည့်သူအလှည့် ရောက်သည့်နေ့တွင် သူမတွင် ပေးစရာငွေ အလုံအလောက် မရှိသည့်အတွက် မြို့မှ ထွက်ပြေးပြီး အဖွဲ့ကို ရှောင်ခဲ့သည်။

(၈) ပတ်အလှည့်ပြီးသွားသည့် အခါ သူမသည် မြို့သို့ပြန်လာပြီး ( ၉ ) ပတ်စာအတွက် ငွေကောက်ခံရန် ကြိုးစားသည်။ (၈) ကြိမ်မြောက် အလှည့်တွင် သူမသည် ၎င်း၏ ကိုယ်တာထည့်ဝင်ခဲ့ခြင်းမရှိသည့်အတွက် အလှည့် (၂) မှ (၇) အထိ ငွေထုတ်ပြီးသွားသည့် အဖွဲ့ဝင်များက နောက်ထပ် ထည့်ရန် ငြင်းဆိုကြသည်။

ထို့အတွက် သူမသည် ဆက်မထည့်လိုသည့် သူများ၏ ကိုယ်တာများကိုစိုက်ထည့်ရန် ကြိုးစားသည်။ ရပ်ရွာတွင် နံမည်မပျက်လို သောကြောင့် သူမပိုင်ဆိုင်မှုနှင့် အိမ်တို့ကို ရောင်းချ၍ မဲစုအဖွဲ့ ငွေရေးကြေးရေး ပြဿနာကို ဖြေရှင်းရန် ကြိုးစားသည်။ သို့သော် ( ၁၀ ) ကြိမ်မြောက်တွင် ငွေရေး ကြေးရေး ပြဿနာများကို ဆက်လက်မကိုင်တွယ် နိုင်တော့သဖြင့် အခြားဒေသတစ်ခုသို့ ပြောင်းသွားသည်။

မဲစုကြေး အဖွဲ့အတွင်း အလှည့် (၂၀) ကျန်နေသေးရာ စုကြေးမထုတ်ရသေးသည့် သူများက ရပ်ကျေးအုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းသို့ တိုင်သည်။ အုပ်စုအဖွဲ့ဝင်များတွင် တရားဝင်စာရွက်စာတမ်း မရှိသည့်အတွက် သက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့် မည်သို့မျှ မဆောင်ရွက်ပေးနိုင်ပါဟု ဖြေဆိုသူများက ပြောသည်။

## *သမဝါယမငွေစုငွေချေးအဖွဲ့များ (အစိုးရ)*

အစိုးရရန်ပုံငွေမှ မူရင်းမတည်ငွေဖြင့် ၂၀၁၄ ၊ ဇွန်လ တွင် စတင်ခဲ့သည့် ဆောင်းဟေမာန် အစိုးရသမဝါယမ ငွေစုငွေကြေးအဖွဲ့တွင် ပါဝင်ပတ်သက်ရာမှ ပေါ်ပေါက်လာသည့် ပြဿနာများကို လေ့လာဒေသတစ်ခုမှ ဖြေဆိုသူများက ရှင်းပြသည်။ ငွေစုငွေချေး ကော်မတီအဖွဲ့များကို ရပ်ကွက်နှင့် ကျေးရွာအဆင့်များတွင် ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌနှင့် အခြားအလုပ်အမှုဆောင် ကော်မတီဝင်များကို ရပ်ရွာခေါင်းဆောင်များနှင့် အစိုးရဝန်ထမ်းများထဲမှ ရွေးချယ်သည်။

အဖွဲ့တွင်း အဖွဲ့ဝင် (၃၀၀) ကျော်ရှိပြီး အသက် (၁၈) နှစ်ပြည့်ပြီး ရပ်ရွာတွင်းနေထိုင်ကြောင်း စာရွက်စာတမ်း အထောက်အထား ( ဥပမာ အိမ်ထောင်စုစာရင်း) ပြနိုင်သည့် ရပ်ရွာတွင်းရှိ မည်သူမဆိုအဖွဲ့ဝင်ဖြစ်ခွင့်ရှိသည်။ အဖွဲ့ဝင်ကြေးကို ကျပ် ( ၅,၀၀၀ ) သတ်မှတ်ထားပြီး အဖွဲ့ဝင်များသည် ကျပ် ( ၁ ) သိန်းကို အတိုးနှုန်း ( ၁.၅% ) ဖြင့် ချေးယူခွင့်ရှိ သည်။ ငွေချေးယူသည့် လူတိုင်းသည် (၆) လကြာပြီးသောအခါ အရင်းနှင့်အတိုး စုစုပေါင်း (၁၀၉,၀၀၀) ကျပ် ပြန်ဆပ်ရသည်။ လစဉ် အတိုးနှုန်း ( ၁% ) ဖြစ်သည့် အဖွဲ့စုငွေကို အဖွဲ့ဝင်တစ်ဦးသည် ငွေစုငွေချေး တစ်ပတ်လည်သည့်အချိန် အဖွဲ့မှ ထွက်သည့်အခါမှသာ ထုတ်ယူခွင့်ရှိသည်။

ငွေစုငွေချေး တစ်ပတ်လည်သည့် အချိန်တွင် ၎င်းတို့၏ ချေးငွေများကို ပြန်ဆပ်ရန် အချို့လူများသည် အခက်အခဲရှိကြသည်ဟု ဖြေဆိုသူများက ပြောသည်။ သမဝါယမချေးငွေများကိုပြန်ဆပ်နိုင်ရန် တရားမဝင်ငွေတိုးချေးစားသည့်သူများထံမှ အတိုးနှုန်း(၈%)မှ(၁၅%)ချေးကြရသည်။ အချို့ဆိုလျှင် မိသားစုတစ်စုထဲမှ မိသားစုဝင်အများ အပြားသည် သမဝါယမချေးငွေ ထုတ်ယူထားကြသဖြင့် ချေးငွေတစ်ပတ်လျှင် ငွေတိုးချေးစားသူများထံမှ ပြန်ချေးရသည့်ငွေမှာ ၂၀၀,၀၀၀ ကျပ်မှ ၅၀၀,၀၀၀ ကျပ်ရှိကြသည်။ ငွေချေးသည့်သူအများမှာ ဟင်းသီးဟင်းရွက်ဈေးသယ်များ ဖြစ်ကြပြီး ၎င်းတို့ အရောင်းအဝယ်အတွက် ငွေလိုအပ်သည်။ ထိုအတွက် အတိုးနှုန်းများစွာ ပေးရသည့်တိုင် နောက်ထပ် ငွေချေးလိုသည့် အတွက် ငွေစုငွေချေးအဖွဲ့ထံမှ ချေးယူထားသည့်ငွေကို အမြဲတမ်းပြန်ဆပ်ရန် ကြိုးစားကြသည်။ ထို့အတွက် အကြွေးသံသရာလည်စေသည်။

*နောက်ထပ်အတိုးကျပ် ၁၀,၀၀၀ ဖြင့် နောက်ကျပြန်ဆပ်ငွေ ( နောက်အကျဆုံး ၁၀ ရက်အထိ ) * ( အလုပ်အမှုဆောင်အဖွဲ့ နောက်ဆုံးပြဋ္ဌာန်းကျင့်သုံးသည့်) စနစ်သစ်ကိုလည်း ဖြေဆိုသူများက ကျေနပ်မှုမရှိကြပါ။ နောက်ကျ သွင်းငွေဆိုသည်မှာ အဖွဲ့ဝင်တစ်ဦးသည် နောက် (၆) လ တစ်လှည့်စာ ကာလအတွင်း ချေးငွေထုတ်ယူနိုင်ခွင့် ဆုံးရှုံးသည်ဟု အဓိပ္ပါယ် သက်ရောက်သည်။ ဖြေဆိုသူ

အများအပြားအား ၎င်းတို့၏ မကျေနပ်မှုကို ထုတ်ဖော်ကြပြီး အုပ်စု ခေါင်းဆောင်များသည် သူတို့ကိုယ်ကျိုးစီးပွားအကျိုး အမြတ်ရှာကြသည်ဟုလည်း စွပ်စွဲကြသည်။

" အတိုးက အရမ်းကိုများတာ၊ ၁၀ ရက်စာလေးကို ၁၀,၀၀၀ ကျပ် ဆိုတော့ အရမ်းကိုများတယ်။ ပိုက်ဆံရှာရတာ ခက်တဲ့သူတွေကျတော့ ရွေးစရာမရှိဘူး ( *ဒါက လွဲလို့) သမဝါယမအုပ်စု ခေါင်းဆောင်တွေနဲ့ အစိုးရ ဝန်ထမ်းတွေက အချိန်မှီမဆပ်နိုင်တဲ့သူတွေ အတိုးနှုန်း အများကြီးပေးရတဲ့ သူတွေရဲ့ ပိုက်ဆံနဲ့ လုပ်စားနေကြတာ။ သူတို့က ဒီပိုက်ဆံကို အပြင်မှာ အတိုးနဲ့ပြန်ချေးတယ်။ အဖွဲ့ဖွဲ့ထားတာက ဆင်းရဲတာ ပပျောက်ဖို့တဲ့။ ဒါပေမယ့် ဘယ်လိုလုပ် သွားပြီး ပပျောက်မလဲ။ ဒီပုံစံနဲ့ဆို ဆင်းရဲတဲ့သူတွေက အရင်ကထက် ပိုဆင်းရဲကြအုံးမှာ "

## ပြည်သူ့ဝန်ဆောင်မှုများ - ရရှိခြင်းနှင့် စည်းမျဉ်းစည်းကမ်းများ

လေ့လာသည့်နေရာဒေသ ဖြေဆိုသူများက ပြည်သူ့ဝန်ဆောင်မှုများရရှိရန် အခက်အခဲများနှင့် စည်ပင်သာယာ စည်းမျဉ်း စည်းကမ်း တာဝန်များ၊ ပတ်သက်သည့် ပြဿနာများကို ပြောပြကြသည်။ ထိုစိုးရိမ်ပူပန်မှုပြဿနာများကို အုပ်စုနှစ်စုခွဲခြားနိုင်သည်။ ( ၁ ) ဝန်ဆောင်မှုများရရှိရန် လာဘ်ပေးလာဘ်ယူအပါအဝင် ပြည်သူ့ဝန်ဆောင်မှုများ လက်လှမ်းမှီရရှိနိုင်မှု အခက်အခဲ ( ၂ ) အဂတိလိုက်စားမှုနှင့် စည်းမျဉ်း စည်းကမ်း ကြပ်မတ်မှု မရှိသည့်အတွက် ကျန်းမာရေးဆိုင်ရာ အန္တရာယ်ဆိုးကျိုးများဖြစ်သည်။

### *ပြည်သူ့ဝန်ဆောင်မှုများ ရရှိနိုင်မှု အခက်အခဲ*

လေ့လာခဲ့သည့်နေရာဒေသ ( ၃ ) ခုမှ ရပ်ရွာများသည် နေ့စဉ်မိသားစုနှင့် သို့မဟုတ် လယ်ယာစိုက်ပျိုးရေး လိုအပ်ချက်များအတွက် ရေမလုံလောက်မှုနှင့် ရေပြတ်လပ်မှု၏ အကျိုးဆက်များကို ပြောဆိုကြသည်။ ရေရရှိ နိုင်ရေးအတွက် ရပ်ရွာများသည် မိမိတို့ဘာသာ ကော်မတီများ ဖွဲ့စည်းပြီး ကြပ်မတ် ထိန်းသိမ်း၍ သော်လည်းကောင်း သို့မဟုတ် ရန်ပုံငွေကောက်ခံ စုဆောင်း၍ ရေပုံမှန် ဖြန့်ဖြူးပေးရန် အစိုးရဝန်ထမ်းများအား မက်လုံးပေး၍သော်လည်း ကောင်း ကြိုးစားဖြေရှင်းကြသည်။ ( ဖြစ်စဉ် ၂၆၊ ၂၇ နှင့် ၂၈ တွင်ရှု )

မည်သို့ပင်ဖြစ်စေကာမူ ထိရောက်သည့် ဖြေရှင်းမှုများမရှိဟု ပြောကြားသည်။ ဖြေဆိုသူများသည် တစ်ခါတရံ ၎င်းတို့၏ လိုအပ်ချက်ရရှိရန် ငွေကြေးအပိုပေး၍ လက်ရှိအနေအထားကို တိုးတက်ကောင်းမွန်ရန် ကြိုးစားကြသည်။ အချို့အခြေအနေများတွင် ရေပြတ်လပ်မှု၏ ဆိုးကျိုးများကို လျော့ချအောင်သာ လုပ်နိုင်ပြီး လက်ရှိ အခြေအနေနှင့် ရင်ဆိုင် ရုန်းကန်ရသည်။

**ဖြစ်စဉ် ၂၆**

၆ မိုင် အကွာတွင် ရှိသည့် ရေထွက်စမ်းမှ ရေကို ပန့်ဖြင့်မောင်းတင်ပြီး မြို့နယ်တွင်းရှိ နေရာဒေသများသို့ ရေပေးသည်။ နေထိုင်သူများသည် တစ်ပတ်တစ်ခါ ရေရရှိရေးအတွက် ရေပိုက်ခေါင်းများလာဖွင့်ပေးမည့် အစိုးရဝန်ထမ်းများကို မှီခို အားထားရသည်။

အချို့ရပ်ကွက်နေသူများဆိုလျှင် ဦးစီး အရာရှိ ရောက်လာမည်ကို ညသန်းခေါင်းယံအထိ စောင့်ကြရသည်။ ထို့အတွက် ၎င်းတို့အချင်းချင်း ဆွေးနွေး တိုင်ပင်ကြပြီး တစ်အိမ်လျှင် (၁၅၀၀) ကျပ် နှုန်းဖြင့် (၁၀) အိမ် (ကျပ် ၁၅,၀၀၀) ကောက်ခံ စုဆောင်းကြသည်။ အစိုးရ ဝန်ထမ်းအနေဖြင့် ၎င်းတို့အပိုင်းသို့ ပုံမှန်နေ့အချိန်စောစောလာစေရန် လက်ဖက်ရည်ဖိုး ဖြစ်သည်။

အချို့အိမ်များက လက်ဖက်ရည်ဖိုး ဆက်လက်မထည့်ဝင်ကြတော့ပါ။ အဘယ်ကြောင့်ဆိုသော် ငွေကောက်သည့်သူက ငွေများကို ဘုန်းပစ်သည်ဟု ပြဿနာတက်သောကြောင့် ဖြစ်သည်။

**ဖြစ်စဉ် ၂၇**

၂၀၁၄ တွင် တပ်မတော် တပ်ရင်းတစ်ခုသည် ရေကာတာဆည် တစ်ခုတည်ဆောက်ခဲ့ပြီး မြစ်ကြောင်း တစ်လျှောက် ကွန်ကရစ်နံရံများ ပြုလုပ်ခဲ့သည်။ အနီးတဝိုက်ရှိ ရွာများသည် မြစ်ရေကို လွတ်လပ်စွာ တင်ယူနိုင်ခြင်းမရှိတော့ပါ။ ရွာသားများသည် မြစ်ရေကို ဘေးထုတ်မြောင်းငယ် တစ်ခုမှသာ ရယူနိုင်တော့သဖြင့် ရေရရှိရေးအတွက် အပြိုင်အဆိုင် အလုအယက်များဖြစ်ကြရသည်။

ရပ်ကျေး - အုပ်ချုပ်ရေးမှူး၊ သူကြီးများနှင့် ရပ်မိရပ်ဖများ ပါဝင်သည့် ကော်မတီ တစ်ရပ် ဖွဲ့စည်းခဲ့ပြီး ကျေးရွာ အသီးသီးအားလုံး ရေဖြန့်ဝေရေးကို စီမံခန့်ခွဲခဲ့သည်။ အထက်အမြင့်ပိုင်း ရွာများနှင့် လယ်ယာများ အတွက် ရေပိုက် ခေါင်းများကို ၅ ရက်ဖွင့်ရန်၊ အောက်ပိုင်း ရွာများနှင့်

လယ်ယာမြေများအတွက် ၄ ရက် ဖွင့်ပေးရန် ဆုံးဖြတ်ကြောင်းဖြစ်သည်။ ရေကို အထက်နှင့် အောက်ရွာများ အလှည့်ကျ ရရှိစေရန်ဖြစ်သည်။ အပေါ်ပိုင်းရွာများသည် ၎င်းတို့ လယ်ယာများကို ရေသွင်းရန် ၅ ရက်ဖြင့် မလုံလောက်သောကြောင့် တခါတရံ အောက်ပိုင်းရွာများ ရေရမည့်အလှည့် တွင် ရေပိုက်ခေါင်းများကို ပိတ်မပေးကြပါ။

ထို့အတွက် ရွာများအကြား လယ်သမား အချင်းချင်း ပြဿနာများ ဖြစ်ကြသည်။ ထို့အ တွက် သူကြီးတစ်ဦးသည် ၎င်းရွာမှ ရွာသားများ လိုအပ်သည့် ရေရရှိရန်နှင့် နှစ်ဖက်စလုံး အညီ အမျှရရှိရန် ကူညီညှိနှိုင်းပေးသည်။ သူကြီးက " ဆုံးဖြတ်ချက်ကို လက်ခံဖို့ကလွဲလို့ တခြားရွေး စရာမရှိဘူး " တခြားတစ်ဖက်ကလည်း ရေလိုနေ တာဘဲလေ။ ရေကို ပုံးတွေနဲ့သယ်လို့လဲ မဖြစ်နိုင် ဘူး " ဟု မှတ်ချက်ပေးသည်။

ရေအလုံအလောက် မရရှိသဖြင့်တောင် သူများ စိုက်ပျိုးထားသည့် ကြက်သွန်နီ အထွက် ကျဆင်းသည်။ ထွက်ရှိသည့် ကြက်သွန်နီ များမှာ လည်း သာမာန်ထက် သေးငယ်ပြီး အပုပ်အဆွေး မြန်သဖြင့် ဈေးကောင်းမရဘဲ အောက်ဈေးဖြင့် သာ ရောင်းရသည်။ ရေမလုံလောက်မှု ပြဿနာ ကို စုစုပေါင်း ရွာ ( ၁၅ ) ရွာ တွေ့ကြုံခံစားရသည်။

ဖြစ်စဉ် ၂၈

နီးစပ်သည့်ရွာ ၃ ရွာမှ လယ်သမား များသည် ဆည်မှ စီးဆင်းလာမည့် ချောင်းရေ ကို မှီခိုအားထားကြသည်။ သို့သော် အမြင့်ပိုင်း ရှိ လယ်များသည် လိုသလောက် ရေကိုသုံးလိုက် သည့်အခါမျိုးတွင် အောက်ပိုင်းရှိ လယ်များ အ တွက် ရေအလုံအလောက် မကျန်တော့သဖြင့် လယ်သမားများ လိုအပ်သည့်ရေ လုံလောက်စွာ ရရှိကြပါ။

ပဋိပက္ခပြဿနာများ မဖြစ်လာစေရေး အတွက် ရွာ ၃ ရွာမှ ရပ်မိရပ်ဖများ၊ ဆယ်အိမ်မှူး များပါဝင်သည့် ရေခွဲဝေရေး နှင့် စီမံခန့်ခွဲမှုကော် မတီ ဖွဲ့စည်းခဲ့သည်။ လယ်သမားတစ်ဦးသည် ၎င်းလယ်ကွက်တစ်ကွက်ကို ရေသွင်းလိုပါက ၅၀၀၀ ကျပ်ပေးရမည်ဟု ကော်မတီ ဆုံးဖြတ် ချက် ချသည်။ ထို့အပြင် လယ်သမားတစ်ဦးသည် တစ်နှစ်လျှင် "ရေခွန်" ၆၀၀၀ ကျပ် ဆောင်ရမည် ဟုဆိုသည်။

လွန်ခဲ့သည့်နှစ်များအတွင်း ကော်မတီ သည် ရေခွဲဝေဖြန့်ဖြူးရေးကို မျှတစွာ စီမံခန့်ခွဲခဲ့ ခြင်းမရှိဟု ဖြေဆိုသူများကဆိုသည်။ ကော်မတီ သို့ ငွေပိုပေးနိုင် သည့် လယ်သမားများ ရေပိုရ ကြပြီး မတတ်နိုင်သူများမှာ လိုသလောက် မရရှိ ကြဟုလည်း ပြောကြသည်။ ကော်မတီသို့ ၆၀,၀၀၀ ကျပ် ပေးနိုင်သည့် လယ်သမား သည် လိုသလောက်ရေရရှိသည်။ ရေမလုံလောက်မှု ကြောင့် လယ်သမားများအကြား အငြင်းပွားမှု ပြဿနာများ ဖြစ်ပွားသည်။

အကူအညီ တောင်းခံရမည့်နေရာ မရှိ ဟု လယ်သမားတစ်ဦးက ရှင်းပြသည်။ "သူတို့ အကျင့်ပျက် လာဘ်ယူတာကို တိုင်ရင်လည်း ကျွန်တော်တို့ပဲ မျက်နာပျက် အရှက်ရမှာ။ နေ့ လွန်နေ့စားတွေ အတွက် တရားရုံး နေ့တိုင်းသွား ဖို့ ကလည်း မလွယ်ဘူး။ ပြီးတော့ အချိန်တိုတိုနဲ့ အမှုက ပြတ်မှာမဟုတ်ဘူး။ အဲဒါကြောင့် တိုင် လည်း မတိုင်ချင်တော့ဘူး"

ရပ်ကွက် ၂ ခုမှ ဖြေဆိုသူများက လျှပ်စစ်မီး ရရှိ ရေး အခက်အခဲများ၊ ထို့အခြေအနေ အခက်အခဲများကို ကုစား အဖြေရှာသည့် နည်းလမ်းများကိုလည်း ပြောဆိုကြ သည်။ လျှပ်စစ်မီးကို အညီအမျှတန်းတူ မရှိသူများကို မကျေနပ်သည့်တိုင်ကြားစာများကို မြို့နယ်အဆင့်ရှိ သက် ဆိုင်ရာဌာနများသို့ ရေးသားတိုင်ကြားသည် သို့မဟုတ် တခါ တရံ တရားရုံးသို့ ဦးတိုက်လျှောက်ထားကြသည်။

ပထမနယ် ရွာတွင် ပြည်ထောင်စုအစိုးရ ရန်ပုံငွေ ဖြင့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအရ မြို့နယ် မီးလင်းရေး အ ကောင်အထည်ဖော်ရန် မြို့နယ်လျှပ်စစ်မီး ခွဲဝေဖြန့်ဖြူးရေး စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခဲ့သည်။ ကော်မတီဝင်များ ထဲ တွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ နှင့် လွှတ်တော်ကိုယ် စားလှယ်တစ်ဦးလည်း ပါဝင်သည်။ အိမ်ထောင်စုအလိုက် ကနဦး တပ်ဆင်စရိတ်အပြင် နောက်ထပ် ၂၅၀,၀၀၀ ကျပ်ကို ကော်မတီက အိမ်ထောင်စုအလိုက် ကောက်ခံသောကြောင့် စုစုပေါင်း ကုန်ကျစရိတ်မှာ တစ်အိမ်ထောင်လျှင် ကျပ် ၅၀၀,၀၀၀ မှ ကျပ် ၇၀၀,၀၀၀ ကျခံရသည်။ သို့သော် များမကြာမီနောက်ပိုင်း ထိုစီမံကိန်းသည် အစိုးရ ထောက်ပံ့ ငွေဖြင့် အကောင်အထည်ဖော်သည့် စီမံကိန်းဖြစ်သည်။

လျှပ်စစ်မီး ရရှိရေးအတွက် ရပ်ရွာမှ ငွေပေးစရာ မလိုဟု လျှပ်စစ်ဌာနအရာရှိ တစ်ဦးထံမှ ကြားသိရသည့် အတွက် အချို့အိမ်ထောင်စုများက မြို့နယ်လျှပ်စစ်ကော်မတီကို တရားရုံး၌ တရားစွဲသည်။ အခြားအိမ်ထောင်စုများက မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်အဆင့် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန အဆင့်ဆင့်ထံ တိုင်ကြားစာများ ရေးသားပေးပို့ကြသည်။ သုတေသနလေ့လာသည့် အချိန်တွင် တရားရုံး အမှုမှာ ဆက်လက်ဆိုင်းငံ့ဆဲဖြစ်ပြီး ဌာနဆိုင်ရာအဆင့်ဆင့်သို့ ပို့ထားခဲ့သည့် တိုင်ကြားစာများနှင့် ပတ်သက်၍ တုံ့ပြန်ဖြေကြားမှု တစ်စုံတစ်ရာ လက်ခံရရှိခြင်း မရှိပါ။

ဒုတိယရပ်ရွာတွင် လျှပ်စစ်မီး ခွဲဝေဖြန့်ဖြူးမှုနှင့် ပတ်သက်သည့် ပြဿနာတစ်ရပ်ကို ဖြေဆိုသူများက ပြောပြကြသည်။ ပထမပြဿနာမှာ အစိုးရဝန်ထမ်းများနှင့် နီးစပ်သည့် အိမ်ထောင်စုများသည် အစိုးရထောက်ပံ့ကြေးနှင့် ဖြန့်ဖြူးသည့် လျှပ်စစ်လိုင်း ( အစိုးရဝန်ထမ်းများအတွက် ရည်ရွယ်သည် ) အသုံးပြုနိုင်ပြီး တစ်ယူနစ်လျှင် ကျပ် ၁၀၀ ပေးရမည့်အစား ကျပ် ၆၀ သာပေးရသည်။ ဒုတိယအချက်မှာ အများသုံးမီတာမှ လျှစ်စစ်ရသည့် အိမ်ထောင်စု များက လွန်ခဲ့သည့် ( ၂ ) နှစ်ခန့်က မီတာခများ တစ်ယူနစ်လျှင် ကျပ် ၁၀၀ မှ ကျပ် ၁၄၀ မြင့်တက်လာခဲ့သည်ကို သတိပြုမိခဲ့ကြသည်။ သို့သော် နီးစပ်သည့်ရွာများတွင် မီတာခကို တစ်ယူနစ် ၁၀၀ ကျပ်ဖြင့်သာ ပေးဆောင်နေကြရသည်။ ရပ်ရွာတွင်း နေထိုင်သူအချို့က NLD ထံ တိုင်ကြားစာပို့ခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှုများ ရရှိခြင်းနှင့် ပတ်သက်သည့် အခြားပြဿနာတစ်ရပ်မှာ မြေယာမှတ်ပုံတင်ရာတွင် ငွေပေးရခြင်းဖြစ်သည်ဟု ဖြေဆိုသူတစ်ဦးက ပြောပြသည်။ အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ထိုးပေးရန်အတွက် ရပ်ကြေးအုပ်ချုပ်ရေးမှူးအား ကျပ် ( ၅၀,၀၀၀ ) ပေးရသည့်အပြင် မြို့နယ်မြေစာရင်းဌာန၌ သူမ၏ မြေမှတ်ပုံတင်သည့်အခါ ၁ ဧက ကျပ် ( ၅၀,၀၀၀ ) ၄ ဧက အတွက် ကျပ် ( ၂၀၀,၀၀၀ ) ပေးရန် တောင်းခဲ့သည်ဟုဆိုသည်။ မြေယာမှတ်ပုံတင်ခြင်းသည် အစိုးရလုပ်ထုံးလုပ်နည်း တစ်ရပ်ဖြစ်သည်။

အစိုးရအရာရှိများအနေဖြင့် အပိုကြေး မတောင်းခံသင့်ဟု သူမက ပြောပြသောအခါ အရာရှိများက ဤကဲ့သို့ ပြန်ပြောသည် "ခင်ဗျားက ကျွန်တော်တို့ကို မယုံလို့လား။ ဒါမှမဟုတ် ခင်ဗျားက တိုင်ချင်လိုလား" သူမက ဆက်လက်ရှင်းပြရာတွင် "ကျွန်မတို့ အရေးကိစ္စပြဿနာတွေကို ယုံကြည်ကိုးစားပြီး ကူညီပေးမဲ့သူတစ်ယောက်မှ မရှိဘူး။ ဒီပြဿနာတွေအတွက် ဘယ်ကိုမှလည်း သွားစရာနေရာ မရှိဘူး။ ဒီလို ပိုက်ဆံပေးရတာက ကျွန်မတစ်ယောက်ထဲ မဟုတ်ဘူး။ လူတိုင်းပေးနေရတာ။ ဒီတော့ ကျွန်မ စောဒက တက်လို့မရဘူး။ ပေးပြီး ပြန်လာရတာဘဲ"။

## *အကျင့်ပျက် ခြစားမှုနှင့် စည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်း မရှိမှုတို့၏ အကျိုးသက်ရောက်မှုများ*

လေ့လာခဲ့သည့် နေရာဒေသနှစ်ခုမှ ဖြေဆိုသူများက စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်း မရှိမှုနှင့် /သို့မဟုတ် အကျင့်ပျက်ခြစားမှု လုပ်ရပ်များကြောင့် ပေါ်ပေါက်လာသည့် ပြဿနာများကို ပြောဆိုထားသည်။ ထိုလုပ်ရပ်များသည် ရပ်ရွာတွင်း နေထိုင်သူများ၏ ကျန်းမာရေးဆိုင်ရာ အန္တရာယ် ဆိုးကျိုးများဖြစ်စေသည်။ ရပ်ရွာတွင် နေထိုင်သူများက ထိုဖြစ်ရပ်များကို ရပ်ကြေးအုပ်ချုပ်ရေးထံ တိုင်ကြားကြသော်လည်း အုပ်ချုပ်ရေးမှူးများသည် ထိုပြဿနာကို ထိရောက်စွာ အမြဲတမ်း မဖြေရှင်းပေးနိုင်ကြပါ။

ရှမ်းပြည်အရှေ့ပိုင်း လေ့လာရာ ဒေသတစ်ခုမှ ဖြေဆိုသူများက လယ်ယာစိုက်ပျိုးရေးအတွက် ရေကို အဓိက အားထားရသည့် ချောင်းမှာ ချောင်းအထက်ပိုင်းတွင် တူးဖော်နေသည့် ရွှေတွင်းကြောင့် အဆိပ်သင့်ရသည်ဟု ဆိုသည်။ ချောင်းဘေးတွင် မွေးမြူသည့် ကြက်၊ ဘဲများ သေကြသည်ကို တွေ့ရသဖြင့် ရွာသားများသည် ကျေးရွာအုပ်ချုပ်ရေးမှူးထံ တိုင်ကြားခဲ့ပြီး ရေနမူနာ စစ်ဆေးရန် ထိုင်းနိုင်ငံသို့ပို့ခဲ့သည်။ ဓါတ်ခွဲခန်းမှ စစ်ဆေးတွေ့ရှိချက်များက ရေတွင် အဆိပ်ပါသည်ဟု အတည်ပြုသည်။

သုတေသန လေ့လာချိန်တွင် ရွာသားများသည် မြို့နယ်ရေအရင်းအမြစ်ဌာန၏ ရေနမူနာ စစ်ဆေးမှု အဖြေကို စောင့်စားနေဆဲဖြစ်သည်။ ရွာသားများသည် ထိုရလဒ်အဖြေများကို မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးဌာနများသို့ တင်ပြရန် စီစဉ်ထားသည်။ လက်ရှိအချိန်တွင် ထိုချောင်းရေသောက် လယ်များတွင် စပါးစိုက်ပျိုးနိုင်ခြင်း မရှိပါ။

ထိုရွာမှ ဖြေဆိုသူများက ၎င်းတို့ ရပ်ရွာအတွင်းလာဖွင့်ထားသည့် ဓါတ်ဆီဆိုင်၏ ပတ်ဝန်းကျင် အနှောက်အယှက်ဖြစ်စေ မှုများကိုလည်း ဖော်ပြကြသည်။ ဓါတ်ဆီဆိုင်မှ အနံ့အသက်ဆိုးများထွက်ပြီး ဓါတ်ဆီများသည် မြေဆီလွှာထဲ စိမ့်ဝင်၍ ရပ်ရွာမှီခို အားထားအသုံးပြုသည့် မြေအောက်ရေ ထိခိုက်ပျက်စီးမည်ကို ရွာသူရွာသားများက စိုးရိမ်ကြသည်။ အချို့ရွာသားများက ရပ်ကျေးအုပ်ချုပ်ရေးမှူးထံ တိုင်ကြားခဲ့သည်။ အုပ်ချုပ်ရေးမှူးက ဆီဆိုင်ပိုင်ရှင် (အခြားဒေသတွင် နေထိုင်သူ) အားပြောင်းပေးရန် ပြောသည်။ ဆီဆိုင်ပိုင်ရှင်က ထိုနေရာမှဖယ်ရန် ငြင်းဆိုသည်။ ရပ်ရွာနေသူများက လက်မှတ်များကောက်ခံ၍ ထိုပြဿနာကို မြို့နယ်အုပ်ချုပ်ရေးသို့တင်ပြသည်။ မြို့နယ်အုပ်ချုပ်ရေးက ခရိုင်အုပ်ချုပ်ရေးမှူးထံ ဆက်လက်တင်ပြသည်။ ဤအခြေအနေကို ဖြေရှင်း ပြေလည်ရန် မည်သည့်အရေးယူဆောင်ရွက်မှု မရှိသေးဟု ဖြေဆိုသူများက မှတ်ချက်ပေးသည်။

ရှမ်းပြည်တောင်ပိုင်း လေ့လာခဲ့သည့် နေရာတစ်ခုရှိ ဂေါ်ရခါးများ နေထိုင်သည့် ရပ်ရွာတစ်ခုတွင် ချမ်းသာသည့် ဗမာတစ်ဦးပိုင် ကြက်ခြံတစ်ခြံရှိသည်။ ပေ ၂၀ × ၅၀ ကြက်ခြံ ( ၅ ) ခြံသို့ ယင်ကောင် အမြောက်အများ ကျရောက်ပြီး အနံ့ဆိုးများလည်း ထွက်သဖြင့် အသက်ရှူရန်ခက်ခဲသည်ဟု ထိုရပ်ရွာမှ ဖြေဆိုသူများကဆိုသည်။ အနံ့ဆိုးနှင့် ယင်ကောင်များကြောင့် ရွာသို့အလည် လာသူတစ်ဦး အော့အန်ခဲ့ရသည်။ ကြက်ခြံလုပ်ငန်း လည်ပတ်ပြီးနောက်ပိုင်း မွေးခဲ့သည့် ၎င်းတို့၏ ကလေးများသည် အမြဲတစေ ဝမ်းပျက်ဝမ်းလျှောခြင်း၊ အရေပြားရောဂါများကြောင့် ဆေးရုံတက်ကြရသည်ဟု မိသားစုတစ်စုကဆိုသည်။

ရပ်ရွာက ထိုပြဿနာကို ရပ်ကြေးအုပ်ချုပ် ရေးမှူးထံ တိုင်ကြားခဲ့ပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီ(DSC)နှင့်မြို့နယ်ကျန်းမာရေးဌာနများသို့ ထိုကိစ္စကို စုံစမ်းစစ်ဆေးပေးရန် အသနားခံစာများလည်း ပေးပို့ခဲ့ကြသည်။ ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးသည် ကြက်ခြံသို့ လာရောက်လေ့လာခဲ့ပြီး ကျန်းမာရေးကြိုတင်လုပ်ဆောင်မှုများနှင့် ပတ်သက်၍ ခြံပိုင်ရှင်အား အနည်းအကျဉ်းသာ မေးမြန်းခဲ့သည်။ ရပ်ရွာနေသူများသည် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု ကော်မတီထံ တိုင်ကြားစာ နောက်ထပ်ပို့ခဲ့သည်။

ကျေးရွာ အုပ်ချုပ်ရေးမှူးသည် အချို့ရွာသားများနှင့်အတူ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီရုံးခန်းသို့ သွားရောက်ခဲ့ပြီး ကြက်ခြံမှထွက်သည့် အနံ့ ဆိုးများကြောင့် ရွာသူရွာသားများ နေထိုင်မကောင်းဖြစ်ရသဖြင့် ကြက်ခြံလုပ်ငန်း ပိတ်ပေးရန် တောင်းဆိုခဲ့သည်။

မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု ကော်မတီနှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ အပါအဝင် ရပ်ရွာမှ လေးစားထိုက်သည့် ရပ်မိရပ်ဖလူကြီးများသည် ကြက်ခြံသို့ သွားရောက်စစ်ဆေးခဲ့ရာ ကြက်အ သေကောင်များကို စည်းကမ်းမဲ့ပေါ့ဆစွာ စွန့်ပစ်ထားပြီး ထိုမှတစ်ဆင့် အနံ့ဆိုးများနှင့် ရောဂါများဖြစ်ပွား စေသည်ကို တွေ့ရှိရသည်။ အာဏာပိုင်များက ကြက်မွေးမြူရေးလုပ်ငန်း ဆက်မလုပ်ရန် ပိတ်ပင်ခဲ့သည်။ သို့သော် ၆ လ ကြာသောအခါ ကြက်ခြံ လုပ်ငန်း ပြန်လည် စတင်ခဲ့ပြီး ကြက်ခြံပိုင်ရှင်သည် မည်သည့်အဆက်အသွယ်များရှိသည်ကို ရပ်ရွာတွင်းနေ ထိုင်သူများ စဉ်းစားမတတ်ဖြစ်ရသည်။

# သမားရိုးကျ တရားမျှတရေးစနစ်

တရားရေးကဏ္ဍအရာရှိများသည် အထက်တွင် ဖော်ပြခဲ့သည့် မြေယာအငြင်းပွားမှုများ၊ မူးယစ်ဆေးဝါး၊ အမျိုးသမီးများနှင့် ထိုခိုက်လွယ် အားနည်းသည့် အုပ်စုများအတွက် ဥပဒေအကာ အကွယ် အစောင့်အရှောက်၊ ယာဉ်မတော်တဆမှုများနှင့် မဲစုကြေးအဖွဲ့ပြဿနာအချို့ကို ကိုင်တွယ်ဖြေရှင်းရသည်ဟု ဖော်ပြကြသည်။ အချို့အရာရှိများက မတရားအသင်း၊ ၁၉၄၅ ရဲအက်ဥပဒေနှင့်ဆိုင်သည့် အမှုပြဿနာများကိုလည်း ပြောပြကြသည်။

## မြေယာ

အထွေထွေ အုပ်ချုပ်ရေး အရာရှိများက မြေယာ၊ မြေယာနှင့်ဆိုင်သည့် အငြင်းပွားမှုများကို လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီများမှတစ်ဆင့် အပါအဝင် အခြားကိုင်တွယ် ဖြေရှင်းသည့် နည်းလမ်းများကို ရှင်းပြကြသည်။ (အခန်း ၅ တွင်ရှု)

## မူးယစ်ဆေးဝါး

ယေဘုယျအားဖြင့် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲအရာရှိများက ၎င်းတို့ ကိုင်တွယ်ရသည့် အမှုများတွင် မူးယစ်ဆေးဝါး၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြစ်မှုအချိုးအစား အလွန်များသည်ဟု ဆိုသည်။ ခရိုင်အဆင့်တရားရုံးများတွင် စီရင်ကြားနာသည့် အမှုများ၏ ( ၈၀% ) မှ ( ၉၀% ) မှာ မူးယစ်ဆေးဝါး ပြစ်မှုများဖြစ်သည်။ အချို့မြို့နယ်တရားရုံးများတွင် ကိုယ်တွယ်ရသည့် အမှုများစုမှာလည်း မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပုဒ်မများဖြစ်သည်။

၁၉၉၃ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသည့် ဆေးဝါးပစ္စည်းဥပဒေအရ စွဲဆိုသည့် ပုဒ်မများသည် လူတစ်ဦးပေါ်တွင် ဖမ်းဆီးတွေ့ရှိသည့် မူးယစ်ဆေးဝါး အလေးချိန်၊ ထုထည်၊ အရေအတွက် ပမာဏအပေါ် မူတည်ပြီး မြို့နယ်တရားရုံးတွင် စွဲဆိုသည့်အမှုများတွင် တရားခံများသည် ကိုယ်တိုင်သုံးစွဲရန်အတွက် မူးယစ်

ဆေးဝါး လက်ဝယ်ရှိသည်ဟု ယေဘူယျအားဖြင့် မှတ်ယူသည်။[၃၇] ခရိုင်တရားရုံးများတွင် စွဲဆိုခံရသည့် တရားခံများသည် ယေဘုယျအားဖြင့် သယ်ယူဖောက်ကား မှောင်ခိုသည့် ပုဒ်မဖြင့် စွဲဆိုခံရပြီး တစ်ခါတစ်ရံ မူးယစ်ဆေးဝါး ထုတ်လုပ်သည့် ပုဒ်မများဖြင့်လည်း အရေးယူခံရသည်။ ခရိုင်အဆင့်တွင် မူးယစ်ဆေးဝါး သယ်ယူရောင်းချဖောက်ကား မှောင်ခိုမှုများနှင့် စွဲဆိုခံရသူများသည် ၂၀၁၂ ပို့ကုန်နှင့်သွင်းကုန် ဥပဒေ ( လိုင်စင် မရှိသည့်ယာဉ်များ အသုံးပြု သည့်အတွက် ) နှင့် ၁၈၇၈ လက်နက်အက်ဥပဒေ သို့မဟုတ် ရှမ်းလက်နက်အမိန့် ကြော်ငြာချက် ( ဖမ်းဆီးသည်ကို လက်နက်ဖြင့် ပြန်လည်ခုခံသည့်အတွက် ) ဥပဒေ ပုဒ်မများဖြင့်လည်း တရားစွဲဆိုခံရသည်။

မူးယစ်ဆေးဝါး သုံးစွဲမှုဖြင့် အရေးယူတရားစွဲဆိုခံရသည့်သူများမှာ ယေဘုယျအားဖြင့် အမျိုးသားများဖြစ်ပြီး လူငယ်ပိုင်း နှင့် လူလတ်ပိုင်းများဖြစ်ကြပြီး အများစုသည် ဝင်ငွေနှင့် ပညာအဆင့်အတန်း နိမ့်ပါးကြသည်ဟု တရားရေး တာဝန်ရှိသူများက မှတ်ချက်ပြုသည်။ ရှမ်းပြည်နယ်အချို့ နေရာများတွင် အထူးသဖြင့် တာချီလိတ်နှင့် လားရှိုးကဲ့သို့ မြို့ကြီးများတွင် မူးယစ်ဆေးဝါးနှင့် စွဲဆိုခံရသည့် တရားခံအမျိုးအစား စုံလင်ပြီး အမျိုးသမီးနှင့် ကလေးများလည်း ပါဝင်သည်။ မူးယစ်ဆေးဝါး တရားခံ တစ်ဦးအား တရားစွဲ အရေးယူပုံအဆင့်ဆင့် အသေးစိတ်ကို မြို့နယ်ဥပဒေ အရာရှိတစ်ဦးက ရှင်းပြသည်။

" ရဲက လူတစ်ယောက်ကို မူးယစ်ဆေးဝါး လက်ဝယ်ရှိမှုနဲ့ ဖမ်းတယ်။ ဖမ်းဆီး သိမ်းဆည်းမိတဲ့ ပမာဏ ပေါ်မူတည်ပြီး ရဲက တရားခံကို ချုပ်ထားဖို့ ရမန် တောင်းရတယ်။ ပြီးတော့ ဥပဒေအရာရှိဆီက ဥပဒေ အကြံယူရတယ်။ ကျွန်တော်တို့က သက်သေ ခိုင်မာမှုရှိမရှိ စစ်ရတယ်။ ပြီးတော့ ပထမသတင်းပေးတိုင်ချက်၊ တိုင်ကြားစာထဲမှာ ဖမ်းတဲ့ရဲအရာရှိ ဖမ်းတဲ့ ရက်စွဲ၊ နေရာအခြေအနေ၊ ဖမ်းဆီးတဲ့အချိန်မှာရှိတဲ့ မျက်မြင်သက်သေရှာဖွေမှု သိမ်းဆည်းခဲ့တဲ့ သက်သေခံပစ္စည်းတွေ၊ မူးယစ်ဆေးဝါး အလေးချိန် မှတ်တမ်း၊ ဆီး နမူနာ၊ စွပ်စွဲခံရသူရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ မူးယစ်ဆေးဝါးသုံးထားတဲ့ ပြင်ပလက္ခဏာ အမှတ်အသားတွေ၊ တရားခံနဲ့ ဒါမှမဟုတ် မျက်မြင် သက်သေတွေရဲ့ ဝန်ခံဖြောင့်ချက် သက်သေခံချက်တွေ၊ ဓါတ်ပုံတွေ၊ ရှာဖွေပုံစံနဲ့ တရားခံက ဆေးသုံးဖို့ မှတ်ပုံတင်ထားတဲ့သူ ဟုတ်မဟုတ် ဒါတွေကို စစ်ရတယ်။ တကယ်လို့ ဒါတွေ အကုန်ပြည့်စုံတယ်ဆိုရင် ရဲက ဒီလူကို မူးယစ်ဆေးဝါးဥပဒေပုဒ်မ ၁၅၊ ၁၆ ( က ) တွေနဲ့ စွဲချက်တင်တယ်။ ဆီးစစ် ထားတဲ့ အဖြေရတာနဲ့ပုဒ်မ၁၅စွဲချက်အတည်ဖြစ်တယ်။ရမန်ကာလ မကုန်ခင် စုံစမ်းစစ်ဆေးမှု ပြီးပြတ်သွားတယ်ဆိုရင် အမှုကို တရားရုံးကို တင်တယ်..... တရားလိုဘက်နဲ့ လိုပြသက်သေ စစ်ပြီးတဲ့အခါ တရားသူကြီးက စွဲချက်ကို အတည်ပြုဖို့ ဒါမှမဟုတ် လွှတ်ဖို့ ဆုံးဖြတ်ချက်ချတယ်။ ဒီအဆင့်မှာ အချို့လူတွေက ဝန်ခံဖြောင့်ချက်ပေးတယ်။ ဒီတော့ တရားသူကြီးက တစ်ခါတစ်လေကြရင် ချက်ချင်း အပြီးသတ်အမိန့်ချတယ်။ တစ်ခါတစ်လေကြတော့လည်း နောက်ထပ် ရုံးချိန်းပေးတယ်။ တကယ်လို့ စွဲချက်ကို တရားခံက ငြင်းဆိုတယ်ဆိုရင် တရားရုံးကြားနာမှုကို ဆက်သွားတယ်။ တရားခံနဲ့ တရားခံပြသက်သေတွေကို ဆက်စစ်တယ်"

မူးယစ်ဆေးဝါး သုံးစွဲမှုဖြင့် စွဲဆိုခံရသူများသည် ထောင်ဒါဏ် "အမြဲတမ်း" ကျခံရသည်ဟု ဥပဒေ အရာရှိတစ်ဦးက ဆိုသည်။ တရားသူကြီးတစ်ဦးက "ဒီမြို့နယ်မှာ ဘယ်သူမှ အများဆုံး ထောင်ဒဏ် ( ၅ ) နှစ်မကျဘူး။ ကျွန်တော်ကတော့ ဘယ်သူ့ကိုမဆို ဘာမှမခွဲခြားဘဲ ( ၄ ) နှစ်ချတယ်။ သူတို့တွေအားလုံး အရွယ်ရောက်တဲ့ လူကြီးတွေဘဲ။ ဘာလုပ်ရင် ဘာဖြစ်မယ်ဆိုတဲ့ အကျိုးဆက်ကို သိရမှာပေါ့" ဟု ရှင်းပြသည်။

ရှမ်းပြည်အရှေ့ပိုင်း တာချီလိတ်ရှိ ရဲအရာရှိများက နစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါး သယ်ယူခြင်းနှင့် ထုတ်လုပ်ခြင်း သဘောသဘာဝ၊ ထိုဒေသတွင် ထုတ်လုပ်သည့် မူးယစ်ဆေးဝါးအများစုမှာ ဘိန်း အခြေခံ ထက်စာလျှင် ဓာတုပစ္စည်းများကို အခြေခံထုတ်လုပ်သည်ကို ရှင်းပြသည်။ မူးယစ်ဆေးဝါး ထုတ်လုပ်မှု နည်းပညာနှင့် ထုတ်လုပ်ရန်လိုအပ်သည့် အခြေခံ ပစ္စည်းများကို မြန်မာပြည်တွင်း မရရှိပါ။ အခြေခံပစ္စည်း ပုံစံအမျိုးမျိုးကို ဝ အထူးဒေသ ( ၄ ) အတွင်းသို့ မှောင်ခိုသယ်ဆောင်ကြပြီး ထိုမှ တစ်ဆင့် "ice" နှင့် အခြားစိတ်ကြွ ဆေးပြားများ ထုတ်လုပ်သည်။ ထို့နောက် တာချီလိတ်မှ တစ်ဆင့် အရှေ့တောင်အာရှဒေသ အသီးသီးသို့ ဆက်လက်ဖြန့်ဖြူးသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများက တရားဥပဒေစိုးမိုးမှု အရေးယူဆောင်ရွက်ချက်များသည် အဓိကအားဖြင့် မူးယစ် ဆေးဝါးသုံးစွဲသူများကို ဦးတည်ပြီး တစ်ခါတစ်ရံ မှောင်ခိုသယ်ဆောင်သူများကိုလည်း အရေးယူသော်လည်း ထုတ်လုပ်သူများကို အရေးယူမှုမှာ ရှားပါးသည်ဟုလည်း မှတ်ချက် ပေးသည်။ ထို မူးယစ်ဆေးဝါးများကို " တည်ငြိမ်အေးချမ်းမှုမရှိ"သည့် ရဲတပ်ဖွဲ့ မရှိ သည့် နေရာဒေသများတွင် ထုတ်လုပ်ကြသည်ဟု ရဲအရာရှိများက ရှင်းပြသည်။

၃၇ ၁၉၉၃ မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးပစ္စည်းများ ဥပဒေ၊ ပုဒ်မ ၁၅ (က) - မူးယစ်ဆေးဝါး သုံးစွဲ သူတစ်ဦးသည် သုံးစွဲရန်အလို့ငှာ ကျန်းမာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းသတ်မှတ်ထားသည့်နေရာ သို့မဟုတ် ကျန်းမာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် လမ်းညွှန်ချက်အမိန့်ကြော်ငြာစာများကို လိုက်နာရန် ပျက်ကွက်ပါက ထောင်ဒဏ် အနည်းဆုံး ၃ နှစ် မှ အများဆုံး ၅ နှစ်အထိ ပြစ်ဒဏ်ကျခံရမည်။

# အမျိုးသမီးများ နှင့် ထိခိုက်လွယ်အားနည်းသည့် အုပ်စုများအတွက် ဥပဒေ ကာကွယ်စောင့်ရှောက်မှု

အမျိုးသမီးများနှင့် ထိခိုက်လွယ် အားနည်းသည့် အုပ်စုများနှင့် ပတ်သက်၍ လူမှောင်ခိုကူးမှု၊ မုဒိန်း အဓမ္မကျင့်မှု နှင့် အိမ်တွင်း အကြမ်းဖက်မှု အချို့ကို ကိုင်တွယ်ရသည်ဟု အချို့အရာရှိများကဆိုသည်။

လူမှောင်ခိုကူးမှုနှင့် ပတ်သက်၍ ရှမ်းပြည် မြောက်ပိုင်းမှ ရဲအရာရှိတစ်ဦးက

"ဒီကိစ္စက တော်တော်ရှုပ်ထွေးတယ်။ ပြီးတော့ ဥပဒေ အဓိပ္ပါယ်ဖွင့်ဆိုချက်နဲ့လည်း ဆိုင်တယ်။ လူတစ်ယောက်ယောက်ဆီက အကျိုးအမြတ်ရဖို့ ခေါင်းပုံဖြတ်တယ်ဆိုရင် ဥပမာ တရုတ် ယောကျ်ားနဲ့ လက်ထပ်ရတာ ဒါမှမဟုတ် ပွဲစားလုပ်ပြီး အမျိုးသမီး တစ်ယောက်ကို တရုတ်ယောကျ်ားဆီ ရောင်းတာမျိုး။ ပထမ အမှုကို တချို့က လူကုန်ကူးတယ်လို့ ပြောတယ်။ တချို့ကျတော့လည်း ပုံမှန်သာမာန် လက်ထပ်တာပဲလို့မြင်ကြတယ်။ ဒီမှာ လူကုန်ကူးတဲ့ပုံစံက တရုတ်ယောကျ်ားတွေနဲ့ (မြန်မာအမျိုးသမီးတွေကို ) လက်ထပ်တာနဲ့ ဆက်စပ်နေတယ်။ လူတွေကို ကျွန်အခိုင်းအစေလုပ်ဖို့ ရောင်းစား ခေါင်းပုံဖြတ်တဲ့ အမှုတွေက ဖြစ်ခဲတယ်။ တော်တော်ကို ရှားတယ်" ဟု မှတ်ချက် ပြုသည်။

ရွှေ့ပြောင်း နှင့် လူကုန်ကူးမှု အကြားဆက်စပ်မှုကို မေးမြန်းသည့်အခါ ရှမ်းပြည်အရှေ့ပိုင်းမှ ရဲအရာရှိ တစ်ဦး၏ ရှင်းပြချက်မှာ -

"ရန်ကုန်တို့ မန္တလေးတို့ ပြီးတော့ အခြားဒေသကလူတွေမှာ ထိုင်းနိုင်ငံထဲ သွားနေပြီး အလုပ်လုပ်တဲ့ သူငယ်ချင်း အပေါင်းအသင်း မိတ်ဆွေတွေရှိတယ်။ သူတို့တွေက ထိုင်းနိုင်ငံအကြောင်း ကောင်းကောင်း ကျွမ်းနေပြီ။ အဲဒီ အသိမိတ်ဆွေက ထိုင်းနိုင်ငံကို အတူလိုက်ပြီး အလုပ်လုပ်ဖို့ စည်းရုံးပြီး ဆွယ်တယ်။ သူက လူကို ရောင်းတာ မဟုတ်ဘူး။ ပွဲစား၊ ကြားခံသဘောမျိုး လုပ်တာ။ အဲဒီအသိက ပြောတယ်။ "မင်း ထိုင်းရောက်ရင် ၃ သိန်းရမယ်" ပေါ့။ သူက ကော်မရှင်ရတယ်။ ထိုင်းထဲမှာ အကုန်အဆင်ပြေရင်တော့ ဘာမှမတိုင်ကြပါဘူး။ အဲဒီလို မဟုတ်ဘဲ အလုပ်လုပ်ရတဲ့ လုပ်ငန်းခွင် အခြေအနေက မကောင်းတာတို့၊ အရင်ပြောထားတဲ့ လစာထက် နည်းပြီး ရတာတို့ဆိုရင် လူတွေက တိုင်ကြတယ်။ မတိုင်ဘဲနဲ့ ရဲက အမှုဖွင့်လို့မရဘူး"။

လူကုန်ကူးမှုဖြင့် တရားစွဲဆိုရသည့် သူများသည် ၁၉၄၇ လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်) အက်ဥပဒေနှင့်လည်း အရေးယူခံရကြောင်း အချို့တရားသူကြီးများနှင့် ဥပဒေအရာရှိများက ရှင်းပြသည်။ မူလအမှု ( ရဲမှစွဲတင်သည် ) ကို ခရိုင်တရားရုံးတွင် ကြားနာစစ်ဆေးပြီး ဒုတိယအမှု ( လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှစွဲတင်သည် ) ကို မြို့နယ်တရားရုံးတွင် စွဲတင် ကြားနာသည်။

အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်၍ အိမ်တွင်း အကြမ်းဖက်မှုကို အကြောင်းပြု၍ လင်မယားကွဲရန် ဦးတိုက်လျှောက်ထားသည့် တရားမအိမ်ထောင်ကွဲမှုများကို ကိုင်တွယ် ဖြေရှင်းရသည့် မြို့နယ် တရားသူကြီးများ မရှိသလောက်ဖြစ်သည်။ အမျိုးသမီးဘေးအန္တရာယ်လုံခြုံရေး အတွက် တရားရုံးမှ တားဆီးကာကွယ်ပေးသည့်အမိန့်များ ထုတ်ပြန်ခြင်း ရှိ၊ မရှိ မေးမြန်းရာ တရားရုံး၏ အဆုံးသတ်စီရင်ချက်များတွင် တရားခံအား ကန့်သတ် ချုပ်ချယ် တားမြစ်မှုများ မပါဝင်ဟု တရားသူကြီးတစ်ဦးက ဆိုသည်။ အမျိုးသမီးများကို ထိခိုက်နာကျင်စေသည့် ရာဇဝတ်မှုများကိုလည်း ကြားနာရသည်ဟု အချို့တရားသူကြီးများက ဆိုပြီး "အများစုမှာ စွဲချက်တင်ပြီးနောက် ( လင်နှင့် မယားကြား ) သဘောတူ ကျေအေးသွားကြသည်။" လွန်ခဲ့ သည့်နှစ် တွင် မြို့ကြီးတစ်မြို့ရှိ ကိုင်တွယ်ရသည့် အမှုများသည် မြို့နယ်တရားရုံးတွင် အလားတူ အမှုများ စွဲချက်တင် တရားစွဲခဲ့ကြပြီး အားလုံးမှာ တရားရုံးမှ ကျေအေးရုပ်သိမ်းသွားခဲ့ကြသည်။ ( အခန်း ၅ တွင်ရှု )

သုတေသန လေ့လာခဲ့သည့် ကာလတစ်လျှောက် ရှမ်းပြည်နယ် မြောက်ပိုင်းတွင်သာ အဓမ္မပြုကျင့်မှု တစ်မှု တွေ့ရှိခဲ့ရသည်။ ကျူးလွန်သူသည် တပ်မတော်မှ စစ်သား တစ်ဦးဖြစ်သည်။ စစ်ဆင်ရေး တစ်ခုတွင် အိမ်တွင် တစ်ဦးတည်းရှိနေသည့် အမျိုးသမီး လိင်ပိုင်းဆိုင်ရာ စော်ကားခံခဲ့ရသည်။ ကချင်စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့က အမျိုးသမီး ကိုယ်စား ရဲစခန်းတွင် အမှုဖွင့်သည်။ အရာရှိအချို့က ရှင်းပြသည်မှာ ထိုစစ်သားကို တပ်စည်းမျဉ်းစည်းကမ်း ဥပဒေအရ စစ်ခုံရုံးတင်ခဲ့ပြီး ထောင်ဒဏ် ၃ နှစ် အပြစ်ပေးခဲ့သည်။ ထိုနောက် တပ်ရင်းမှူး၏ ခွင့်ပြုချက်အရ အရပ်ဖက်ခုံရုံးသို့ ၁၈၆၁ ရာဇသတ်ကြီး ဥပဒေပုဒ်မဖြင့် စွဲချက်တင်ကြားနာခဲ့ပြီး နောက်ထပ် ထောင်ဒဏ် ၁၀ နှစ် အပြစ်ကျခဲ့သည်။

## ယာဉ်မတော်တဆမှုများ

မြို့နယ်အဆင့်တွင် ယာဉ်တိုက်မှုနှင့် ယာဉ် စည်းကမ်းဖောက်ဖျက်မှုအမြောက်အများကိုတိုင်တွယ်ရသည်ဟု တရားရုံး အရာရှိများက ဆိုသည်။ ထိုအမှု "သေး" များကို တရက်တည်းနှင့် အပြီးသတ်ကြားနာ စီရင်ပြီး၊ တရားခွင် အပြည့်အစုံ စစ်ဆေးကြားနာရခြင်းမရှိဟု မြို့နယ်တရားသူကြီးတစ်ဦးက ရှင်းပြသည် ( အခန်း ၅ တွင်ရှု )။

## မဲစုကြေး

ရှမ်းပြည်တောင်ပိုင်းရှိ မြို့နယ်တရားရုံးတွင် မဲစုကြေးများ နှင့် ပတ်သက်သည့် ရာဇဝတ်မကင်းသော ယုံကြည် အပ်နှံရေး ဖောက်ဖျက်မှုများကို ကိုင်တွယ်ကြားနာရသည်။[၃၈] ထိုကဲ့သို့ အမှုများတွင် အများအားဖြင့် တရားခံများသည် ငွေနှင့်အတူ ထွက်ပြေးသွားကြပြီး အဖမ်းခံရသည်မှာ အလွန်ရှားသည်ဟု မြို့နယ်တရားသူကြီးက ရှင်းပြသည်။ ထွက်မပြေးဘဲ တရားရင်ဆိုင်သူ အချို့သည် တရားခွင်ကာလ တလျှောက် ညှိနှိုင်းရန် ကြိုးစားကြပြီး အကယ်၍ နှစ်ဦးနှစ်ဖက် သဘောတူချက်ရပါက အမှုကို တရားရုံးမှ ရုတ်သိမ်းသွားကြသည်။

## ၁၉၄၅ ရဲ အက်ဥပဒေ

၁၉၄၅ ရဲအက်ဥပဒေပုဒ်မ ၄၇ နှင့် ပုဒ်မ ၃၄ နှင့် ဆိုင်သည့် အမှုများကို ကိုင်တွယ်ရသည်ဟု ရှမ်းပြည်တောင်ပိုင်း မြို့နယ်တရားရုံးတစ်ခုမှ တရားသူကြီးများက ရှင်းပြသည်။ ထိုအမှုများသည် သတ်မှတ်ထားသည့် နေရာဒေသများတွင် ရဲကင်းလှည့်သည့် အချိန် ကြိုတင်ကာကွယ်သည့် အနေဖြင့် အရေးယူသည့် အမှုများဖြစ်သည်။ "မှောင်ရိပ်ခို မူးယစ်သောက်စားတဲ့ လူတွေနဲ့ သောက်စားမူးယစ်ပြီး အကျိုးစီးပွား ပျက်လိုဖျက်ဆီး လုပ်တဲ့သူတွေကို ပုဒ်မ ၄၇ တပ်ပြီးစွဲတယ်။ ဒါက ဘာလဲဆိုတော့ ပြစ်မှုကြီးတွေ မကျူးလွန်အောင် ကြိုတင်ကာကွယ်တဲ့ အနေနဲ့ပါ"

ထိုပြစ်မှု အတွက်ပြစ်ဒဏ်မှာ ငွေဒဏ် ၅၀ ကျပ် သို့မဟုတ် ထောင်ဒဏ် ၈ ရက် ဖြစ်သည်။ ပထမအကြိမ် ကျူးလွန်သူများကို များသောအားဖြင့် ငွေဒဏ်ချမှတ်ပြီး ပြစ်မှုကျူးလွန်တတ်သူများကို ၃ ရက်မှ ၈ ရက် ဖမ်းဆီးထိန်းသိမ်းသည်။ ရဲအက်ဥပဒေဖြင့် စွဲချက်တင်သည့် အမှုများမှာ ရဲလုပ်ပိုင်ခွင့် ( ဆုံးဖြတ်ချက် ) အာဏာရှိပြီး ၁၉၆၁ ပြစ်မှု ကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေ ဖြင့် တရားစွဲဆိုရာတွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ နှင့် ညှိနှိုင်းမှု၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံအတည်ပြုချက်များ လိုအပ်သည်။

ယာဉ်စည်းကမ်း ဖောက်ဖျက်သည့်အမှုများကဲ့သို့ပင် ထိုအမှုများကို သမ္မာန်မှုများအဖြစ် သတ်မှတ်ပြီး ပုံမှန်အားဖြင့် "ဝန်ခံကြသောကြောင့်" တရက်တည်းနှင့်ပြီးပြတ်သည်။

## မတရားအသင်း

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် KIA ၊ TNLA တို့နှင့် ရာဇဝတ်မကင်းသည့် ဆက်သွယ်သည့် စွဲချက်များဖြင့် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ ( ၁ ) ဖြင့် စွဲဆိုသည့် အမှုများရှိသည်။ ဆက်သွယ်သည်ဟု တရားခံအား စွဲဆိုထားသည့် အဖွဲ့အစည်းသည် တရားဝင်အသိအမှတ်ပြုထားသည့် အဖွဲ့အစည်းဖြစ်ကြောင်း သက်သေပြရမည့် တာဝန်များ တရားစွဲအဖွဲ့အစည်းတွင်မရှိဘဲ စွဲဆိုခံရသူ၊ တရားခံအပေါ် ကျရောက်သည်ဟု တရားသူကြီး တစ်ဦးက ရှင်းပြသည်။ ဖမ်းဆီးချိန်တွင် သိမ်းဆည်းသည့် ယူနီဖောင်း၊ လက်နက်စသည့် သက်သေခံပစ္စည်းများဖြင့် သက်သေခံချက်ကို တည်ဆောက်သည် ဟုလည်း ရဲအရာရှိအချို့က ရှင်းပြကြသည်။ မတရားအသင်းအမှုများတွင် တပ်မတော်မှ ကနဦး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး တရားရုံးတွင် တရားလိုအဖြစ် လိုက်ပါဆောင်ရွက် သည်ဟု တရားမျှတရေး အရာရှိများက ရှင်းပြသည်။ ဥပဒေ အရာရှိ တစ်ဦးက ရှင်းပြသည်မှာ -

> "တပ်က ဗိုလ်ကြီး ဒါမှမဟုတ် ဗိုလ်မှူးက စွဲချက်တင်ပြီးတရားရင်များတရားလိုအနေနဲ့တရားစွဲပါတယ်... တရားခံတွေကို ယူနီဖောင်းနဲ့ ဖမ်းမိတာလား၊ အရပ်ဝတ်နဲ့ ဖမ်းမိတာလား ဒါတွေအားလုံးက စစ်တပ်က ဖမ်းဆီး ထိန်းသိမ်းထားတဲ့ ကာလ စုံစမ်းစစ်ဆေးရေး ( စစ်ကြောရေး ) အပေါ်မူတည်တယ်။ တပ်ကစစ်ကြောရေးပြီးပြတ်သွားရင် အမှုကို ရဲကိုလွှဲတယ်။ တပ်က ဘယ်သူပုန်အဖွဲ့၊ ဘယ်တပ်ရင်းက စစ်မှုထမ်းသက်ကာလ စတဲ့ အသေးစိတ်အချက်အလက်တွေ ပေးတယ်။ တကယ်လို့ ရဲက သူတို့မှာ လိုအပ်တဲ့ သက်သေ အထောက်အထားတွေ ရှိတယ်ဆိုရင် ဒါမှမဟုတ် ကိုယ်တိုင်က ဖြောင့်ချက်ပေးရင် ရဲက မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ ( ၁ ) နဲ့ တရားစွဲတင်တယ်"။

*အချုပ်ဆိုရလျှင် မြေယာ၊ မြေယာနှင့် ပတ်သက်သည့် ပိုင်ဆိုင်မှု အငြင်းပွားမှုများမှာ လေ့လာခဲ့သည့် နေရာဒေသ အားလုံးနီးပါးတွင် အဓိက ဦးစားပေး ပြဿနာ တစ်ရပ်ဖြစ်သည်။ အကြောင်းတရားများမှာ မိမိတို့ မြေယာ*

၃၈ ၁၈၆၁ ရာဇသတ်ကြီး ပုဒ်မ ၄၀၅ ၊ ၄၀၆

မှတ်ပုံတင်မှုကို အာမခံချက် ခိုင်မာစေရန် ကြိုး ပမ်းကြခြင်း၊ အသိမ်းခံ မြေများ ပြည်လည် ရရှိလိုခြင်း သို့မဟုတ် လျော်ကြေးရလိုမှုများကြောင့် ဖြစ်သည်။ ဥပဒေပြဋ္ဌာန်းချက် အမျိုးမျိုးကြောင့်လည်း အချို့ ပဋိပက္ခများဖြစ်ပွားစေသည်။ မြေယာနှင့် ပတ်သက်သည့် အမှုကိစ္စများတွင် အစိုးရ အာဏာပိုင်များ၏ အလွဲသုံးစားမှုများကို မြေဆိုသူ အချို့က တင်ပြကြသည်။

မူးယစ်ဆေးဝါး၊ ဂုဏ်နှင့် ဆက်စပ်သည့် ပြဿနာများသည် နောက်ထပ်ဦးစားပေး ပြဿနာတစ်ရပ်ဖြစ်ပြီး မိသားစုများနှင့် ကလေးများအပေါ် နက်ရှိုင်းသည့် လူမှုရေး၊ စီးပွားရေးဆိုးကျိုးများ သက်ရောက်သည်။ မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် ဆေးစွဲမှုများ ကျယ်ပြန့်လာခြင်းကြောင့် ရပ်ရွာအသိုင်းအဝိုင်းများအတွင်း မှုခင်းများပြားပြီး လုံခြုံမှု ကင်းမဲ့စေသည်။ ခရိုင်တရားရုံးများတွင် ကြားနာစီရင်သည့် အမှု ၈၀% မှ ၉၀% မှာ မူးယစ်ဆေးဝါး နှင့် ဆက်စပ်သည့် အမှုများဖြစ်သည်။

အိမ်တွင်း အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများမှာ အဓိက စိုးရိမ်စရာပြဿနာများဖြစ်ပြီး မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ဆေးစွဲခြင်းများနှင့် တစ်ခါတရံ တိုက်ရိုက် ဆက်စပ်သည်။ မိသားစု ဘဝအပေါ် ထားရှိသည့် ယဉ်ကျေးမှုဆိုင်ရာ သဘောထား အမြင်အမှုများကြောင့် အမျိုးသမီးများသည် နှိပ်စက်အနိုင်ကျင့်ခံရသည့် အခြေအနေများမှ လွတ်မြောက်ရန်နှင့် တရားမျှတမှု ရရှိရန် အခက်အခဲများစွာ ကြုံရသည်။ အဓမ္မမုဒိန်းကျင့်သည့် အမှုများနှင့် အိမ်တွင်း အကြမ်းဖက်မှုများသည် သမားရိုးကျ တရားမျှတရေးစနစ်သို့ ရောက်လာသည်မှာ မရှိသလောက် ရှားသည်။

ရွှေ့ပြောင်းလုပ်သား ခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးမှုများမှာ တရားဝင် စာရွက်စာတမ်း အထောက် အထားများ မရှိသောကြောင့် ဖြစ်ပွားရပြီး ဒေသခံရပ်ရွာ အသိုင်းအဝိုင်းများသည် နစ်နာထိခိုက်လွယ်သူများကို ဝင်ရောက် ကြားဝင် ကူညီနိုင်စွမ်း မရှိကြပါ။ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ လူမျိုး သို့မဟုတ် ဘာသာရေးအရ လူနည်းစု အုပ်စုများသည် ခွဲခြားဆက်ဆံခံရပြီး မှတ်ပုံတင် အထောက်အထား ရယူရာတွင် အခက်အခဲများ ကြုံရသည်။ ချေးငွေနှင့် ကြွေးမြီပြဿနာများမှာလည်း အဖြစ်များသည့် အကြွေး သံသရာလည်ရသည့် အဓိက အကြောင်းတရားမှာ ငွေလုံး ငွေရင်း/ မတည်ငွေ အခက်အခဲကြောင့်ဖြစ်သည်။ ထိုအငြင်းပွားမှု ပြဿနာ အတော်များ များမှာ ပုဂ္ဂလိက မဲစုကြေးအဖွဲ့များ အစိုးရသမဝါယမ ငွေစုငွေချေး အဖွဲ့များအတွင်း ဖြစ်ပွားသည်။ တရားဝင် တရားရေးစနစ်၏ ထိုအမှုပြဿနာများတွင် ပါဝင် ပတ်သက်မှု အခန်းကဏ္ဍမှာ မရှိသလောက်ဖြစ်သည်။

ရေရှည်မှုစသည့် ပြည်သူ့ဝန်ဆောင်မှုများ ရရှိရန် အခက်အခဲများ၊ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများ မရှိခြင်း၊ ပြည်သူ့ ဝန်ဆောင်မှုများ ရယူရာတွင် အကျင့်ပျက်ခြစားမှုများနှင့် ပြဿနာ အခက်အခဲများ ကုစားအဖြေရှာရန် ထိရောက်သည့် နည်းလမ်း/ နေရာ မရှိမှုတို့ကို ဖြေဆိုသူများက တင်ပြကြသည်။




# အခန်း (၅)
# အငြင်းပွားမှု ပြဿနာ ဖြေရှင်းသည့် လမ်းကြောင်းများ

ဓာတ်ပုံ - ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး နှင့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံး စုပေါင်း/ပူးတွဲအဆောက်အဦ ၊ လွိုင်လင်မြို့ကနယ်၊ ရှမ်းပြည်နယ်။

သုတေသန လေ့လာမှု၏ တတိယမေးခွန်းမှာ ဒေသတွင်း တည်ရှိနေသည့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များမှာ အဘယ်နည်းနှင့် ၎င်းတို့ မည်သို့ လုပ်ဆောင်လည်ပတ်ကြသနည်းဖြစ်သည်။

ဤအခန်းတွင် ဦးစားပေး အရေးကြီး ပြဿနာဟု ဖြေဆိုသူများက သတ်မှတ်သည့် အငြင်းပွားမှုပြဿနာ ၈၄ မှုကို လေ့လာထားသည်။ ထိုပြဿနာများ ကြိုးစား ဖြေရှင်းကြသည့် နည်းလမ်းများနှင့် တစ်ခါတစ်ရံ အောင်မြင်သွားကြပုံများကို ဖော်ပြထားသည်။ အငြင်းပွားမှုများနှင့် တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများကို ပြည်သူများ ဖြေရှင်းကြရာတွင် ပံ့ပိုးကူညီပေးသည့် ရပ်ကျေးဒေသဆိုင်ရာနှင့် ခရိုင်အဆင့် တတိယပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍနှင့် တာဝန်များလည်း ထည့်သွင်းစဉ်းစားထားသည်။ အဆုံးပိုင်းတွင် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်၏ ရှု့ထောင့်အချို့နှင့် အငြင်းပွားမှု ဖြေရှင်းရေးနှင့် ပတ်သက်သည့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ အခန်းကဏ္ဍကို ဖော်ပြထားသည်။


## တိုက်ရိုက်ညှိနှိုင်းမှုများနှင့် တတိယပုဂ္ဂိုလ်

အဓိကဦးစားပေးပြဿနာ ထက်ဝက်ကျော် (၈၄ မှု အနက် ၄၈ မှု၊ ၅၇.၁% ) တွင် ဖြေဆိုသူများသည် တစ်ဖက်အငြင်းပွားသူများနှင့် တိုက်ရိုက် ညှိနှိုင်းကြသည်။ ထိုအထဲတွင် ၃ ပုံ ၁ ပုံအောက် ၁၅ မှုမှာ တတိယပုဂ္ဂိုလ် အကူအညီဖြင့်သော်လည်းကောင်း၊ သို့မဟုတ် အကူအညီမပါဘဲ ညှိနှိုင်းမှုများမှ တစ်ဆင့် ကျေအေးပြေလည် သွားကြသည်။ အမှုပြဿနာ ၆ မျိုး စုစုပေါင်း အရေအတွက်သည် [၃၉] အဓိက ဦးစားပေးပြဿနာအားလုံး၏ ၄ ပုံ ၃ ပုံနီးပါး ( ၈၄ မှု အနက် ၆၂ မှု၊ ၇၃.၈% ) ရှိသည်။ ထို အမှုပြဿနာ ၆၂ မှု၏ ဖြေရှင်းမှုလမ်းကြောင်းများကို ပုံ ၅-၁ တွင် အကျဉ်းချုပ် ဖော်ပြထားသည်။ ထို ၆၂ မှုအနက် အများစု ၃၆ မှုတွင် တိုင်ကြားသူများသည် တိုက်ရိုက်ညှိနှိုင်းမှုများဖြင့် အမှုပြဿနာကို ကနဦးဖြေရှင်းကြပြီး ၉ မှုသာ ကျေအေးပြေလည်သွားကြသည်။

ကနဦး ညှိနှိုင်းမှုများ မလုပ်ခဲ့သော် သို့မဟုတ် မအောင်မြင်ခဲ့သော် အမှု ၅၃ မှုတွင် မကျေနပ်သည့် တိုင်ကြားသူ ၃၂ ဦး သည် တတိယပုဂ္ဂိုလ်အကူအညီ ရယူခဲ့ပြီး ထိုမှတစ်ဆင့် နောက်ထပ် အမှု ၁၂ မှု ကျေအေးပြေလည်ခဲ့သည်။ မကျေနပ်သည့် တိုင်ကြားသူ ၁၄ ဦး (အားလုံးမှာ မြေယာနှင့် ပတ်သက်သည့် အငြင်းပွားမှုများဖြစ်သည်) သည် နောက်ထပ် တတိယပုဂ္ဂိုလ်ထံမှ အကူအညီများ ထပ်မံရယူခဲ့ပြီး ထိုမှတစ်ဆင့် နောက်ထပ် ၅ မှု ဖြေရှင်းပြေလည်ခဲ့သည်။

အဓိက ဦးစားပေး ပြဿနာ ၆၂ မှု အနက် ၃၆ မှု ( ၅၈.၀% ) မှာ မည်သည့် ပြေလည်မှု အဖြေမရရှိကြပါ။

ပုံ ၅ - ၁ အဓိက ဦးစားပေးပြဿနာများကို ဖြေရှင်းရန် ကြိုးစားအားထုတ်မှုများ




[၃၉] မြေယာနှင့်ဆိုင်သည့်အငြင်းပွားမှု (၈၄ မှုအနက် ၃၂ မှု) ကြွေးမြီ (၁၀ မှု)၊ မွေးစာရင်းနှင့် မှတ်ပုံတင်အထောက်အထား ရယူခြင်းနှင့် ဆိုင်သည့် ပြဿနာများ (၇ မှု)၊ သံသယဖြစ်ဖွယ်လူသေမှု/ လူသတ်မှု သံသယ (၅ မှု)၊ ရေနှင့် ဆိုင်သည့်အငြင်းပွားမှု (၄ မှု) နှင့် ခိုက်ရန်ဖြစ်မှု (၄ မှု)

သံသယဖြစ်ဖွယ်လူသေမှု ၅ မှု အနက် ၃ မှုတွင် ဖြေဆိုသူများသည် တစ်ဖက်အမှုသည် နှင့် တိုက်ရိုက်ကြိုးစားညှိနှိုင်းကြသည်။ ထိုအနက် ၁ မှုမှာ လျော်ကြေး ကျပ် ( ၁ ) သိန်းဖြင့် ပြေလည်သွားကြသည်။ နောက် ၁ မှုတွင် အိမ်နီးနားချင်း ပတ်ဝန်းကျင် အကူအညီဖြင့် "ဒဏ်ကြေး" ပေး၍ ဖြေရှင်း ပြေလည်သွားသည်။ လူ့အသက်ဆုံးရှုံးရသည့် ၅ မှုအနက် ၃ မှုမှာ ပြေလည်ကျေအေးမှု မရသေးပါ။

အဓိကဦးစားပေး ပြဿနာများထဲမှ ၃၂ မှု ကြိုးစားဖြေရှင်းရာတွင် ပါဝင်ပတ်သက်သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများမှာ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြေစာရင်းဌာန၊ တရားရုံးနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ၊ ပြည်နယ်မြေစာရင်းဌာန၊ နိုင်ငံရေး ပါတီကိုယ်စားလှယ်များ နှင့် ပြည်သူ့စစ်အဖွဲ့ဝင်များ ဖြစ်ကြ သည်။

တိုက်ရိုက် ညှိနှိုင်းမှုများမှ သော်လည်းကောင်း၊ သို့မဟုတ် တတိယပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဖြေရှင်းပြေလည်သွားသည့် အမှုပြဿနာ ၂၆ မှုတွင် မိမိကိုယ် မျက်နှာသာပေးသည့် သို့မဟုတ် လက်ခံနိုင်သည့် အဖြေရရှိသည့်အတွက် ကျေနပ်မှုကို အမှုဖြစ်ခဲ့သည့် ဖြေဆိုသူများက ဖော်ပြကြသည်။ (ဥပမာ - "ဆုံးဖြတ်ချက်က တရားပါတယ်။ မျှတပါတယ်။ ဒီတော့ ကျေနပ်တယ်။" "ကျွန်တော်က သူ့ကို ရိုက်တာ ကျွန်တော့် အမှားလေ။ ဒါပေမဲ့ ပြဿနာကို လျော်ကြေးနဲ့ ကျေအေးတယ်။ ကျွန်တော် ကျေနပ်ပါတယ်။" "ဒို့တွေက ကျေနပ်တာ က လွဲလို့ ဘာမှမရဘူး။ နှစ်ဦးနှစ်ဖက် အကျိုးအတွက် ဝင်ညှိနှိုင်းပေးရတာပါ။" "အကူအညီ တောင်းပြီးတဲ့အခါကျတော့ နောက်ထပ် စောင့်စရာ မလိုတော့ဘဲ မှတ်ပုံတင်ကြတယ်။ ဒီတော့ ကျေနပ်တယ်။" "ကျေနပ်တယ်လေ မြေ ၁ ဧက ပြန်ရတာ၊ ဘာမှ မရတာထက်စာရင် တော်သေးတာပေါ့" )

အချို့က ပြဿနာ ဖြေရှင်းရာတွင် တတိယပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍ လုပ်ဆောင်မှုကို အားရ ကျေနပ်ကြသည်။ ( ဥပမာ - " ရွာခေါင်းဆောင် တစ်ယောက်က ဤပြဿနာကို ဝင်ကူဖြေရှင်းပေးရာ" ၊ "အိမ်နီးနားချင်း ပတ်ဝန်းကျင်က လူတွေဝင်ကူလို့ ကျပ် ( ၁ ) သိန်း အလျော်ရတာ" ၊ "ကျွန်တော် မသိဘဲ တစ်ဖက်လူက ကျွန်တော့်မြေကို သုံးနေတာလေ၊ သူကြီးက ပြဿနာကို ဖြေရှင်းပေးတော့ ကျွန်တော့်မြေပြန်ရတယ်။ ဒီတော့ ကျေနပ်တယ်" )။ မိမိအမှားလုပ်ကို တစ်ဖက်လူက ဝန်ခံ အသိအမှတ်ပြုသည့်အတွက် ကျေနပ်မှုများလည်း ရှိသည်။ ( ဥပမာ - "ဟိုဘက်က တောင်းပန်တယ်။ ပြီးတော့ နောက် ဒီလို မဖြစ်စေရပါဘူးလို့ ကတိပေးတယ်။ ဒီတော့ ကျေနပ်ပါတယ်" )။

မိမိကို ကျေနပ်စေသည့် ရလဒ်အဖြေများကို ကျေအေးပြေလည်မှု အားလုံးတွင် ရခဲ့သည်မဟုတ်ပါ။ မိမိလိုလားမှု မရှိသည့် ရလဒ်အဖြေများ ထွက်ပေါ်ခဲ့မှုကို အချို့ဖြေဆိုသူများက ဖော်ပြကြသည်။ ( ဥပမာ - "အဖိုးအဖွားလက်ထပ်ကတည်းက ကျွန်တော်တို့ လုပ်နေတဲ့ မြေက ၁၅ ဧက ဒါပေမဲ့ အခု ကျွန်တော်ရတာက ၂ ဧကတည်း"၊ "အမှန်တိုင်း ပြောရရင် မကျေနပ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့မြေပါလို့ ပြောလာတဲ့သူကို ကိုယ့်မြေတစ်ဝက်ပေးရတယ်လေ။ ဆုံးဖြတ်ချက်ကို လက်ခံပါတယ်။ ပြဿနာ ဒီထက်ပိုကြီးမားလာမှာစိုးလို့"...၊ "ရလဒ်အဖြေနဲ့ မိသားစုဝင်တွေကြား တကယ်ဖြစ်နေတာနဲ့က ဘာမှမဆိုင်ဘူး။ အဲ့ဒါကြောင့် မကျေနပ်တာ"....၊ "ကျွန်တော့်အကို ကိုယ် သူမသေခင်အထိ အဲဒီနေရာမှာ သူတို့နေခွင့်ပြုခဲ့ရင် ကျွန်တော် ကျေနပ်မိမှာ အခုကြတော့ သူ့အိမ်ဖြစ်လျှက်နဲ့ ဘာမှမရလိုက်ဘူး။ တရားရုံးနဲ့ တရားသူကြီးတွေကို တော်တော့်ကို မကျေနပ်ဘူး")။ အချို့က အမိန့်ဆုံးဖြတ်ချက်များ အကောင်အထည်ဖော် သက်ဝင်မှု မရှိသည်ကို စမ်းခဲ့ကြသည်။ (ဥပမာ - "တရားရုံးက ကျွန်တော်မြေ ၂ ဧက ပိုင်စေဆိုပြီး အမိန့်ချတယ်။ ဒါပေမဲ့ ဟိုဘက်က ၁ ဧကဘဲ ပေးတယ်။ ဒီတော့ မကျေနပ်ဘူး" ၊ ၂ ဧက ပြန်ပေးရမယ်လို့ ဆုံးဖြတ်ချက်ချထားတယ်။ ဒါပေမဲ့ ၁ ဧက ခွဲဘဲ ကျွန်တော့်ကို ပြန်ပေးတယ်") ။ ဆောင်ရွက်ရမည့် တာဝန်အကြွေးများ မပြီးပြတ်မှုအပေါ် မကျေနပ်မှုများလည်း ရှိသည်။ (ဥပမာ - "ကြွေးယူထားတဲ့သူတွေ ထွက်ပြေးကြတော့ ပိုက်ဆံတွေ ဆုံးကုန်တာပေါ့... ဒီတော့ ဘယ်ကျေနပ်ပါ့မလဲ")။ အမှုပြဿနာ ဖြေရှင်းရာတွင် ကုန်ကျသည့် စရိတ်စကများအပေါ် မကျေနပ်မှုများလည်းရှိသည်။ (ဥပမာ - "တကယ့် တန်းဖိုးထက် တရားရုံးသွားရတဲ့ ကုန်ကျစရိတ်ကပိုများတော့ မကျေနပ်ဘူး")။

ညှိနှိုင်းမှုများမှ အဖြေမရရှိခဲ့သည့် ဦးစားပေး အမှု ၅၃ အနက် ထက်ဝက်ကျော် ၂၁ မှုတွင် မကျေနပ်သည့် တိုင်ကြားသူများသည် တစ်ဦးတစ်ယောက်ထံမှ မကူအညီတောင်းခံခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းများ မရှိကြပါ။ ထိုသို့ မလုပ်ဆောင်ရသည့် အကြောင်းတရားများမှာ -

- အကူအညီတောင်းခံခြင်း သို့မဟုတ် အရေးယူဆောင်ရွက်ခြင်းသည် တစ်ဖက်သူ နှင့် ဆက်ဆံရေးကို ပျက်ပြားနိုင်သည် သို့မဟုတ် တစ်ဖက်လူ အရှက်ရနိုင်သည့် ( ၁၁ မှု )။
- အကူအညီ တောင်းခံခြင်း သို့မဟုတ် အရေးယူဆောင်ရွက်ခြင်းသည် ကုန်ကျစရိတ် အလွန်များနိုင်သည်။ ( ၅ မှု )။
- ပြဿနာသည် အရေးကြီးသည့် ပြဿနာတစ်ရပ် မဟုတ် ( ၅ မှု )

- အကူအညီတောင်းခံခြင်း သို့မဟုတ် အရေးယူလုပ်ဆောင်ခြင်းသည် အချိန်သာကုန်လိမ့်မည်/ အချိန်ကုန်ရကျိုး မနပ် ( ၅ မှု )
- အကူအညီတောင်းခံခြင်း သို့မဟုတ် အရေးယူလုပ်ဆောင်ခြင်းသည် ဝင်ငွေအလုပ်ကိုထိပါးနိုင်သည် (၂ မှု)
- ဘာလုပ်ရမည် သို့မဟုတ် မည်သူက အကူအညီပေးမည်ကို မသိသည့်အတွက် (၂ မှု)။
- တစ်စုံတစ်ဦးက အကူအညီပေးနိုင်လိမ့်မည်ဟု မျှော်လင့်ချက် မရှိသည့်အတွက် (၁ မှု)
- တစ်ဖက်လူ/ တစ်ဖက်အမှုသယ်သည် ငွေအင်အား ပိုတောင့်တင်းသည့်အတွက် (၁ မှု)
- တရားဝင်စာချုပ် သို့မဟုတ် သဘောတူချက် မရှိခြင်း တို့ကြောင့် ဖြစ်သည်။

ဖြေဆိုသူများသည် အငြင်းပွားမှုပြဿနာ ဥပမာသာဓက ( ၆ ) ခု ( သူတစ်ပါးထံမှ ပစ္စည်းခိုးယူခြင်း၊ ကြွေးယူ၊ အိမ်တွင်း အကြမ်းဖက်မှု၊ ယာဉ်တိုက်မှု၊ လူကုန်ကူးမှု နှင့် မြေနယ်နမိတ်အငြင်းပွားမှု ) ကို တွေးတော စဉ်းစားကြပြီး ထိုပြဿနာများကို မည်သို့ ဖြေရှင်းကြမည်ကိုလည်း ဖော်ပြကြသည်။ ပထမဖြစ်စဉ်သာဓက ( ၄ ) ခု ( ပုံ ၅-၂ ( က ) မှ ၅-၂ ( ဃ ) နောက်ဆက်တွဲ ( ခ ) တွင် ရှု ) အတွက် ၎င်းတို့ဖြေဆိုချက်များသည် အမှန်တကယ်အမှုပြဿနာများ ဖြေရှင်းရာ တွင် မိမိကိုယ်ကို အားကိုးလိုမှု (ဥပမာ - တိုက်ရိုက်ညှိနှိုင်းခြင်း) နှင့် ယေဘုယျကိုက်ညီမှုရှိသည်။

လူကုန်ကူးမှု သာဓကဖြစ်စဉ်က ဖြေဆိုသူ (၄၅%) က ၎င်းတို့သည် ပထမဆုံးအနေဖြင့် မြို့နယ်ရဲစခန်းသို့မဟုတ် ခရိုင်/ လူကုန်တား ရဲတပ်ဖွဲ့ထံမှ အကူအညီတောင်းခံမည်ဟုဆိုသည်။အကယ်၍အကူအညီမရရှိခဲ့ပါက ဖြေဆိုသူ ( ၆၃% ) နီးပါးသည် နောက်ထပ် မည်သူထံ တွင် အကူအညီ တောင်းခံရမည်ကို မသိသို့မဟုတ် အကူအညီသွားတောင်းရမည့်သူ နောက်ထပ် တစ်ဦးတစ်ယောက်မျှ မရှိတော့ပါဟု ဖော်ပြကြသည်။ (ပုံ၅-၂(င)နောက်ဆက်တွဲ ( ခ ) တွင် ရှု )။ မြေနယ်နမိတ် အငြင်းပွားမှု ဥပမာဖြစ်ရပ်တွင် အများဆုံး အချိုးအစားဖြစ်သည့် ဖြေဆိုသူ ( ၂၂.၅% ) က ပြဿနာကို ၎င်းတို့ဘာသာ ဖြေရှင်းရန် ကနဦး ကြိုးစားမည်ဟု ဆိုသည်။ အချို့က အစတွင် သူကြီး၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ သို့မဟုတ် မြို့နယ်မြေစာရင်းဌာနများကို ခေါ်ယူ အကူအညီ တောင်းမည်ဟု ဆိုသည်။ ထိုသို့ မအောင်မြင်ခဲ့ပါက ၎င်းတို့တွင် နောက်ထပ် အကူအညီတောင်းစရာ လူမရှိတော့ဟု ၃ ဦးလျှင် ၁ ဦးနီးပါးက ဖော်ပြကြသည်။ ( ပုံ ၅-၂ ( ခ ) နောက်ဆက်တွဲ ( ခ ) တွင်ရှု )။

အချုပ်အားဖြင့်ဆိုလျှင် တစ်ခဲနက်သော ဖြေဆိုသူများသည် ၎င်းတို့၏ ပြဿနာများ ဖြေရှင်းရာတွင် သမားရိုးကျ တရားမျှတရေး စနစ်ကို မသုံးလိုကြဘဲ ရပ်ရွာ အတွင်း ကြိုးစားဖြေရှင်းလိုကြသည်။ အများစုမှာ အောင်မြင်မှု မရှိပါ။ အမှုပြဿနာ ထက်ဝက်ကျော်တွင် မကျေနပ်သည့်တိုင်ကြားသူများသည် တိုက်ရိုက်ညှိနှိုင်းမှုများဖြင့် အမှုပြဿနာ ပြေလည်ရန်ကနဦးကြိုးစားကြသည်။တိုက်ရိုက်ညှိနှိုင်းမှုများ အပြီးနှင့် သို့မဟုတ် တတိယပုဂ္ဂိုလ်အကူအညီ ရယူပြီး နောက် အရေးကြီးဆုံး ဦးစားပေး ပြဿနာအမှု ၆၂ မှု၏ ၅၈% မှာ ဖြေရှင်းပြေလည်ခြင်း မရှိပါ။ ဖြေရှင်း ပြေလည် သွားခဲ့သည်တိုင် မိမိကို စိတ်ကျေနပ်စေသည့် နောက်ဆုံး ရလဒ်အဖြေများ အမြဲတမ်းရခဲ့သည်ဟု မဆိုသာပါ။

ဆွေးနွေးညှိနှိုင်းမှုများ မအောင်မြင်ပါက အချို့တိုင်ကြားသူများသည် တစ်စုံတစ်ဦးထံမှ အကူအညီ တောင်းခံခြင်း သို့မဟုတ် ဆက်လက် ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါ။ ထိုအထဲမှ ထက်ဝက်ကျော်က အကူအညီ တောင်းခံခြင်း သို့မဟုတ် ဆက်လက် ဆောင်ရွက်ခြင်းများသည် တစ်ဖက်လူနှင့် ဆက်ဆံရေး ပျက်ပြားစေသည် သို့မဟုတ် တစ်ဖက်လူ အရှက်ရစေသည်ဟု ယုံကြည် သဘောထားကြသည်။

## ပြဿနာအငြင်းပွားမှု ဖြေရှင်းရာတွင် ပါဝင်ပတ်သက်သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများ

အငြင်းပွားမှု ပြဿနာ ဖြေရှင်းရာတွင် ပါဝင်ပတ်သက်ရသည့် တတိယပုဂ္ဂိုလ် အမျိုးအစား အသီးသီးသည် မတူ ကွဲပြားမှု စုံလင်သည့် ရှမ်းပြည်နယ်၏ သဘောသဘာဝကို ထင်ဟပ်သည်။ ဇယား ၅-၁ တွင် သုတေသနလေ့လာခဲ့သည့် ကာလတစ်လျှောက် တွေ့ကြုံခဲ့ရသည့် တတိယ လူပုဂ္ဂိုလ်အဖွဲ့အစည်း အသီးသီး နှင့် အမှုပြဿနာဖြေရှင်းရာတွင် ၎င်းတို့ပါဝင် ပတ်သက်ရသည့် အခန်းကဏ္ဍများကို တစ်ခုချင်း ဖော်ပြထားသည်။ သူကြီး နှင့် နယ်မြေမှူး ( နယ်မြေတာဝန်ခံ ) များ အပါအဝင် ပထဝီ ဇရိယာတစ်ခုအပေါ် လုပ်ပိုင်ခွင့် အာဏာရှိသည့် ဒေသဆိုင်ရာ ရပ်ရွာ ခေါင်းဆောင်များသည် ဖြေဆိုသူများ၏ နေ့စဉ်ပြဿနာများကို ကူညီဖြေရှင်းရသည့် အထင်ရှားဆုံး ပုဂ္ဂိုလ်များအဖြစ် ထွက်ပေါ်ခဲ့သည်။

---

၄၀ ဤအချက်သည် ယာဉ်တိုက်မှု ဥပမာသာဓကတွင် ရဲထံပထမဆုံး အကူအညီတောင်းခံသည်ဟု ဖော်ပြသည့်ဖြေဆိုသူ အနည်းစု၏ အဖြေများနှင့် ကိုက်ညီတိုက်ဆိုင်မှုရှိသည်။

ဇယား - ၅.၁ တတိယ ပုဂ္ဂိုလ် အဖွဲ့အစည်းများ  - အငြင်းပွားမှု ပြဿနာ ဖြေရှင်းရာတွင် ဖြစ်နိုင်ဖွယ် အခန်းကဏ္ဍတာဝန်များ

| သြဇာသက်ရောက်မှု အဝန်းအဝိုင်း | ပုဂ္ဂိုလ်/အဖွဲ့အစည်း | ယေဘုယျ ဝိသေသလက္ခဏာများ | ဖြစ်နိုင်ဖွယ် အခန်းကဏ္ဍတာဝန်များ |
|---|---|---|---|
| ပထဝီဧရိယာ | ဒေသန္တရ အုပ်ချုပ်ရေးမှူး (ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး - W/VTA) | • အစိုးရ တရားဝင်အုပ်ချုပ်မှုတည်ဆောက်ပုံ အောက်ဆုံးလွှာ<br>• ၎င်းတို့မဲဆန္ဒနယ်မှသွယ်ဝိုက်ရွေးချယ် တင်မြှောက်ခံရပြီး[၄၁] ၂၀၁၂ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရ လုပ်ငန်းတာဝန်များ ထမ်းဆောင်သည်။[၄၂]<br>• ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌအဖြစ် လယ်ယာ မြေနှင့်ဆိုင်သည့် အငြင်းပွားမှု ပြဿနာများကိုကိုင်တွယ် ဖြေရှင်းရသည့် တာဝန်ရှိသည်။<br>• အားလုံး (၁၄ဦး) မှာ အမျိုးသားများ ဖြစ်သည်။<br>• မြန်မာဘာသာကျွမ်းကျင်သည်။<br>• ရပ်ရွာအတွင်းရှိ အခြားသူများထက်စာလျှင် ယေဘုယျအားဖြင့် ပညာပိုတတ်ပြီး စီးပွားရေး အဆင့်အတန်း မြင့်မားသည်။ | • ပြဿနာအငြင်းပွားမှု ဖြေရှင်းခြင်း<br>• ကြားဝင်စေ့စပ်ခြင်း/ ညှိနှိုင်းခြင်း |
| | သူကြီး | • ဧရိယာတခု အပေါ် သြဇာအာဏာ သက်ရောက်သည့် ဒေသဆိုင်ရာ ရပ်ရွာခေါင်းဆောင်<br>• အများစု ( ၂၀ဦး ) ကို ရပ်ရွာထဲမှ လူများ သို့မဟုတ် ရပ်မိရပ်ဖများက ရွေးချယ်ပြီး ( ၂ ) ဦးမှာ ဒေသဆိုင်ရာ ရပ်ကျေး အုပ်ချုပ်ရေးမှူးက ခန့်အပ်ကာ တစ်ဦးမှာ မျိုးရိုးစဉ်ဆက်အရ ဆက်ခံသည်။<br>• အားလုံး ( ၂၃ ဦး ) မှာ အမျိုးသားများ ဖြစ်သည်။<br>• အနည်းစု မြန်မာစကား ကျွမ်းကျင်ပြီး အများစု မကျွမ်းကျင်၊<br>• ပညာရေးအဆင့်အတန်း အမျိုးမျိုး၊ စီးပွားရေးအခြေအနေ အသီးသီး ကွဲပြားသည်။ | • ပြဿနာအငြင်းပွားမှု ဖြေရှင်းခြင်း<br>• ကြားဝင်စေ့စပ်ခြင်း ညှိနှိုင်းခြင်း |
| | နယ်မြေမှူး | • ရပ်ကွက် သို့မဟုတ် ကျေးရွာတခု၏ ပထဝီဧရိယာအစိတ်အပိုင်းတခုအပေါ် လုပ်ပိုင်ခွင့်အာဏာ သက်ရောက်သည့် ဒေသဆိုင်ရာ ရပ်ရွာ ခေါင်းဆောင် ဖြစ်သည်။<br>• အများစုကို ရပ်ကျေး အုပ်ချုပ်ရေးမှူးများက ခန့်အပ်ပြီး၊ အချို့ကို ရပ်ရွာမှရွေးချယ်သည်။<br>• အများစုမှာ အမျိုးသားများဖြစ်ပြီး အမျိုးသမီး ( ၂ ) ဦး | • ပံ့ပိုးကူညီခြင်း<br>• ပြဿနာအငြင်းပွားမှု ဖြေရှင်းခြင်း |
| | ဆယ်အိမ်မှူး | • ရပ်ကျေး အုပ်ချုပ်ရေးမှူး သွယ်ဝိုက် ရွေးချယ်တင်မြှောက်ပွဲများတွင် ပါဝင်ပတ်သက်သည်။ | • ဒေသန္တရ ရပ်ကျေးအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲ<br>• ပံ့ပိုးကူညီခြင်း<br>• ပြဿနာအငြင်းပွားမှု ဖြေရှင်းခြင်း (ဖြစ်နိုင်ဖွယ်ရှိသည်။) |

၄၁ မြို့နယ်တွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုတစ်စုစီအတွက် မြို့နယ် အုပ်ချုပ်ရေးမှူးက ရပ်မိ ရပ်ဖ (၅)ဦး ပါဝင်သည့် အကြံပေး ကြီးကြပ်မှု ဘုတ်အဖွဲ့တစ်ခုစီ ခန့်အပ်ဖွဲ့စည်းသည်။ ထိုဘုတ်အဖွဲ့ တစ်ခုချင်းသည် ဆယ်အိမ်စု အုပ်စု အဖွဲ့များဖွဲ့စည်းသည်။ ဆယ်အိမ်မှူး တစ်ဦးစီသည် စာရင်းတွင် အဆိုပြုသူများအနက် ၎င်းတို့ကြိုက်နှစ်သက်သူကို မဲပေးပိုင်ခွင့်ရှိသည်။ ကြီးကြပ်ရေးဘုတ်အဖွဲ့သည် ရွေးကောက်ပွဲကြီးကြပ် ကျင်းပပေးရသည့် တာဝန်လည်းရှိသည်။ ရွေးကောက်ခံရသူသည် သတ်မှတ်ထားသည့် အရည်အချင်းများ နှင့် ပြည့်စုံရပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၏ တရားဝင် အတည်ပြု ထောက်ခံချက်ဖြင့် ခန့်အပ်ရသည်။

၄၂ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများတွင် တရားဝင် ခန့်အပ်ထားသည့် လုပ်ငန်းတာဝန် ၃၂ ခုရှိပြီး ထိုအထဲတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်း တရားဥပဒေ စိုးမိုးမှု ၊ ရပ်ရွာတည်ငြိမ်အေးချမ်းသာယာမှု၊ စည်းမျဉ်းစည်းကမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများနှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရားများလည်းပါဝင်သည်။

| | | | |
|---|---|---|---|
| ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း | "သက်ကြီးရွယ်ကြီးနှင့် လေးစားထိုက်သောပုဂ္ဂိုလ် (ရိုးရာလူကြီး)" | • အမြဲတမ်းမဟုတ်သည့်တိုင် ယေဘုယျအားဖြင့် ရပ်ကျေး အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲကို ကြီးကြပ်ရန်အလို့ငှာ မြို့နယ် အုပ်ချုပ်ရေးမှူးမှခန့်အပ်သည့် ရပ်မိရပ်ဖများနှင့် ကွဲပြားခြားနားသည်။<br>• အငြင်းပွားမှုပြဿနာများ ဖြေရှင်းရာတွင် တဦးတည်း သို့မဟုတ် သူကြီးနှင့် တွဲဖက်ပါဝင် ပတ်သက်သည်။<br>• အားလုံး(၁၇)ဦးမှာ အသက်ကြီးပိုင်းအမျိုးသားများဖြစ်သည်။<br>• ယေဘုယျအားဖြင့် ဉစ္စာဓနကြွယ်ဝမှု၊ ပညာအဆင့်အတန်း သို့မဟုတ် ပုဂ္ဂိုလ်ရေးအဆက်အသွယ်ရှိမှု စသည့် ဝိသေသလက္ခဏာတခု သို့မဟုတ် တခုထက်ပို၍ ရှိတတ်သည်။ | • အငြင်းပွားမှုပြဿနာဖြေရှင်းခြင်း<br>• သူကြီး အဆို တင်သွင်းခြင်း သို့မဟုတ် ခန့်အပ်ခြင်း<br>• အငြင်းပွားမှုပြဿနာဖြေရှင်းခြင်း |
| | ယဉ်ကျေးမှု နှင့် စာပေရိုးရာအဖွဲ့ (CLA) | • လူမျိုးစုအပေါ် အခြေခံသည့်အဖွဲ့အစည်း<br>• အဓိကလုပ်ငန်းများမှာ ဘာသာစကား၊ ရိုးရာအက အပါအဝင် ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းမြှင့်တင်ခြင်း ဖြစ်သော်လည်းအငြင်းပွားမှုပြဿနာ ဖြေရှင်းသည့် တာဝန်လည်းရှိနိုင်သည်။ | • အငြင်းပွားမှုပြဿနာဖြေရှင်းခြင်း |
| ဘာသာရေး | ရှမ်းပြည်နယ်တောင်ပိုင်း အစ္စလာမ်ကောင်စီ | • ဘာသာရေး အဖွဲ့အစည်းဖြစ်ပြီး အဓိကလုပ်ငန်းများမှာ (၁)အစ္စလာမ်ပညာရေး (၂) ဗလီနှင့်ကျောင်းများထိန်းသိမ်းစောင့်ရှောက်ခြင်း (၃) ရာမာဒန်ဥပုဉ်လ လကြည့်ခြင်း (၄) ရှာရီရာဥပဒေအရ အိမ်ထောင်ရေးနှင့် အမွေခွဲဝေဆက်ခံခြင်းစသည့်ပုဂ္ဂိုလ်ရေးကိစ္စဖြေရှင်းခြင်း<br>• အားလုံးမှာ အမျိုးသားများဖြစ်ပြီးအစ္စလာမ်ဥပဒေ နားလည် ကျွမ်းကျင်ကြသည်။ | • အငြင်းပွားမှုပြဿနာဖြေရှင်းခြင်း |
| | ဆရာတော် | • ဒေသဆိုင်ရာကျောင်းထိုင်ဆရာတော်<br>• ဆရာတော် တပါးချင်းစီ၏ သဘောသဘာဝနှင့်ဩဇာအရှိန်အဝါသည်တခါတရံအငြင်းပွားမှုပြဿနာအပေါ်ရပ်ရွာအသိုင်းအဝိုင်း၏သဘောထားအမြင်ကိုအကျိုးသက်ရောက်နိုင်သည်။ | |
| | ဘုရားရှိခိုးကျောင်းကော်မတီ (အခါ နှင့်လားဟူ) | • အဖွဲ့ဝင် ၁၂-၁၅ ဦး<br>• အိမ်ထောင်ရေးပြဿနာနှင့်အိမ်ထောင်ရေး ဖောက်ပြန်မှု/ သူတပါး သားမယားပြစ်မှုများကို ဖြေရှင်းသည်။<br>• အမျိုးသမီးထက်အမျိုးသားအဖွဲ့ဝင်များသည်။ | • ပံ့ပိုးကူညီပေးခြင်း |
| နိုင်ငံရေးပါတီနှင့်လွှတ်တော်ကိုယ်စားလှယ်များ | လွှတ်တော်ကိုယ်စားလှယ်(MP) | • ရှမ်းပြည်နယ်နှင့်ပြည်ထောင်စုလွှတ်တော်များ<br>• လွှတ်တော် ကိုယ်စားလှယ်၏ ဇာတိရပ်ကွက်/ကျေးရွာသို့ချဉ်းကပ်ဆက်သွယ်သည်။သို့မဟုတ် ပုဂ္ဂိုလ်ရေး အဆက်အသွယ်များမှတဆင့် ချဉ်းကပ် ဆက်သွယ်သည်။ | • ပံ့ပိုးကူညီပေးခြင်း |
| | နိုင်ငံရေးပါတီ | • အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ NUP မြို့နယ်ရုံးခွဲများ | • စုံစမ်းစစ်ဆေးခြင်း<br>• ပံ့ပိုးကူညီပေးခြင်း |
| အမျိုးသမီးနှင့်လူငယ် | လူငယ်အဖွဲ့ | • အမျိုးသမီးနှင့်အမျိုးသားလူငယ်အဖွဲ့များ | • အငြင်းပွားမှုပြဿနာဖြေရှင်းခြင်း<br>• ပံ့ပိုးကူညီပေးခြင်း |
| | မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ MWAF | • အစိုးရမဟုတ်သည့် NGO အဖွဲ့ဖြစ်ပြီးအမျိုးသမီးများဘဝ မြင့်မားတိုးတက်ရေးအတွက်ရည်ရွယ်သည်။[၄၃] | • ပံ့ပိုးကူညီပေးခြင်း<br>• အငြင်းပွားမှုပြဿနာဖြေရှင်းခြင်း |
| လုံခြုံရေး | ပြည်သူ့စစ် | • ပြည်သူ့စစ်အဖွဲ့များကို "လုံခြုံရေးထိန်းသိမ်းစောင့်ရှောက်ရန်" အတွက် တပ်မတော်၏ တိုက်ရိုက်ထိန်းကွပ်မှုအောက် ဖွဲ့စည်းထားသည်။<br>• ပြည်သူ့စစ်တပ်ဖွဲ့အသီးသီးသည် ၎င်းတို့၏ ကျေးရွာ/ကျေးရွာအုပ်စု သို့မဟုတ် မြို့ဧရိယာ အတွင်း လှုပ်ရှားဆောင်ရွက်သည်။<br>• အဖွဲ့ဝင်များကို သက်ဆိုင်ရာဒေသ (ကျေးရွာ/ကျေးရွာအုပ်စု သို့မဟုတ် မြို့ဧရိယာအတွင်း စုဆောင်းသည်။ | • ပံ့ပိုးကူညီပေးခြင်း |

၄၃ http://www.mwaf.org.mm/en/about_us တွင်ရှု

ဖြေဆိုသူများ အထူးသဖြင့် မြို့ပြနေသူများသည် ရဲများ၏ တရားဝင်လုပ်ပိုင်ခွင့် နှင့် စွမ်းဆောင်ရည်တွင်းရှိ ယာဉ်တိုက်မှု၊ ယာဉ်ခိုးမှု နှင့် ဖောက်ထွင်းမှု၊ မူးယစ်ဆေးဝါး နှင့် ပတ်သက်သည့် ပြဿနာများတွင် ရဲများထံမှ အကူအညီ များလည်း ရယူကြသည်။ တစ်ခါတစ်ရံ ရဲများ၏ ပြုမူဆောင် ရွက်ချက်များသည် တရားဝင်သဘောသိပ်မဆောင်ပါ။ လေ့ လာခဲ့သည့် နေရာဒေသတစ်ခုတွင် အရက်မူး၍ အိမ်တွင် သောင်းကျန်းသူများကို ရဲက ခေါ်ယူ ထိန်းသိမ်းလေ့ရှိသည်။ ဤသည်မှာ သက်ဆိုင်ရာ မိသားစုများ၏ တောင်းဆိုချက် ကြောင့် ပြုလုပ်ချက်ခြင်း ဖြစ်သည်။ အခြားရပ်ရွာတစ်ခုတွင် မဲစုကြေး အဖွဲ့ဝင်တစ်ချို့ ငွေဖြင့်ထွက်ပြေးတိမ်းရှောင်သွား ပြီးနောက် ကျန်အဖွဲ့ဝင်များ မဲကြေး ဆက်လက်ထည့်ဝင် ရန် မြို့နယ်ရုံးများက အလွတ်သဘော ခြိမ်းခြောက်ဖိအား ပေးကြသည်။ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ

ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ အချို့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ခြံမြေ စည်းရိုးနယ်နမိတ်၊ အမွေ ချေးငွေနှင့် အကြွေး (အချို့သည် ဤပြဿနာများကို ကိုင်တွယ် ဖြေရှင်းပေးရန် ငြင်းဆန်ကြ သော်ငြားလည်း)၊ အိမ်ရှင်/အိမ်ငှား (မြေရှင်/မြေငှား)၊ ယာဉ် တိုက်မှုနှင့် အိမ်တွင်းအကြမ်းဖက်မှုများတွင် အမှုပြိုင်အမှု သည်များအကြား အမှုပြဿနာများကို တက်ကြွစွာဝင်ရောက် ဖြေရှင်းပေးကြသည့်အပြင်၊ အိမ်ခြံမြေရောင်း ဝယ်လွှဲပြောင်း မှုများတွင်လည်း အသိသက်သေအဖြစ် ဆောင်ရွက်ကြသည်။

ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ၎င်းတို့၏ ဆုံးဖြတ်ချက်အမိန့်များ အာဏာသက်ရောက် စေရန် လုပ်ဆောင်သည့် နည်းလမ်း တစ်ခုမှာ ကျူးလွန်သူ ကို ခံဝန်လက်မှတ် (နောက်နောင် မကျူးလွန်ပါဟု ကတိစာ ချုပ်) ထိုးခိုင်းပြီးအကယ်၍ ကတိဖောက်ဖျက်ပါက နောက် ထပ် အရေးယူမည်ဟု ခြိမ်းခြောက်ခြင်းဖြစ်သည်။ နောက် ထပ် အရေးယူမှုဆိုသည်မှာ အချို့ကိစ္စများတွင် ကျူးလွန်သူ ကို ရဲသို့မဟုတ် အခြား အစိုးရအာဏာပိုင်များ လက်သို့ လွှဲ ပြောင်းအပ်နှံခြင်းဖြစ်ပြီး၊ အခြားအခြေအနေများတွင် ရပ်ရွာ အတွင်းမှ နှင်ထုတ်ခြင်းဖြစ်သည် ( ဖြစ်စဉ် ၂၃တွင်ရှု)။

ပြင်ပမှဩဇာအာဏာကြီးသူများ သို့မဟုတ်အဆင့် မြင့် အာဏာပိုင်များ ပါဝင်ပတ်သက်သည့်အမှု ကိစ္စ များကဲ့ သို့ ၎င်းတို့ လုပ်ပိုင်ခွင့်အာဏာ မတတ်နိုင်သည့် ပြဿနာများ တွင် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ၎င်းတို့ ရပ်ရွာအသိုင်းအဝိုင်းအတွက် ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ်အခြား အစိုးရအာဏာပိုင်များထံ တိုင်ကြားချက်များကို လက်ဆင့် ကမ်း ပေးကြသည်။ အချို့ ရပ်ရွာများရှိ ရပ်ကွက်/ ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများသည် မူးယစ်ဆေးဝါး ရောင်းဝယ် သူများကို ရဲအရာရှိများက ဖမ်းဆီးရာတွင် လိုက်ပါ ကူညီရ သည်ဟု ဆိုသည်။

ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ အချို့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လုပ်ကိုင် ဆောင်ရွက်မှုမှာ အကန့်အသတ် ရှိပြီး ရပ်ရွာနေသူများက လုပ်ထုံးလုပ်နည်းကိစ္စများအတွက်သာ အကူအညီတောင်းခံ ကြသည်။ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ လေ့လာခဲ့သည့် နေရာ ဒေသများမှ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး များ သည် ၎င်းတို့ ရပ်ရွာအပေါ်ဩဇာ အာဏာ မရှိသလောက် ဖြစ်သည်။

ဖြစ်စဉ် ၂၉

ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသမှ လင်မ ယား နှစ်ဦးသည် ရှမ်းပြည်မြောက်ပိုင်းသို့ ပြောင်း ရွှေ့ခဲ့ပြီး ရပ်ကွက်တစ်ခုတွင် အိမ်ငှားနေထိုင်ကြ သည်။ များမကြာမီ ထိုလင်မယားသည် ညနေတိုင်း အော်ကြီး ဟစ်ကျယ်စကားများ ရန်ဖြစ်ကြပြီး ပတ် ဝန်းကျင် အနှောင့်အယှက် ဖြစ်ရသည်။ မိတ်ဆွေ အပေါင်းအသင်း တစ်ယောက်ကလည်း ထိုအိမ်သို့ အရက်သေစာသောက်စားပြီးလာနေတတ်ပြီးအော် ဟစ် ဆူညံလေ့ရှိသည်။

အိမ်နီးချင်းများက အိမ်ရှင်ကို တိုင်ကြား ပြီး အိမ်ရှင်က အိမ်ငှားများကို ပြောင်းပေးရန် ပြော သည်။ ထိုလင်မယားကငြင်းဆိုသည်။ အိမ်ရှင်သည် နယ်မြေမှူးထံ ချဉ်းကပ်အကူအညီ တောင်းခံရာ နယ်မြေမှူးက ရပ်ကွက်အုပ်ချုပ်ရေးမှူးထံလွှဲသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးက ထိုလင်မယားကို ရုံးသို့ ခေါ်ယူ၍ ရန်ဆက်မဖြစ်ရန်ပြောသည်။ ထို့အပြင် ပတ်ဝန်းကျင်ကို အနှောင့်အယှက် ဆက်ပေးပါက ထိုနေရာမှ ပြောင်းရမည်ဟုလည်း သတိပေးသည်။ လင်မယား နှစ်ဦးသည် အနှောင့်အယှက် မဖြစ်စေ ရဟု ခံဝန်ကတိ လက်မှတ်ထိုးခဲ့သည်။ သို့သော် မကြာမီတွင် ဖြစ်နေကျအတိုင်းပြန်ဖြစ်ခဲ့သည်။ ရပ် ကွက် အုပ်ချုပ်ရေးမှူးသည် ၎င်းတို့နှစ်ဦးကို အုပ် ချုပ်ရေးရုံးသို့ ထပ်ခေါ်ခဲ့ပြီး ခံဝန်ကတိ ဖောက်ဖျက် သဖြင့် ရပ်ကွက်မှ ပြောင်းကြရန် ပြောသည်။ လင် မယားနှစ်ဦးက ခံဝန်ကတိ ဖောက်ဖျက်သည်ကို ဝန်ခံပြီး ရပ်ကွက်မှ ပြောင်းထွက်သွားသည်။

## သူကြီးများ[၄၄]

ယေဘုယျအားဖြင့် သူကြီးများသည် ရပ်ရွာတွင် အရေးပါဆုံးသူများဖြစ်ပြီး ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်း အပေါ် ဩဇာအာဏာပိုရှိကြသည်။ ၎င်းတို့သည် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထက်စာလျှင် နေ့စဉ် ပြဿနာများ ဖြေရှင်းရာတွင် ပို၍ ပါဝင်ပတ်သက်ကြသည်။

၄၄ မြန်မာဘာသာတွင် "ကြီးမားသည့်သူ/ လူကြီး" ဟု အဓိပ္ပါယ်ရသည်။

ဤသည်မှာ ရှမ်းပြည်နယ်၏ ကျယ်ပြန့်သည့် အနေအထား အရ ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်တစ်ခုသည် ကျယ်ပြန့်သည့် မြေဧရိယာပမာဏကို လွှမ်းခြုံထားသောကြောင့် ဖြစ်နိုင်သည်။ သူကြီးများ၏ဩဇာအာဏာ သက်ရောက်မှုကို ရှမ်းပြည်နယ် အရှေ့ပိုင်း မြို့ပြနှင့် ကျေးလက်ဒေသ နှစ်ခုစလုံး၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ ကျေးလတ်ဒေသများတွင် ပို၍တွေ့ရသည်။

သုတေသနလေ့လာခဲ့သည့် ကာလတလျှောက်အခါ၊ လားဟူ၊ ရှမ်း၊ တောင်ရိုး၊ ပအို့၊ ကိုးကန့်၊ ဗမာ၊ တရုတ်၊ ဂေါ်ရခါး နှင့် မွတ်စလင် စသည့် လူမျိုးအသီးသီး၏ သူကြီးများကို တွေ့ရှိရသော်လည်း ကချင်သူကြီး တစ်ယောက်မျှ သတ်မှတ်ထုတ်ဖော်ခဲ့ခြင်းမရှိပါ။ မတူညီသည့်တိုင်းရင်းသား လူမျိုး အသီးသီး နေထိုင်သည့် နေရာဒေသများတွင် သူကြီးအချို့သည် ၎င်းတို့နှင့် လူမျိုးတူ တိုင်းရင်းသားများအပေါ် သာ ဩဇာလွှမ်းမိုးမှု အကန့်အသတ်ရှိပြီး အခြား တိုင်းရင်းသား လူမျိုးများအပေါ် တခြားသူများက ဩဇာလွှမ်းမိုးကြသည်။

သူကြီးများသည် တသီးပုဂ္ဂလပြဿနာ အမှုများဖြစ်သည့် အိမ်နီးချင်း ခိုက်ရန်ဖြစ်မှု၊ အိမ်တွင်း အကြမ်းဖက်မှု၊ တိရိစ္ဆာန် ပိုင်နက်ကျူးကျော်မှု၊ သူတပါး သားမယား ပြစ်မှားမှု နှင့် ခြံမြေ နယ်နမိတ်စည်းရိုး အငြင်းအခုံ အငြင်းပွားမှု များကို ကိုင်တွယ် ဖြေရှင်းကြသည် (ဖြစ်စဉ် ၃၀ နှင့် ၃၁ တွင်ရှု)။ သူကြီး အများစုသည် ရပ်မိရပ်ဖများဖြင့် အနီးကပ်တွဲဖက်၍ ၎င်းတို့၏ အကြီးဥာဏ်များကို လက်ခံရယူကာ အငြင်းပွားမှု ပြဿနာများကို လက်တွဲ ဖြေရှင်းကြသည်။ အထူးသဖြင့် ရပ်မိရပ်ဖများသည် ရပ်ရွာသမိုင်းကြောင်းကို သိကြသဖြင့် ခြံမြေနယ်နမိတ်စည်းရိုးပြဿနာ ဖြေရှင်းမှုများတွင် ပါဝင်ပတ်သတ်ကြသည်။

ဖြစ်စဉ် ၃၀

ရွာတစ်ရွာတွင် ရွာသားများသည် အစဉ်လာအားဖြင့် မိမိတို့ လယ်ကွက်အတွင်းသို့ ကျွဲ၊ နွားများ ဝင်ရောက်ပြီ သီးနှံများ ပျက်စီးမည်ဆိုးသဖြင့် မိမိတို့ လယ်ကွက် ပတ်လည်တွင် ခြံခတ်လေ့ရှိပြီး လယ်ချင်းဆက် လယ်သမားတစ်ဦးက ခြံခတ်ရာတွင် ၎င်း၏မြေအချို့ပါသွားသည်ကို လယ်သမားတစ်ဦး သတိပြုမိသည်။

ထိုလယ်သမားသည် လယ်ချင်းကပ် လယ်သမားအား နှစ်ကြိမ်တိုင်သတိပေးသော်လည်းတုံ့ပြန်ခြင်းမရှိသဖြင့် သူကြီးထံ တိုင်ကြားခဲ့သည်။ သူကြီးက ထိုသူအား ခြံစည်းရိုးနောက်ဆုတ်ပေးရန် အသိပေးသည်။ ခြံစည်းရိုး နောက်ဆုတ်ခဲ့သဖြင့် ပြဿနာပြေလည်ခဲ့သည်။

## နယ်မြေမှူးများ

နယ်မြေမှူးများကို သူကြီးမရှိသည့် နေရာ များတွင် တွေ့ရှိရသည်။ (ဥပမာ- ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ မြို့ပြဒေသများ၊ ရှမ်းပြည်နယ် တောင်ပိုင်း ကျေးလတ်ဒေသ တစ်ခုတွင်)။ ထိုသူများကို အများသောအားဖြင့် နယ်မြေမှူးဟု ခေါ်ဝေါ်ကြပြီး တစ်ခါတစ်ရံ အုပ်စုမှူးဟုလည်းခေါ်ကြသည်။

ယေဘုယျအားဖြင့် နယ်မြေမှူးများသည် ရပ်ရွာအုပ်ချုပ်ရေးမှူးများနှင့် ၎င်းတို့ အပိုင်းအတွင်းရှိ နေထိုင်သူများအကြား ပံ့ပိုးကူညီပေးသူများအဖြစ် ဆောင်ရွက်ကြပြီး မှတ်ပုံတင်ထုတ်ပေးရာတွင် လူစုပေးခြင်းနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးတွင်သက်သေအဖြစ်လိုက်ပါဆောင်ရွက်ကြသည်။

နယ်မြေမှူးများသည် ၎င်းတို့၏ လူမျိုးအုပ်စုဝင်များကို ကိုယ်စားပြု လိုက်ပါဆောင်ရွက်ရသော အမှုပြဿနာဖြေရှင်းမှုများတွင် တက်ကြွစွာ ပါဝင်ကြပြီး ခိုက်ရန်ဖြစ်မှု၊ ထိုးမှု၊ အိမ်တွင်း အကြမ်းဖက်မှု၊ လင်မယား ပျက်စဲမှု၊ အမွေအငြင်းပွားမှု၊ နိုင်ငံသား မှတ်ပုံတင် အထောက်အထား ရယူခြင်းနှင့် မြေယာနှင့် ဆိုင်သည့် ပြဿနာများကို ကိုင်တွယ်ကြသည်။ ထိုနယ်မြေမှူးများသည် ၎င်းတို့၏ လူမျိုးတူ အုပ်စုအတွင်း ပြဿနာများဖြေရှင်းနိုင်သည်မှာ ကောင်းသောလက္ခဏာဖြစ်သည်ဟုရပ်ကျေးအုပ်ချုပ်ရေးမှူးတစ်ဦးကမှတ်ချက်ပြုသည်။

တွေ့ဆုံဆွေးနွေးခဲ့သည့် နယ်မြေမှူး ၁၈ ဦး အနက် ၂ ဦးမှာ အမျိုးသမီးများ (ဟိန္ဒူတစ်ဦး နှင့် မွတ်စလင်တစ်ဦး) ဖြစ်ကြသည်။ သူတို့သည် ယခင်ကအမျိုးသမီးရေးရာအဖွဲ့ဝင်များဖြစ်ကြပြီးသက်ဆိုင်ရာရပ်ရွာအသိုင်းအဝိုင်း၏ တိုက်တွန်းတောင်းဆိုမှုကြောင့် နယ်မြေမှူးတာဝန် ယူထားကြသည်။

## "ရပ်မိရပ်ဖများ/ သက်ကြီးရွယ်ကြီး လေးစားထိုက်သူများ"

ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ လေ့လာခဲ့သည့် နေရာဒေသတစ်ခုတွင် သက်ကြီးရွယ်ကြီး လေးစားထိုက်သူများ/ ရပ်မိရပ်ဖများကို ကွင်းထောက်အဖွဲ့/ကွမ်းထောက်အဖွဲ့[၄၅] ဟု ခေါ်ကြသည်။ ထိုအဖွဲ့မှာ အမျိုးသား ၃ ဦးမှ ၅ ဦး ပါဝင်သည့် ကော်မတီဖြစ်ပြီး သူကြီးနှင့် အတူတကွ လုပ် ဆောင်ကာ ပြဿနာအငြင်းပွားမှုများကို လက်တွဲဖြေရှင်းကြသည်။ ထိုသူများသည် ဇယား ၅.၁ တွင် ဖော်ပြထားသည့် ယေဘုယျဝိသေသ လက္ခဏာများအပြင် နေ့စဉ် ဘဝတွင် ဗုဒ္ဓဘာသာ သီလတော်များနှင့်အညီ ကျင့်ကြံနေထိုင်ရသည်။

၄၅ နယ်မြေအထောက်အကူပြုကော်မတီဟု ဘာသာပြန်ဆိုနိုင်သည်။



နိုင်ငံသားစိစစ်ရေးကဒ်ပြားနှင့် အိမ်ထောင်စုစာရင်းအသစ် လျှောက်ထားရာတွင် လိုအပ်ချက်များကို ကိုးကန့် စာပေနှင့် ရိုးရာယဉ်ကျေးမှု အဖွဲ့ရုံးတွင် ဘာသာပြန်ဆို ချိတ်ဆွဲထားပုံ။

# စာပေနှင့် ရိုးရာ ယဉ်ကျေးမှုအဖွဲ့အစည်းများ

သုတေသနလေ့လာမှုအဖွဲ့သည် တောင်ကြီးတွင် ရှမ်း၊ ကိုးကန့်၊ ပအို့ စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ အစည်းများနှင့်၎င်း၊ ကျိုင်းတုံတွင် လားဟူ စာပေနှင့်ရိုးရာယဉ်ကျေးမှု အဖွဲ့အစည်း၊ တာချီလိတ်တွင် အခါစာပေနှင့်ရိုးရာယဉ်ကျေး မှုအဖွဲ့အစည်း၊ လားရှိုးတွင် ကိုးကန့်၊ တအာန်း/ပလောင်နှင့် ကချင်စာပေနှင့် ရိုးရာယဉ်ကျေးမှု အဖွဲ့ အစည်းများနှင့်တွေ့ ဆုံခဲ့သည်။ ကချင်စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့အစည်းမှ လွဲ၍ အခြားစာပေ နှင့် ရိုးရာ ယဉ်ကျေးမှုအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံတွင် အငြင်းပွားမှုပြဿနာ ဖြေရှင်းမှုကော်မတီခွဲ မထားရှိပါ။

ပြဿနာအများစုသည် ရွာအဆင့်တွင် သူကြီးတစ်ခါတစ်ရံ ရပ်မိရပ်ဖများပါဝင်၍ ဖြေရှင်းပေးလေ့ရှိကြသည် ဟု စာပေနှင့် ရိုးရာယဉ်ကျေးမှု တာဝန်ခံများက ရှင်းပြသည်။ စာပေနှင့် ရိုးရာယဉ်ကျေးမှု အဖွဲ့များသို့ တိုင်ကြားရောက်ရှိလာသည့် အမှုများကို ရိုးရာဓလေ့ထုံးတမ်းများ ပါဝင်ရသည့်အတွက် လူမှုရေးကော်မတီခွဲက အများသောအားဖြင့် ကိုင်တွယ်ဖြေရှင်းသည်။ ရှမ်းစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့၏ လူမှုရေးကော်မတီခွဲကို "ရီကြု ငိုကြု ပျော်ကြု ဆွေးကြု ကော်မတီ" ဟုလည်း ရပ်ရွာထဲတွင် အသိများသည်။ ကိုးကန့်စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ တာဝန်ခံများက ၎င်းတို့သည် ကိုးကန့်ပြည်သူများ နိုင်ငံသား စိစစ်ရေးကဒ် လျှောက်ထားရာတွင် အဓိကနေရာမှ ပံ့ပိုးကူညီပေးရသည် ဟု ပြောပြသည်။

ကျေးရွာအဆင့်တွင် သူကြီးများ၏ အမှုပြဿနာ ဖြေရှင်းသည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို စာပေနှင့်ရိုး ရာယဉ်ကျေးမှု တာဝန်ခံများက ရှင်းပြသည် (ဖြစ်စဉ် ၃-၁ တွင်ရှု)။ ဆုံးဖြတ်ချက် အမိန့်ချမှတ်သည့် အခြေခံအကြောင်း တရားများသည် တစ်နေရာနှင့် တစ်နေရာခွဲပြားခြားနားပြီး စည်းမျဉ်းစည်းကမ်းများမှာလည်း တစ်ရွာနှင့်တစ်ရွာမတူကြ ဟုလည်း ၎င်းတို့က မှတ်ချက်ပေးသည်။ ဥပမာ-

လားဟူ စာပေနှင့်ရိုးရာယဉ်ကျေးမှု တာဝန်ခံများ၏ ရှင်းပြချက် အရ နှစ်စဉ် ဖေဖော်ဝါရီလ နှင့် မတ်လ အကြား ၁၂ ရက်တာကျင်းပသည့် လားဟူ နှစ်သစ်ကူးပွဲတော်ပြီး နောက် သတ်မှတ်ထားသည့် နေ့ရက်တွင် ရွာလုံးကျွတ် အစည်းအဝေး ကျင်းပကြသည်။ အိမ်ထောင်စုတိုင်းပါဝင် တတ်ရောက်ကြရပြီး ရွာစည်းမျဉ်းစည်းကမ်းများ၊ ပြင်စင်ချက်များ ရေးဆွဲချမှတ်ခြင်းနှင့် သူကြီးသစ် ရွေးချယ်တင် မြှောက်ခြင်း (တစ်အိမ်လျှင် ကိုယ်စားလှယ်တစ်ဦး မဲဖြင့်) များကို စုပေါင်းဆုံးဖြတ်ကြသည်။

ဖြစ်စဉ် ၃၁

အခါရွာတစ်ရွာတွင် အမှုပြဿနာဖြေရှင်းခြင်းကို ဂျော်ဘ jaw ba (အခါ ဘာသာဖြင့် သူကြီးဟု အမိပ္ပါယ်ရသည်။) နေအိမ်တွင် ပြုလုပ်ပြီးနှစ်ဖက် အငြင်းပွားသူများနှင့်အတူ ရွာခေါင်းဆောင်များ* ကို ဖိတ်ကြားသည်။ ရွာခေါင်းဆောင်များသည်အမှုသည်များ၏ သဘောထားအမြင်များကို ကြားနာပြီးပါဝင်ပတ်သက်သည့်သူအားလုံး လက်ခံနိုင်မည့် အဖြေရလဒ် ရရှိရန် ကြိုးစားကြသည်။ အမှုသည်များအကြား သဘောတူညီချက်ရရှိသည့်အခါ အားလုံးကို အရက်ဖြင့် တည်ခင်းဧည့်ခံသည်။

အမှားကျူးလွန်ကြောင်း ထင်ရှားသည်ဟု ရွာခေါင်းဆောင်များက ကြားနာတွေ့ရှိပါက အမှားကျူးလွန်သူသည် မိမိအမှားကိုဝန်ခံရပြီး အမှုဖြေရှင်းစရိတ် (ပုံမှန်အားဖြင့် ရေနွေးကြမ်းနှင့် နေကြာစေ့လှော်) ကြခံရသည့်အပြင် ချမှတ်သည့် ပြစ်ဒဏ်ကို အပက်ခံရသည်။ ကျူးလွန်သည့် ပြစ်မှုများကို ယူနစ်များဖြင့် တိုင်းတာတွက်ချက်ပြီး သက်ဆိုင်ရာ ယူနစ်အလိုက် ဒဏ်ကြေး/ လျော်ကြေးသို့မဟုတ်ပြစ်ဒဏ်များကျခံရသည်။ ဥပမာ- နှုတ်ဖြင့်စော်ကား ဆဲဆိုခြင်းသည် (၅) ယူနစ်နှင့် ညီမျှပြီး ဒဏ်ကြေးကျပ် (၁၅၀,၀၀၀) ပေးဆောင်ရသည်။ သူတစ်ပါး သားမယားပြစ်မှားခြင်း စသည့် အမှုကြီးတစ်ခုသည် ယူနစ် (၆၂၀) နှင့် ညီမျှပြီး "အမှားကျူးလွန်သူ" သည် ပြစ်ဒဏ်အနေဖြင့် တစ်ရွာလုံးကို ဝက်ကောင်လုံးဖြင့် ကျွေးမွေးဧည့်ခံရသည်။ "အမှားကျူးလွန်သူ" သည် ညှိနှိုင်းခြင်းပြစ်ဒဏ် သက်သာရာ သက်သာ ကြောင်းအတွက် အပေးအယူ သို့မဟုတ် အသနားခံပိုင်ခွင့်ရှိသည်။ အခါလူမျိုးများသည် လူတစ်ယောက်ကို ထောင်ချ ခြင်းအားဖြင့် ၎င်း၏ ဝိညာဉ်ပျောက်ဆုံးသည်ဟု ယုံကြည်သည့်အတွက် ရိုးရာအစဉ်အလာအားဖြင့် ထောင်ချအပြစ်ပေး ခြင်းမရှိပါ။

ပအိုဝ်းရွာတစ်ရွာတွင် ဖရာဒုံ Phradhong (ပအိုဝ်း ဘာသာစကားဖြင့် သူကြီးဟု အဓိပ္ပါယ်ရ) သည် ၎င်းကိုယ် တိုင်အမှုပြဿနာမဖြေရှင်းနိုင်ပါက ရွာ အစည်းအဝေးခေါ်ယူပြီး ကြားနာဖြေရှင်းလေ့ရှိသည်။ ဖရာဒုံသည် အမှုသည် ကို သမာဓိလိုဒန် tamadee loh dan"**(ပအိုဝ်းဘာသာစကားဖြင့် ရိုးရာဘုတ်အဖွဲ့ သို့မဟုတ် ခုံသမာဓိအဖွဲ့ဟု အဓိပ္ပါယ်ရသည်) တင်ပြသည်။ ထိုဘုတ်အဖွဲ့သည် ရွာအစည်းအဝေးကို ကမ္ဘကထ ကြီးကြပ်သည်။ အမှုသည်များသည် လျှောက်ထားတင်ပြခွင့်ရှိပြီးသမာဓိလိုဒန်ဘုတ်အဖွဲ့သည် အမိန့်စီရင်ချက်ချ မှတ်နိုင်ရန်အတွက် ရပ်ရွာမှ အခြားသူများ နှင့် ညှိနှိုင်းတိုင်ပင်ကြသည်။ ဆုံးဖြတ်ချက်အမိန့်ကိုလက်မခံပါက အမှုသည်များသည် သမားရိုးကျ တရားမျှတရေးစနစ်ဖြင့် ရွေးချယ်ဖြေရှင်းနိုင်ကြသည်။

တအာန်း/ပလောင်ရွာတွင် ပြဿနာများကို ပုံမှန်အားဖြင့် အမှုအခင်းဖြစ်သူများ (မိသားစုဝင်များ အပါအဝင်) အကြား ဖြေရှင်းလေ့ရှိသည်။ အကယ်၍ မအောင်မြင်ပါက တာဂေါက် tea gouq (တအာန်း/ပလောင်ဘာသာဖြင့်သူကြီးဟုအဓိပ္ပါယ်ရသည်)ထံရောက်သည်။ တာဂေါက်taa gouq ဖြင့် မပြေလည်ပါက အမှုကို (ရွာနှစ်ရွာမှ သုံးရွာစုထားသည့်) မြို့နယ်ခွဲအဆင့် တိုက်နယ် ကော်မတီ သို့ လွှဲပြောင်းသည်။ ထိုကော်မတီတွင် တိုက်နယ် တာဝန်ခံ၊ အတွင်းရေးမှူး၊ ဒုအတွင်းရေးမှူး၊ တာဂေါက် taa goug နှင့် ရပ်မိရပ်ဖများ (တာဂူတာဂန်ဟု တအာန်း/ ပလောင် ဘာသာဖြင့်ခေါ်သည်) များ ပါဝင်လေ့ရှိသည်။

ကော်မတီသည် နှစ်ဖက်အမှုသည်များကို မေးခွန်းများ စစ်ဆေးမေးမြန်းပြီး ၎င်းတို့ပြောပြချက်များကို ကြားနာသည်။ မိသားစုဝင်များ ထို့အပြင် အခင်းဖြစ် ပြဿနာအကြောင်း သိသူများသည်လည်း ပြောရေးဆိုခွင့်ရှိသည်။ သက်ဆိုင်သူအသီးသီးကို ကြားနာပြီးနောက် စီရင်ချက်ချရန် ကော်မတီသီးသန့်အစည်းအဝေးထိုင်သည်။ တိုင်ကြားသူသည် စီရင်ကြားနာမှုတစ်လျှောက် ရေနွေးကြမ်း၊ လက်ဖက်တို့ဖြင့် တည်ခင်းဧည့်ခံရသည်။ ကော်မ တီက ဆုံးဖြတ်ချက်ချပြီးသည့်အခါ နှစ်ဖက်အမှုသည်များကို သဘောတူ မတူ မေးမြန်းသည်။ အကယ်၍ သဘောတူပါက ပြဿနာ ကျေအေးပြေ လည်သွားပြီဟုမှတ်ယူပြီး ကော်မတီက နှစ်ဖက် အမှုသည်များကို မင်္ဂလာကောင်းချီး စကားဆိုသည်။ စီရင်ဆုံးဖြတ်ချက်ကို စာဖြင့် ရေးသားပြီးနှစ်ဖက်အမှုသည်များ၏ လက်မှတ်ဖြင့် မှတ်တမ်းတင်သည်။ အကယ်၍ သဘောမတူပါက ကော်မတီမှ နောက်ထပ်အရေးယူဆောင်ရွက်ခြင်းမရှိတော့ဘဲ နှစ်ဖက်အမှုသည်များသည် ၎င်းတို့၏အမှုကို မြို့နယ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့သို့လွှတ်လပ်စွာတင်ပြနိုင်ကြသည်။

မြို့နယ်အဆင့် လုပ်ထုံးလုပ်နည်း များမှာလည်း အလားတူပင်ဖြစ်သည်။

*ဂျော်ဘ jaw ba ၊ နာဘီ (လက်ထောက်သူကြီး) na bee နှင့် nanger နန်အား (ရွာသားများကို လှုံ့ဆော် စည်းရုံးရသူ/ရွာဆော်) များ အပါအဝင်

**"ရိုးသားဖြောင့်မတ်၊ သိက္ခာ သမာဓိတည်ကြည်ပြီး ၎င်းတို့၏ ဉာဏ်ပညာအမြော်အမြင်အရ ရပ်ရွာမှ ယုံကြည်လေးစား အသိအမှတ်ပြုခံရသည့် လူကြီးသူမများ -"

## ရှမ်းပြည်နယ်တောင်ပိုင်း အစ္စလာမ်ကောင်စီ

အစ္စလာမ်ကောင်စီတွင် ဆပ်ကော်မတီ (၃) ခုရှိပြီး အစ္စလာမ်ဘာသာဝင်များအကြား ဖြစ်ပွားသည့် အငြင်းပွားမှုပြဿနာ ဖြေရှင်းရေး ဆပ်ကော်မတီလည်း အပါအဝင်ဖြစ်သည်။ ၂၀၁၂ နှင့် ၂၀၁၄ ကာလများတွင် ဘာသာရေး အထိကရုန်းများ၊ ကာကွယ်တားဆီးရာတွင် ပြဿနာဖြေရှင်းမှု ကော်မတီခွဲသည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ အစိုးရ အာဏာပိုင် အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ခဲ့သည်ဟု အစ္စလာမ်ကောင်စီ တာဝန်ခံများက ရှင်းပြသည်။ ထိုကာလနောက်ပိုင်း ကော်မတီခွဲကိုင်တွယ် ဖြေရှင်းခဲ့သည့် အမှုပြဿနာများမှာ အိမ်ထောင်ရေးနှင့် အမွေကိစ္စများသာ ဖြစ်သည်။

ကော်မတီခွဲသို့ ရောက်ရှိလာသည့် အမှုပြဿနာများကို ကိုရမ်ကျမ်းစာအရ ဖြေရှင်းကြသည်ဟု အစ္စလာမ်ကောင်စီတာဝန်ခံများက ရှင်းပြကြသည်။

## လူငယ်အဖွဲ့များ (ကာလသား/ ကာလသမီးအဖွဲ့များ)

လေ့လာခဲ့သည့် နေရာဒေသနစ်ခုတွင်ရှိသည်။ ကာလသားနှင့် ကာလသမီးအဖွဲ့များသည် လူငယ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှု၊ လင်မယားရန်ဖြစ်မှု၊ ခိုးရာလိုက်ပြေးခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ခိုးမှုနှင့် အဓမ္မကျင့်မှု စသည့် အမှုပြဿနာများ ဖြေရှင်းရာတွင် ပါဝင်ပတ်သက်ကြသည်။ နေရာတစ်ခုမှ ကာလသားအုပ်စုသည် မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ခိုးမှုများ ဖြေရှင်းရာတွင် ပံ့ပိုးကူညီပေးကြသည်။ အဆိုပါ အမှုများကို ကာလသားခေါင်းထံ ဦးစွာတိုင်ကြားကြပြီး ထိုမှတစ်ဆင့် သူကြီးထံ သတင်းပို့သည်။ အဆိုပါ ကာလသားအုပ်စုသည် ခိုးရာလိုက်ပြေးလိုသည့် စုံတွဲများကို လူကုန်ကူးမှုမဖြစ်စေရန် ခိုးပြေးမည့်အကြောင်းကို အကြောင်းကြား အသိပေးခိုင်သည်။

## မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့

လေ့လာခဲ့သည့် အချို့နေရာဒေသများတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့သည် ကျား/မ အခြေပြု အကြမ်းဖက်ခံရသည့် အမျိုးသမီးများကို ပံ့ပိုးကူညီပေးကြသည်။ ထိုရပ်ရွာများရှိ အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် အလွတ်သဘော ဝင်ရောက်ဖြန်ဖြေ ကြားဝင်ပေးခြင်း၊ ၎င်းတို့ ဇနီးမယားများကိုမရိုက်ရန် ယောကျ်ားများကို ဖိအားပေးခြင်း သို့မဟုတ် အခြားအာဏာပိုင် အဖွဲ့အစည်းများထံ သတင်းပို့တိုင်ကြားခြင်းဖြင့် အမျိုးသမီးများ ကိုယ်စား လုပ်ဆောင်ပေးကြသည်။

သို့သော်လက်တွေ့တွင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ လုပ်ပိုင်ခွင့် အာဏာနှင့် ထိရောက်စွာ ကူညီနိုင်မှု မှာ အကန့်အသတ်ရှိသည်။ ဥပမာ- မုဒိမ်းမှုတစ်ခုတွင် နစ်နာသူဘက်မှလျော်ကြေးရရန် ကြိုးစားညှိနှိုင်းပေးနေသည့် အမျိုးသမီးရေးရာ အဖွဲ့ဝင်တစ်ဦးကို ရပ်မိရပ်ဖများက တအာန်း/ပလောင် ရိုးရာအစဉ်အလာကို မသိဟုဆိုကာ ထိုအမှု နှင့် မပတ်သက်ရန် ပြောကြသည်။ အရပ်သား အစိုးရ ကူးပြောင်းခဲ့သည့် အချိန်မှစ၍ အမျိုးသမီးရေးရာအဖွဲ့၏ ဩဇာ သက်ရောက်မှု ကျဆင်းခဲ့သည်ဟု ရပ်ကွက် အမျိုးသမီးရေးရာ ဥက္ကဋ္ဌ/ နာယက တစ်ဦးက မှတ်ချက်ပြုသည်။

"စစ်အစိုးရ လက်ထပ်တုန်းက ရှမ်းပြည်နယ်တိုင်းမှူးကတော်/မိန်းမက ရှမ်းပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ရဲ့ နာယက/ဥက္ကဋ္ဌလေ၊ ကျွန်မဆို အချိန်မရွေး ဆက်သွယ်လို့ရတယ်။ ပြီးတော့ သူကလည်း ပြဿနာဖြစ်တဲ့ နေရာတွေသွားကြည့်တယ်။ အဲဒီလိုဆိုတော့ ပြဿနာအများစုကို အောင်အောင်မြင်မြင် ဖြေရှင်းခဲ့တယ်။ အခု ကျွန်မ လုပ်နိုင်တာက မြို့နယ်နဲ့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ကို စာပို့ရုံလောက်ဘဲ။ ဒါပေမဲ့ တုန့်ပြန်တာတို့ အရေးယူတာတို့ မရှိဘူး။ ဒီတော့ တိုင်လာပြီးဆိုရင် ကျွန်မလည်း အမျိုးသမီးတွေကို ထိထိရောက်ရောက် မကူညီပေးနိုင်ဘူး"

## ပြည်သူ့စစ်

လေ့လာခဲ့သည့် ဒေသနစ်ခုတွင် ပြည်သူ့ စစ်များသည် တရားဥပဒေစိုးမိုးရေးတာဝန်ကို တစ်စိတ်တစ်ပိုင်း ယူကြသည်။ ထိုဒေသများတွင် ပြည်သူ့စစ်များသည် ခိုးမှု၊ ခိုက်ရန်ဖြစ်မှု၊ မူးယစ်ဆေးဝါးနှင့် အဓမ္မကျင့်မှု ကျူးလွန်သူများကို ဖမ်းဆီးရာတွင် ပါဝင်ပတ်သက်ကြသည်။ ၎င်းတို့သည် တစ်ခါတစ်ရံ ရဲများနှင့် ပူးပေါင်းဆောင်ရွက်ကြပြီးအမှုပြဿနာများကို သူကြီး သို့မဟုတ် ရပ်ကျေးအုပ်ချုပ်ရေးမှူးများကို တင်ပြကြသည်။

# အခြားတသီးပုဂ္ဂလ တတိယပုဂ္ဂိုလ်များ

အထက်တွင်ဖော်ပြခဲ့သည့် အသိအမှတ်ပြုလူ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအပြင် ရပ်ရွာတွင်း ဩဇာအရှိန်အဝါရှိသည့် လူအများ ယုံကြည်ကိုးစားအားထားရသည့် အခြားလူပုဂ္ဂိုလ်များလည်းရှိသည်။ ၎င်းတို့မှာ -

- အခါဘုရားကျောင်း အမျိုးသမီးအုပ်စုခေါင်းဆောင် တရားဟောဆရာ၏ ဇနီးဖြစ်ပြီး မြန်မာစာ ကျွမ်းကျင်တက်မြောက်သည်။ ကျောင်းတွင်ရိုက်နှက်အပြစ်ပေးသည့် ဖြစ်ရပ်များတွင် စေ့စပ်ညှိနှိုင်းပေးသည်။

- ရပ်ကွက် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီဥက္ကဋ္ဌ တပ်မတော်မှ အငြိမ်းစား ဗိုလ်မှူးကြီးတစ်ဦးဖြစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တပ်မတော်တို့နှင့် ဆက်ဆံရေးရင်းနှီးသည်။

- တအာန်း/ပလောင် စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌဒေသရှိဆေးရုံမှ ဓါတ်မှန်ပညာရှင်တစ်ဦးဖြစ်ပြီး မြန်မာစကား ကျွမ်းကျင်သည်။ ယာဉ်မတော်တဆမှု၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အမှုများ၊ ခိုက်ရန်ဖြစ်မှု၊ အိမ်တွင်းအကြမ်းဖက်မှု၊ လင်မယားပြတ်စဲမှု၊ အမွေနှင့် မြေယာနှင့်ဆိုင်သည့် အမှုပြဿနာများ ဖြေရှင်းရာတွင် ပါဝင်ပတ်သက်သည်။

- တအာန်း/ပလောင် ခရစ်ယာန်အမျိုးသမီး ဆယ်အိမ်မှူး(အမျိုးသမီးရေးရာအဖွဲ့ဝင်) မြန်မာစကားကျွမ်းကျင်ပြီး TNLA ခေါင်းဆောင်ဟောင်းတစ်ဦး၏ သမီးလည်းဖြစ်သည်။ အိမ်နီးနားချင်းများနှင့် လင်မယားပြဿနာများတွင် ကြားဝင် စေ့စပ်ပေးသည်။

- တက္ကသိုလ်ဘွဲ့ရ ကချင် ရပ်ကျေးအုပ်ချုပ်ရေးမှူး ၎င်း၏အဖေသည်ဩဇာအရှိန်အဝါရှိသည့်စာပေနှင့်ရိုးရာယဉ်ကျေးမှုခေါင်းဆောင်တစ်ဦးဖြစ်ပြီးသင်းထောက် [၄၆] တစ်ဦးလည်းဖြစ်သည်။

- မြန်မာစကားကျွမ်းကျင်သူ၊ ကချင်စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့နာယကလည်းဖြစ်သူ ချမ်းသာသည့် ကချင်ရပ်ကျေးအုပ်ချုပ်ရေးမှူး၊ ဖခင်ဖြစ်သူသည်မြို့နယ် တရားသူကြီးဟောင်းဖြစ်သည်။

- တက္ကသိုလ်ဘွဲ့ရ ရပ်ကျေးအုပ်ချုပ်ရေးမှူး ၎င်း၏ စီးပွားရေးလုပ်ငန်းတွင် ရပ်ရွာမှ လူအများအပြားကို အလုပ်ခန့်အပ်ပြီး လူမှုရေးလုပ်ငန်းများတွင်လည်း (နာရေးသွေးလှူရှင်များ အဖွဲ့စသည့်) ဦးဆောင်သူ၊ တပ်မတော်၊ အစိုးရ အဖွဲ့အစည်းများနှင့် ထိတွေ့ ဆက်ဆံရာတွင် အတွေ့အကြုံရှိသူ။

- ပအိုဝ်းလွှတ်တော်ကိုယ်စားလှယ် မိမိဇာတိမြို့နယ်သို့ ပြန်လာလေ့ ရှိပြီး မိသားစုနှင့် မိတ်ဆွေအပေါင်း အသင်းများထံ သွားရောက်တွေ့ဆုံ လည်ပတ်သည်။ ပြည်သူများသည် ရက်ချိန်းမလိုဘဲ ၎င်းနှင့်တွေ့ဆုံနိုင်ပြီး အကူအညီတောင်းခံပါကတုန့်ပြန်ဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ်တွင် လေ့လာခဲ့သည့်နေရာ၏ ဒေသများတွင် လူကိုဗဟိုပြုသည့် လူမှုရေးနှင့် နိုင်ငံရေး ပုံစံများ အတိုင်းအတာ တစ်စုံတစ်ရာရှိသည်ကို အထက်ဖော်ပြပါ အချက်များက ညွှန်ပြသည်။ ထိုပုဂ္ဂိုလ်များ၏ အဓိက တူညီသည့် ဝိသေသလက္ခဏာများနှင့် အခြားသူများကို အကူအညီပေးနိုင်သည့်အခြေအနေများမှာ ၎င်းတို့သည် (၁) မြန်မာစကားကျွမ်းကျင်ပြီး အစိုးရအရာရှိများနှင့် ပြောဆိုဆက်ဆံနိုင်ကြသည်။ (၂) ပညာအဆင့်အတန်း တစ်စုံတစ်ရာရှိသည်။ (၃) အာဏာပိုင်အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည်။ (၄) မေတ္တာ၊ စေတနာ စသည့် မျိုးရိုးစဉ်ဆက် အမွေသို့မဟုတ် ပင်ကိုယ်ဗီဇ အရည်အချင်းများ ရှိကြသည်။

အနှစ်ချုပ်အားဖြင့် အမှုပြဿနာဖြေရှင်းရာတွင် ပံ့ပိုးကူညီပေးသည့် တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်း အမျိုးမျိုးရှိနေခြင်းသည် ရှမ်းပြည်နယ်၏ မတူကွဲပြားမှု စုံလင်သည့် သဘောသဘာဝကို ထင်ဟပ်သည်။ သူကြီးနှင့် နယ်မြေမှူးများ (အပိုင်းတာဝန်ခံ) အပါအဝင် ပထဝီနေရာဒေသ တစ်ခုအပေါ် ဩဇာအာဏာသက်ရောက်သည့် ဒေသဆိုင်ရာ ရပ်ရွာခေါင်းဆောင်များသည် နေ့စဉ်ပြဿနာများ ဖြေရှင်းရာတွင် အထင်ရှားဆုံးဖြစ်သည်။ ၎င်းတို့ ရပ်ရွာတွင်း ဩဇာ အရှိန်အဝါရှိသည့် အခြားသူများ (အမျိုးသားနှင့် အမျိုးသမီးနှစ်မျိုးစလုံး) ကိုလည်း အမှုပြဿနာများ ဖြေရှင်းရာတွင် အကူအညီတောင်းကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ပိုင်ခွင့်အာဏာနှင့် အမျိုးသမီးများကို ထိရောက်စွာ ကူညီနိုင်စွမ်းမှာ အကန့်အသတ်ရှိသည်။ အရပ်သားအစိုးရ ကူးပြောင်းသည့် အချိန်မှစ၍ အဖွဲ့၏ဩဇာအရှိန်အဝါ လျော့ကျခဲ့သည်။ ပြည်သူ့စစ်များသည် တစ်ခါတစ်ရံ တရားဥပဒေစိုးမိုးရေးတာဝန်ကို တစ်စိတ်တစ်ပိုင်းယူရပြီး ရဲတပ်ဖွဲ့ကို ကူညီပံ့ပိုးသည်။

[၄၆] သင်းထောက်မှာ ဘုရားကျောင်းအဖွဲ့ဝင်များက ထောက်ခံအတည်ပြုထားသူဖြစ်ပြီး ဘာသာရေးလုပ်ငန်း တာဝန်များ ထမ်းဆောင်ရသည်။ သာမာန်လူပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ဘုရားကျောင်းမှ လစာမရသည့်တိုင် သင်းထောက်တစ်ဦးသည် အရက်သေစာ သောက်စားခြင်းမှ ရှောင်ကျဉ်ခြင်း၊ မုန်သောစကားကို အမြဲဆိုခြင်း စသည့် ကျင့်ဝတ်သိက္ခာပုဒ်များနှင့်အညီ ကျင့်ကြံနေထိုင်ရသည်။

# ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်

မြန်မာနိုင်ငံ ပြစ်မှုဆိုင်ရာ တရားမျှတရေး စနစ်အတွင်းရှိ အဓိကအဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့် ကို နောက်ဆက်တွဲ (ဂ) တွင် ဖော်ပြထားသည်။

## ရဲများ

ပြဿနာအငြင်းပွားမှု ဖြေရှင်းရာတွင် ရဲများ၏ ပါဝင်ပတ်သက်မှုကို ရဲအရာရှိတစ်ဦးက အောက်ပါအတိုင်း ရှင်းပြသည်။

"ဥပမာ-ယာဉ်တိုက်မှုဖြစ်တယ်ဆိုပါစို့…၊ ဆေးကုဖို့ ကုန်ကျစရိတ်တို့ ဒဏ်ရာရလို့ အလုပ်မလုပ်နိုင်တဲ့ ရက်တွေအတွက် လျော်ကြေးပေးဖို့တို့ကို တိုင်းရင်းသား ခေါင်းဆောင်က သူတို့နည်းသူတို့ဟန်နဲ့ ပြေလည်အောင် ရှင်းကြတယ်။ ကျွန်တော်တို့ကတော့ နှစ်ဖက်အကြား သဘောတူညီမှုရဖို့ ကြိုးစားတယ်….သတင်းရရင်အခင်း ဖြစ်နေရာကိုသွားရတယ်။ အမှုဖွင့်ဖို့ဆိုရင် ဒဏ်ရာရတဲ့ သူ ဒါမှမဟုတ် သူကိုယ်စားလှယ်က ပထမသတင်း ပေးတိုင်ချက် FIR ဖွင့်ရမယ်။ တကယ်လို့ သူတို့က FIR မဖွင့်ရင် ကျွန်တော်တို့က အမှုဖွင့်လို့မရဘူး…. FIR ပေါ်မူတည်ပြီး အရေးယူဆောင်ရွက်ရတာ ရဲစခန်းလာပြီး FIR မဖွင့်ရင်တောင် ရဲက အခင်းဖြစ်နေရာကိုသွားရတယ် ….တစ်နိုင်ငံလုံးမှာ ခဏခဏ ပြောတဲ့စကားရှိတယ် "ကြီးတဲ့အမှုငယ်အောင် ငယ်တဲ့အမှု ပပျောက်အောင်" တကယ်လို့ ကျွန်တော်က ဥပဒေအတိုင်း မသွေမတိမ်း ဟာ ဒီကိစ္စတော့ ဒီလိုရှင်းလို့မရဘူးလို့ပြောရင် ပြည်သူ တွေနဲ့ ယုံကြည်မှု တည်ဆောက်လို့ရမှာ မဟုတ်ဘူး။ သိပ်မကြီးကျယ်တဲ့ အမှုတွေကို တရားဝင်လမ်းကြောင်း နှင့်ရှင်းရင် အချိန်လဲကုန်ငွေလဲကုန်မှာဘဲ။ ဟုတ်ပါ တယ်။ ကြီးတဲ့အမှုတွေကိုတော့ ကျွန်တော်တို့ ဥပဒေ အတိုင်းဘဲ သွားရမှာပေ့ါ။"

## ဥပဒေကိုယ်စားလှယ်လိုက်ပါဆောင်ရွက်မှု (ရှေ့နေလိုက်ပါနိုင်မှု)

တရားရုံး တရားစီရင်ကြားနာမှုများတွင် ရှေ့နေ မလိုက်ပါနိုင်သည့် တရားစွဲဆိုခံရသူ အချိုးအစား များပြားသည်ဟု တရားသူကြီးများနှင့် ဥပဒေအရာရှိများက တစ်ပြိုင်နက် ပြောကြသည်။

ကိုင်တွယ်ရသည့်အမှု အတော်အတန်များသည် ခရိုင်တရားရုံးမှ တရားသူကြီးတစ်ဦးက သေဒဏ်မထိုက်သည့်အမှုများတွင် တရားခံ ၁၀% မှ ၂၀% သာ ရှေ့နေ လိုက်ပါနိုင်သည်ဟု ခန့်မှန်းသည်။ အမှုပမာဏ ပိုများပြီး မူးယစ်ဆေးဝါးပြစ်မှုအများအပြား ကိုင်တွယ်ရသည့် အခြားခရိုင်တရားရုံးတွင် မူးယစ်ဆေးဝါးမှု တရားခံ ၃ ပုံ ၂ ပုံခန့်မှာ ရှေ့နေလိုက်ပါခြင်း မရှိဟု တရားသူကြီးများက ဆိုသည်။ အများ သောအားဖြင့် တရားခံများသည် စွဲချက်များအပေါ် ဝန်ခံကြသည်။ လိုပြသက်သေများကို ပြန်လှန်မေးခွန်းစစ်ဆေးမှုများ ဖြစ်ခဲ့သည်။ တရားခံအများစုသည် တရားခွင်စစ်ဆေးကြားနာမှုများကိုတတ်နိုင်သမျှအမြန်ဆုံးပြီးပြတ်လိုကြသည်ဟု ခရိုင်တရားရုံး နှစ်ခုစလုံးမှ တရားသူကြီးများက ရှင်းပြသည်။ ထို့အတွက် အမှုအနည်းငယ်သာ တရားခွင်အပြည့် ကြားနာစီရင်ရသည်။

မြို့နယ်တရားရုံးများ၏ တရားခွင်ကြားနာမှုများမှာလည်း အလားတူပင်ဖြစ်သည်။ အမှု စုစုပေါင်း၏ ၃ ပုံ ၂ ပုံဖြစ်သည့် မူးယစ်ဆေးဝါးမှုများကို ကိုင်တွယ်ကြားနာရသည့် မြို့နယ်တရားသူကြီးက တရားခံတစ်ဦးသာလျှင် ရှေ့နေပါကြောင်း အပြစ်ရှိသည်ဟု ဝန်မခံသူမှာလည်း ထိုတစ်ဦးတည်သာရှိကြောင်း မှတ်ချက်ပေးသည်။ အခြားမြို့နယ်တစ်ခုတွင် မူးယစ်ဆေးဝါးမှုတရားခံ ၅၀% ခန့်မှာ ရှေ့နေလိုက်ပါကြောင်း မြို့နယ် ဥပဒေအရာရှိက ခန့်မှန်းသည်။

နောက်ထပ်မြို့နယ်တစ်မြို့နယ်မှ ဥပဒေအရာရှိက မြို့နယ်အဆင့် ကြားနာသည့် အမှုများ၏ ၇၀% မှာ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်သည့် အမှုများဖြစ်သည့်အတွက် တရားခံရှေ့နေမရှိဟု ရှင်းပြသည်။ ကျန်အမှုများတွင် ရှေ့နေ လိုက်ပါနိုင်သည့် တရားခံ ၁၀ ဦး နှင့် အထက်ရှိသည်။ အရွယ်မရောက်သေးသည့် ကလေးသူငယ် တရားခံအများစုတွင်ရှေ့နေလိုက်ပါခြင်းမရှိဟု မြို့နယ်တရားရုံးတရားသူကြီးတစ်ဦးက မှတ်ချက်ပေးသည်။ ၎င်းအား ဆက်လက်ပြီး "ကျွန်တော်တို့က သူတို့ကို ရှေ့နေငှားဖို့ အခွင့်အရေးပေးထားတာတောင် ဘယ်လို လုပ်ရမယ်ဆိုတာ မသိလို့လား ဒါမှမဟုတ် ပြစ်ဒဏ်ကြီးကြီးကျမှာ မဟုတ်ဘူးလို့ မိဘတွေက ပြောထားလို့လားတော့မသိဘူး။ သူတို့မှာ ရှေ့နေမပါဘူး" ဟု အကျယ်တဝင့် ရှင်းပြသည်။ ဥပဒေ အထောက်အကူပေးရန် တရားခံအမျိုးအစား ဦးစားပေး သတ်မှတ်ချက်များနှင့် ပတ်သက်၍ တရားသူကြီးများနှင့် ဥပဒေအရာရှိ အချို့က အောက်ပါအတိုင်း အကြံပြုသည်။

- ကလေးသူငယ်တရားခံ
- ပထမအကြိမ် ပြစ်မှုကျူးလွန်သည့် တရားခံ
- ရဲအရေးပိုင်မှုဖြင့် စွဲချက်တင်ခံရသည့် တရားခံ
- ပြစ်ဒဏ် ၁၀ နှစ်ထက်ထိုက်သည့် ပြစ်မှုဖြင့် စွဲဆိုခံရသည့် တရားခံ
- တရားခံ၏ လူမှုစီးပွား အခြေအနေ

# အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

## မြေယာနှင့်ဆိုင်သည့် အငြင်းပွားမှုများ

တွေ့ဆုံမေးမြန်းမှုများမှတစ်ဆင့် မြေယာနှင့်ဆိုင်သည့် အငြင်းပွားမှုများကို အုပ်ချုပ်ရေးမှူးများ ကိုင်တွယ်ဖြေရှင်းပုံများကို လေ့လာသိရှိရသည်။ ထိုပြဿနာများ ဖြေရှင်းရန် အချိန်အများဆုံး ပေးရသည်ဟု အချို့အုပ်ချုပ်ရေးမှူးများက ပြောပြသည်။

မြေယာနှင့်ဆိုင်သည့် မကျေနပ်မှု တိုင်ကြားချက်များကို ဒေသဆိုင်ရာ ရပ်ကျေးအုပ်ချုပ်ရေးမှူးမှ တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ မြို့နယ်အုပ်ချုပ်ရေးမှူးများထံ ဦးတိုက် တိုင်ကြားကြသည်။ အချို့ အမှုတွေကျတော့ မြို့နယ်ကစီစစ်ပြီး လွှဲတင်ကြတယ်။ တချို့ကတော့ ပြည်နယ်အဆင့် ဒါမှမဟုတ် ပြည်ထောင်စုအဆင့်ကနေ ချပေးတာ။ ခရိုင်က မြေပြင်ကွင်းဆင်းကိစ္စတွေကို မကိုင်တွယ်တော့ ခရိုင်အုပ်ချုပ်ရေးကို တိုက်ရိုက်တင်တဲ့ အမှုမရှိဘူး" ဟု ခရိုင်အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောပြသည်။

အဓိက မြေယာအငြင်းပွားမှုပုံစံ နှစ်မျိုးဖြစ်သည့် (၁) ပုဂ္ဂလိက ပိုင်ဆိုင်မှု အငြင်းပွားမှု (၂) မြေယာသိမ်းဆည်းမှုများ ကိုင်တွယ်ဖြေရှင်းရပုံများကို မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦးက ရှင်းပြသည်။ ပုဂ္ဂလိကအငြင်းပွားမှုများကို အခင်းဖြစ်မြေသည် လယ်ယာမြေ သို့မဟုတ် စည်ပင်သာယာ/မြို့မြေဖြစ်မှုအပေါ် မူတည်ပြီး ကိုင်တွယ်ဖြေရှင်းသည်။ လယ်ယာမြေ ပုဂ္ဂလိကပိုင်ဆိုင်မှု အငြင်းပွားမှုများကို ၂၀၁၂ လယ်ယာမြေဥပဒေနှင့်အညီ ဖြေရှင်းပြီး ကျေးရွာအုပ်စုအဆင့် ထိုမှတစ်ဆင့် မြို့နယ်၊ ခရိုင်နှင့် သို့မဟုတ် ပြည်နယ်အဆင့်များသို့ အဆင့်ဆင့် အယူခံဝင်နိုင်ပြီး ပြည်နယ်အဆင့် ဆုံးဖြတ်ချက်မှာ အတည်ဖြစ်သည်။ စည်ပင်သာယာ/မြို့မြေအငြင်းပွားမှုများတွင် မြို့နယ်အုပ်ချုပ်ရေးမှူးသည် နှစ်ဖက်စလုံး၏ ပိုင်ဆိုင်မှု တောင်းဆိုချက်များကို စစ်ဆေးလေ့လာပြီး ခရိုင်အုပ်ချုပ်ရေးမှူးထံ အမှုကို လွှဲတင်ရသည်။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသည်။ ပိုင်ဆိုင်မှု တောင်းဆိုချက် မှန်ကန်မှု ရှိမရှိ စစ်ဆေးရာတွင် မြေအသုံးချခွင့်၊ အခွန်ပြေစာ၊ မြေမှတ်ပုံတင် စသည့် စာရွက်စာတမ်း အထောက်အထားများကို စစ်ဆေးရသည်။ အကယ်၍ ထိုစာရွက်စာတမ်းများ မရှိပါက အမှုပြိုင်များ၏ အိမ်နီးချင်းများကို တွေ့ဆုံမေးမြန်းရသည်။

တပ်မတော် သို့မဟုတ် စီးပွားရေးလုပ်ငန်းများမှ သိမ်းထားသည့် မြေများနှင့် ပတ်သက်၍ ထိုပြဿနာများကို မြေအသုံးချမှု စီမံခန့်ခွဲမှု ကော်မတီမှ [၄၇] ကိုင်တွယ်ဖြေရှင်းသည်ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ရှင်းပြသည်။ စစ်ဆေး စီစစ်မှုများကို မြို့နယ်နှင့် သို့မဟုတ် ခရိုင်အဆင့်များတွင် ဆောင်ရွက်ပြီး ပြည်နယ်ကော်မတီမှ ဆုံးဖြတ်ချက်ချမှတ်သည်။ အချို့အမှုများတွင်ပြည်ထောင်စုအဆင့်မြေအသုံးချမှု စီမံခန့်ခွဲမှုကော်မတီမှ ဆုံးဖြတ်ချက်ချမှတ်သည်။

အခြားမြို့နယ် အုပ်ချုပ်ရေးမှူးတစ်ဦးက ၂၀၁၂ လယ်ယာမြေ ဥပဒေအရ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ အဖြစ် ၎င်းအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့် အာဏာအရ အမှုပြိုင်များအားလုံးကို ခေါ်ယူတွေ့ဆုံရပုံကို ရှင်းပြသည်။

"လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီက အကုန်လုံးကို အမြဲတမ်းခေါ်တယ်။ ကျွန်တော်တို့က အမိန့် တွေမပေးဘူး။ ဒါပေမဲ့ အကြံပေးတာ၊ ညှိနှိုင်းပေးတာ၊ ကြား ဝင်စေ့စပ်ပေးတာမျိုးလုပ်တယ်။ တကယ်လို့ သူတို့က အေးအေး ချမ်းချမ်းနဲ့ပြေလည်သွားရင် ဥပဒေနဲ့အညီ တရားဝင် စာရွက်စာတမ်းတွေ ဆက်ထုတ်ပေးမယ်လို့ ကျွန်တော်တို့ကတိပေးတယ်။"

အချို့ ခရိုင်အုပ်ချုပ်ရေးမှူးများသည် ချပေးသည့် ဆုံးဖြတ်ချက်များကို ဆက်တိုက် အယူခံဝင်သည့် သို့မဟုတ် အုပ်ချုပ်ရေးမှူးအသစ် ပြောင်းလာပါက မကျေနပ်ချက်တိုင်စာအသစ်တင်ကြသည့် တိုင်ကြားသူအချို့နှင့်ထိတွေ့ဆက်ဆံရသည်။ စိတ်ပျက်မှုကို ဖော်ပြကြပြီး အချိန်ကုန်ပြီး အရင်းအမြစ်များ ပြုံးတီးရသည်ဟု ဆိုသည်။ အမှုများကို တရားရုံးသို့ လွှဲသည့်စနစ်ရှိပါက အထောက်အကူဖြစ်နိုင်မည်၊ အကျိုးရှိနိုင်မည်ဟု ထိုခရိုင်အရာရှိများက မှတ်ချက်ပေးသည်။

"လယ်ယာမြေ စီမံခန့်ခွဲမှု ကော်မတီအနေနဲ့ အခုလောလောဆယ်မှာ တရားရုံးတွေကို လွှဲတဲ့စနစ် အခုလောလောဆယ် မရှိသေးဘူး။ တကယ်လို့ ဥပဒေကို ပြန်လည်သုံးသပ်ပြီး လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်တဲ့သူတွေ တရားရုံးမှာ အယူခံဝင်နိုင်တယ်လို့ ခွင့်ပြုလိုက်ရင် ကျွန်တော်တို့ လုပ်ရတာလဲ ပိုလွယ်သွားနိုင်တယ်။ ကျွန်တော်တို့က အဲဒီလိုဖြစ်လာစေချင်တာ။"

---

၄၇ သိမ်းဆည်းထားသည့် လယ်ယာမြေနှင့် အခြားမြေများနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ချက်ဖြင့် စက်တင်ဘာ ၁၆၊ ၂၀၁၃ ရက်စွဲပါ ပြည်ထောင်စုအစိုးရရုံး အသိပေးကြေငြာချက်အမှတ် ၅၉/၂၀၁၃ အရဖွဲ့စည်းထားသည်။

## One – Stop – Shops (ပြည်သူ့ဝန်ဆောင်မှုရုံး/ တစ်နေရာတည်း တစ်ထိုင်တည်း ဝန်ဆောင်မှုများ)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန One – Stop – Shops များအပေါ် ၎င်းတို့၏ သဘောထား အမြင်များကို အုပ်ချုပ်ရေးမှူး အချို့က အကြံပြုကြသည်။ One – Stop – Shops များကို "ပြည်သူ့ဝန်ဆောင်မှုရုံး" အဖြစ် သိကြပြီး ဝန်ဆောင်ပေးရသည်ကို ပျော်ရွှင်ကျေနပ်မှု ရှိသည်ဟု မြို့နယ်အုပ်ချုပ်ရေးမှူး တစ်ဦးက ရှင်းပြသည်။

ထိုဝန်ဆောင်မှုရုံးများ၏ နေ့စဉ်လုပ်ငန်း လည်ပတ်မှုဆိုင်ရာ စိန်ခေါ်မှုများ၊ ဘဏ္ဍာရေးနှင့် ဝန်ထမ်းအင်အား ပြဿနာများ၊ ဝန်ဆောင်မှုများ၏ ထိရောက်အကျိုးရှိမှု အတိုင်းအတာနှင့် ပြည်သူလူထု၏ ရင်းနှီးကျွမ်းဝင်မှုတို့နှင့် ဆိုင် သည့် ၎င်း၏ ပွင့်လင်းပြတ်သားသည့် အတွေးအမြင်များကို အုပ်ချုပ်ရေးမှူး တစ်ဦးက ပြောပြရာတွင် -

"တစ်ခါတစ်လေကျတော့ အစီအစဉ်တစ်ခု အကောင်အထည်ဖော်ပါလို့ အထက်ကအကြံပေးတယ်။ ဒါပေမဲ့ တစ်ချို့စီမံကိန်းတွေက အောက်ခြေနဲ့ ဆက်စပ်မှုမရှိဘူး။ ဥပမာဗျာ အစိုးရဌာနတိုင်းက One – Stop – Shops ကို အရာရှိတစ်ယောက်စီပို့တယ်။ အဲဒီ အရာရှိကို ခရိုင်အဆင့်ဌာနဆိုင်ရာ အရာရှိက ကြီးကြပ်ရတယ်။ လူတွေက ပြဿနာနဲ့ ရောက်လာတယ်ဆိုရင် အဲဒီအရာရှိက ခရိုင်အရာရှိဆီ ပြန်သွားပြီး ပြန်စစ်ရတယ်။ သူက ဆုံးဖြတ်လို့မရဘူးလေ။ ပြဿနာရဲ့ ဆုံးဖြတ်ချက် အဖြေရဖို့အတွက် လူတွေက ဒုတိယတစ်ခေါက်လာရမယ်။ One – Stop – Shops ဘတ်ဂျက်နဲ့ ရုံးလည်ပတ်ဖို့ ကုန်ကျစရိတ်တွေက ထွေအုပ်ကလာတာ။ အခြားအစိုးရဌာနတွေက ထည့်ဝင်တာ မဟုတ်ဘူး။ ရေရှည်အတွက် ကျွန်တော်စိုးရိမ်တယ်။ One – Stop –Shops ကြီးကြပ်ဖို့ခန့်ထားတဲ့ ခရိုင်ထွေအုပ်စာရေးကြီးအနေနဲ့ တခြားဌာနက အရာရှိတွေကို ထိမ်းညှိကြီးကြပ်ပေးဖို့ဆိုတာက မလွယ်ဘူး၊ ဥပမာဗျာ ဌာနဆိုင်ရာအရာရှိက နေ့လည်စာ စားပြီးတဲ့အချိန် ပြန်မလာဘူးဆိုရင် ပြန်လာပါလို့ စာရေးကြီးက သူတို့ကို ပြောလို့မရဘူး။ ဘာလို့လဲဆိုတော့ သူတို့ရဲ့ အထက်အရာရှိမှ မဟုတ်တာ။ ပြည်သူတွေကလည်း စနစ်နဲ့ကျင့်သား မကျသေးဘူး။ One – Stop – Shop နဲ့ ကျင့်သားကျဖို့ဆိုတာက ဝန်ဆောင်မှုယူတဲ့သူတွေအတွက်ရော ဝန်ဆောင်မှု ပေးတဲ့သူတွေအတွက်ရော အချိန်ယူရဦးမှာ"

*အနှစ်ချုပ်အနေဖြင့် တရားစွဲခံရသူအများအပြားမှာ တရားရုံးတွင် ရှေ့နေလိုက်ပါနိုင်ခြင်း မရှိပါ။ ဥပဒေအထောက်အကူ ပိုမိုပေးနိုင်ရန်အတွက် တရားစွဲဆိုခံရသူအမျိုးအစား ဦးစားပေးသတ်မှတ်ချက်များကို တရားသူကြီးများနှင့် ဥပဒေအရာရှိများက အကြံပြုကြသည်။*

*အုပ်ချုပ်ရေးမှူးများ၏ အလုပ်ချိန်အတော်များများကို မြေယာနှင့် ပတ်သက်သည့် အငြင်းပွားမှုများက နေရာ ယူထားသည်။ ပုံမှန်အားဖြင့် ထိုအငြင်းပွားမှုများသည် ပုဂ္ဂလိက အငြင်းပွားမှုများ သို့မဟုတ် ယခင် သိမ်းယူခဲ့ သည့် မြေယာများပြန်လည်ရရှိမှု သို့မဟုတ် လျော်ကြေးရ လိုမှုများနှင့် သက်ဆိုင်သည်။ လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီများသည် တစ်ခါတစ်ရံ အငြင်းပွားမှုဖြေရှင်းရာတွင် ပံ့ပိုးကူညီကြသည်။ လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် တရားရုံးများသို့ အယူခံဝင်သည့် လမ်းကြောင်း/ နည်းလမ်းများကို အချို့အုပ်ချုပ်ရေးမှူးများက ထောက်ခံအကြံပြုကြသည်။*




ဓာတ်ပုံ - ပင်လုံအထိမ်းအမှတ် ကျောက်တိုင်၊ ပင်လုံမြို့၊ ရှမ်းပြည်နယ်။



# အခန်း (၆)

# တရားမျှတရေးစနစ်နှင့် တရားရေးတာဝန်ရှိသူများအပေါ် သဘောထားအမြင်များ

ဓာတ်ပုံ - ပန်ဂူးကျေးရွာ လိမ္မော်စိုက်ခင်း ၊ လွိုင်လင်မြို့နယ်၊ ရှမ်းပြည်နယ်။

သုတေသနလေ့လာမှု၏ ဒုတိယမေးခွန်းမှာ - ပြည်သူများသည် သမားရိုးကျ တရားမျှတရေး စနစ်အပေါ် မည်ကဲ့သို့ သဘောထားရှုမြင်ပြီး မည်မျှအတိုင်းအတာ ယုံကြည်ကိုးစား သက်ဝင်ကြသနည်းဖြစ်သည်။

ရှမ်းပြည်နယ်ရှိ ဖြေဆိုသူများသည် သမားရိုးကျ တရားမျှတရေးစနစ်ကို အသုံးမပြုလိုကြဘဲ ၎င်းတို့၏ ပြဿနာများကို ရပ်ရွာဒေသအတွင်း ဖြေရှင်းရန် ကြိုးစားကြပြီး အများစုမှာ အောင်မြင်မှုမရှိသည်ကို တွေ့ရသည်။ ထိုအချက်ကို အလေးထား၍ ဤအခန်းတွင် အများလေးစားလက်ခံထားသည့် စံတန်ဖိုးများကို ပြန်လည် ဆန်းစစ်ပြီး အစိုးရအရာရှိများ၏ တာဝန်ယူတာဝန်ခံမှုကိုလည်း လေ့လာသွားမည်ဖြစ်သည်။

ယခုအခန်းတွင် ပထမဦးစွာ သမားရိုးကျ တရားမျှတရေးစနစ်အပေါ် ဖြေဆိုသူများ၏ သဘောထားအပြုအမူများနှင့် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများနှင့် ရပ်ရွာလူထုခေါင်းဆောင်များ စသည့် တရားမျှတရေးဝန်ဆောင်မှုပေးသူများအပေါ် ၎င်းတို့၏ ခံယူချက်များကို ဖော်ပြသည်။ ထို့အဓိက တရားရေးပုဂ္ဂိုလ်များအပေါ် ပြည်သူများ၏ ယုံကြည်မှု ညွှန်းကိန်းတစ်ရပ်ကိုလည်း အဆိုပြု တင်ပြထားပြီး အကယ်၍ တရားရေးအရာရှိများ ခွဲခြားဆက်ဆံပြုမူဆောင်ရွက်ပါက ဖြေဆိုသူများ၏ တုန့်ပြန်ပုံများကို ထည့်သွင်းစဉ်းစားထားသည်။ အဆုံးတွင် ပြည်သူ့ ဝန်ထမ်းအစိုးရအရာရှိများ၏ တာဝန်ယူ တာဝန်ခံမှုအပေါ် ဖြေဆိုသူများ၏ မျှော်လင့်တောင့်တမှုများနှင့် သဘောထား အမြင်များကို တင်ပြထားသည်။

## တရားမျှတရေးစနစ်အပေါ် သဘောထားအပြုအမူများ

တရားမျှတရေး စနစ်အပေါ် ဖြေဆိုသူများ၏ သဘောထား အပြုအမူများကို ယေဘုယျ တိုင်းတာနိုင်ရန် လာဘ်ပေးလာဘ်ယူ သို့မဟုတ် အဂတိလိုက်စားမှု၊ အစိုးရ တရားရုံးစနစ်သို့ လက်လှမ်းမီနိုင်မှုနှင့် သီးခြားအခြေအနေ တစ်ရပ်တွင် ဥပဒေ လည်ပတ်ကျင့်သုံးမှုတို့နှင့် ဆက်စပ်သည့် အညွှန်းပြရေးရာကိစ္စ ၃ ရပ်အပေါ် ဖြေဆိုသူများ၏ သဘောထား အမြင်များကို ရယူခဲ့သည် (ဇယား ၆-၁ တွင်ရှု)။

ဖြေဆိုသူအများ ၇၁.၇% က ပြည်သူ့ဝန်ထမ်းများသည် ပြည်သူကို ဝန်ဆောင်မှုပေးရမည်။ အစိုးရအရာရှိများ အပိုကြေး တောင်းခံသည်မှာ လက်ခံစရာမရှိဆိုသည့်အမြင်နှင့် ထပ်တူကျသည်။ ၅ ဦးလျှင် ၁ ဦး ၂၁.၃% က အစိုးရအရာရှိများ၏ လစာ မလုံလောက်သည့်အတွက် လက်ခံနိုင်ဖွယ်ဖြစ်သည်ဟု ထင်ကြသည်။

ဖြေဆိုသူထက်ဝက်က အသိဗဟုသုတရှိခြင်းသည် ပြည်သူများ အစိုးရတရားရုံးများသို့ လက်လှမ်းမီ သွား

ဇယား ၆.၁ တရားရေးစနစ်အပေါ် သဘောထားအပြုအမူများ

| အကြောင်းအရာ | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* |
|---|---|---|
| လာဘ်ပေးလာဘ်ယူမှု | (က) အစိုးရအရာရှိများသည် လစာမလုံလောက်သဖြင့် ၎င်းတို့၏ လာဘ်ငွေ ထပ်မံတောင်းခံမှုများသည် လက်ခံဖွယ်ရာရှိသည် | ၂၁.၃% |
| | (ခ) အစိုးရအရာရှိများသည် ပြည်သူကို အလုပ်အကြွေးပြုရမည်။ ၎င်းတို့၏ လာဘ်ငွေ ထပ်မံတောင်းခံမှုများသည် လက်ခံဖွယ်ရာမရှိ။ | ၇၁.၇% |
| တရားဝင် တရားရုံးစနစ်သို့ ရောက်ရှိနိုင်ခြင်း | (က) ဗဟုသုတရှိခြင်းက လူထုအား (အစိုးရ) တရားရုံးများသို့ တက်ရောက်မှုပိုမိုများပြားလာစေမည်။ | ၅၀.၀% |
| | (ခ) အရာရှိများနှင့် ပုဂ္ဂိုလ်ရေး အဆက်အသွယ်ရှိခြင်းက လူထုအား (အစိုးရ) တရားရုံးများသို့ တက်ရောက်မှုပိုမိုများပြားလာစေမည်။ | ၃၃.၅% |
| ဥပဒေ၏ လုပ်ကိုင်ဆောင်ရွက်မှု | (က) ဥပဒေသည် ချမ်းသာကြွယ်ဝသူများနှင့် ဩဇာရှိသူများ၏ အကျိုးစီးပွားများကို အကာအကွယ်ပေးသည်။ | ၂၈.၈% |
| | (ခ) ဥပဒေသည် ချမ်းသာကြွယ်ဝသူများနှင့် ဩဇာရှိသူများ၏ မတရားအနိုင်ကျင့်မှုများမှ အကာအကွယ်ပေးသည်။ | ၅၃.၃% |

* အဆိုပြုချက်အတွဲတစ်တွဲစီ၏ စုစုပေါင်းမှာ ၁၀၀%မရှိပါ။ အဘယ်ကြောင့်ဆိုသော် အချို့ဖြေဆိုသူများက အဆိုပြုချက်နှစ်ခုစလုံးကို ရွေးချယ်ကြပြီး အချို့က တစ်ခုကိုမျှ မရွေးချယ်ပါ။ အချို့က ဖြေဆိုရန် ငြင်းဆိုကြပြီး အချို့မှာ မည်သည့်အဆိုပြုချက်သည် ၎င်းတို့၏ အမြင်နှင့် ပို၍ ကိုက်ညီသည်ကို မသိပါဟုဖော်ပြကြသည်။

ရောက်နိုင်မှုကို မြင့်မားစေသည်ဟု ယုံကြည်ကြသည်။ ၃ ဦးလျှင် ၁ ဦး ၃၃.၅% က အသိဗဟုသုတထက်စာလျှင် အစိုးရအရာရှိများနှင့် ပုဂ္ဂိုလ်ရေး အဆက်အသွယ်ရှိခြင်းက အစိုးရ တရားရုံးများသို့ သွားရောက်ရန် ပို၍ လက်လှမ်းမီ လွယ်ကူစေသည်ကို သဘောတူကြသည်။ ၁၀% က မည်ကဲ့သို့ ဖြေဆိုရမည်ကို မသိကြပါ။

ထက်ဝက်ကျော်သည် ဖြေဆိုသူ ၅၃.၃% ကဥပဒေသည် ချမ်းသာသူများနှင့် အာဏာအင်အားကြီးသူများ၏ အလွဲသုံးစား မတရားမှုများမှ ကာကွယ်ပေးသည်ကို သဘောတူသည်။ တစ်ဖက်တွင် ၂၈.၈% က ဥပဒေသည် ချမ်းသာအင်အားကြီးသူများ၏ အကျိုးစီးပွားများကို ကာကွယ်ပေးသည်ကို သဘောတူကြသည်။ ၃.၃% က အဆိုပြုချက် ၂ ချက်စလုံးကို သဘောတူသည်။ မှန်ကန်စွာ ကျင့်သုံးသည့် ဥပဒေသည် သာမာန်ပြည်သူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်သည် သို့မဟုတ် ကာကွယ်စောင့်ရှောက်သင့်သည် ဆိုသည့် သဘောထားယုံကြည်ချက်ကို ထိုအဆိုပြုချက် ၂ ရပ်စလုံးက ပြသရာရောက်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။ ထိုသဘောဖြစ်ပါက ဖြစ်နိုင်ဖွယ် ဖြေဆိုသူ ၈၅.၄% သည် ထိုအမြင်ရှိသည်ဟု ဆိုနိုင်သည်။ စိတ်ဝင်စားဖွယ် ကောင်းသည်မှာ ၁၁.၅% က ထိုအဆိုပြုချက်များကို မည်သို့ဖြေရမည်ကို မသိ သို့မဟုတ် ဖြေဆိုရန် ငြင်းဆိုကြသည်။


## တရားရေးတာဝန်ရှိသူများအပေါ် သဘောထားအမြင်များ

သုတေသန လေ့လာမှုတွင် သမားရိုးကျ တရားမျှတရေးကဏ္ဍရှိ တာဝန်ရှိသူများ အထူးသဖြင့် တရားသူကြီးများ၊ ဥပဒေအကြံပေး အရာရှိများနှင့် ရဲအရာရှိများအပြင် ရပ်ရွာခေါင်းဆောင်များအပေါ် ဖြေဆိုသူများ၏ သဘောထားခံယူပုံများကိုလည်း ဆန်းစစ်လေ့လာသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ စွမ်းဆောင်ရည် ပြည့်ဝမှုကို အဓိပ္ပါယ်သတ်မှတ်ဖွင့်ဆိုရာတွင် ခေတ်နှင့်အညီ အသိပညာဗဟုသုတ၊ လုံလောက်သည့် သင်တန်းများ၊ အရင်းအမြစ်ပြည့်စုံမှုနှင့် ပြည်သူများ ယုံကြည်သည့်အတိုင်း ပြုမူ ဆောင်ရွက်ခြင်းဖြစ်သည်။ မှန်ကန်သည့် သဘောထားစိတ်ရင်း စေတနာရှိမှုတို့ အကျုံးဝင်သည်။ မှန်ကန်သည့် သဘောထားစိတ်ရင်းစေတနာနှင့် အများလက်ခံထားသည့် စံတန်ဖိုးများတွင် ရပ်ရွာဦးစားပေးမှုများနှင့် ကိုက်ညီမှု လေးစားသမှု ပြုမူဆောင်ရွက်မှု၊ မျှတသည့်ဆက်ဆံမှုနှင့် ရလဒ်အဖြေ/ ဆုံးဖြတ်ချက်များ၊ ဝန်ဆောင်မှုများအတွက် လာဘ်လာဘ မမျှော်ကိုးခြင်းများ ပါဝင်သည် (အခန်း ၁ တွင်ရှု)။

## တရားသူကြီးများ

ခြုံကြည့်ပါက တရားသူကြီးများ၏ စွမ်းဆောင်ရည် ပြည့်ဝမှုအပေါ် ဖြေဆိုသူများက ယုံကြည်ချက်ထားသော်ငြားလည်း တရားသူကြီးများသည် တည်ကြည်မှုတမှု၊ လေးစားမှုနှင့် အဂတိတရားကင်းမှုစသည့် အများလက်ခံထားသည့် စံတန်ဖိုးများနှင့် ကိုက်ညီနိုင်မှုအပေါ် ယုံကြည်မှု

ပုံ ၆-၁ တရားသူကြီးများအပေါ် သဘောထားအမြင်များ




၄၈ ၂၀၁၂ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေအရ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တွင် အငြင်းပွားမှု ပြဿနာ ဖြေရှင်းရသည့် တရားဝင် အခွင့်အာဏာ/ အခန်းကဏ္ဍ တာဝန်ရှိသည်။

နည်းကြသည် (ပုံ ၆.၁ တွင်ရှု)။ မှတ်သားသင့်သည့် အချက်မှာ တရားသူကြီးများအပေါ် ဖြေဆိုသူများ၏ သဘောထား အမြင်များသည် ၎င်းတို့အနေဖြင့် သမားရိုးကျ တရားမျှတရေးစနစ်နှင့် ထိတွေ့မှုနည်းခြင်းကြောင့် ဖြစ်နိုင်သည် (အခန်း ၃ တွင်ရှု)။

တရားသူကြီးများသည် စွမ်းဆောင်ရည်ပြည့်ဝကြသည်ဟု ဖြေဆိုသူအများစုက သဘောထားကြသည်။ ၃ ပုံ ၂ ပုံကျော် ၆၈.၅% က တရားသူကြီးများသည် ခေတ်မီ အသိပညာဗဟုသုတ ရှိကြသည်ဟု လည်းကောင်း၊ ၃ ပုံ ၂ ပုံနီးပါး ၆၂.၃% က ၎င်းတို့သည် လုံလောက်သည့် လေ့ကျင့်သင်ကြားမှုများ ရရှိကြသည်ဟု လည်းကောင်း ယုံကြည်ကြသည်။ သို့သော် ထက်ဝက်အောက် ၄၂.၅%


ထက်ဝက်ကျော် ၅၉.၈% က တရားသူကြီးများသည် ၎င်းတို့ ဝန်ဆောင်မှုများ အတွက် လာဘ်လာဘမျှော်ကိုးကြမည်ဟု သဘောထားသည်။

## ဥပဒေအရာရှိများ

ဖြေဆိုသူများ၏ ဥပဒေအရာရှိများအပေါ်ထားသည့် သဘောထားအမြင်များသည် တရားသူကြီးများအပေါ် ထားသည့်အမြင်များနှင့် တူညီသည် (ပုံ ၆-၂ တွင်ရှု)။

ယေဘုယျ အားဖြင့် ဥပဒေအရာရှိများသည် စွမ်းဆောင်ရည်ပြည့်ဝကြသည်ဟု ခံယူကြပြီး ဖြေဆိုသူ ၆၇.၁% က ၎င်းတို့တွင် ခေတ်နှင့်အညီ အသိပညာဗဟုသုတ ရှိကြ

ပုံ ၆-၂ ဥပဒေအရာရှိများအပေါ် သဘောထားအမြင်များ




က တရားသူကြီးများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် လုံလောက်သည့် အရင်းအမြစ်များ မရှိဟု ခံယူကြသည်။ အများလက်ခံထားသည့် စံတန်ဖိုးများနှင့် ပတ်သက်၍ ထက်ဝက်အောက် ဖြေဆိုသူ ၄၅.၆% က တရားသူကြီးများသည် ၎င်းတို့ကို လေးစားစွာ ဆက်ဆံမည်ဟုလည်းကောင်း၊ ထိုအချိုးအစား အတိုင်းကပင် တရားသူကြီးများသည် ရပ်ရွာဒေသ ဦးစားပေးများနှင့် ကိုက်ညီမှုမရှိဟု ထင်မြင်ကြသည်။ ထက်ဝက်ကျော် ၅၂.၇% က တရားသူကြီးများသည် အမှု ပြဿနာများကြားနာဖြေရှင်းရာတွင် မျှတလိမ့်မည်မဟုတ်ဟုငင်း၊ ထက်ဝက်နီးပါး ၄၇.၉% က တရားသူကြီးများသည်၎င်းတို့ရှေ့မှောက်ရောက်ရှိလာသည့် အမှုပြဿနာတစ်ခုတွင် မျှတသည့် စီရင်ဆုံးဖြတ်ချက် ဆောင်ကျဉ်းပေးမည် မဟုတ်ဟု ထင်ကြသည်။ ဖြေဆိုသူ


သည်။ ၆၂.၇% က ၎င်းတို့သည် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန်လုံလောက်သည့်သင်တန်းများတက်ရောက်ခဲ့ကြသည်ဟုထင်မြင်ကြသည်။ သို့သော်ထိုထက်နည်းသည့် ဖြေဆိုသူ ၄၂.၅% က ဥပဒေအရာရှိများတွင် လုံလောက်သည့် အရင်းအမြစ်များ မရှိဟု ယုံကြည်သည်။

အများလက်ခံယုံကြည်ထားသည့် စံတန်ဖိုးများနှင့် ပတ်သက်၍ ထက်ဝက်အောက် ဖြေဆိုသူ ၄၅.၈% က ဥပဒေအရာရှိများသည် ၎င်းတို့ကို လေးစားစွာ ဆက်ဆံလိမ့်မည်ဟု ထင်ကြသည်။ ထိုအချိုးအစားနီးပါး ၄၃.၅% က ဥပဒေအရာရှိများသည် ရပ်ရွာဦးစားပေး အလေးထားမှုများနှင့် ကိုက်ညီလိမ့်မည်မဟုတ်ဟု မြင်ကြသည်။ ထက်ဝက်ကျော် ၅၀.၆% က ဥပဒေအရာရှိများသည် အမှုပြဿနာများ

ဖြေရှင်းရာတွင် မျှတလိမ့်မည်မဟုတ်ဟုဆိုင်း၊ ထက်ဝက် နီးပါး ၄၇.၁% က ဥပဒေအရာရှိများသည် ၎င်းတို့ ရှေ့မှောက် ရောက်ရှိလာသည့် အမှုပြဿနာတစ်ခုအတွက် မျှတသည့် စီရင်ချက်ရလဒ် ဆောင်ကျဉ်းပေးလိမ့်မည်မဟုတ်ဟု သဘောထားကြသည်။ ပြတ်သားသည့် အများစု ထက် ဝက်ကျော် ၅၉% ၂% က ဥပဒေအရာရှိများသည် ၎င်းတို့ ဝန်ဆောင်မှုများအတွက် လာဘ်လာဘ မျှော်ကိုးလိုသည် ဟု ခံယူကြသည်။

ပြည့်ဝသည်ဟု ရှုမြင်ကြပြီး ၆၅.၆% က ၎င်းတို့သည် ခေတ်နှင့်အညီ အသိဗဟုသုတရှိကြသည်။ လုံလောက် သည့် လေ့ကျင့်သင်ကြားမှုများရှိသည်ဟု ၆၂.၅% က သဘောထားကြသည်။ သို့သော် ရဲများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် အရင်းအမြစ် အလုံအ လောက်ရှိသည်ဟု ထင်သည့် အချိုးအစားမှာ အနည်းစုဖြစ် ပြီး ၄၃.၁% ရှိသည်။

ပုံ ၆-၃ ရဲများအပေါ် သဘောထားအမြင်များ




၎င်းသည်တွင်လည်း ဖြေဆိုသူများ၏ ဥပဒေအရာရှိ များအပေါ် ထားသည့် သဘောထားအမြင်များသည် ၎င်းတို့ အနေဖြင့် သမားရိုးကျ တရားမျှတရေးစနစ်နှင့် ထိတွေ့နီးစပ် မှုနည်းခြင်းကြောင့် ဖြစ်နိုင်သည်။


## ရဲများ

ဖြေဆိုသူများသည် တရားသူကြီးများ၊ ဥပဒေအရာ ရှိများနှင့်စာလျှင် ရဲများ နှင့် ပို၍ ထိတွေ့ကျွမ်းဝင်မှုရှိသည်။ (အခန်း ၃ တွင် ရှု)။ သို့သော် ဖြေဆိုသူများ၏ ရဲများအပေါ် ထားသည့် သဘောထားအမြင်များသည် တရားသူကြီးများ၊ ဥပဒေအရာရှိများ အပေါ်ထားသည့် သဘောထားအမြင်များ နှင့် တူညီသည် (ပုံ ၆.၃ တွင်ရှု)။ ဖြေဆိုသူ ၃ ပုံ ၂ ပုံခန့်က ယေဘုယျအားဖြင့် ရဲများသည် စွမ်းဆောင်ရည်

အများ လက်ခံယုံကြည်ထားသည့် စံတန်ဖိုးများနှင့် ပတ် သက်၍ ဖြေဆိုသူ ၃ ဦးတွင် ၁ ဦးကျော် ၃၆.၃% က ရဲများသည် ရပ်ရွာဦးစားပေးမှုများနှင့် လိုက်လျောညီထွေရှိသည်ဟု လည်းကောင်း၊ ထိုထက်ပိုသည့်ပမာဏဖြစ်သည့် ၄၄.၂% က လိုက်လျောညီထွေမဖြစ်ဟုလည်းကောင်း ထင်ကြသည်။ ထက်ဝက်အောက် ၄၅% က ရဲများသည် ၎င်းတို့အား လေးစားသမှု ဆက်ဆံလိမ့်မည်ဟု လည်းကောင်း၊ ထက် ဝက်ကျော် ၅၁.၉% က ရဲများသည် ၎င်းတို့ရှေ့မှောက် ရောက်ရှိလာသည့် အမှုပြဿနာတစ်ခုတွင် မျှတသည့်ရလဒ် အဖြေ ဆောင်ကျဉ်းပေးလိမ့်မည် မဟုတ်ဟုဆိုင်း၊ ကိုင်တွယ် ဖြေရှင်းရာတွင် မျှတမှု ရှိမည်မဟုတ်ဟုလည်းကောင်း ထင်မြင်ကြသည်။ သိသာသည့် အများစု ၆၂.၁% က ရဲများ သည် ၎င်းတို့ ဝန်ဆောင်မှုများအတွက် လာဘ်လာဘ အပိုကြေး မျှော်ကိုးလိုသည်ဟု ထင်ကြသည်။

၄၉ မြန်မာဘာသာတွင် ရပ်ကွက်နှင့် ကျေးရွာခေါင်းဆောင်များဟု ဘာသာပြန်ဆိုပြီး ဖြေဆိုသူများအတွက် အဓိပ္ပါယ် ဖွင့်ဆိုချက်ပေးမထားပါ။ သို့သော် ဒေသဆိုင်ရာ ရပ်ကျေး အုပ်ချုပ်ရေးမှူးများ ပါဝင်သည်ဟု နားလည် မှတ်ယူ နိုင်သည်

ပုံ ၆-၄ ရပ်ရွာလူထုခေါင်းဆောင်များအပေါ် သဘောထားအမြင်များ




## ရပ်ရွာလူထုခေါင်းဆောင်များ

ရပ်ရွာလူထုခေါင်းဆောင်များအပေါ် ဖြေဆိုသူများ၏ သဘောထားခံယူချက်များသည် တရားသူကြီးများ၊ ဥပဒေ အရာရှိများ နှင့် ရဲများအပေါ်ထားသည့် သဘောထား အမြင်များနှင့် သိသာစွာ ကွဲပြားသည် (ပုံ ၆-၄ တွင်ရှု)။

ဖြေဆိုသူ ၃ ပုံ ၂ ပုံနီးပါး ၆၄.၀% က ရပ်ရွာခေါင်းဆောင်များသည် ခေတ်နှင့်အညီ အသိဗဟုသုတရှိကြသည်ဟု ယုံကြည်သည်။ သို့သော် ထက်ဝက်အောက် ၄၃.၇% က ၎င်းတို့တွင် လုံလောက်သည့် လေ့ကျင့်သင်ကြားမှုများ ရှိကြသည်ဟု လည်းကောင်း၊ တဖက်တွင် ၄၇.၃% က လုံလောက်သည့် သင်တန်းများ မရရှိကြဟု ထင်မြင်ကြသည်။ သိသာသည့် ထက်ဝက်ကျော် ၅၈.၅% က ၎င်းတို့သည် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် အရင်းအမြစ်များ ပြည့်စုံလုံလောက်မှု မရှိဟု ထင်ကြသည်။

အများလက်ခံ ယုံကြည်သည့် စံတန်ဖိုးများ၊ မှန်ကန်သည့် သဘောထား စိတ်ရင်းစေတနာတို့နှင့် ပတ်သက်သည့် ဖြေဆိုသူများ၏ သဘောထားအမြင်များမှာ တရားသူကြီးများ၊ ဥပဒေအရာရှိများ နှင့် ရဲများထက်စာလျှင် ရပ်ရွာ ခေါင်းဆောင်များအပေါ် ပို၍ အကောင်းမြင်ကြသည်။ သိသာသည့် ဖြေဆိုသူ အများစုက ရပ်ရွာခေါင်းဆောင်များသည် ရပ်ရွာဦးစားပေးမှုများကို အလေးထားရှေ့ရှုသည်ဟု လည်းကောင်း (၇၂.၉%)၊ ဖြေဆိုသူများကို လေးစားသမှု ဆက်ဆံလိမ့်မည် ဟုလည်းကောင်း၊ (၇၉.၀%)၊ အမှုပြဿနာ ဖြေရှင်းရာတွင် မျှတလိမ့်မည်ဟု လည်းကောင်း (၆၄.၆%) နှင့် မျှတသည့် ဆုံးဖြတ်ချက်ရလဒ် ဆောင်ကြဉ်းပေးလိမ့်မည်ဟု လည်းကောင်း (၆၃.၃%) ယုံကြည်ကြသည်။ သိသာသည့် အများစု ၆၀.၂% က ရပ်ရွာခေါင်းဆောင်များသည် ၎င်းတို့ ဝန်ဆောင်မှုများ အတွက် လာဘ်လာဘအပိုကြေး မျှော်ကိုးလိမ့်မည် မဟုတ်ဟု ယူဆကြသည်။

## တရားရေးတာဝန်ရှိသူများအပေါ် ပြည်သူလူထုယုံကြည်မှု

ပုံ ၆.၁ မှ ၆.၄ တွင် ဖော်ပြထားသည့် အဖြေရလဒ်များကို အခြေခံ၍ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲများ နှင့် ရပ်ရွာလူထုခေါင်းဆောင်များအပေါ်ဖြေဆိုသူများ ယုံကြည်မှုကို တိုင်းတာဖော်ပြနိုင်ရန်အတွက် ယုံကြည်မှု ညွှန်းကိန်းစု တည်ဆောက်ထားသည်။ (ဇယား ၆.၂ တွင်ရှု)

ဇယား ၆.၂ တရားရေးတာဝန်ရှိသူများအပေါ် ယုံကြည်မှု

| တရားစီရင်ရေး ဝန်ဆောင်မှုပေးသူ | ယုံကြည်မှုညွှန်းကိန်း |
|---|---|
| တရားသူကြီးများ | ၂၉.၀% |
| ဥပဒေအရာရှိများ | ၂၉.၂% |
| ရဲများ | ၂၇.၅% |
| ရပ်ရွာခေါင်းဆောင်များ | ၃၉.၀% |

၅၀ ဖြေဆိုသူသည် စွမ်းဆောင်ရည်ပြည့်ဝမှုနှင့်ဆိုင်သည့် မေးခွန်း ၃ ခုအနက် အနည်းဆုံး ၂ ခုကို "ဟုတ်ပါသည်/ မှန်ပါသည်"။ မှန်ကန်သည့်သဘောထား စိတ်ရင်း စေတနာနှင့် ဆိုင်သည့်မေးခွန်း ၅ ခုအနက် အနည်းဆုံး ၃ ခုကို "ဟုတ်ပါသည်/ မှန်ပါသည်/ ရှိပါသည်" ဟု ဖြေဆိုပါက သက်ဆိုင်ရာ ပုဂ္ဂိုလ်အပေါ် ယုံကြည်မှုရှိသည်ဟု သဘောထား သတ်မှတ်သည်။

ရဲများကို ဖြေဆိုသူများက ယုံကြည်မှု အနည်းဆုံး ဖြစ်နေသည်။ တရားသူကြီးများနှင့် ဥပဒေအရာရှိများအပေါ် ဖြေဆိုသူများ၏ ယုံကြည်မှုရေချိန်မှာ တန်းတူ သို့မဟုတ် နိမ့်ပါးသည်။ ရပ်ရွာခေါင်းဆောင်များအပေါ် ယုံကြည်မှုမှာ သိသာထင်ရှားစွာ အမြင့်မားဆုံးဖြစ်သည်။

*အချုပ်အားဖြင့် ဖြေဆိုသူ ၇၀% ကျော်က အစိုးရ အရာရှိများအနေဖြင့် လာဘ်လာဘ အပိုကြေး တောင်းခံခြင်းမှာ လက်ခံဖွယ်မဟုတ်ဟု သဘောတူကြသည်။ သို့သော် ၆၀% နီးပါးက တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲများသည် ၎င်းတို့၏ ဝန်ဆောင်မှုများအတွက် လာဘ်လာဘ မျှော်ကိုးကြသည်ဟု ထင်ကြသည်။*

*ချမ်းသာသူများ၊ ဩဇာအာဏာရှိသူများနှင့် ဆက်စပ်၍ ဥပဒေအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များမှာ မှန်ကန်စွာ ကျင့်သုံးသည့် ဥပဒေသည် သာမာန်ပြည်သူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်သည် သို့မဟုတ် ကာကွယ်စောင့်ရှောက်သင့်သည်ဟု တူညီစွာလက်ခံကြခြင်းဖြစ်သည်။*


*ဖြေဆိုသူများသည် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲများ၏ စွမ်းဆောင်ရည် ပြည့်ဝမှုကို ယုံကြည်မှု ရှိသော်ငြားလည်း မျှတမှု၊ လေးစားမှုနှင့် အဂတိတရား ကင်းမှုစသည့် အများယုံကြည်လက်ခံထားသည့် စံတန်ဖိုးများနှင့် ကိုက်ညီမှုအပေါ် ယုံကြည်မှုနည်းကြသည်။ ဤအချက်သည် သမားရိုးကျ တရားမျှတရေးစနစ်နှင့် ဖြေဆိုသူများ ထိတွေ့မှုနည်းခြင်းသို့မဟုတ်မရှိခြင်းကိုထင်ဟပ်နိုင်သည်။ ဖြေဆိုသူများသည် ရပ်ရွာခေါင်းဆောင်များကို ပို၍ အကောင်းမြင်သဘောထား ရှုမြင်ကြသည်။ ဖြေဆိုသူအများစုက ရပ်ရွာခေါင်းဆောင်များသည် ရပ်ရွာဦးစားပေးမှုများ နှင့် လိုက်လျောညီထွေရှိပြီး အလေးထား ရှေ့ရှုကြသည်ဟု ယုံကြည်သည်။ ၈၀% နီးပါးက ရပ်ရွာခေါင်းဆောင်များသည် ၎င်းတို့ကို လေးစားသမှု ဆက်ဆံပြုမူမည်ဟု ထင်ကြသည်။*

*ယေဘူယျအားဖြင့် ရဲများမှာ ယုံကြည်မှုအနည်းဆုံး ခံရသည့် တရားရေးပုဂ္ဂိုလ်များဖြစ်ပြီး ရပ်ရွာခေါင်းဆောင်များသည် သိသာထင်ရှားစွာ ယုံကြည်မှုအများဆုံး ရရှိကြသည်။*

## မညီမျှသည့် ပြုမူဆက်ဆံမှုအပေါ် သဘောထားအမြင်များ

သုတေသနလေ့လာမှုတွင် တရားမျှတရေးစနစ်အတွင်း ပြည်သူများအနေဖြင့် တန်းတူဆက်ဆံခံရမှု သို့မဟုတ် မခံရမှုအပေါ် ဖြေဆိုသူများ၏ ယုံကြည်ချက်အတိုင်းအတာကို လေ့လာခဲ့သည်။ ပြစ်မှုကျူးလွန်သည်ဟု သံသယရှိပြီး အာဏာပိုင်များ၏ ဖမ်းဆီးထိန်းသိမ်း၊ စွဲချက်တင်ခံရသူ ၂ ဦး၏ ဖြစ်ရပ်ကို ဖြေဆိုသူများအား တွေးတောစဉ်းစားစေသည်။ ထို့နောက် အကယ်၍ သံသယရှိသူ ၂ ဦး ထဲမှ ၁ ဦးတွင် ထူးခြားသည့် ဝိသေသလက္ခဏာများရှိပါက

ပုံ ၆.၅ မညီမျှသည့် ပြုမူဆက်ဆံမှုအပေါ် သဘောထားအမြင်များ



အကျိုးနည်း အခွင့်အလမ်းဆုံးရှုံးနိုင်မှုရှိ/မရှိ မေးမြန်းသည် (ပုံ ၆.၅ တွင်ရှု)။

လူတစ်ဦးသည် ပြစ်မှုတစ်ခုဖြင့် စွဲချက်တင်ခံရသည့်အခါ ဆင်းရဲသည်ဆိုသည့် အချက်ကြောင့် အာဏာပိုင်များ၏ ပြုမူဆက်ဆံခံရမှုသည် အခြားသူများထက်စာလျှင် အခွင့်အလမ်းပို၍ နည်းပါးသည်ဟု သဘောထားခံယူကြသည်။ ဖြေဆိုသူ ၄ ပုံ ၃ ပုံနီးပါး ၇၂.၅% က ဆင်းရဲသည့် သံသယဖြစ်ခံရသူသည် အခွင့်အရေးနည်းပါးသည်ဟု ထင်မြင်ကြသည်။ ဤအမြင်သည် အခန်း ၃ တွင် ဖော်ပြထားသည့် မြန်မာ့လူ့အဖွဲ့အစည်းတွင်း လူတစ်ဦး ကောင်းမွန်စွာ ပြုမူဆက်ခံရသမျှကို အဆုံးအဖြတ်ပေးသည့် အကြောင်းအချက်များအား များစွာထင်ဟပ်မှုရှိသည်။

ထက်ဝက်ကျော် ဖြေဆိုသူများက သံသယဖြစ်ခံရသူသည် အစိုးရအရာရှိနှင့် လူမျိုးကွဲ (ဖြေဆိုသူ ၅၅.၄%) သို့မဟုတ် ဘာသာကွဲ (၅၀.၆%) ဖြစ်ပါက အခွင့်အရေးနည်းပါးသည်ဟု ခံယူကြသည်။ ထက်ဝက်အောက် ဖြေဆိုသူ ၄၆.၉% က သံသယဖြစ်ခံရသူသည် နိုင်ငံ၏ အခြားဒေသမှဖြစ်ပြီး ဒေသခံမဟုတ်ပါက အခွင့်အရေးနည်းပါးသည်ဟု ယူဆကြသည်။ သံသယဖြစ်ခံရသူသည် အမျိုးသမီးဖစ်ပါက အခွင့်အရေးနည်းပါးသည်ဟု ၃ ဦးလျှင် ၁ ဦးကျော် ၃၇.၁% က ထင်မြင်ကြသည်။ တရားရေးစနစ်တွင်းရှိ အရာရှိများသည် ခွဲခြားဆက်ဆံမှုကင်းစွာ ပြုမူဆက်ဆံခြင်း မရှိ ဆိုသည့် ကျယ်ပြန့်သည့် ခံယူချက်သဘောထားများကို ဤအဖြေများက ညွှန်းဆိုသည်။


အနှစ်ချုပ်အားဖြင့်ဆိုသော် တရားမျှတရေး စနစ်တွင်းရှိ တာဝန်ရှိပုဂ္ဂိုလ်များသည် ပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူများကို သာတူညီမျှ တပြေးညီပြုမူဆက်ဆံခြင်း မရှိဟုဖြေဆိုသူများက ရှုမြင်သဘောထားသည်။ ပြစ်မှုတစ်ခုဖြင့် တရားစွဲဆိုခံရပါက ဆင်းရဲသူများသည် အခြားသူများထက်စာလျှင် ဥပဒေအောက် တန်းတူညီမျှ ဆက်ဆံခံရခွင့် မရှိနိုင်ဆုံးဖြစ်သည်ဟု ၎င်းတို့က ယုံကြည်ကြသည်။

## တာဝန်ယူတာဝန်ခံမှုအပေါ် သဘောထားအပြုအမူများ

ဤလေ့လာမှုတွင် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၏ တာဝန်ယူ တာဝန်ခံမှုအပေါ် ဖြေဆိုသူများ၏ သဘောထားအပြုအမူများကို အဂတိလိုက်စားမှု လုပ်ရပ်များအပေါ် ၎င်းတို့ တိုင်ကြားတင်ပြနိုင်ခြေရှိ မရှိဖြင့် ဆန်းစစ်လေ့လာထားသည်။ အစိုးရ အရာရှိများ လာဘ်လာဘ အပိုကြေးတောင်းခံသည့် သာဓကဖြစ်ရပ် နှစ်ခုကို ဖြေဆိုသူများ မည်ကဲ့သို့ တုန့်ပြန်ဆောင်ရွက်မည်နည်းဟု မေးမြန်းသည်။ ထိုသာဓကဖြစ်ရပ် ၂ ခုမှာ - (၁) မြေယာ မှတ်ပုံတင်ရာတွင် ဒေသခံ အရာရှိက ငွေကျပ် ၃၀၀,၀၀၀ တောင်းခံသည်။ (၂) မှတ်ပုံတင်အသစ် လုပ်လိုသူအား မြို့နယ်အရာရှိ တစ်ဦးက ငွေကျပ် ၁၅၀,၀၀၀ တောင်းခံသည်။

ဖြစ်ရပ် ၂ ခုစလုံးတွင် တိုင်ကြားမည်၊ တိုင်ကြားကောင်း တိုင်ကြားမည်နှင့် မတိုင်ကြားပါဟု ဖြေဆိုသည့်အမျိုး အစားများမှာ ထပ်တူနီးပါးဖြစ်သည်။ ဖြေဆိုသူ ထက်ဝက်နီးပါးက ထိုဥပမာဖြစ်ရပ်များတွင် အရာရှိများ၏ အပြုအမူ လုပ်ရပ်များကို တိုင်ကြားလိမ့်မည် မဟုတ်ဟု ဆိုကြပြီး ၅ ဦးလျှင် ၂ ဦးကျော်က တိုင်မည် သို့မဟုတ် တိုင်ကြားကောင်း တိုင်ကြားမည်ဟု ဖော်ပြကြသည် (ပုံ ၆.၆ တွင်ရှု)။

ပုံ ၆.၆ တာဝန်ယူ တာဝန်ခံမှုအပေါ် သဘောထား အပြုအမူများ



တိုင်ကြားမည် သို့မဟုတ် တိုင်ကောင်းတိုင်မည်ဟု ဆိုသည့် အနည်းစု၏ တုန့်ပြန်ဆောင်ရွက်ပုံများ တူညီကြသည်။ထိုသူအများစုကဌာနတွင်းတိုင်ကြားမည်ဟုဆိုသည်။ "တိုင်ကြားမည့်" ဖြေဆိုသူ အများဆုံးသော အမျိုးအစား ၁၄.၄% (၂၀၃ ဦးအနက် ၇၅ ဦး) က ပထမဖြစ်ရပ်တွင် မြို့နယ်မြေစာရင်းဌာနသို့လည်းကောင်း၊ ၂၀.၈% (၂၀၃ ဦးအနက် ၁၀၈ ဦး) က ဒုတိယဖြစ်ရပ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဌာနသို့ သတင်းပို့ တိုင်ကြားမည်ဟု ဆိုသည်။ တိုင်ကြားမည်ဟုဆိုသည့် ကျန်ဖြေဆိုသူများက မြို့နယ်အုပ်ချုပ်ရေးဌာန (ဖြစ်ရပ် ၁ တွင် ၅.၈% ၊ ဖြစ်ရပ် ၂ တွင် ၃.၇%) သို့မဟုတ် မြို့နယ်တရားရုံး (ဖြစ်ရပ် ၁ တွင် ၃.၇% ၊ ဖြစ်ရပ် ၂ တွင် ၂.၇%) သို့ အများဆုံး တိုင်ကြားလိမ့်မည် ဟု ပြောကြသည်။

ဖြစ်ရပ်တစ်ခုစီတွင် တိုင်ကြားသည့်အတွက် ဖြစ်ပေါ်လာမည့် ရလဒ်မျှော်လင့်ချက်များမှာလည်း တူညီကြသည်။ ဖြစ်ရပ်နှစ်ခုစလုံးတွင် ကျူးလွန်သည့် အရာရှိကို အရေးယူလိမ့်မည်ဟု အများဆုံး မျှော်လင့်ကြသည်။ (ဖြစ်ရပ် ၁ တွင် ၃၇.၉% ၊ ဖြစ်ရပ် ၂ တွင် ၄၃.၁%) အဖြစ်အပျက်ကို တိုင်ကြားပြီးပါက တောင်းသည့်ငွေကို ပေးရန်မလိုဟု ဒုတိယ အများဆုံး မျှော်လင့်ကြသည် (ဖြစ်ရပ် ၁ တွင် ၁၂.၉% ၊ ဖြစ်ရပ် ၂ တွင် ၁၂.၁%)။ တိုင်ကြားသည့်အတွက် ရလဒ်အဖြေအပေါ် မည်သည့်အကျိုးသက်ရောက်မှုမျှ မရှိဟု မျှော်လင့်သူ အနည်းငယ်ရှိသည် (ဖြစ်ရပ် ၁ တွင် ၁၁.၃% ၊ ဖြစ်ရပ် ၂ တွင် ၂.၇% )။

ဖြစ်ရပ်များကို တိုင်ကြားလိမ့်မည် မဟုတ်ဟု ဆိုသည့် ဖြေဆိုသူ ၄၉.၄% ပေးသည့် အကြောင်းတရားများကို ပုံ ၆.၆ (က) နောက်ဆက်တွဲ (ခ) တွင် ဖော်ပြထားသည်။ တာဝန်ယူ တာဝန်ခံစေရန် ကြိုးပမ်းအားထုတ်မှုကို အဟန့်အတားဖြစ်စေသည့် အဓိကအချက်မှာ အဂတိလိုက်စားမှုပင် ဖြစ်သည်ကို ဖြစ်ရပ် ၂ ခုစလုံးတွင် ထိုမတိုင်ကြားမည့် ဖြေဆိုသူများက သဘောထားရှုမြင်ကြသည် (ဖြစ်ရပ် ၁ တွင် ၄၆.၇%၊ ၂၅၇ ဦးအနက် ၁၂၀ ဦး ၊ ဖြစ်ရပ် ၂ တွင် ၂၅၇ ဦးအနက် ၁၄၁ ဦး ၅၄.၉% )။ ၎င်းတို့သည် ပြဿနာ၏ အမြစ်တွယ်နေသော သဘောသဘာဝကို အသိအမှတ် ပြုကြသည်။ (ဥပမာ - "မြေယာမှတ်ပုံတင်တာက ပိုက်ဆံပေးမှ ရတာဆိုတော့ တိုင်မနေတော့ပါဘူး"၊ "ပိုက်ဆံ ၁၅၀,၀၀၀ ကျပ်ပေးလို့ မှတ်ပုံတင် အလွယ်တကူ ရမယ်ဆိုရင် မတိုင်တော့ပါဘူး"၊ "ပိုက်ဆံပေးမှ သူတို့ပြောတဲ့ အတိုင်း လုပ်ပေးမယ်ဆိုရင် ကျေနပ်ပါတယ်၊ ပေးမှာပါ") မတိုင်ကြားရသည့် အဓိက အကြောင်းတရားမှာ အကျင့်ပျက် အဂတိတရားကြောင့်ဟု ဖော်ပြသူများအနက် အချို့က ထိုအကျင့်ပျက် အဂတိတရားသည် ဥပမာသာဓကဖြစ်ရပ် ၂ ခု တွင် မြေယာမှတ်ပုံတင် ရရှိရေး သို့မဟုတ် မှတ်ပုံတင်အသစ်ရရှိရေး အတွက် အဟန့်အတား ဖြစ်စေနိုင်သည် ဟုလည်း မှတ်ယူသဘောထားကြသည်။ (ဥပမာ - "သူတို့က ပိုက်ဆံအများကြီးတောင်းရင် တိုင်လည်းတိုင်မှာ မဟုတ်ဘူး။မြေယာမှတ်ပုံတင်ဖို့ လျှောက်လဲ လျှောက်မှာ မဟုတ်ဘူး" ၊ "အစိုးရက အလွယ်တကူ ချောချောချူချူ ထုတ်ပေးတော့မှပဲ မှတ်ပုံတင် အသစ်လဲတော့မယ်၊ သွားပြီး တိုင်မနေတော့ပါဘူး")။

ထိုသာဓကဖြစ်ရပ် ၂ ခုတွင် မတိုင်ကြားလိုသည့်ဒုတိယအကြောင်းတရားမှာထိုသို့တိုင်ကြားရမည်ကိုကြောက်ရွံ့သောကြောင့်ဖြစ်သည်။ (ဖြစ်ရပ် ၁ တွင် ၂၅၇ အနက် ၁၀၂ ဦး ၊ ၃၉ .၇% ၊ ဖြစ်ရပ် ၂ တွင် ၂၅၇ အနက် ၉၁ ဦး၊ ၃၅.၄%)။ ထို အကြောက်တရား၏ ပထမ ရှုထောင့်မှာ ငွေတောင်းခံသည်ဟု တိုင်ကြားပါက တိုင်ကြားသူအတွက်သာ ပြဿနာ ပိုဖြစ်စေနိုင်မည်ဟု ထင်ကြသည်။ (ဥပမာ - "တိုင်လိုက်ရင် ပြဿနာပိုကြီးလာမယ်လို့ ထင်တယ်။ ဒီတော့ မတိုင်ဘူး"၊ "တိုင်လိုက်လို့ ပြဿနာ တက်လာမယ်ဆိုရင် မတိုင်ဘူး"၊ "တိုင်လိုက်ရင် မှတ်ပုံတင် လည်း ဘယ်တော့မှ ရမှာ မဟုတ်တော့ဘူး၊ အဲဒါကြောင့်မို့လို့ မတိုင်တော့ဘူး"။

တရားဝင် အစိုးရဗျူရိုကရေစီစနစ်နှင့် ပတ်သက်ရမည်ကို စိုးရိမ်ကြသည်မှာ ဒုတိယ ရှုထောင့်ဖြစ်သည်။ (ဥပမာ - "တော်တော်ရှုပ်ပါတယ်၊ ရုံးတွေ ဘာတွေ မသွားချင်ဘူး"၊ "သွားတော့တိုင်မနေပါဘူး၊ကိုယ်လုပ်လိုက်လို့ရှုပ်ကုန်မှာလဲ စိုးတယ်၊အချိန်လဲ မကုန်ချင်ဘူး၊ပိုက်ဆံဘဲ ပေးလိုက်မယ်")။ တတိယ အကြောက်တရားကို အတော်များများက ဖော်ပြရာတွင် ဥပမာ - "မတိုင်ရဲပါဘူး၊ ပိုက်ဆံဈေးပြီးမှ ပေးရမယ် ဆိုလဲ မှတ်ပုံတင်အသစ် လျှောက်မှာပါ")။

အဂတိလိုက်စားမှု ဖြစ်ရပ်များကို မတိုင်ကြားလိုသည့် အခြားအကြောင်း အချက်များမှာ -

- မည်သို့ လုပ်ဆောင်နိုင်သည်၊ မည်သူက အကူအညီပေးနိုင်မည် နှင့် ပတ်သက်သည့် အသိပညာ ဗဟုသုတ သို့မဟုတ် အတွေ့အကြုံမရှိခြင်း (ဥပမာ "တိုင်လို့ရတယ်ဆိုတာ မသိတော့ တောင်းတဲ့အတိုင်း ပေးလိုက်မှာဘဲ"၊ "အတွေ့အကြုံမှ မရှိတာ မတိုင်ပါဘူး"၊ "တိုင်လည်း တိုင်မှာမဟုတ်ဘူး။မြေယာမှတ်ပုံတင်လည်းလျှောက်မှာ မဟုတ်ဘူး။ မတိုင်ဘူးလေ ပညာမှမတတ်တာ"၊ "ကိုယ့်ကိုတိုင်က ဂယနဏ နားမလည်တော့ တိုင်လည်း မကောင်းပါဘူး။ ပိုက်ဆံတတ်နိုင်မှဘဲ မှတ်ပုံတင်ကဒ်အသစ် လုပ်တော့မယ်။ တိုင်တော့ မတိုင်ပါဘူး"၊ "ကျေတော့မကျေနပ်ဘူး။ ဒါပေမဲ့ ဘာလုပ်ရမယ် ဘယ်တိုင်ရမယ်ဆိုတာလည်းမသိဘူး။ ဒီတော့ တိုင်လည်း မတိုင်ဘူး။ မြေမှတ်ပုံတင်လည်း မလျှောက်ဘူး")။
- တိုင်ခြင်းကြောင့် မည်သည့်အပြောင်းအလဲမှ ဖြစ်မလာ ဖြစ်မလာ ဆိုသည့် မျှော်လင့်ချက် (ဥပမာ "ဒို့တွေတိုင်ရင် ဘာမှအရေးယူမှာလည်း မဟုတ်ဘူး။ ဒီတော့ မတိုင်တော့ပါဘူး"၊ "တိုင်လည်း ဘာမှပြောင်းလဲမှာ မဟုတ်ဘူး၊ ပိုက်ဆံတောင် ကုန်သေးတယ်")။
- ထိုကဲ့သို့ အလားတူဖြစ်ရပ်များကို တိုင်ကြားရန်

ငြင်းဆန်ခြင်း (ဥပမာ "တိုင်လည်း မတိုင်ပါဘူး။ မြေယာမှတ်ပုံတင်လျှောက်လွှာလည်းမတင်ပါဘူး"၊"မှတ်ပုံတင်အသစ်လည်း သွားမလဲဘူး၊ ပိုက်ဆံလည်း မပေးဘူး၊ တိုင်လည်း မတိုင်ဘူး")။

- ကုန်ကျစရိတ် (ဥပမာ "ပိုက်ဆံ မရှိတော့တိုင်လည်း မတိုင်ဘူး။ မှတ်ပုံတင် အသစ်လည်း သွားမလုပ်ဘူး")။
- မိမိကိုယ်ကို ပို၍အားကိုးလိုခြင်း (ဥပမာ "ပိုက်ဆံလျော့ပေးရဖို့ သွားညှိမယ်၊ ပြဿနာ မတတ်ချင်တော့မတိုင်ပါဘူး"၊ "မှတ်ပုံတင်က အရေးကြီးတယ်လေ။ ညှိကြည့်မယ် မတိုင်ဘူး"၊ "ပိုက်ဆံ ဘာလို့ဒီလောက်အများကြီးတောင်းရတာလဲဟု ပိုက်ဆံတောင်းတဲ့ အရာရှိရဲ့အထက်အရာရှိကို သွားမေးမယ်။ ဒါပေမဲ့ တိုင်တော့မတိုင်ဘူး၊ အဲဒီ ကိစ္စက ရှုပ်တာကိုး")။
- ခွဲခြားဆက်ဆံခြင်း (ဥပမာ "ပိုက်ဆံပေးပြီးလုပ်လို့ရတယ်ဆိုရင် မှတ်ပုံတင်ကဒ် အသစ်တော့လဲချင်တယ်၊ ဒါပေမဲ့ တကယ်တမ်းကျတော့ ငွေပေးရင်တောင်မှ ဒို့တွေအတွက် ရဖို့မလွယ်ဘူး။ တကယ့်ကို ဒုက္ခပါဘဲ"၊ "ငွေ ၁၅၀,၀၀၀ ကျပ်ပဲပေးပြီး တရုတ်တွေအတွက် မှတ်ပုံတင်ရမယ်ဆိုရင်ကျွန်တော်တော့တိုင်မှာမဟုတ်ဘူး")။
- ဘာသာစကား အခက်အခဲ (ဥပမာ "မြန်မာစကားကောင်းကောင်း မပြောတတ်တော့ သွားတိုင်မှာ မဟုတ်ဘူး။ မှတ်ပုံတင် အသစ်လုပ်ဖို့ငွေ ပေးမှာပါ")။
- ခိုကိုးရာမဲ့ခြင်း (ဥပမာ "အားကိုးရမဲ့သူလည်း မရှိဘူး။ အကူအညီပေးမယ့်သူလည်း မရှိပါဘူး")။

အမျိုးသားဖြေဆိုသူများနှင့် နိုင်းစာလျှင်အမျိုးသမီးဖြေဆိုသူများသည် ထိုသာဓက ဖြစ်ရပ်များကိုပို၍ မတိုင်ကြားလိုကြပေ။ ပထမ ဖြစ်ရပ်တွင် အမျိုးသမီးဖြေဆိုသူထက်ဝက်ကျော် ၅၁.၅% (အမျိုးသား ဖြေဆိုသူ ၄၇.၃% နှင့် နှိုင်းယှဉ်ပါက) သည် မြေယာမှတ်ပုံတင်ရာတွင် အပိုကြေးတောင်းခံမှုကို တိုင်ကြားလိမ့်မည် မဟုတ်ဟု ပြောကြသည်။ မှတ်ပုံတင်အသစ် ပြုလုပ်ရန် အပိုကြေး တောင်းခံသည့် ဒုတိယ ဖြစ်ရပ်တွင်လည်း မတိုင်ကြားဟုဆိုသည့် အချိုးအစားမှာ အလားတူဖြစ်သည်။ ထိုဖြစ်ရပ်တစ်ခုခုကို တိုင်ကြားနိုင်ချေမှာ အမျိုးသားများထက်စာလျှင် အမျိုးသမီးဖြေဆိုသူ အချိုးအစား သိသာစွာ နည်းပါးသည် (ပုံ ၆.၆ (ခ) နောက်ဆက်တွဲ (ခ) တွင်ရှု)။

အချိုးအစား မြင့်မားသည့် ကိုးကန့် (၇၅.၀%)၊ တအာန်း / ပလောင် (၆၂.၅%) နှင့် တရုတ် (၆၂.၄%) ဖြေဆိုသူများက မြေယာမှတ်ပုံတင်ရာတွင် အပိုကြေးတောင်းခံမှုကို တိုင်ကြားလိမ့်မည်မဟုတ်ဟု ဖော်ပြကြသည်။ ထိုထက်အချိုးအစားများပြားသည့် ကိုးကန့် (၇၇.၅%)၊ တောင်အာရှနွယ်ဖွား (၇၀.၀%) နှင့် တရုတ် (၆၅.၀%) ဖြေဆိုသူများက မှတ်ပုံတင်အသစ်လဲရာတွင် အပိုကြေးလာဘ်တောင်းခံမှုကို တိုင်ကြားလိမ့်မည် မဟုတ်ဟု ပြောကြသည် (ဇယား ၆-၃ နောက်ဆက်တွဲ (ခ)တွင်ရှု)။

*အနှစ်ချုပ်အနေဖြင့် အဂတိလိုက်စားမှုပါဝင်သည့် ထိုသာဓကဖြစ်ရပ်နှစ်ခုကို ဖြေဆိုသူထက်ဝက်နီးပါးက တိုင်ကြားလိမ့်မည် မဟုတ်ပါ။ အမျိုးသားများနှင့် စာလျှင် အမျိုးသမီးများသည် ပို၍ မတိုင်ကြားလိုကြပေ။ တာဝန်ယူတာဝန်ခံမှု ဖြစ်စေရန် ကြိုးစားအားထုတ်မှုကို ဟန့်တားနေသည်မှာ အဂတိလိုက်စားမှုပင် ဖြစ်သည်ဟု မတိုင်ကြားလိုသူအများစုက ဖော်ပြသည်။ ငွေပေးရသည်ကို တိုင်ကြားရန် တွန့်ဆုတ် နေခြင်းမှာ အကြောက်တရား၊ အစိုးရ ဗျူရိုကရေစီယန္တရားနှင့် ထိတွေ့ဆက်ဆံရမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည် ဟုလည်း အများစုက ပြောကြသည်။*

*တိုင်ကြားခြင်းကြောင့် ရလဒ်အနေဖြင့် အရေးယူဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်သည်မှာ တိုင်မည် သို့မဟုတ် တိုင်ကောင်း တိုင်မည်ဆိုသည့် ဖြေဆိုသူများအနက် အနည်းစုဖြစ်ပြီး အစိုးရဘက်မှ တာဝန်ယူ တာဝန်ခံမှုနှင့် ပတ်သက်၍ မျှော်လင့်ချက်မြင့်မားစွာ မထားရှိကြပါ။*




# အခန်း (၇)
# သုံးသပ်ချက် နိဂုံး နှင့် အကြံပြုချက်များ

ဓာတ်ပုံ - ဆေးခန်းရပ်ကွက် မီးသတ်ရေကန်နှင့် မီးသတ်ရေပုံးများအသင့်ပြင်ဆင်ထားပုံ၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း

ဤလေ့လာမှု ရလဒ်များသည် တရားမျှတမှု လက်လှမ်းမီရေး၊ တရားဥပဒေ စိုးမိုးရေး နှင့် ပြည်သူလူထုအပေါ် တာဝန်ယူ တာဝန်ခံမှုများနှင့် ပတ်သက်၍ ရှမ်းပြည်နယ် တောင်ပိုင်း၊ အရှေ့ပိုင်း နှင့် မြောက်ပိုင်း တလျှောက် သုတေသနလေ့လာရာ နေရာဒေသ ၁၄ ခု (ရပ်ကွက် ၇ ခု နှင့် ကျေးရွာအုပ်စု ၇ ခု) တို့မှ ဖြေဆိုသူများ၏ ရှုထောင့်အမြင်များကို တစိတ်တဒေသ ညွှန်ပြသည်။ ဖြေဆိုသူများ ရင်ဆိုင်ကြုံတွေ့ရသည့် အငြင်းပွားမှု ပြဿနာများ၊ တရားမျှတမှုဆိုင်ရာ ဦးစားပေး စိုးရိမ်မှုများနှင့် ၎င်းတို့၏ အကျိုးသက်ရောက်မှုများ၊ အငြင်းပွားမှုများနှင့် ဦးစားပေး ပြဿနာများကို ဖြေရှင်းသည့်နည်းလမ်းများနှင့် ထိုသို့ ဖြေရှင်းရာတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများ၏ အခြေခံ အချက်အလက်များကို ထုတ်ဖော်ထားသည်။

ဖြေဆိုသူများ၏ လူမှုစီးပွားဝိသေသ လက္ခဏာများ (အခန်း ၂) သည် တရားမျှတမှုဆိုင်ရာ ဦးစားပေး ပြဿနာများ ပေါ်ပေါက်သည့် ပတ်ဝန်းကျင်ကို ပုံဖော်ပေးသော အကြောင်းတရားများကိုဖော်ပြသည့် သုတေသနလေ့လာမှု အခင်းအကျင်းကို ဖွင့်ဆိုသည်။ ထိုအကြောင်းအချက်များသည် တွေ့ကြုံရသည့် ပြဿနာများအတွက် တရားမျှတမှုကို တစ်ဦးတစ်ယောက်ချင်းနှင့် ရပ်ရွာအသိုင်းအဝိုင်းအလိုက် ရှာဖွေရယူသည့် နည်းလမ်းများ နှင့် အတိုင်းအတာတို့အပေါ် လွှမ်းမိုးမှုရှိသည်။

အခန်း ၁ တွင် ဆွေးနွေးခဲ့သည့် အယူအဆကို ပြန်လည်ဖော်ပြရပါက အများလက်ခံ ယုံကြည်ထားသည့် စံတန်ဖိုးများသည် တရားမျှတမှု ရရှိရေး၏ ဗဟိုသော့ ချက်ဖြစ်သည်ကို ဤလေ့လာမှုက ပြဆိုသည်။ ထိုမျှဝေ လက်ခံထားသည့် စံတန်ဖိုးများသည် သမားရိုးကျဖြစ်သော၊ အုပ်ချုပ်ရေးဆန်သော နှင့် သမားရိုးကျမဟုတ်သော တရားရေးကြားနာ စီရင်ဆုံးဖြတ်မှုများအပေါ် ပြည်သူများ၏ မျှော်လင့်တောင့်တချက်များကိုလည်း အသိပေးသည်။ ထိုစံတန်ဖိုးများတွင် ဥပဒေရှေ့မှောက် သာတူညီမျှမှု၊ လူ့ဘောင်အဖွဲ့အတွင်း မျှတမှုနှင့် အဂတိတရား ကင်းစင်ခြင်းတို့ပါဝင်သည်။ ရပ်ရွာ အသိုင်းအဝိုင်းအဆင့်တွင် ထိုစံတန်ဖိုးများသည် လူမှုရေးရာများတွင် သာတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှု မရှိခြင်း၊ တရားရေးဖြစ်စဉ်များတွင် ပွင့်လင်းမြင်သာမှု၊ အမှီခိုကင်းလွတ်လပ်မှု၊ မျှတမှုတို့နှင့် ဆက်စပ်သည်။ ၎င်းတို့သည် လူ့အခွင့်အရေး အခြေခံမှုများနှင့်လည်း နီးနွယ်သည်။ ထိုစံတန်ဖိုးများလည်း ကောင်းမွန်သည့် အုပ်ချုပ်မှု၏ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည့် တာဝန်ယူမှု၊ တာဝန်ခံမှုအပေါ် အများပြည်သူ၏ မျှော်လင့်တောင်းတချက် တစ်ရပ် အဖြစ်လည်း သဘောဆောင်သည်။

ဤလေ့လာမှုသည် တရားမျှတမှု ရှာဖွေရယူမှုကို ကျားကန်ပံ့ပိုးသည့် ထိုအယူအဆများကို အတည်ပြုထားသည်။ တစ်ခု နှင့် တစ်ခု နွယ်ယှက်နေသည့် အနှစ်သာရအဓိပ္ပါယ်ပြည့်ဝသည့် တန်းတူညီမျှမှုနှင့်တာဝန်ယူမှု၊တာဝန်ခံမှု၊ ဆက်စပ်ကိစ္စဖြစ်သည့် တရားရေးအခွင့်အာဏာအပေါ် ပြည်သူလူထု ယုံကြည်မှုနည်းပါးမှုတို့မှာ ရှမ်းပြည်နယ်ရှိ ဖြေဆိုသူများ၏ အတွေ့အကြုံများနှင့် သဘောထားအမြင်များမှ တဆင့်ထွက်ပေါ်ခဲ့သည်။ အနှစ်ချုပ်ဖော်ပြထားသည့်အဓိက လေ့လာတွေ့ရှိချက်များနှင့် တရားရေးကဏ္ဍ တာဝန်ရှိသူများ၊ အယူဝါဒ ရေးဆွဲချမှတ်သူများ၊ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများအတွက် နောက်ဆက်တွဲ အကြံပြုချက်များကို အဆိုပါ မူဘောင်အတွင်း တင်ပြထားသည်။

## တရားမျှတမှုရရှိရေး

အခြားဒေသများကဲ့သို့ပင် ရှမ်းပြည်နယ်မှ ဖြေဆိုသူများ၏ ဥပဒေအပေါ် သဘောထားခံယူချက်များသည် ဥပဒေပြဋ္ဌာန်းချက်များနှင့် လက်တွေ့ဘဝ ခြားနားမှုကို အတည်ပြုသည့် သဘောရှိသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် အရာရှိအချို့က တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလက်လှမ်းမီရေးတို့အား မြှင့်တင်ရာတွင် ပြည်သူလူထု အသိပညာရှိမှု၏ အရေးပါမှုကို အသိအမှတ်ပြုပြီး မြေယာ၊ မူးယစ်ဆေးဝါးနှင့် ဆိုင်သည့် ဥပဒေအသိပညာပေးမှုများ လုပ်ဆောင်ရန် အဆိုပြု တိုက်တွန်းကြသည်။ ဖြေဆိုသူများ အများဆုံးတွေ့ကြုံရသည့် အငြင်းပွားမှု ပြဿနာများမှာ မြေယာနှင့် ပတ်သက်သည့် အမှုပြဿနာများဖြစ်ပြီး အဓိက ဦးစားပေး ပြဿနာတစ်ရပ်လည်း ဖြစ်သည်။ ထိုအငြင်းပွားမှုပြဿနာအများစုမှာ မြေယာမှတ်ပုံတင်ရာတွင်ကြုံရသည့်အခက်အခဲများသို့မဟုတ် ယခင်သိမ်းယူခံခဲ့ရသည့်မြေယာများအတွက် ကုစား ဖြေရှင်းမှု ရယူကြိုးစားရာမှတဆင့် ပေါ်ပေါက်သည်။ မြေယာ၊ မြေယာနှင့် ဆိုင်သည့် ပိုင်ဆိုင်မှု၊ ထိုအငြင်းပွားမှုများဖြေရှင်းသည့် တရားဝင် လမ်းကြောင်း နည်းလမ်းများသည် ယေဘုယျအားဖြင့် အခြားအမှုပြဿနာများထက်စာလျှင် အချိန်ရှည်ကြာပြီး အစိုးရအာဏာပိုင် အချို့၏ အလွဲသုံးစားမှုများလည်း ပါဝင်သည်။ ထိုအကြောင်းများကြောင့် မြေယာပြဿနာများအတွက် တရားမျှတမှုကို သမားရိုးကျမဟုတ်သော နည်းလမ်းများ သို့မဟုတ် ဒေသန္တရတတိယ ပုဂ္ဂိုလ်များ၏ အကူအညီများဖြင့် ပြည်သူများက ပို၍ ကြိုးပမ်းလိုကြသည်။ ဤလေ့လာမှုတွင် အသိမ်းခံခဲ့ရသည့် မြေယာများပြန်လည်ရရှိရေးသို့မဟုတ်လျော်ကြေးရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးနှင့် လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီထံ စာရေးသားပေးပို့ခြင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်များထံ အကူအညီ တောင်းခံကြိုးစားကြသည့် လယ်သမားများ၏ သာဓကများစွာကို လေ့လာတွေ့ရှိရသည်။ သို့သော် ဖြစ်ရပ်အများစုမှာ အဖြေစောင့်ဆိုင်းဆဲဖြစ်သည်။ ထို့ထက် အတိုင်းအတာ နည်းသည့် ပြဿနာများမှာ ကြွေးမြီ ပြဿနာဖြစ်သည်။ ထိုပြဿနာများသည် တစ်ဦးချင်း တစ်ယောက်ချင်းကြား ပုဂ္ဂလိက ပြဿနာအနေဖြင့် အဖြစ်များပြီး "မဲစုကြေး အစုအဖွဲ့များ" တွင် ဖြစ်ပွားလေ့ရှိသည်။ အကြွေးသံသရာလည်ရသည့် အဓိက အကြောင်းတရား တစ်ရပ်မှာ ငွေလုံး၊ ငွေရင်း/ မတည်ငွေ အခက်အခဲ

ကြောင့်ဖြစ်သည်။ ငွေချေးငှားခြင်းများမှ ပေါ်ပေါက်လာသည့် အမှုပြဿနာများတွင် ဖြေဆိုသူများသည် ယေဘုယျအားဖြင့် အကူအညီများစွာ မရှိကြပါ။ အချို့ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရပ်ရွာခေါင်းဆောင်များက ထိုကဲ့သို့ အငြင်းပွားမှုများတွင် တခါတရံ ကြားဝင်စေ့စပ်ပေးကြသော်လည်း အချို့က ဤသို့ ဆောင်ရွက်ပေးရန် ငြင်းဆိုကြသည်။ ဖြေဆိုသူများသည် ထိုအမှုပြဿနာများကို ရဲထံ သတင်းပို့တိုင်ကြားခြင်းသို့မဟုတ် အစိုးရအရာရှိများထံအကူအညီတောင်းခံခြင်းများ မရှိကြပါ။ အကြောင်းမှာ မဲစုကြေး အစုအဖွဲ့များသည် တရားဝင် စာရွက်စာတမ်း အထောက်အထား သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်လည်ပတ်လေ့ရှိ သောကြောင့်ဖြစ်သည်။ ဤကဲ့သို့ အမှုပြဿနာများဖြေရှင်းရာတွင် သမားရိုးကျ တရားမျှတရေးစနစ်၏ ပါဝင်ပတ်သက်မှု မရှိသလောက်ဖြစ်ပြီး ရာဇဝတ်မှုမြောက်သည့် ယုံကြည်စွာအပ်နှံထားမှု ဖောက်ဖျက်ချိုးဖောက်မှုဖြင့် တရားရုံးသို့ စွဲဆိုတိုင်ကြားသည့် အမှု အချို့ရှိသည်။

ဖြေဆိုသူများသည် ၎င်းတို့၏ အဓိက ဦးစားပေးပြဿနာများကို ဖြေရှင်းရန် ကြိုးစားရာတွင် ထက်ဝက်ကျော်က တဖက်အမှုသည်နှင့် တိုက်ရိုက်စတင်ညှိနှိုင်းကြသည်။ တိုက်ရိုက် ညှိနှိုင်းမှုများမှတဆင့် ပြေလည်ကျေအေးသွားသူ အနည်းငယ်မှာလည်း ၎င်းတို့လိုလားသည့် သို့မဟုတ် ၎င်းတို့ကိုကျေနပ်စေသည့် အဖြေရလဒ်များ အမြဲတမ်းရကြသည် မဟုတ်ပါ။ အမှုပြဿနာ တစ်ခုတွင် ပါဝင်ပတ်သက်သည့် ဖြေဆိုသူအားလုံး၏ ၈၅% သည် တတိယ ပုဂ္ဂိုလ်အကူအညီကို တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် ကနဦး ညှိနှိုင်းမှုများ မအောင်မြင်သည့် အခါတွင်လည်းကောင်း ရယူကြသည်။ အဓိက ဦးစားပေး အမှုပြဿနာ ထက်ဝက်အောက်မှာ ထိုနည်းလမ်းများကို အသုံးပြု၍ ကျေအေးပြေလည်ခဲ့သည်။ ၅၈% သော အဆိုပါ ဦးစားပေးပြဿနာများတွင် ဖြေရှင်းပြေလည်မှုမရှိပါ။ ဖြေဆိုသူအများစုအတွက် တရားမျှတမှု ရှာဖွေရာတွင် အထူးသဖြင့် ထိရောက်သည့် ပြဿနာဖြေရှင်းမှုလမ်းကြောင့် နည်းလမ်းများ အကန့်အသတ်များစွာ ရှိနေသည်ကို ဤအချက်က ညွှန်ပြသည်။ မြေယာနှင့်ဆိုင်သည့် ပြဿနာများမှာ ဖြေဆိုသူများအတွက် အရေးကြီးဆုံးပြဿနာဖြစ်ပြီးတဖက်တွင် မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးစွဲမှု ပျံ့နှံ့များပြားလာခြင်းသည် ရပ်ရွာ အသိုင်းအဝိုင်းအတွက်အရေးပါဆုံးပြဿနာဖြစ်ဖွယ်ရှိသည်။ ၎င်းတို့၏ မိသားစုများနှင့် ရပ်ရွာအသိုင်းအဝိုင်းအပေါ် မူးယစ်ဆေးဝါး၏ ရိုက်ခတ်မှု ဆိုးကျိုးများအပေါ် ကြံခိုင်နိုင်စွမ်းနှင့် ကုစားနိုင်စွမ်းများ မရှိကြပဲ၊ ပြဿနာ နောက်ဆက်တွဲ အများပြည်သူလုံခြုံမှု မရှိမှုကိုလည်း မည်သို့မျှ မတတ်သာပဲ ဆက်လက် သည်းခံကြရသည်။ ဖြေဆိုသူများနှင့် ရပ်ရွာခေါင်းဆောင်များတွင် ယုံကြည်ကိုးစား အားကိုးနိုင်မည့် အဆင့်မြင့်အထက်အာဏာပိုင်များ ရှိပုံမရပါ။ ရာဇဝတ်တရားရေးစနစ်၏ တုံ့ပြန်ဆောင်ရွက်မှုမှာ ဥပဒေအာဏာ သက်ရောက်ရေးရှုထောင့်မှဖြစ်ပြီးရဲတပ်ဖွဲ့နှင့် အတူ တခါတရံပြည်သူ့စစ်များက ပံ့ပိုးကူညီကာ မူးယစ်ဆေးဝါးသုံးစွဲသူ အများအပြားထောင်ဒဏ်အပြစ်ပေးခံရသည်။ ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်သည် မူးယစ်ဆေးသုံးစွဲခြင်းနှင့်ဆေးစွဲခြင်းကို ပြည်သူများနှင့် လူအဖွဲ့အစည်းကို အဓိက ကျိုးသက်ရောက်မှုဆိုးကျိုးများဖြစ်စေသည့် ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်သဘောထားသည့် မူကွဲရှုထောင့် ချဉ်းကပ်မှု မရှိပါ။

## တရားမျှတမှုရရှိရေး - အဓိက အကြံပြုချက်များ

### မြေယာနှင့် ပတ်သက်၍

- နိုင်ငံတော်အစိုးရနှင့် အခြားအဖွဲ့အစည်းများမှ ယခင်သိမ်းဆည်းခဲ့သည့် မြေယာများ ပြန်လည်ပေးအပ် စွန့်လွှတ်ခြင်းလုပ်ငန်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်ဆိုင်သည့် သတင်းအချက်အလက်များကိုအများပြည်သူလက်လှမ်းမီပြီးပွင့်လင်းမြင်သာစွာ ထုတ်ပြန်ခြင်း။
- ဘိုးဘွားပိုင်/ ရိုးရာအစဉ်အလာ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်များကို တရားဝင် မြေယာလုပ်ပိုင်ခွင့်များကဲ့သို့ တန်းတူအသိအမှတ်ပြုသည့် ဗဟိုချုပ်ကိုင်သည့် မြေယာမှတ်ပုံတင်စနစ်တစ်ရပ် ဆက်လက်ချမှတ်ထူထောင်ခြင်း။
- လယ်ယာမြေ စီမံခန့်ခွဲမှု ကော်မတီမှတဆင့် တင်သွင်းလာသည့် အယူခံများကို ကိုင်တွယ်ကြားနာသည့် အထူးရှေ့ပြေးတရားရုံးများ ထူထောင်ရန် ထည့်သွင်း စဉ်းစားခြင်း။ ဤတွင် လိုအပ်ပါက ၂၀၁၂ လယ်ယာမြေ ဥပဒေကို ပြင်ဆင်ခြင်း။
- ယခင် သိမ်းဆည်းခံခဲ့ရသည့် မြေယာများ ပြန်လည်ခွဲဝေခြင်း သို့မဟုတ် လျော်ကြေးပေးအပ်ရာတွင် ထိခိုက်နစ်နာသူအားလုံး အသိပေးပြီး အပြည့်အဝပါဝင်နိုင်သည့် အခြေအနေတစ်ရပ်ခြင်းစီ၏ ထူးခြားချက်များကို မျှတစွာထည့်သွင်းစဉ်းစားနိုင်သည့် ဒေသဆိုင်ရာ နည်းစနစ်များ ရှာဖွေထုတ်ဖော်ခြင်း။

### ဆင်းရဲမွဲတေမှု၊ ကြွေးမြီပြဿနာများနှင့် ပတ်သက်၍

- ကြွေးမြီနှင့် ပတ်သက်သည့် ပြဿနာများ၏ အကြောင်းတရားများ၊ နောက်ဆက်တွဲ အကျိုးဆက်များ နှင့် လူအသီးသီးအပေါ်အကျိုးသက်ရောက်မှုများကို ပိုမိုနားလည်သဘောပေါက်နိုင်ရန်အတွက် နောက်ထပ် လေ့လာမှုများပြုလုပ်ခြင်း။
- ကြွေးမြီနှင့် ဆက်စပ်သည့် ပြဿနာများအပေါ် လက်ရှိလေ့လာမှုများကို အခြေခံ၍ ထိုပြဿနာများကို တန်းတူညီမျှ ကိုယ်တွယ်ဖြေရှင်းသည့်နည်းလမ်းများကို ချမှတ်အကောင်အထည်ဖော်ခြင်း။
- ဒေသန္တရ ရပ်ကျေးအုပ်ချုပ်ရေးအဆင့် တွင်ရိုးရှင်းသည့် ရပ်ရွာငွေချေးငွေငှားစာချုပ် ပုံစံတရပ်ကို ရှေ့ပြေးစီမံချက်အနေဖြင့် စဉ်းစားအကောင်အထည်ဖော်ခြင်း။

- ဆင်းရဲသူများအတွက် ငွေကြေးဝန်ဆောင်မှုများ မြှင့်တင်ခြင်း။

## မူးယစ်ဆေးဝါးနှင့် ပတ်သက်၍

- ဥပဒေ အာဏာသက်ရောက်မှုချဉ်းကပ်ပုံအစား မူးယစ်ဆေးဝါး သုံးစွဲသူများကို ကုသသည့် ကျန်းမာရေး ဆိုင်ရာ ရှုထောင့်အဖြစ် ဦးစားပေးစဉ်းစားသည့် မူဝါဒ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း။
- တစ်ဦးတစ်ယောက်ချင်း တကိုယ်စာ မူးယစ်ဆေး ဝါး သုံးစွဲမှုကို အပြစ်ပေး အရေးမယူသည့် မူဝါဒတရပ် စဉ်းစားသုံးသပ်ခြင်း။
- မူးယစ်ဆေးဝါး သုံးစွဲသူများအနေဖြင့် လိုအပ်သည့် ဆေးဝါးကုသစောင့်ရှောက်မှု အလွယ်တကူခံယူနိုင်ရန်အတွက် ရှမ်းပြည်နယ်တွင်း သင့်လျော်သည့် နေရာဒေသများတွင် မူးယစ်ဆေးဝါး ပြန်လည်ထူထောင် ရေးစင်တာများကို ဦးစားပေးတစ်ရပ်အဖြစ်ဖွင့်လှစ်ခြင်း။

## ဥပဒေ အထောက်အကူနှင့်ပတ်သက်၍

- မှန်ကန်သည့် လုပ်ထုံးလုပ်နည်းများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါအခွင့်အရေးများရရှိခံစားနိုင်ရန် တရားမျှတမှု စနစ်မှ အခမဲ့ ဥပဒေအထောက်အကူများကို ပံ့ပိုး ကူညီခြင်း။

# အနစ်သာရပြည့်ဝသည့် တန်းတူညီမျှမှု

မြန်မာနိုင်ငံတွင် ဥပဒေရှေ့မှောက် တန်းတူညီမျှအခွင့်အရေးများရရှိသည်မှာ လူတိုင်းမဟုတ်ဟုဖြေဆိုသူ ထက်ဝက်နီးပါးက ခံယူကြသည်။ မြန်မာလူ့ဘောင်အသိုင်းအဝိုင်းတွင် လူတစ်ဦးကောင်းမွန်စွာပြုမူဆက်ဆံခံရမှုကို အဆုံးအဖြတ်ပေးသည့် အဓိက အကြောင်းအချက်များမှာ ချမ်းသာကြွယ်ဝမှုဟု တခဲနက်သော ဖြေဆိုသူများကလည်းကောင်း၊ပညာအဆင့်အတန်းနှင့်နိုင်ငံရေးအဆက်သွယ်များဟု ဖြေဆိုသူအများစုကလည်းကောင်း ဖော်ပြကြသည်။ လူများ၏ ချမ်းသာကြွယ်ဝမှု၊ ဩဇာအာဏာရှိမှုတို့နှင့် ပတ်သက်၍ ဖြေဆိုသူများက မှန်ကန်စွာကျင့်သုံးသည့် ဥပဒေသည်သာမာန်ပြည်သူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်သည် သို့မဟုတ် စောင့် ရှောက်ပေးသင့်သည်ဆိုဟု ထင်မြင်ယူဆကြသည်။

သိသာထင်ရှားသည့် ဖြေဆိုသူအများစုက ဥပဒေရှေ့မှောက်တန်းတူညီမျှမှု၊ အမျိုးသမီး နှင့် အမျိုးသားများကြားတန်းတူညီမျှမှု၊လူမျိုးသို့မဟုတ်ကိုးကွယ်သည့်ဘာသာကွဲပြားခြားနားမှု မရှိဘဲ လူတိုင်းသည် အစိုးရ၏ ဦးစားပေးအလေးထားစောင့်ရှောက်မှုကို တန်းတူရထိုက်သည် စသည့် အများလက်ခံယုံကြည်ထားသည့် စံတန်ဖိုးများအပေါ်လေးစားလိုက်နာမှုကိုပြသကြသည်။ သို့သော် အချို့မှာ ၎င်းတို့ရပ်ရွာအသိုင်းအဝိုင်းတွင်း၌သော်လည်းကောင်း၊ အစိုးရနှင့် ထိတွေ့ဆက်ဆံရာတွင်လည်းကောင်း၊ မညီမျှသည့် ပြုမူဆက်ဆံမှုများ ခံကြရသည်။ မြန်မာနိုင်ငံ အခြားနေရာဒေသများကဲ့သို့ပင်ရှမ်းပြည်နယ်၌လည်းအမျိုးသမီးများနှင့်ထိခိုက်လွယ်သည့် အုပ်စုများအပေါ် ထိရောက်သည့် ဥပဒေကာကွယ်စောင့်ရှောက်မှု မရှိသည့်အတွက် ကြီးမားသည့် ပြဿနာများရှိသည်။အိမ်တွင်းအကြမ်းဖက်မှု၊လိင်ပိုင်းဆိုင်ရာစော်ကားမှု နှင့် လူကုန်ကူးမှု ကြုံရသူများသည် တရားမျှတမှုနှင့် ၎င်းတို့၏ အခွင့်အရေးများကို ထိရောက်သည့် ကာကွယ်စောင့်ရှောက်အရေးဆိုမှုများ မရရှိသလောက်ဖြစ်နေပြီး များသောအားဖြင့် အခြေအနေကို ငြိမ်ခံကြရသည်။ ဩဇာအာဏာ သက်ရောက်သည့်ရပ်ရွာခေါင်းဆောင်များကလည်း အကြမ်းဖက်မှုဆက်ဖြစ်နေမှသာ ပါဝင်ပတ်သက်လေ့ရှိသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၏ အမျိုးသမီးများကို ကူညီပံ့ပိုးနိုင်စွမ်းနှင့် လုပ်ပိုင်ခွင့်အာဏာမှာ အကန့်အသတ်ရှိပြီး၊ မြန်မာနိုင်ငံတွင်း အရပ်သားအစိုးရ ကူးပြောင်းချိန်မှစ၍အဖွဲ့၏ ဩဇာလွှမ်းမိုးမှု လျော့ကျလာပုံရသည်။

ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်သို့ရောက်လာပြီး အောင်မြင်စွာ တရားစွဲအရေးယူနိုင်ခဲ့သည့် အဓမ္မကျင့်မှု အချို့ရှိသည်။ တရားမ လင်မယားပြတ်စဲရန်ဦးတိုက်လျှောက်ထားမှုများမှာအိမ်တွင်းအကြမ်းဖက်မှုကြောင့်မရှိသလောက်ဖြစ်သည်။ သုတေသနလေ့လာသည့် ကာလအတွင်း ပြောဆိုဖော်ပြခဲ့ကြသည့် အိမ်တွင်းအကြမ်းဖက်မှုမှ တဆင့် ပေါ်ပေါက်လာသော ရုပ်ပိုင်းဆိုင်ရာစော်ကားမှု ခန္ဓာကိုယ်ထိခိုက်နာကျင်စေမှု အားလုံးမှာလည်း တရားရုံးမှ ရှတ်သိမ်းရန် ကြိုးစားနေကြသည်။ တရားရုံးများသည် တရားရေး ကာကွယ်စောင့်ရှောက်မှု အမိန့်ထုတ်ပြန်ပုံမရပေ။ လူနည်းစုလူမျိုး သို့မဟုတ် ကိုးကွယ်သည့် ဘာသာကြောင့် ခွဲခြားဆက်ဆံခဲ့ရသည့် ဖြေဆိုသူများအတွက် တရားရေးဆိုင်ရာကူညီကုစားမှု မရှိပါ။ အချို့ လူနည်းစု အုပ်စုများ အထူးသဖြင့် တောင်အာရှနွယ်ဖွားများသည် မှတ်ပုံတင်အထောက်အထား မရရှိကြဘဲ အခြားသူများသည် ငွေအမြောက်အများပေး၍မှတ်ပုံတင်ရယူကြသည်။နိုင်ငံသားအထောက်အထားထုတ်ပေးရာတွင် တွေ့ကြုံရသည့် ခွဲခြားဆက်ဆံမှု အပါအဝင် အကျင့်ပျက်ခြစားမှုများနှင့် ပတ်သက်သည့် တရာမျှတမှုရရှိနိုင်မှုမှာ အကန့်အသတ်များစွာရှိသည်။ ရာဇဝတ်ပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူများကို တရားမျှတရေးစနစ်တွင်းရှိ တာဝန်ရှိသူများက တန်းတူညီတူ တပြေးညီ အမြဲတမ်း ဆက်ဆံခြင်းမရှိဟု ဖြေဆိုသူများက ရှုမြင်သဘောထားကြသည်။ ရာဇဝတ်ပြစ်မှုတစ်ခုဖြင့် စွဲချက်တင်ခံရပါက အခြားသူများထက်စာလျှင် ဆင်းရဲသူများသည် ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှ ဆက်ဆံမခံရမှု အမြင့်မားဆုံးဖြစ်သည်ဟု ၎င်းတို့က ယုံကြည်ကြသည်။ ရေ၊ လျှပ်စစ်မီး စသည့် ပြည်သူ့ဝန်ဆောင်မှုများရရှိခြင်း မညီမျှမှု၊ ရပ်ရွာအသိုင်းအဝိုင်းအတွက် ကျန်းမာရေး ဆိုးကျိုးဖြစ်ပေါ်စေ

သည့် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများမရှိခြင်း သို့မဟုတ် ထိရောက်မှုမရှိသည့် ဖြစ်ရပ်သာဓကများလည်းရှိသည်။ တရားမျှတမှုဆိုင်ရာ ထိုပြဿနာများ၏ သဘောသဘာဝနှင့် ဖြေဆိုသူများတွေ့ကြုံခံစားရမှု များက ရှမ်းပြည်နယ်တွင်းရှိ ပြည်သူများသည် ဥပဒေအရရင်းတို့ရထိုက်သည့် အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်မှုများကို အမြဲတမ်းရရှိခံစားကြခြင်းမရှိသည်ကိုညွှန်ပြသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၆ ( c) နှင့် ပုဒ်မ ၃၄၇ တို့တွင် ပြဋ္ဌာန်းထားသည့်တန်းတူညီမျှမှုနှင့် တရားမျှတမှု အခြေခံမှုများကို လက်တွေ့နှင့် ကိုက်ညီအကောင် အထည်ဖော်ရန် လိုအပ်သည်။ တရားဝင် ဥပဒေအရ တန်းတူညီမျှမှုကို ကျော်လွန်၍ အနှစ်သာရပြည့်ဝသည့် တန်းတူ ညီမျှမှု အဓိပ္ပါယ်ကို ဖော်ဆောင်ရန်လိုအပ်သည်။ ဥပဒေအောက် နိုင်ငံသားအားလုံးအား တန်းတူညီမှု ပြုမူဆက်ဆံသည့် အခြေခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေပြဋ္ဌာန်းချက်များတွင် ပြဋ္ဌာန်းအလေးပေးရန် အရေးကြီးသည်။ ရှမ်းပြည်နယ်တွင်းရှိ ပြည်သူများစွာ ကြုံတွေ့ရသည့် မညီမျှသည့် ပြုမူဆက်ဆံမှုများနှင့် တရားမျှတမှုရရှိရေးတွင် အကန့်အသတ်များကို ကိုင်တွယ်ဖြေရှင်းရန်မှာ ဥပဒေမူဘောင် ပြဋ္ဌာန်းချက်များကို ကျော်လွန်၍ (ဥပဒေ ပြဋ္ဌာန်းချက်များသာမက) အနှစ်သာရပြည့်ဝသည့်သာတူညီမျှမှုကိုအာမခံနိုင်မည့်ချဉ်းကပ်မှုနည်းလမ်းပေါင်းစုံလိုအပ်သည်။ ဆိုလိုသည်မှာတပြေးညီ ပြုမူဆက်ဆံမှုကို အလေးထားရမည်ဖြစ်သော်ငြားလည်း လူများကိုတစ်ဦးတစ်ယောက်ခြင်းအနေဖြင့်အရေးပေးလေးစားမှုအပြင် မတူညီသည့် ကနဦး/ အခြေခံ ရပ်တည်မှု အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ဤအချက်များသည် မညီမျှသည့် ပြုမူဆက်ဆံမှုများ၊ တရားမျှတမှု ရရှိနိုင်မှု အကန့်အသတ်များအထူးသဖြင့် လူ့ဘောင်အဖွဲ့အစည်းတွင်း ပို၍ဘေးဖယ်ခံရသူများအတွက် ဇစ်မြစ်အကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည်။

## အနှစ်သာရပြည့်ဝသည့် တန်းတူညီမျှမှု - အဓိက အကြံပြုချက်များ

### ပညာရေး၊ လူမှုပေါင်းစည်းရေး နှင့် ပတ်သက်၍

- နိုင်ငံ၏ယဉ်ကျေးမှု၊ လူမျိုးနှင့်ကိုးကွယ်မှုဘာသာမတူကွဲပြားမှုများကို ပေါ့ဖက်သည့်၊ တန်းတူညီမျှမှု၊ မျှတမှု၊ လေးစားမှုနှင့် သီးခံနားလည်မှုများကို မြှင့် တင်ပေးသည့် အမျိုးသားစရိုက် လက္ခဏာတစ်ရပ် ဖော်ဆောင်နိုင်မည့် မြန်မာနိုင်ငံတော်နှင့် မြန်မာလူ့ဘောင်အဖွဲ့အစည်းဆိုင်ရာ အကြောင်းအရာ ခေါင်းစဉ်များပါဝင်သည့် နိုင်ငံသားဆိုင်ရာ ပညာရေး နှင့် ပညာပေးဆွေးနွေးမှုများ ချမှတ်အကောင်အထည်ဖော်ခြင်း။
- သင့်လျော်သည့် အသက်အရွယ်တွင်အမျိုးသားနိုင်ငံသားဆိုင်ရာပညာရေးကို ကျောင်းရှိ ကလေးများ အားလုံးကို သင်ရိုးညွှန်းတန်းအဖြစ် သတ်မှတ်သင်ကြားပို့ချခြင်း။
- ဘာသာစကားစုံ ပညာရေးမူဝါဒကို သက်ဆိုင်ရာ အကျိုးဆိုင်အဖွဲ့အစည်း stakeholder များအားလုံး နှင့် ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆွေးနွေးပြီး အမျိုးသားပညာရေး ပြုပြင်ပြောင်းလဲမှု အစိတ်အပိုင်းတစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်ခြင်း။
- အမျိုးသား ပညာရေး ပြုပြင်ပြောင်းလဲမှု တစ်ရပ်အဖြစ် တိုင်းရင်းသားဘာသာစကားနှင့် ဘာသာစကား စုံ ပညာရေး မူဝါဒတစ်ရပ်ချမှတ်ခြင်း။

### အမျိုးသမီးများအား ဥပဒေကာကွယ်စောင့်ရှောက်မှုနှင့် ပတ်သက်၍

- သမားရိုးကျ တရားမျှတရေး ကဏ္ဍတာဝန်ရှိသူများအတွက် ကျား/မ တန်းတူညီမျှရေးဆိုင်ရာ သင့်လျော်သည့် သင်တန်းများနှင့် ပညာပေး ဆွေးနွေးမှုများ ပြုလုပ်ခြင်း။ အထူးသဖြင့် အမျိုးသမီးများ နှင့် ထိခိုက်လွယ်သည့် အုပ်စုများ ကာကွယ်စောင့်ရှောက်မှုကို အလေးပေးခြင်း။
- အိမ်တွင်း အကြမ်းဖက်မှုများအတွက် တရားရုံးမှ ကာကွယ်စောင့်ရှောက်သည့် အမိန့်များထုတ်ပြန်သည့် ရှေ့ပြေးလုပ်ငန်းစဉ်တစ်ရပ် စဉ်းစားအကောင် အထည်ဖော်ခြင်း။
- အမှုများကို တရားမျှတမှုအတွက် အကောင်းဆုံး အကျိုးဖြစ်ထွန်းစေမှသာ တရားရုံးမှရုတ်သိမ်းနိုင်သည့် မူဝါဒတရပ် ချမှတ်ခြင်း။
- တရားဥပဒေစိုးမိုးရေး စင်တာများမှတဆင့် အထူးသဖြင့် ရိုးရာဓလေ့ ထုံးတမ်းဆိုင်ရာ အငြင်းပွားမှုပြဿနာ ဖြေရှင်းရာတွင် အခန်းကဏ္ဍတာဝန်ရှိသည့် (ဥပမာ- စာပေနှင့် ရိုးရာယဉ်ကျေးမှု တာဝန်ခံများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ရပ်ရွာခေါင်းဆောင်များ) သူများအတွက် ကျား/မ တန်းတူညီမျှမှုဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများနှင့် သင်တန်းများ ပြုလုပ်ခြင်း။

### တရားမျှတမှုနှင့် အခြားဝန်ဆောင်မှုများကို အမျိုးသမီးများလက်လှမ်းမီရရှိမှုနှင့်ပတ်သက်၍

- ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများ၊ ဥပဒေအကြံပေးဆွေးနွေးမှု၊ ဥပဒေအထောက်အကူရရန် လွှဲပြောင်းပေးခြင်း နှင့် ဥပဒေအသိပညာမြှင့်တင်မှု စသည့် လုပ်ငန်း ကဏ္ဍ အသီးသီးဖြင့် အမျိုးသမီးများအား ပံ့ပိုးကူညီသည့် ပြည်သူ့ဝန်ဆောင်မှုရုံး

One-Stop-Shop services များကို သက်ဆိုင်ရာ အကျိုးဆိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ပြီး ရှေ့ပြေးအစီအစဉ်တစ်ရပ်အဖြစ် ဖွင့်လှစ်ခြင်း။

## လူ့အခွင့်အရေးများနှင့်ပတ်သက်၍

- ပြည်သူ့ဝန်ထမ်း ရွေးချယ်ခန့်အပ်ခြင်းနှင့် လူသားအရင်းအမြစ် မူဝါဒများတွင် ခွဲခြားဆက်ဆံမှု ပုံစံအားလုံးကို တားမြစ်သည့် အထူးမူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ခြင်း။
- နိုင်ငံသားဖြစ်ခွင့်နှင့် နိုင်ငံတွင်း အမြဲတမ်းနေထိုင်ခွင့်ဆိုင်ရာ ဥပဒေမူဘောင်များကို မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ နိုင်ငံတကာလူ့အခွင့်အရေး သဘောတူ စာချုပ်များပါ ကတိကဝတ်များနှင့် အညီ ရှင်းလင်းပြတ်သားစွာ ပြဋ္ဌာန်းခြင်း။
- အားလုံး တန်းတူညီမျှဖြစ်စေမည့် နိုင်ငံသားမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အတွက် ရှင်းလင်းပြတ်သားသည့် တာဝန်ယူရမည့် လွတ်လပ်အမှီခိုကင်းသည့် နိုင်ငံသားမှတ်ပုံတင်အရာရှိချုပ် ခန့်အပ်နိုင်ရန်နှင့် လက်ရှိဥပဒေမူဘောင်ကို အပြီးသတ်ချမှတ်နိုင်ရန် စာရင်းကိန်းဂဏန်း အချက်အလက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမျိုးသား နည်းဗျူဟာ ချမှတ်ခြင်း။
- (တိုင်းဒေသကြီး/ပြည်နယ်မြို့တော်အဆင့်တွင်)တရားရေးကဏ္ဍအရာရှိများနှင့် ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များ ခန့်အပ်ရာတွင် အနှစ်သာရပြည့်ဝသည့် တန်းတူညီမျှမှု၊ ခွဲခြားဆက်ဆံမှု ကင်းမဲ့မှု နှင့်မတူကွဲပြားမှု အပေါ်လေးစားမှုတို့ကို အခြေခံသည့် စဉ်ဆက်မပြတ်လုပ်ငန်းခွင်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တစ်ရပ်ချမှတ်အကောင်အထည်ဖော်ခြင်း။

## နိုင်ငံသား မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍

- ရှမ်းပြည်နယ်တွင် (၁) ကလေးအားလုံးကို မွေးစာရင်းမှတ်ပုံတင်ခြင်း၊ (၂) ပြည်သူအားလုံးအတွက် လိုအပ်သည့် စာရွက်စာတမ်းများ ထုတ်ပေးခြင်းဖြင့် မှတ်ပုံတင်ကိုင်ဆောင်ခွင့်၊ နိုင်ငံသားဖြစ်ခွင့်နှင့်နိုင်ငံသားအခွင့်အရေးများခိုင်မာစေခြင်းအားဖြင့် ၂၀၁၄ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ လူမှုရေးနှင့် စီးပွားရေး ကော်မရှင်၏ နိုင်ငံသားမှတ်ပုံတင်ခြင်းနှင့် အရေးပါသည့် စာရင်းအင်းအချက်အလက်ဆိုင်ရာ (ဝန်ကြီးများအဆင့် အစည်းအဝေး) ၅၁ ကြေငြာချက်ပါ ဖွားသေစာရင်းနှင့် အခြားအရေးပါသည့်အရေးကိစ္စများအားလုံး တန်းတူရရှိရေး ကတိကဝတ်ကို လေးစား အကောင်အထည်ဖော်ခြင်း။
- အားလုံး တန်းတူဖြစ်စေမည့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းစဉ်အတွက် လွတ်လပ်ပြီးအရည်အသွေးပြည့်ဝသည့် အစီအစဉ်တစ်ရပ် ဖော်ဆောင်ခြင်း။
- ၁၉၈၂ နိုင်ငံသားဥပဒေကို ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ မြန်မာနိုင်ငံ၏ နိုင်ငံတကာ လူ့အခွင့်အရေး ကတိကဝတ်များနှင့်အညီ သုံးသပ်ပြင်ဆင်ခြင်း။
- နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံတွင်း အမြဲတမ်း နေထိုင်ခွင့်ဆိုင်ရာ ဥပဒေမူဘောင်များကို မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်ပါ ကတိကဝတ်များနှင့်အညီ ရှင်းလင်းပြတ်သားစွာ ပြဋ္ဌာန်းခြင်း။
- မျှတ၍ လူ့အခွင့်အရေးပေါ် အခြေခံပြီး လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်နိုင်သည့် နိုင်ငံ သားမှတ်ပုံတင်မှုကို အာမခံမည့် လွတ်လပ်သည့်နည်း စနစ်တစ်ရပ် ချမှတ်ခြင်း။
- နိုင်ငံသားမှတ်ပုံတင်အထောက်အထားရယူခြင်းနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်း အချက်အလက်များကို တိုင်းရင်းသားဘာသာများဖြင့်ထုတ်ပြန်ခြင်း။

# အုပ်ချုပ်မှုဆိုင်ရာ တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှု

ဤသုတေသနလေ့လာမှုတွင် ပါဝင်ဖြေဆိုသူ အများစုသည် အခြေခံအခွင့်အရေးဖြစ်သည့် တရားမျှတမှုအား ရရှိမခံစားရပါ။ ၎င်းတို့သည် သမားရိုးကျ တရားမျှတမှုစနစ်နှင့် အဓိပ္ပါယ်ပြည့်ဝစွာ ထိတွေ့ဆက်စပ်မှုမရှိသည်ကို ထင်ရှားစွာတွေ့ရသည်။ အတော်များများသည် ဥပဒေအရသော်လည်းကောင်း၊ လက်တွေ့လုပ်ရပ်အရသော်လည်းကောင်း၊ ခွဲခြားဆက်ဆံမှု သို့မဟုတ် အစိုးရအာဏာအလွဲသုံးစားမှုများကြောင့် ဖြစ်ပေါ်လာသည့်အမှု ပြဿနာများနှင့် ရင်ဆိုင်ပတ်သက်ရပြီး ထို့အတွက် သမားရိုးကျ တရားမျှတရေးစနစ်အတွင်း ကုစားခွင့် မရရှိကြပါ။

အစိုးရအရာရှိများ၏ အာဏာအလွဲသုံးစားပြုလုပ်ခြင်းသည် တရားမျှတမှု ရရှိရေးအတွက်များစွာ အဟန့်အတား ဖြစ်စေသည်။ အချို့ ဖြေဆိုသူများသည် အစိုးရအာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံရာတွင် ခွဲခြားဆက်ဆံသည့် အပြုအမူ၊ လုပ်ရပ်များကြုံတွေ့ရသည့်အတွက်တရားမျှတမှု ရရှိရန် အစိုးရ အရာရှိများနှင့် မလွဲမသွေ ညှိနှိုင်းရပါက ထိုညှိနှိုင်းမှုများသည် တိုင်ကြားသူ၏ စီးပွားရေးအနေအထား၊ ပညာရေးအဆင့်အတန်း၊ လူမျိုး၊ ကိုးကွယ်သည့် ဘာသာများအပြင်အခြားအကြောင်းအချက်များပေါ် အခြေခံပြီးရလာဒ်အဖြေများမှာလည်း အလားတူစွာထွက်ပေါ်သည်။ ထိုအကြောင်းအချက်များသည် တရားမျှတမှုလက်လှမ်းမီရေးကို ဆိုးရွားစွာ အခက်အခဲဖြစ်စေသည်။ ထိုအချက်မှာ အစိုးရအာဏာပိုင်များ၏ အကတိလုပ်ရပ်ကို ရင်ဆိုင်တွေ့

၅၁ "လူတိုင်းပါဝင်ရေး" အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကြေငြာချက်၊ ၂၀၁၄ တွင် ကျင်းပသည့် ကုလသမဂ္ဂ အာရှ နှင့် ပစိဖိတ်ဒေသဆိုင်ရာ လူမှုရေး နှင့် စီးပွားရေးကော်မရှင်၏ နိုင်ငံသားမှတ်ပုံတင်ခြင်းနှင့် အရေးပါသည့် ကိန်းဂဏန်းစာရင်းအင်းဆိုင်ရာ ဝန်ကြီးများအဆင့် ညီလာခံအစီရင်ခံစာ ဒီဇင်ဘာ ၁၄၊ ၂၀၁၄ E/ESCAP/ MCCRVS/4

ကြုံရသည်ဆိုသည့် ဥပမာဖြစ်ရပ်များကို ဖြေဆိုသူများ တုံ့ပြန်ဖြေဆိုရာတွင် ထင်ရှားစွာတွေ့ရသည်။ ရှမ်းပြည်နယ်တွင် ဖြေဆိုသူများအနက် အစိုးရအရာရှိများ၏ အာဏာ အလွဲသုံးစားမှုများကို တိုင်ကြားလိမ့်မည်မဟုတ်ဟု ဖော်ပြသူဦးရေသည် တိုင်ကြားမည်ဟု ဖော်ပြသည့်ဦးရေထက် ပိုများသည်။

အကျင့်ပျက်ခြစားမှု ဖြစ်တည်နေခြင်း နှင့် ၎င်းတို့ကိုယ်တိုင် အကြောက်တရားများက အစိုးရအရာရှိများ၏ တာဝန်ယူတာဝန်ခံမှုကို သေချာစေရန် ကြိုးပမ်းအားထုတ်မှုများအား အဟန့်အတား ဖြစ်စေသည်ဟု အများစုက ထုတ်ဖော်ပြောကြားသည်။ အစိုးရ၏ ပြည်သူလူထုအပေါ် တာဝန်ယူတာဝန်ခံမှု အခြေခံမှုကို ဖြေဆိုသူများက ရှင်းလင်းပြတ်သားစွာ လက်ခံကြပြီး ယင်းကို ၎င်းတို့၏ အခွင့်အရေး တစ်ရပ်အဖြစ် ရယူလိုကြသည်။ မြေယာအငြင်းပွားမှု ပြဿနာများ၊ နိုင်ငံသား မှတ်ပုံတင် အထောက်အထားရယူခြင်း နှင့် လာဘ်ပေးလာဘ်ယူ သို့မဟုတ် အဂတိလိုက်စားမှု စသည့် ၎င်းတို့၏ အဓိကဦးစားပေး ပြဿနာများမှတဆင့် ပြည်သူလူထုအပေါ် တာဝန်ယူတာဝန်ခံမှုဆိုင်ရာ ရှုထောင့် ၂ ရပ် ထွက်ပေါ်ခဲ့သည်။ ပထမရှုထောင့်မှာ နိုင်ငံသားမှတ်ပုံတင်ရယူရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ အချို့မြေယာအငြင်းပွားမှုများတွင် အစိုးရ အခွင့်အာဏာထမ်း ဆောင်သူများ သို့မဟုတ် ပြည်သူ့ဝန်ဆောင်မှုများပေးသည့် သူများသည် ၎င်းတို့၏ လုပ်ဆောင်ချက်များကို ဥပဒေအရ လုပ်ပိုင်ခွင့် ဘောင်အတွင်း တာဝန်ယူတာဝန်ခံမှု ရှိရမည်ဟူသည့် တောင်းဆိုချက်ဖြစ်သည် (အုပ်ချုပ်မှု နှင့် စီမံခန့်ခွဲမှု ဥပဒေ administrative law)။

တာဝန်ယူတာဝန်ခံမှု၏ ဒုတိယ ရှုထောင့်မှာ - လာဘ်ပေး လာဘ်ယူ၊ အဂတိလိုက်စားမှု နှင့် တိုက်ရိုက်ဆက်စပ်သည်။ ဤရှုထောင့်နှင့် အခိုင်အမာ ဆက်သွယ်မှုရှိပြီး ပုဂ္ဂိုလ်ရေး အကျိုးစီးပွားအတွက် အခွင့်အာဏာ အလွဲသုံးစား လုပ်ခြင်းဖြစ်သည်။ တာဝန်ယူ တာဝန်ခံမှုနှင့် ပတ်သက်သည့် ဤလားရာ ရှုထောင့်များသည် အနာဂါတ် ဦးစားပေးလုပ်ငန်းများကို ညွှန်းဆိုသည်။ ၎င်းတို့မှာ (၁) အုပ်ချုပ်မှုဆိုင်ရာ တရားမျှတရေးစနစ် အယူအဆနှင့် အလေ့အကျင့်များကို အားပေး မြှင့်တင်ရန် (အစိုးရဌာနဆိုင်ရာ အရာရှိများ၏ လုပ်ပိုင်ခွင့်အာဏာ အလွဲသုံးစားပြုခြင်း နှင့် အုပ်ချုပ်မှုဆိုင်ရာ တရားစီရင် ဆုံးဖြတ်ချက်များကို ကုစားသည့် တရားဝင် နည်းလမ်းများအားလုံး ကျယ်ပြန့်စွာ ပါဝင်သည်။) (၂) အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်သည့် နည်းလမ်းများ ပိုမိုအားကောင်းလာစေရန် ဖြစ်သည်။ ထိုဦးစားပေး လုပ်ငန်းများသည် အုပ်ချုပ်မှုဆိုင်ရာ တရားမျှတမှုကို အာမခံနိုင်ရန်နှင့် အစိုးရအရာရှိများ၏ လုပ်ပိုင်ခွင့် အာဏာ အလွဲသုံးစားမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အရေးပါသည်။

## အုပ်ချုပ်ရေးဆိုင်ရာ တရားမျှတမှုနှင့် ပြည်သူလူထုအပေါ် အစိုးရ၏ တာဝန်ယူ တာဝန်ခံမှု - အဓိက အကြံပြုချက်များ

### အစိုးရတာဝန်ယူ တာဝန်ခံမှု၊ အဂတိလိုက်စားမှုနှင့် ပတ်သက်၍

- ဌာနတွင်း ကြီးကြပ် စီစစ်/ လေ့လာစောင့်ကြည့် သည့်စနစ်၊ အများပြည်သူတိုင်ကြားမှု သို့မဟုတ် ဆုံးရှုံးနစ်နာမှု ကုစား ဖြေရှင်းသည့် စနစ်နှင့် လုပ်ထုံးလုပ်နည်းများကို အများပြည်သူ လက်လှမ်းမီ သိရှိနိုင်မည့် နည်းလမ်းများဖြင့် ထုတ်ပြန်ကြေငြာ အသိပေးပြီး အစိုးရဝန်ကြီးဌာန အဖွဲ့အစည်းများ၏ တာဝန်ယူတာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ခြင်း။
- အစိုးရ တာဝန်ရှိသူတစ်ဦးဦးအပေါ် အပြစ်ပေးအရေးယူခြင်းနှင့် အရေးယူရသည့် အကြောင်းအရင်းများကို ထုတ်ပြန် အသိပေးခြင်း။
- သက်ဆိုင်ရာ အစိုးရဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်နှင့် ကြာမြင့်ချိန် အသီးသီးတို့ကို အများပြည်သူ လက်လှမ်းမီနိုင်သည့် နည်းလမ်းများဖြင့် မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးရုံးများတွင် ထုတ်ပြန် အသိပေးခြင်း။

### အုပ်ချုပ်ရေးဆိုင်ရာ တရားစီရင်မှု နှင့် ပတ်သက်၍

- သမားရိုးကျ တရားမျှတရေးစနစ် နှင့် အုပ်ချုပ်မှုဥပဒေစနစ်အပေါ် နိုင်ငံသားများ ယုံကြည်ကျေနပ်မှု ရရှိလာစေရေးအတွက် (က) ပြည်သူများအနေဖြင့် ၎င်းတို့၏ အမှုကိစ္စများကို တရားရုံး သို့မဟုတ် အစိုးရဌာန တွင် စီရင်သည့်အခါ ကြားနာနိုင်ခွင့် ရရှိရန် (ခ) အစိုးရအဖွဲ့အစည်းတွင်း တရားရေးဆန်သော အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ဆုံးဖြတ်ချက်များကို အယူခံခွင့်ရှိစေခြင်း စသည့် ပိုမို ကောင်းမွန်သည့် ဆုံးဖြတ်ချက် စွမ်းရည်နှင့် လုပ်ထုံးလုပ်နည်းများ ချမှတ် အကောင်အထည်ဖော်ခြင်း။

### မြန်မာအစိုးရ၏မိတ်ဖက် အဖွဲ့အစည်းများသို့ အကြံပြုချက်များ

- အုပ်ချုပ်မှုဆိုင်ရာ တရားစီရင်ရေး၊ အဂတိလိုက် စားမှု တိုက်ဖျက်ရေးနှင့်ဆိုင်သည့် သုတေသနလေ့လာမှုများ ပြု

လုပ်ပြီး အစိုးရတာဝန်ရှိသူများ ၎င်းတို့၏လုပ် ဆောင်မှုများအတွက် တာဝန်ယူတာဝန်ခံစေမည့် သင့်လျော်သည့် အကြံပြုချက်များကို မြန်မာအစိုးရအား ပံ့ပိုးပေးခြင်း။

- အုပ်ချုပ်ရေးဆိုင်ရာ တရားမျှတမှု အယူအဆနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများကို တရားမျှတရေးကဏ္ဍ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မူဝါဒပေါ်လစီချမှတ်သူများ၊ ပြည်သူများနှင့် အစပျိုးပြုလုပ်ရန်နှင့် သို့မဟုတ် လက်ခံကျင်းပခြင်း။
- ပြစ်မှုဆိုင်ရာတရားမမှုများနှင့်ဆိုင်သည့် သုတေသနလေ့လာမှုများ ပြုလုပ်ပြီး အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်သည့် ပွတ်တိုက်တင်းမာမှု ပဋိပက္ခများတွင် လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုကို ခိုင်မာစေမည့် အကြံပြုချက်များကို မြန်မာအစိုးရအား ပံ့ပိုးပေးခြင်း။

# တရားရေးလုပ်ပိုင်ခွင့် အာဏာအပေါ် ပြည်သူလူထုယုံကြည်မှု

ဖြေဆိုသူများသည် ၎င်းတို့၏ အငြင်းပွားမှု ပြဿနာများကို ဖြေရှင်းရာတွင် သမားရိုးကျ တရားမျှတရေးစနစ်ကို ရယူခြင်းထက်စာလျှင် သမားရိုးကျမဟုတ်သော နည်းစနစ်များကို ပို၍အသုံးပြုလိုကြသည်။ ဤသည်မှာ တရားမျှတမှု ရရှိရေးအတွက် သမားရိုးကျမဟုတ်သော လမ်းကြောင်းများ၏ တရားဝင် ဖြစ်မှုကို အလေးအနက်ပြုရာရောက်သည်။

သမားရိုးကျ တရားမျှတရေးစနစ်ပြင်ပ၍ အမှုပြဿနာများကို ဖြေရှင်းရန် ကြိုးစားအားထုတ်ရာတွင် တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာအရေးပါသည်။ ပထဝီဇရိယာ အဝင်းအဝိုင်းပေါ်ဩဇာသက်ရောက်သူများမှာ ထို အခန်းကဏ္ဍတွင် အထင်ရှားဆုံး ပုဂ္ဂိုလ်များဖြစ်ကြသည်။ ကျေးရွာအုပ်စုတစ်ခု သို့မဟုတ် ရပ်ကွက်တစ်ခုသည် ကျယ်ပြန့်သည့် ပထဝီဇရိယာ ပမာဏကို လွှမ်းခြုံသည့် ရှမ်းပြည်နယ်တွင် သူကြီးများသည် ရပ်ကျေးအုပ်ချုပ်ရေးမှူးများထက်စာလျှင် ၎င်းတို့ ရပ်ရွာအသိုင်းအဝိုင်းအပေါ် ဩဇာအာဏာပို၍ သက်ရောက်ကြပြီး နေ့စဉ် အမှုပြဿနာဖြေရှင်းမှုများတွင် ပိုမိုပါဝင် ပတ်သက်ကြသည်။ ၎င်းတို့၏ လုပ်ပိုင်ခွင့် အာဏာ ဇစ်မြစ်တစ်ရပ်မှာ အထူးသဖြင့် ၎င်းတို့၏ ရပ်ရွာ အသိုင်းအဝိုင်းနှင့် လူမျိုးအုပ်စုတူသူများအတွက် လုပ်ပိုင်ခွင့် အာဏာသည် လက်ခံမျှဝေထားသည့် ယဉ်ကျေးမှုနှင့် ဘာသာရေး နှောင်ဖွဲ့မှုများမှ ဆင်းသက်သည်။

ရပ်ရွာအသိုင်းအဝိုင်းတွင်း ဩဇာအာဏာ သက်ရောက်သည်ဟု အသိအမှတ်ပြုခံရသည့်အခြားပုဂ္ဂိုလ်များစွာရှိပြီး ပြဿနာအငြင်းပွားမှု ဖြေရှင်းရာတွင် ၎င်းတို့ထံမှလည်း အကူအညီများ တောင်းခံရယူကြသည်။ ဤအချက်မှာ ရှမ်းပြည်နယ်တွင်း လေ့လာခဲ့သည့် နေရာဒေသများ တလျှောက် လူပုဂ္ဂိုလ်ဗဟိုပြု လူမှုရေး နှင့် နိုင်ငံရေးပုံစံများ အတိုင်း အတာတစ်စုံတစ်ရာရှိသည်ကို ညွှန်းဆိုသည်။ ထို ဩဇာအာဏာ သက်ရောက်သူများသည် ယေဘုယျအားဖြင့် မြန်မာစကား ကျွမ်းကျင်ကြပြီး အစိုးရအရာရှိများနှင့် ပြောဆိုဆက်သွယ်နိုင်ကြသည်။ ၎င်းတို့တွင် ပညာရေး အဆင့်အတန်း တစ်စုံတစ်ရာရှိပြီး အာဏာပိုင်အဖွဲ့အစည်းများနှင့် အဆက်အသွယ်များရှိကာ မျိုးရိုးစဉ်ဆက် အရည်အချင်းများ သို့မဟုတ် မွေးရာပါဇီဇဝိသေသလက္ခဏာများလည်းပိုင်ဆိုင်ကြသည်။

ဖြေဆိုသူများသည် သမားရိုးကျ တရားမျှတရေးကဏ္ဍမှ တာဝန်ရှိပုဂ္ဂိုလ်များထက်စာလျှင် ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်းခေါင်းဆောင်များကို ပို၍ ယုံကြည်ကြသည်မှာ ထင်ရှားသည်။ ဖြေဆိုသူများက တရားသူကြီးများ၊ ဥပဒေ အရာရှိများနှင့် ရဲများသည်ခေတ်နှင့်အညီ အသိပညာဗဟုသုတနှင့် လေ့ကျင့်သင်ကြားမှု သင်တန်းများအလုံအလောက် ရှိသည်ဟု ခံယူသော်လည်း ၎င်းတို့သည်မိမိတို့၏လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် လုံလောက်သည့် အရင်းအမြစ်များ မရှိဟု ယုံကြည်သည်။ သိသာသည်မှာ သမားရိုးကျ တရားမျှတရေးကဏ္ဍ တာဝန်ရှိသူများသည် အများလက်ခံယုံကြည်ထားသည့် စံတန်ဖိုးများဖြစ်သည့် မျှတတည်ကြည်မှု၊ လေးစားမှုနှင့် အဂတိတရားကင်းမှုများကို စွဲကိုင်ကျင့်သုံးကြသည်ဟု ဖြေဆိုသူများက မယုံကြည်ပါ။

တရားမျှတရေးကဏ္ဍ တာဝန်ရှိသူများ အနေဖြင့် တရားမျှတရေးစနစ်ကို ပြည်သူများ ပိုမိုလေးစားယုံကြည်မှု ရှိလာစေရေးကို ဦးစားပေးတရပ်အဖြစ် ထားရှိပါကလူမှုအသိုင်းအဝိုင်းတွင် လက်ခံယုံကြည်ထားသည့် ဥပဒေရေ့မှောက်တန်းတူညီမျှမှုအပါအဝင် အခြေခံမူတန်ဖိုးများ၊အထူးသဖြင့် တရားစီရင် ကြားနာမှု တလျှောက် ပွင့်လင်းမြင်သာမှု၊ အမှီခိုကင်း လွတ်လပ်မှုနှင့် မျှတတည်ကြည်မှုတို့ကို မြှင့်တင်အားပေးသည့် မူဝါဒများချမှတ်ရန် အရေးပါသည်။ ကျယ်ပြန့်သည့် အတိုင်းအတာအဆင့်တွင် ဒေသန္တရ သမားရိုးကျမဟုတ်သော နည်းလမ်းများဖြင့် အငြင်းပွားမှု ပြဿနာများဖြေရှင်းမှုကို ပိုမိုနှစ်သက်ကြသည် ဆိုသည်မှာ - အစိုးရက ယခင်သိမ်းဆည်းခဲ့သည့် မြေယာများပြန်လည်ပေးအပ်ခြင်း၊ ခွဲဝေခြင်းစသည့် ကိစ္စရပ်များတွင် စီရင်ဆုံးဖြတ်ချက်ထက်စာလျှင် ဖြစ်စဉ်တလျှောက် လုပ်ထုံးလုပ်နည်းပို၍ ပွင့်လင်းမြင်သာမှုရှိသည့် အကျိုးကျေးဇူး ဖြစ်ထွန်းစေသည် ဟု အဓိပ္ပါယ် သက်ရောက်သည်။

# တရားရေးလုပ်ပိုင်ခွင့် အာဏာအပေါ် ပြည်သူလူထုယုံကြည်မှု၊ အဓိက အကြံပြုချက်များ

## ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာ တရားမျှတမှုနှင့်ပတ်သက်၍

- လက်ရှိဒေသန္တရ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ အပါအဝင် သမားရိုးကျ တရားမျှတရေးကဏ္ဍ တာဝန်ရှိသူများ ၎င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန် အတွက် အနှစ်သာရပြည့်ဝသည့် တန်းတူညီမျှမှု၊ ကျား/မ ရေးရာ အကဲဆတ်မှု၊ တရားဥပဒေစိုးမိုးမှု အခြေခံမှုများ၊ မျှတသည့် တရားစီရင်ကြားနာမှုနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ တာဝန်ယူတာဝန်ခံမှု၊ စေ့စပ်ဖြန်ဖြေမှုဆိုင်ရာ အခြေခံမှုများ၊ အုပ်ချုပ်မှု ဆိုင် ရာ တရားမျှတမှု နိုင်ငံတကာစံချိန်စံနှုန်းများ စသည့် လိုအပ်သည့် သင်တန်းများ ပံ့ပိုးပေးခြင်း။
- ဒေသန္တရ ရပ်ကျေးအုပ်ချုပ်ရေးမှူးများအား ညှိနှိုင်းဆွေးနွေးမှု dialogue သင်တန်းများ ဆက်လက် ပံ့ပိုးပေးခြင်းနှင့် အလားတူ သင်တန်းများတွင် ရပ်ရွာအသိုင်းအဝိုင်း ခေါင်းဆောင်များပါဝင်လာစေရန် ချဲ့ထွင်ခြင်း။

## ရိုးရာဓလေ့ထုံးတမ်း တရားမျှတရေးစနစ်များနှင့် ပတ်သက်၍

- အများပါဝင်သည့် သုတေသနနည်းလမ်းများ participatory action research methodologies ကို အသုံးပြု၍ ရိုးရာဓလေ့ထုံးတမ်း တရားရေးစနစ်များကို လေ့လာပြီး ၎င်းစနစ်များနှင့် ထိတွေ့ချိတ်ဆက် နိုင် မည့် နည်းလမ်းများ၊ သတ်မှတ်ဖော်ထုတ်ခြင်း။
- ဓလေ့ထုံးတမ်း ရိုးရာဥပဒေ၊ ၎င်းနှင့် သမားရိုးကျ တရားမျှတရေးစနစ်တို့ ဆက်နွယ်မှုနှင့်ဆိုင်သည့် ရှင်းလင်းပြတ်သားသည့် မူဝါဒ တရပ် ချမှတ်ခြင်း။

## တရားစီရင်ရေး နှင့် ပတ်သက်၍

- တရားစီရင်ရေး၏ လွတ်လပ်စွာ လုပ်ပိုင်ခွင့်နှင့်တာဝန်ယူ တာဝန်ခံမှုများကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဖြစ်စေခြင်း၊ ၎င်းတို့တွင် ဘဏ္ဍာရေးလွတ်လပ်မှုနှင့် လုံလောက်သည့် အရင်းအမြစ်၊ တရားသူကြီး ခန့်အပ်တာဝန်ပေးရာတွင် သမာသမတ် ဓမ္မဓိဋ္ဌာန်ကျမှုနှင့် ပွင့်လင်းမြင်သာခြင်း၊ တရားရေးဆိုင်ရာ တာဝန်ယူတာဝန်ခံမှုနှင့် အလုပ်ရာထူးနေရာ ရေရှည်တည်မြဲမှု အာမခံခြင်း။

## တရားစီရင်ကြားနာမှုလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍

- တရားရုံး စီရင်ဆုံးဖြတ်ချက်များ၏ အကျိုးအကြောင်းများကို တရားရုံးများအားလုံး ထုတ်ပြန်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားနိုင်ရန် အားပေးပံ့ပိုးခြင်း။
- တရားရုံးတွင်ကြားနာမှုဆိုင်ရာကုန်ကျစရိတ်နှင့်မျှော်မှန်းထားသည့် အချိန်ဇယားများကို တရားရုံးများ အားလုံးတွင် အများပြည်သူ မြင်သာသည့်နေရာ၌ ချိတ်ဆွဲထားခြင်း။
- တရားသူကြီးများ လိုက်နာရမည့် ပြစ်မှု ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို ရှင်းလင်းပြတ်သားပြီး အများပြည်သူ လက်လှမ်းမီနိုင်သည့် နည်းလမ်းများဖြင့် ထုတ်ပြန်အသိပေးခြင်း။

## လုပ်ငန်းကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍

- (တိုင်းဒေသကြီး/ပြည်နယ် မြို့တော်အဆင့်တွင်) စဉ်ဆက်မပြတ် လုပ်ငန်းခွင် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကို တရားမျှတရေးကဏ္ဍတာဝန်ရှိသူအားလုံး၏ပရိုဖက်ရှင်နယ် လုပ်ငန်းတာဝန် တရပ်အဖြစ် ပေါင်းစပ်ထည့်သွင်းခြင်း။
- လုပ်ငန်းတာဝန်များ မထမ်းဆောင်မီ ပြည်သူ့ဝန်ထမ်းအားလုံးအား ကျား/မ ရေးရာ နှင့် အနှစ်သာရပြည့်ဝသည့် တန်းတူညီမျှမှုဆိုင်ရာ သင်တန်းများပို့ချခြင်း။
- တရားမျှတရေးကဏ္ဍတလျှောက် လက်ရှိ စဉ်ဆက်မပြတ် လုပ်ငန်းခွင်သင်တန်းနှင့် လုပ်ငန်းကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် ကျင့်ဝတ်နှင့် သာတူညီမျှ ပြုမူဆက်ဆံခြင်းများကို အလေးပေးပြီး တိုးတက်ကောင်းမွန်စေခြင်း။

## တရားမျှတရေးစနစ်နှင့် ပြည်သူများ ထိတွေ့ဆက်ဆံမှုနှင့် ပတ်သက်၍

- တရားဥပဒေစိုးမိုးမှုစင်တာများမှတဆင့် ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ် လုပ်ငန်းဆောင်တာ နှင့်ပတ်သက်သည့် သတင်းအချက်အလက်များဖြန့်ဝေခြင်း။
- ကျား/မ တန်းတူညီမျှမှု သင်တန်း၊ ပညာပေဆွေးနွေးပွဲများကို အထူးသဖြင့် ရိုးရာဓလေ့ထုံးတမ်းအရ အမှုပြဿနာ ဖြေရှင်းရာတွင် ပါဝင် ပတ်သက်သူများအားပေးခြင်း။
- သမားရိုးကျ တရားမျှတမှုစနစ်ကို ပိုမိုနားလည်သဘောပေါက်ရန်အတွက် တရားရုံး လေ့လာစောင့်ကြည့်မှု ရေ့ပြေး အစီအစဉ်တရပ်ချမှတ်ခြင်း။
- တရားရုံးအသုံးပြုသူများအား အခမဲ့ ဥပဒေ အထောက်အကူဖြစ်စေမည့် နည်းလမ်းကောင်းများကို ပိုမိုနားလည်သဘောပေါက်စေရန်အတွက် တရားရုံးလေ့လာစောင့်ကြည့်မှု ရှေ့ပြေးစီမံကိန်းတရပ် ချမှတ်ခြင်း။

## နောက်ဆက်တွဲ (က)

# သုတေသနလေ့လာမှု နည်းနိဿယ

မြန်မာနိုင်ငံရှိ တရားမျှတမှု လက်လှမ်းမီရေး နှင့် ပတ်သက်၍ လက်ရှိသိမြင်နားလည်မှု အနေအထား အကန့်အသတ်များ၊ သုတေသနလေ့လာရာ နေရာဒေသများ၏ နက်နဲရှုပ်ထွေးမှုနှင့် အကဲဆတ် ထိခိုက်လွယ်မှု အခြေအနေများ အပါအဝင် ယုံကြည်စိတ်ချနိုင်သည့် နမူနာကောက်ယူသည့်မူဘောင်နည်းပါးမှုများကြောင့် ဤလေ့လာမှုကိုအရည်အသွေး နည်းလမ်း (qualitative methodology) ဖြင့် ချဉ်းကပ်ခဲ့သည်။

## သုတေသနနည်းလမ်းများနှင့် အသုံးပြုသည့် အထောက်အကူနည်းလမ်းများ

ဤလေ့လာမှုတွင် အဓိကမေးခွန်း ၃ ရပ်၏ အဖြေ ရယူရှာဖွေထားသည်။ ၎င်းတို့မှာ -

၁။ တရားမျှတမှုကို ပြည်သူများ မည်ကဲ့သို့ ရယူရှာဖွေကြသနည်း။

၂။ သမားရိုးကျ တရားမျှတမှုစနစ်အပေါ် ပြည်သူများ၏ သဘောထားအမြင်၊ ယုံကြည်မှုနှင့် သက်ဝင်ကိုးစားမှုများမှာ အဘယ်နည်း။

၃။ ရပ်ရွာဒေသအတွင်း မည်သည့် သမားရိုးကျမဟုတ်သော တရားမျှတမှုစနစ်များ တည်ရှိနေသနည်း နှင့် ထိုစနစ်များ၏ ဆောင်ရွက်လည်ပတ်ပုံမှာ အဘယ်နည်းတို့ဖြစ်သည်။

လေ့လာမှုတွင်ပေါင်းစပ်နည်းလမ်းများကိုအသုံးပြုသည်။ အိမ်ထောင်စု အဆင့်တွင် ပြင်ဆင်ပြုစုထားသည့် မေးခွန်းပုံစံ (structured interview questionnatice) ကို အသုံးပြု မေးမြန်းပြီး၊ ယင်းကို ကျေးရွာနှင့် ရပ်ကွက်အဆင့် အုပ်စုလိုက် ဆွေးနွေးမှုများ (Focus Group Dscussions)၊ တစ်ဦးချင်းအဆင့် Key Informant Interview သတင်းအချက်အလက် အဓိက ပံ့ပိုးပေးနိုင်သူများ နှင့် တွေ့ဆုံမေးမြန်းမှုများဖြင့် ပံ့ပိုးထားသည်။

ဒေသန္တရအဆင့်တွင် သုတေသနလေ့လာမှု နည်းလမ်းများ အသုံးပြုပြီး ကွင်းဆင်း လေ့လာမှုများ ပြုလုပ်နေချိန်နှင့် တပြိုင်နက်တည်းမှာပင် မေးခွန်းပုံစံ တစိတ်တပိုင်းပြင်ဆင်ပြုစုထားသည့် တွေ့ဆုံမေးမြန်းမှုများ (Semi-structured Interviews SSIS) ကို မြို့နယ်နှင့် ခရိုင်အဆင့် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ အထွေထွေအုပ်ချုပ်ရေးမှူးများနှင့် သီးခြားပြုလုပ်ခဲ့သည့်ထိုဆွေးနွေးမှုများတွင် ဒေသတွင်း အဓိက ဦးစားပေး တရားမျှတရေးပြဿနာရေးရာများနှင့် ပတ်သက်၍ သမားရိုးကျ တရားမျှတရေးကဏ္ဍ တာဝန်ရှိသူများ၏ ရှုထောင့်အမြင်များ၊ ထိုပြဿနာများ ဖြေရှင်းရာတွင် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများနှင့် မိမိတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ကြုံတွေ့ရသည့် လိုအပ်ချက်နှင့် စိန်ခေါ်မှုများကို ဆွေးနွေးခဲ့သည်။

ထိုအပြင် တစိတ်တပိုင်း တည်ဆောက်ထားသည့် သီးခြားအင်တာဗျူးမေးခွန်းပုံစံကို အသုံးပြုပြီး မြို့နယ်နှင့် ပြည်နယ်အဆင့် စာပေနှင့် ရိုးရာယဉ်ကျေးမှု အဖွဲ့တာဝန်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ထိုတွေ့ဆုံ ဆွေးနွေးမှုများ၏ ရည်ရွယ်ချက်မှာ သမားရိုးကျမဟုတ်သော အငြင်းပွားမှုဖြေရှင်းသည့်ပုံစံတွင် စာပေနှင့်ရိုးရာယဉ်ကျေးမှု အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် ရိုးရာယဉ်ကျေးမှု အလေ့အထများကို နားလည်သဘောပေါက်ရန်ဖြစ်သည်။

သုတေသနလေ့လာမှုတွင် အသုံးပြုသည့် မေးခွန်းပုံစံနည်းနိဿယများကို အင်္ဂလိပ်ဘာသာဖြင့် ပြုစုပြီး မြန်မာဘာသာပြန်ဆိုခဲ့သည်။ အိမ်ထောင်စုအဆင့် စနစ်တကျပြင်ဆင်ပြုစုထားသည့် မေးခွန်းပုံစံ (SIQQ) ကို အကြံပေးအဖွဲ့ထံတင်ပြ၍ သဘောထား မှတ်ချက်များ ရယူကာလိုက်လျောညီထွေ အသုံးပြုလွယ်ကူအောင် ပြင်ဆင်ခဲ့သည်။ ယင်း မေးခွန်းပုံစံကို မြန်မာဘာသာ ပြန်ဆိုရာတွင် မြန်မာလုပ်ဖော်ကိုင်ဖက်များနှင့် ကြိမ်ဖန်များစွာ ညှိနှိုင်းဆွေးနွေးပြီး ဘာသာစကား အသုံးအနှုန်း၊ သဘောတရား နှင့် အယူအဆများ ပြတ်သားရှင်းလင်းစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အကြိုစမ်းသပ်လေ့လာမှု တစ်ကြိမ်ပြီးနောက် ထိုမေးခွန်းပုံစံနည်းလမ်းများကို ပြန်လည်သုံးသပ်ခဲ့သည်။

၅၂ တရားမျှတမှုရရှိမှုကို တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည့် ဝိသေသလက္ခဏာများပါဝင်သည့် ဖြစ်နိုင်ဖွယ်မရှိ ကိုယ်တာနမူနာ (non-probability qota sample) တည်ဆောက်ရာတွင် ကျား/မ နှင့် လူမျိုးသက်မှတ်ချက် (၂)ခု ကို ဦးစားပေးထည့်သွင်းထားသည်။ (ဇယား ၂.၁ တွင်ရှု)

ဇယား ၁ လေ့လာမှု နမူနာကောက်ကွက် ပမာဏအရွယ်အစား

| မြို့နယ် | အိမ်ထောင်စုအလိုက် တွေ့ဆုံမေးမြန်းမှုများ | | အုပ်စုလိုက် ဆွေးနွေးမှုများ | | အသေးစိတ် အင်တာဗျူးများ | | ကြိုတင်ပြင်ဆင်ထားသည့်မေးခွန်းများ တစိတ်တပိုင်းပါဝင်သည့်အစိုးရတာဝန်ရှိ သူများနှင့်တွေ့ဆုံမေးမြန်းမှုများ | |
|---|---|---|---|---|---|---|---|---|
| | မ | ကျား | မ | ကျား | မ | ကျား | ယဉ်ကျေးမှုနှင့်စာပေ ရိုးရာအဖွဲ့တာဝန်ခံများ | အစိုးရအရာရှိများ* |
| ကျိုင်းတုံ | ၃၄ | ၃၆ | ၁၂ | ၁၀ | ၅ | ၁၁ | ၄ | ၁၀ |
| တာချီလိတ် | ၃၇ | ၃၃ | ၁၄ | ၉ | ၃ | ၁၄ | ၄ | ၂၁ |
| တောင်ကြီး | ၃၈ | ၄၁ | ၁၂ | ၁၀ | ၈ | ၁၀ | ၁၈ | ၁၄ |
| ဆီဆိုင် | ၃၄ | ၃၄ | ၁၁ | ၁၃ | ၇ | ၂၀ | - | ၅ |
| လွိုင်လင် | ၃၇ | ၃၈ | ၁၂ | ၁၁ | ၄ | ၁၃ | - | ၉ |
| လားရှိုး | ၄၀ | ၃၈ | ၁၀ | ၁၀ | ၃ | ၁၀ | ၁၃ | ၁၆ |
| ကွတ်ခိုင် | ၄၀ | ၄၀ | ၁၀ | ၁၂ | ၉ | ၁၂ | - | ၇ |
| စုစုပေါင်း | ၂၆၀ | ၂၆၀ | ၈၁ | ၇၅ | ၃၉ | ၉၀ | ၃၉ | ၈၂ |

*မြို့နယ်နှင့်ခရိုင်အဆင့်နှစ်ခုစလုံးမှ  အစိုးရအရာရှိများ ပါဝင်သည်

# သုတေသနလေ့လာမှု နမူနာကောက်ကွက်

သုတေသန လေ့လာမှုကို ရှမ်းပြည်နယ်တွင်း ရွေးချယ်ထားသည့် မြို့နယ် (၇) မြို့နယ်ဖြစ်သည့် ရှမ်းပြည်နယ် တောင်ပိုင်း၊ အရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသများမှ တောင်ကြီး၊ လွိုင်လင်၊ ဆီဆိုင်၊ ကျိုင်းတုံ၊ တာချီလိတ်၊ လားရှိုး နှင့် ကွတ်ခိုင်မြို့နယ်များတွင်ပြုလုပ်ခဲ့သည်။ မြို့နယ်တစ်ခုချင်း၌ ရပ်ကွက်တစ်ခုနှင့် ကျေးရွာအုပ်စုတစ်ခုတို့ကို အထွေထွေ အုပ်ချုပ်ရေးအရာရှိများနှင့် အနီးကပ် ညှိနှိုင်းဆွေးနွေးပြီး ရည်ရွယ်ချက်ရှိစွာ ရွေးချယ်ခဲ့သည်။ ဤလေ့လာမှုတွင် ဒေသတွင်း ပြောင်းရွှေ့နေထိုင်ရသူများ (IDP) မပါဝင်ပါ။

လေ့လာမှု နမူနာကောက်ကွက် ပမာဏ အရွယ်အစားများကို ဇယား ၁ တွင် ဖော်ပြထားသည်။ ဖြေဆိုသူများ၏ ကျား/မ အချိုးအစား (၅၀း၅၀) နှင့် မိမိကိုယ်ကို သတ်မှတ်သည့် လူမျိုးအုပ်စု အချိုးအစား ကိုယ်တာများကို စနစ်တကျ ပြုစုတည်ဆောက်ထားသည့် အင်တာဗျူး (structured interviews) များတွင် သတ်မှတ်ထားသည်။ ၅၂

# အချက်အလက် ကောက်ယူခြင်း

ကွင်းဆင်းလေ့လာမှုကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ လုပ်ဆောင်ခဲ့သည်။ လေ့လာမှုတွင် ပေါင်းစပ်နည်း နိဿယများကို အသုံးပြုခဲ့သည်။ စနစ်တကျ ဖွဲ့စည်းပြုစုထားသည့် အင်တာဗျူးမေးခွန်း များကို အိမ်ထောင်စု ၅၂၀ အား မေးမြန်းခဲ့ပြီး ပါဝင်ဆွေးနွေးသူ ၁၅၆ ဦးပါဝင်သည့် ကျေးရွာနှင့်ရပ်ကွက်အဆင့် အုပ်စုလိုက် ဆွေးနွေးပွဲများ (Focus Group Discussion)၊ သတင်း အချက်အလက် အဓိက ပံ့ပိုးပေးနိုင်သူ ၁၂၉ ဦးပါဝင်သည့် (Key informant interview) များနှင့် အားဖြည့်ထားသည်။ တပြိုင်နက်ထဲမှာပင် မေးခွန်းပုံစံ တစ်စိတ်တစ်ပိုင်းပြင်ဆင်ထားသည့် တွေ့ဆုံမေးမြန်းမှုများ (semi-structured interview) ကို နှစ်စုခွဲ၍ (၁) မြို့နယ်နှင့် ခရိုင်အဆင့် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ အထွေထွေအုပ်ချုပ်ရေးမှူးများဖြင့်လည်းကောင်း၊ (၂) မြို့နယ်နှင့် ပြည်နယ် အဆင့် ယဉ်ကျေးမှုနှင့် စာပေအဖွဲ့တာဝန်ခံများဖြင့် လည်းကောင်း ပြုလုပ်ခဲ့သည်။

နိုင်ငံတကာ အကြံပေးပညာရှင် (၂) ဦးသည် ကွင်းဆင်းလုပ်ငန်းများကို ဦးဆောင်ပြီး၊ အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များ၊ စာပေနှင့် ရိုးရာယဉ်ကျေးမှု တာဝန်ခံများနှင့်

---

၅၃ ၂၀၁၅ ၊ အောက်တိုဘာလတွင် ပြုလုပ်သည့် အဓိက အယူအဆများနှင့် ရေးရာပြဿနာကိစ္စများဆိုင်ရာ တပတ်ခွဲ ကာလ ပဏာမသင်တန်းအပြင် EMR အဖွဲ့ (အမျိုးသမီး ၁၀ ဦး၊ အမျိုးသား ၄ ဦး) ဝင်များသည် အနေ အထား အခင်းအကျင်းနှင့်ဆိုင်သည့် ၃ ရက်ခွဲကာလ မွမ်းမံသင်တန်းကို ၂၀၁၆ ဇန်နဝါရီလတွင် ရရှိခဲ့ကြသည်။

လည်းတွေ့ဆုံဆွေးနွေးခဲ့သည်။ တရားဥပဒေ စိုးမိုးရေး၊ တရားမျှတမှု ရရှိရေး၊ ဥပဒေစနစ် လေ့လာမှု စသည်တို့တွင် ယခင်အတွေ့အကြုံများရှိသည့် ပညာအလင်းပွင့် မြန်မာ သုတေသနအဖွဲ့သည် UNDP နှင့် စာချုပ်ချုပ်ဆိုပြီးရပ်ကွက်နှင့် ကျေးရွာအဆင့် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့သည်။ [၅၇] ပညာအလင်းပွင့် မြန်မာ (Enlightened Myanmar Research Foundation) သုတေသနအဖွဲ့သည် မြို့နယ်စီတွင် (၃) ရက်ကြာသွားပြီး ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

စုစုပေါင်းဘာသာပြန် ၃၃ ဦးအား ရပ်ကျေးအဆင့် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်နိုင်ရန် ခန့်အပ်လေ့ကျင့်ခဲ့ပါသည်။ ၎င်းတို့မှာ ရှမ်း-မြန်မာဘာသာပြန် ၈ ဦး၊ ကိုးကန့်-မြန်မာဘာသာပြန် ၆ ဦး၊ ပအိုဝ်း-မြန်မာဘာသာပြန် ၆ ဦး၊ ကချင်-မြန်မာဘာသာပြန် ၅ ဦး၊ တအာန်း/ပလောင်-မြန်မာ ဘာသာပြန် ၄ ဦး၊ အခါ-မြန်မာ ဘာသာပြန် ၂ ဦး၊ လားဟူ-မြန်မာ ဘာသာပြန် ၂ ဦးတို့ဖြစ်သည်။ ၃ ဦးမှ လွဲ၍ ကျန်ဘာသာပြန်များမှာ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး သို့မဟုတ် အေးသာယာမြို့များရှိ နည်းပညာတက္ကသိုလ်များ မှ ကျောင်းသူကျောင်းသားများ သို့မဟုတ် ဘွဲ့ရများဖြစ်သည်။ အချို့မှာမူ မိမိလူမျိုးဘာသာစကားအား သင်ကြားပေးနေသောဆရာ၊ဆရာမများ သို့မဟုတ် ဘာသာပြန်အတွေ့အကြုံရှိသူများဖြစ်ပါသည်။

## ကျင့်ဝတ်ပိုင်းဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ

မိမိသဘောထား ဆန္ဒအလျောက် ပါဝင်ဆွေးနွေးဖြေဆိုခြင်း၊ ကြိုတင်အသိပေး ရယူသည့် သဘောတူညီချက်၊ လျှို့ဝှက်မှု၊ ဘေးအန္တရာယ်ကင်းရှင်း လုံခြုံစိတ်ချမှု၊ ကြားနေမှု နှင့် ဓမ္မဓိဋ္ဌာန်ကျမှု၊ ပဋိပက္ခအကဲဆတ်မှု သုံးသပ် သိမြင်မှုနှင့် ဘေးဥပါဒ်မဖြစ်စေမှု စသည့် သုတေသန ကျင့်ဝတ်များကို ကွင်းဆင်းလေ့လာမှုတလျှောက် လိုက်နာကျင့်သုံးခဲ့သည်။

## သုတေသန လေ့လာမှု ဆောင်ရွက်ရာတွင် စိန်ခေါ်မှုနှင့် အကန့်အသတ်များ

လေ့လာမှုဒီဇိုင်းရေးဆွဲခြင်း၊ နည်းလမ်းများပြင်ဆင်ပြုစုခြင်း နှင့် ဘာသာပြန်ခြင်း၊ သုတေသနအဖွဲ့အား သင်တန်းပေးခြင်း စသည့် ကြိုတင်ပြင်ဆင်မှုများကိုလုပ်ဆောင်ခဲ့ရသည့် အချိန်မှာ ၂ လထက် နည်းပါးသည်။ ရှမ်းပြည်နယ်တွင်း သုတေသနလေ့လာမှု ရည်မှန်းချက်များပြည့်မြောက်ခဲ့သော်လည်း အကယ်၍ ပြင်ဆင်ချိန်ပိုရခဲ့ပါက လေ့လာမှုအဆင်းကောက်ယူအပြီး အသုံးပြုသည့် နည်းနိသသယ၊ ပုံစံများကို ပြန်လည်သုံးသပ်သည့်အချိန် ပိုမိုရရှိသလို လုပ်ငန်းအတွက် ပို၍ အကျိုးရှိနိုင်မည်ဖြစ်သည်။

## အချက်အလက် ကောက်ယူခြင်း နှင့် အကြောင်းအရာ

ဖြေဆိုမှုများ၏ယုံကြည်စိတ်ချမှုနှင့် တည်ကြည်မှန်ကန်မှု ရရှိစေရေးကို ကြိုးပမ်းအားထုတ်ထားသော်ငြားလည်း အကြောင်းအရာခေါင်းစဉ်၏ ထိရှအကဲဆတ်မှု သဘောသဘာဝ၊ ဒေသတစ်ခုတွင် ၃ ရက်တာဟူသော အချက်အလက်စုဆောင်းကောက်ယူမှုအချိန် တိုတောင်းမှုတို့ကြောင့် ထုတ်ဖော်မပြောဆိုသည့် တရားမျှတမှုဆိုင်ရာ အငြင်းပွားမှု၊ဦးစားပေးပြဿနာများ ရှိနိုင်ခြေကို ပစ်ပယ်လို့မရပါ။ (အချိန်တိုအတွင်း ဒေသခံများနှင့် ယုံကြည်မှု တည်ဆောက်ရန်မှာ စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။) ထိုအတွက်တွေ့ရှိချက်များသည် ဦးတည်ချက်လားရာ အမျိုးမျိုးသို့ ရောက်နိုင်ဖွယ်ရှိသည်။

## ဘာသာစကား အခက်အခဲ

သုတေသနလေ့လာမှုအတွက် ဘာသာပြန်များအား ခန့်အပ်လေ့ကျင့်ခဲ့သော်ငြားလည်း ၎င်းတို့မေးသည့် အချို့မေးခွန်းများကို ဖြေဆိုသူအချို့ နားလည်သဘောပေါက်မှု လွဲနိုင်ခြေများကို ပစ်ပယ်၍မရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အယူအဆ၊ အတွေးအခေါ်၊ အဓိပ္ပာယ်များမှာ မတူသည့် ဘာသာစကားများအကြား ကွဲလွဲမှုရှိနိုင်သည်။

## ကိုယ်စားပြု အတိုင်းအတာ


ကွင်းဆင်းလေ့လာသည့် နေရာဒေသများ နှင့် ဖြေဆိုသူများကို ရည်ရွယ်ချက်ရှိစွာ ဦးတည်ရွေးချယ်ထားသောကြောင့် တွေ့ရှိချက်များသည် လေ့လာမှု နမူနာအကွက်ကိုသာ ဖော်ပြသည်။ ဖြေဆိုသူများအကြား ကိန်းဂဏန်း စာရင်း ဇယားအရ အရေးပါသိသာသည့် နှိုင်းယှဉ်မှုပြု၍ မရနိုင်သကဲ့သို့ တွေ့ရှိချက်များကို ကျယ်ပြန့်သည့် လူဦးရေ အတိုင်းအတာ တစ်ခုအတွက် ယေဘူယျ ကောက်ယူ၍ မရနိုင်ပါ။

## နောက်ဆက်တွဲ (ခ)

# နောက်ဆက်တွဲပုံ နှင့် ဇယားများ

### အခန်း ၂
### သုတေသနလေ့လာသည့် နေရာဒေသများနှင့် ဖြေဆိုသူများ၏ ဝိသေသ သွင်ပြင်လက္ခဏာများ


ပုံ ၂.၁ (ခ) ကျား/မအလိုက် မြန်မာစာတတ်မြောက်မှု





ဇယား ၂.၅ လူမျိုးအလိုက်အိမ်ထောင်စုလစဉ်ဝင်ငွေ

| အိမ်ထောင်စု လစဉ်ဝင်ငွေ အဆင့်အတန်း | လူမျိုး | | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | ရှမ်း | ပအိုဝ်း | အခါ | ဗမာ | တရုတ် | ကချင် | ကိုးကန့် | လားဟူ | တအာန်း/ ပလောင် | တောင်အာရှ နွယ်ဖွား | |
| ကျပ် ၅၀,၀၀၀ အောက် | ၇ | ၅ | ၂ | ၀ | ၀ | ၃ | ၂ | ၅ | ၄ | ၁ | ၂၉ |
| ကျပ် ၅၀,၀၀၀ မှ ကျပ် ၁၀၀,၀၀၀ အောက် | ၁၆ | ၁၆ | ၁၃ | ၂ | ၂ | ၂ | ၃ | ၅ | ၄ | ၃ | ၆၆ |
| ကျပ် ၁၀၀,၀၀၀ မှ ကျပ် ၂၀၀,၀၀၀ အောက် | ၃၁ | ၃၀ | ၁၂ | ၁၀ | ၈ | ၉ | ၁၀ | ၁၆ | ၁၃ | ၁၂ | ၁၅၁ |
| ကျပ် ၂၀၀,၀၀၀ မှ ကျပ် ၃၀၀,၀၀၀ အောက် | ၁၈ | ၁၁ | ၁၁ | ၈ | ၆ | ၁၀ | ၅ | ၆ | ၅ | ၇ | ၈၇ |
| ကျပ် ၃၀၀,၀၀၀ မှ ကျပ် ၄၀၀,၀၀၀ အောက် | ၁၄ | ၂ | ၁ | ၁၂ | ၃ | ၈ | ၇ | ၂ | ၆ | ၆ | ၆၁ |
| ကျပ် ၄၀၀,၀၀၀ မှ ကျပ် ၅၀၀,၀၀၀ အောက် | ၄ | ၁ | ၀ | ၃ | ၄ | ၃ | ၅ | ၀ | ၄ | ၃ | ၂၇ |
| ကျပ် ၅၀၀,၀၀၀ မှ ကျပ် ၈၀၀,၀၀၀ အောက် | ၆ | ၂ | ၀ | ၂ | ၄ | ၄ | ၂ | ၂ | ၁ | ၈ | ၃၁ |
| ကျပ် ၈၀၀,၀၀၀ အထက် | ၇ | ၀ | ၁ | ၂ | ၉ | ၁ | ၂ | ၂ | ၀ | ၀ | ၂၄ |
| မသိပါ/ ဖြေဆိုရန်ငြင်းဆို | ၁၇ | ၁၃ | ၀ | ၁ | ၄ | ၀ | ၄ | ၂ | ၃ | ၀ | ၄၀ |
| စုစုပေါင်း | ၁၂၀ | ၈၀ | ၄၀ | ၄၀ | ၄၀ | ၄၀ | ၄၀ | ၄၀ | ၄၀ | ၄၀ | ၅၂၀ |


ပုံ ၂.၂(က) အိမ်ထောင်စုဝင်ငွေ အဆင့်အတန်းအရပိုင်ဆိုင်မှု



ပုံ ၂.၃(ခ)  ကျား/မအလိုက် သတင်းအချက်အလက်ရရှိမှု




ပုံ ၂.၃(ဂ) ဘာသာစကားများ



ရှမ်း
၂၂.၃၀%
၅.၄၀%
၁၄.၀၀%
မြန်မာ
၁၇.၃၀%
၆၁.၃၀%
၁၄.၄၀%
ပအိုဝ်း
၁၃.၈၀%
၅.၈၀%
၅.၄၀%
ဂျိမ်းဖော
၇.၇၀%
၂.၁၀%
၅.၄၀%
လားဟူ
၇.၇၀%
၃.၅၀%
၄.၀၀%
ပလောင်
၇.၅၀%
၁.၇၀%
၄.၀၀%
ကိုးကန့်
၇.၃၀%
၃.၅၀%
၀.၈၀%
အခါ
၇.၁၀%
၃.၅၀%
၃.၅၀%
တရုတ်
၄.၉၀%
၄.၆၀%
၃.၅၀%
ဂေါ်ရခါး
၃.၅၀%
၀.၂၀%
၃.၁၀%
အိန္ဒိယ
၀.၆၀%
၀.၀၀%
၀.၆၀%
ဓနု
၀.၂၀%
၀.၀၀%
၀.၀၀%
တောင်ရိုး
၀.၂၀%
၀.၀၀%
၀.၀၀%
ထိုင်း
၀.၀၀%
၄.၆၀%
၁.၉၀%
အင်္ဂလိပ်
၀.၀၀%
၀.၂၀%
၃.၈၀%
အိမ်ထောင်စုအတွင်း အဓိကပြောသည့်ဘာသာစကား

# အခန်း ၃
# တရားမျှတမှုနှင့် ဥပဒေအပေါ် သဘောထားအမြင်များ

၃.၁(က)  လူမှုယုံကြည်မှု၊ ကျား/မအလိုက် ယုံကြည်ထိုက်မှုနှင့် မျှတမှု




ပုံ ၃.၂(က) လူမှုယုံကြည်မှု၊ ကျား/မအလိုက်အခြားသူများအပေါ်ယုံကြည်မှု



ဇယား ၃.၁(က) ကျား/မအလိုက် တရားမျှတမှုအပေါ်သဘောထားအမြင်

| တရားမျှတမှု လားရာရှုထောင့် | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* | |
|---|---|---|---|
| | | ကျား | မ |
| တရားဝင်နှင့် ဓလေ့ထုံးတမ်း | (က) အချို့သော အငြင်းပွားမှုများကို တရားရုံးများတွင် ဖြေရှင်းသည်မှာ အကောင်းဆုံးဖြစ်သည်။ | ၁၁.၂% | ၁၀.၄% |
| | (ခ) အငြင်းပွားမှု အများစုကို ရပ်ရွာအတွင်း ဖြေရှင်းလျှင် ပိုကောင်းသည်။ | ၇၁.၉% | ၇၄.၂% |
| တန်းတူညီမျှမှု | (က) လူတိုင်းသည် ဘာသာ၊ လူမျိုးမရွေး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှုခံထိုက်သည်။ | ၈၁.၂% | ၈၁.၅% |
| | (ခ) လူအများစုဖြစ်သော လူမျိုးနှင့် ဘာသာဝင်များသည် လူနည်းစု လူမျိုးနှင့် ဘာသာဝင်များထက်ပိုပြီး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှု ရသင့်သည်။ | ၁၄.၂% | ၁၀.၈% |
| ကံကြမ္မာ နှင့် ကုစားမှု | (က) မတရားမှုသည် ပြည်သူ/လူများအပေါ်တွင်ကျရောက်နိုင်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိတို့သည် ဘာမျှမတတ်နိုင်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ မိမိတို့၏ ကံကြမ္မာအရသာဖြစ်သည်။ | ၁၁.၉% | ၁၆.၂% |
| | (ခ) ပြည်သူများသည် မတရားမှုခံရသည့်အခါ ကုစားမှုနှင့် တရားမျှတသော ရလဒ်ကို ရရှိစေရန်အတွက် အခြားသူများထံမှ အကူအညီရသင့်သည်။ | ၈၅.၀% | ၇၈.၁% |
| အိမ်တွင်းရေး နှင့် အများပြည်သူ | (က) မိသားစုအတွင်းဖြစ်သည့် ကိစ္စသည် အိမ်တွင်းတွင်သာ ဖြေရှင်းရမည့် အိမ်တွင်းရေးဖြစ်သည်။ အိမ်ထောင်ရှင်အမျိုးသားသည် ၎င်း၏ ဇနီးနှင့် သားသမီးများ အပေါ်တွင် ဩဇာ အပြည့်အဝရှိသည်။ | ၄၈.၁% | ၄၈.၅% |
| | (ခ) ရပ်ရွာလူထုသည် တစ်ခါတစ်ရံ အခြားမိသားစုများ၏ တစ်ချို့သော အရေးကိစ္စများတွင် ကြားဝင်ဖြေရှင်းပေးရန် တာဝန်ရှိသည်။ | ၄၁.၉% | ၃၆.၉% |
| အသွင်ကူးပြောင်း မှုကာလ တရားမျှတမှု | (က) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ထပ်ခါထပ်ခါ ပြန်ကျော့ခြင်း မလုပ်သင့်။ လူတိုင်းသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးကိုသာ အလေးထားသင့်သည်။ | ၅၁.၅% | ၅၀.၈% |
| | (ခ) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ဖြေရှင်းသင့်သည် သို့မှသာ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်လိမ့်မည်။ | ၃၉.၂% | ၃၅.၈% |
| လုပ်ထုံးလုပ်နည်း ဖြစ်စဉ် နှင့် ရလဒ် | (က) လုပ်ငန်းစဉ်တစ်လျှောက် မျှတစွာ ဆက်ဆံခံရခြင်းက ရလဒ်ကောင်း ထွက်ပေါ်လာရေးထက် ပိုမိုအရေးကြီးသည်။ | ၉၀.၈% | ၈၈.၈% |
| | (ခ) ရလဒ်ကောင်းထွက်ပေါ်လာရေးက လုပ်ငန်းစဉ်တစ်လျှောက် တရားမျှတစွာ ဆက်ဆံခံရရေးထက် ပိုမိုအရေးကြီးသည်။ | ၅.၄% | ၄.၆% |
| ကျား/မ ရေးရာ | (က) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဘိုးရှိသည်။ သို့သော် အမျိုးသမီးများသည် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် ပိုမိုတာဝန်ရှိသည်။ | ၆.၂% | ၆.၂% |
| | (ခ) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဘိုးရှိသည်။ အမျိုးသားများရော အမျိုးသမီးများပါ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် အညီအမျှတာဝန်ရှိသည်။ | ၉၁.၉% | ၉၂.၃% |
| တစ်ဦးချင်း နှင့် ရပ်ရွာ | (က) လူတစ်ဦးချင်းစီ၏ အခွင့်အရေးအများကို ရပ်ရွာအတွင်း သဟဇာတ ဖြစ်စေရေးကို လေးစားသကဲ့သို့ပင် လေးစားသင့်သည်။ | ၅၆.၉% | ၅၄.၂% |
| | (ခ) တစ်ဦးချင်းအခွင့်အရေးများအတွက် အခိုင်အမာပြောဆိုခြင်းသည် တစ်ကိုယ်ကောင်းဆန်သည်။ ရပ်ရွာအတွင်း သဟဇာတဖြစ်မှုနှင့် သဘောတူညီမှုထိန်းသိမ်းရေးကို ဦးစားပေးသင့်သည်။ | ၃၉.၆% | ၃၈.၁% |


ဇယား ၃.၁(ခ) မြို့ပြ/ကျေးလက်နေရာဒေသအလိုက် တရားမျှတမှုအပေါ်သဘောထားအမြင်

| တရားမျှတမှု လားရာရှုထောင့် | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* | |
|---|---|---|---|
| | | မြို့ပြ | ကျေးလက် |
| တရားဝင်နှင့် ဓလေ့ထုံးတမ်း | (က) အချို့သော အငြင်းပွားမှုများကို တရားရုံးများတွင် ဖြေရှင်းသည်မှာ အကောင်းဆုံးဖြစ်သည်။ | ၁၁.၄% | ၉.၉% |
| | (ခ) အငြင်းပွားမှု အများစုကို ရပ်ရွာအတွင်း ဖြေရှင်းလျှင် ပိုကောင်းသည်။ | ၇၁.၈% | ၇၄.၈% |
| တန်းတူညီမျှမှု | (က) လူတိုင်းသည် ဘာသာ၊ လူမျိုးမရွေး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှုခံထိုက်သည်။ | ၈၃.၉% | ၇၇.၉% |
| | (ခ) လူအများစုဖြစ်သော လူမျိုးနှင့် ဘာသာဝင်များသည် လူနည်းစု လူမျိုးနှင့် ဘာသာဝင်များထက်ပိုပြီး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှု ရသင့်သည်။ | ၁၂.၁% | ၁၃.၁% |
| ကံကြမ္မာ နှင့် ကုစားမှု | (က) မတရားမှုသည် ပြည်သူ/လူများအပေါ်တွင်ကျရောက်နိုင်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိတို့သည် ဘာမျှမတတ်နိုင်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ မိမိတို့၏ ကံကြမ္မာအရသာဖြစ်သည်။ | ၁၃.၄% | ၁၄.၉% |
| | (ခ) ပြည်သူများသည် မတရားမှုခံရသည့်အခါ ကုစားမှုနှင့် တရားမျှတသော ရလဒ်ကို ရရှိစေရန်အတွက် အခြားသူများထံမှ အကူအညီရသင့်သည်။ | ၈၂.၆% | ၈၀.၂% |
| အိမ်တွင်းရေး နှင့် အများပြည်သူ | (က) မိသားစုအတွင်းဖြစ်သည့် ကိစ္စသည် အိမ်တွင်းတွင်သာ ဖြေရှင်းရမည့် အိမ်တွင်းရေးဖြစ်သည်။ အိမ်ထောင်ရှင်အမျိုးသားသည် ၎င်း၏ ဇနီးနှင့် သားသမီးများ အပေါ်တွင် ဩဇာ အပြည့်အဝရှိသည်။ | ၅၁.၀% | ၄၄.၆% |
| | (ခ) ရပ်ရွာလူထုသည် တစ်ခါတစ်ရံ အခြားမိသားစုများ၏ တစ်ချို့သောအရေးကိစ္စများတွင် ကြားဝင်ဖြေရှင်းပေးရန် တာဝန်ရှိသည်။ | ၃၆.၂% | ၄၃.၇% |
| အသွင်ကူးပြောင်း မှုကာလ တရားမျှတမှု | (က) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ထပ်ခါထပ်ခါပြန်ကျော့ခြင်းမလုပ်သင့်။ လူတိုင်းသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးကိုသာ အလေးထားသင့်သည်။ | ၅၀.၇% | ၅၁.၈% |
| | (ခ) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ဖြေရှင်းသင့်သည် သို့မှသာ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်လိမ့်မည်။ | ၃၉.၃% | ၃၅.၁% |
| လုပ်ထုံးလုပ်နည်း ဖြစ်စဉ် နှင့် ရလဒ် | (က) လုပ်ငန်းစဉ်တစ်လျှောက် မျှတစွာ ဆက်ဆံခံရခြင်းက ရလဒ်ကောင်းထွက်ပေါ်လာရေးထက် ပိုမိုအရေးကြီးသည်။ | ၉၀.၉% | ၈၈.၃% |
| | (ခ) ရလဒ်ကောင်းထွက်ပေါ်လာရေးက လုပ်ငန်းစဉ်တစ်လျှောက် တရားမျှတစွာ ဆက်ဆံခံရရေးထက် ပိုမိုအရေးကြီးသည်။ | ၃.၀% | ၇.၇% |
| ကျား/မ ရေးရာ | (က) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဘိုးရှိသည်။ သို့သော် အမျိုးသမီးများသည် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် ပိုမိုတာဝန်ရှိသည်။ | ၄.၇% | ၈.၁% |
| | (ခ) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဘိုးရှိသည်။ အမျိုးသားများရော အမျိုးသမီးများပါ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် အညီအမျှတာဝန်ရှိသည်။ | ၉၃.၆% | ၉၀.၁% |
| တစ်ဦးချင်း နှင့် ရပ်ရွာ | (က) လူတစ်ဦးချင်းစီ၏ အခွင့်အရေးအများကို ရပ်ရွာအတွင်း သဟဇာတဖြစ်စေရေးကို လေးစားသကဲ့သို့ပင် လေးစားသင့်သည်။ | ၅၃.၇% | ၅၈.၁% |
| | (ခ) တစ်ဦးချင်းအခွင့်အရေးများအတွက် အခိုင်အမာပြောဆိုခြင်းသည်တစ်ကိုယ်တော်ကောင်းဆန်သည်။ ရပ်ရွာအတွင်း သဟဇာတဖြစ်မှုနှင့် သဘောတူညီမှုထိန်းသိမ်းရေးကို ဦးစားပေးသင့်သည်။ | ၄၀.၉% | ၃၆.၀% |

ဇယား ၃.၁(ဂ) ကိုးကွယ်သည့်ဘာသာအလိုက် တရားမျှတမှုအပေါ် သဘောထားအမြင်


| တရားမျှတမှု လားရာရှုထောင့် | အဆိုပြုဖော်ပြချက်များ | သဘောတူညီမှု* | |
|---|---|---|---|
| | | ဗုဒ္ဓဘာသာ | ခရစ်ယာန် |
| တရားဝင်နှင့် ဓလေ့ထုံးတမ်း | (က) အချို့သော အငြင်းပွားမှုများကို တရားရုံးများတွင် ဖြေရှင်းသည်မှာ အကောင်းဆုံးဖြစ်သည်။ | ၁၁.၉% | ၇.၄% |
| | (ခ) အငြင်းပွားမှု အများစုကို ရပ်ရွာအတွင်း ဖြေရှင်းလျှင် ပိုကောင်းသည်။ | ၇၃.၅% | ၇၃.၁% |
| တန်းတူညီမျှမှု | (က) လူတိုင်းသည် ဘာသာ၊ လူမျိုးမရွေး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှုခံထိုက်သည်။ | ၈၀.၀% | ၈၅.၂% |
| | (ခ) လူအများစုဖြစ်သော လူမျိုးနှင့် ဘာသာဝင်များသည် လူနည်းစု လူမျိုးနှင့် ဘာသာဝင်များထက်ပိုပြီး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှု ရသင့်သည်။ | ၁၃.၉% | ၈.၃% |
| ကံကြမ္မာ နှင့် ကုစားမှု | (က) မတရားမှုသည် ပြည်သူ/လူများအပေါ်တွင်ကျရောက်နိုင်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိတို့သည် ဘာမျှမတတ်နိုင်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ မိမိတို့၏ ကံကြမ္မာအရသာဖြစ်သည်။ | ၁၆.၁% | ၆.၅% |
| | (ခ) ပြည်သူများသည် မတရားမှုခံရသည့်အခါ ကုစားမှုနှင့် တရားမျှတသော ရလဒ်ကို ရရှိစေရန်အတွက် အခြားသူများထံမှ အကူအညီရသင့်သည်။ | ၇၉.၂% | ၈၉.၈% |
| အိမ်တွင်းရေး နှင့် အများပြည်သူ | (က) မိသားစုအတွင်းဖြစ်သည့် ကိစ္စသည် အိမ်တွင်းတွင်သာ ဖြေရှင်းရမည့် အိမ်တွင်းရေးဖြစ်သည်။ အိမ်ထောင်ရှင်အမျိုးသားသည် ၎င်း၏ ဇနီးနှင့် သားသမီးများ အပေါ်တွင် သြဇာ အပြည့်အဝရှိသည်။ | ၅၂.၀% | ၃၄.၃% |
| | (ခ) ရပ်ရွာလူထုသည် တစ်ခါတစ်ရံ အခြားမိသားစုများ၏ တစ်ချို့သောအရေးကိစ္စများတွင် ကြားဝင်ဖြေရှင်းပေးရန် တာဝန်ရှိသည်။ | ၃၅.၉% | ၅၁.၉% |
| အသွင်ကူးပြောင်း မှုကာလ တရားမျှတမှု | (က) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ထပ်ခါထပ်ခါပြန်ကျော့ခြင်းမလုပ်သင့်။ လူတိုင်းသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးကိုသာ အလေးထားသင့်သည်။ | ၅၃.၀% | ၄၃.၅% |
| | (ခ) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ဖြေရှင်းသင့်သည် သို့မှသာ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်လိမ့်မည်။ | ၃၅.၆% | ၄၆.၃% |
| လုပ်ထုံးလုပ်နည်း ဖြစ်စဉ် နှင့် ရလဒ် | (က) လုပ်ငန်းစဉ်တစ်လျှောက် မျှတစွာ ဆက်ဆံခံရခြင်းက ရလဒ်ကောင်းထွက်ပေါ်လာရေးထက် ပိုမိုအရေးကြီးသည်။ | ၈၈.၉% | ၉၃.၅% |
| | (ခ) ရလဒ်ကောင်းထွက်ပေါ်လာရေးက လုပ်ငန်းစဉ်တစ်လျှောက် တရားမျှတစွာ ဆက်ဆံခံရရေးထက် ပိုမိုအရေးကြီးသည်။ | ၄.၇% | ၆.၅% |
| ကျား/မ ရေးရာ | (က) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဘိုးရှိသည်။ သို့သော် အမျိုးသမီးများသည် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် ပိုမိုတာဝန်ရှိသည်။ | ၇.၇% | ၀.၉% |
| | (ခ) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူ တန်ဘိုးရှိသည်။ အမျိုးသားများရော အမျိုးသမီးများပါ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် အညီအမျှတာဝန်ရှိသည်။ | ၉၀.၆% | ၉၇.၂% |
| တစ်ဦးချင်း နှင့် ရပ်ရွာ | (က) လူတစ်ဦးချင်းစီ၏ အခွင့်အရေးအများကို ရပ်ရွာအတွင်း သဟဇာတဖြစ်စေရေးကို လေးစားသကဲ့သို့ပင် လေးစားသင့်သည်။ | ၅၄.၂% | ၆၁.၁% |
| | (ခ) တစ်ဦးချင်းအခွင့်အရေးများအတွက် အခိုင်အမာပြောဆိုခြင်းသည်တစ်ကိုယ်တော်ကောင်းဆန်သည်။ ရပ်ရွာအတွင်း သဟဇာတဖြစ်မှုနှင့် သဘောတူညီမှုထိန်းသိမ်းရေးကို ဦးစားပေးသင့်သည်။ | ၃၉.၁% | ၃၇.၀% |

ပုံ ၃.၄(က) ကျား/မအလိုက် နေ့စဉ်သုံးစကားလုံးများ




# အခန်း ၅
# အငြင်းပွားမှု ပြဿနာ ဖြေရှင်းသည့် လမ်းကြောင်းများ


ပုံ ၅.၂(က) ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေ့ဆုံဖြစ်ရပ် ၁




ပုံ ၅.၂(ခ) ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၂




ပုံ ၅.၂(ဂ) ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၃




ပုံ ၅.၂(ဃ) ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၄



ပုံ ၅.၂(င) ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၅




ပုံ ၅.၂(စ) ပြဿနာအငြင်းပွားမှုဖြေရှင်းရာတွင် ပိုမိုနှစ်သက်သည့်နည်းလမ်းများ- တွေးဆဖြစ်ရပ် ၆




# အခန်း ၆
# တရားမျှတရေးစနစ်နှင့် တရားရေးတာဝန်ရှိသူများအပေါ် သဘောထားအမြင်များ

ပုံ ၆.၆(က) တာဝန်ယူတာဝန်ခံမှုဆိုင်ရာ အတားအဆီးအဟန့်အတားများ




ပုံ ၆.၆(ခ) ကျား/မအလိုက် တာဝန်ယူတာဝန်ခံမှု အပေါ်သဘောထားအမြင်အမှု



ဇယား ၆.၃ တာဝန်ယူမှုတာဝန်ခံမှုအပေါ် လူမျိုးစုအလိုက် အဘောထားအမြင်များ

| လူမျိုးစု | စုစုပေါင်း | ဤဖြစ်ရပ်မျိုးနှင့်ကြုံတွေ့လျှင် တိုင်ကြားမည်/မတိုင်ကြားမည် | | | | | |
|---|---|---|---|---|---|---|---|
| | | ဖြစ်ရပ် ၁ | | | ဖြစ်ရပ် ၂ | | |
| | | တိုင်ကြားမည် | မတိုင်ကြားပါ | မသိပါ/ ဖြေဆိုရန်ငြင်း | တိုင်ကြားမည် | မတိုင်ကြားပါ | မသိပါ/ ဖြေဆိုရန်ငြင်း |
| ရှမ်း | (၁၂၀) | ၅၆ | ၄၉ | ၁၅ | ၆၀ | ၅၀ | ၁၀ |
| ပအိုဝ်း | (၈၀) | ၃၁ | ၃၇ | ၁၂ | ၃၅ | ၃၀ | ၁၅ |
| အခါ | (၄၀) | ၁၆ | ၁၇ | ၇ | ၁၆ | ၂၁ | ၃ |
| ဗမာ | (၄၀) | ၁၆ | ၂၂ | ၂ | ၂၁ | ၁၇ | ၂ |
| တရုတ် | (၄၀) | ၁၀ | ၂၅ | ၅ | ၈ | ၂၆ | ၆ |
| ကချင် | (၄၀) | ၁၄ | ၂၃ | ၃ | ၁၆ | ၂၀ | ၄ |
| ကိုးကန့် | (၄၀) | ၈ | ၃၀ | ၂ | ၆ | ၃၁ | ၃ |
| လားဟူ | (၄၀) | ၂၁ | ၁၃ | ၆ | ၁၅ | ၁၈ | ၇ |
| တအာန်း/ ပလောင် | (၄၀) | ၁၁ | ၂၅ | ၄ | ၂၁ | ၁၆ | ၃ |
| တောင်အာရှ နွယ်ဖွားများ | (၄၀) | ၂၀ | ၁၆ | ၄ | ၁၁ | ၂၈ | ၁ |
| စုစုပေါင်း | ၅၂၀ | ၂၀၃ | ၂၅၇ | ၆၀ | ၂၀၉ | ၂၅၇ | ၅၄ |

## နောက်ဆက်တွဲ (ဂ)

# ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်အတွင်းရှိ အဓိကအဖွဲ့အစည်းများ နှင့် လုပ်ငန်းစဉ်များ

## မြန်မာနိုင်ငံရဲတပ်ဖွဲ့

ခရိုင်နှင့် မြို့နယ်အဆင့်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၌ အဓိကဌာန (၃) ခုရှိသည်။ စီမံခန့်ခွဲမှုနှင့် တပ်ဖွဲ့ဝင်ရေးရာ၊ စည်းမျဉ်း စည်းကမ်းရေးရာ တာဝန်ယူရသည့်အုပ်ချုပ်ရေး ထာန၊ အမှုများကို စိစစ်သုံးသပ်ခြင်း နှင့် တရားစွဲမှုများကို ကြီးကြပ်ရသည့် အမှုမှတ်တမ်းဌာနနှင့် ထောက်ပံ့ရေးဌာန တို့ဖြစ်သည်။

မြို့နယ်တစ်မြို့နယ်တွင် ယေဘုယျအားဖြင့် လူဦးရေ အထူထပ်ဆုံးနေရာတွင် မြို့မရဲစခန်းရှိပြီး ထိုထက်လူဦးရေ ထူထပ်မှု နည်းသည့်နေရာများတွင် နယ်မြေရဲစခန်းများ နှင့် အလှမ်းဝေးသည့် နေရာများတွင် ရဲကင်းအချို့ရှိသည်။ သက်ဆိုင်ရာ ဒေသနယ်နမိတ်အတွင်း ရဲစခန်းနှင့်ရဲကင်း အရေအတွက်မှာ ပထဝီ ဇရိယာ အနေအထား နှင့် လူဦးရေ ပမာဏတို့အပေါ် မူတည်သည်။ ဥပမာ တာချီလိတ်မြို့ နယ်တွင် မြို့မစခန်းတစ်ခု၊ နယ်မြေရဲစခန်း (၅) ခုနှင့် ရဲကင်း ၂ ခုရှိသည်။ သို့သော် တစ်ဖက်တွင်မူ လားရှိုးခရိုင်တွင်းရှိ မြို့နယ် ၅ ခုကို မြို့မစခန်း ၁ ခု၊ နယ်မြေ ရဲစခန်း ၂ ခု နှင့် ရဲကင်း ၂ ခုတို့ဖြင့် လွှမ်းခြုံထားသည်။

နေ့တဓူဝ ရဲလုပ်ငန်းများကို မြို့နယ်အဆင့်အောက်ရှိ ရဲစခန်းများနှင့် ရဲကင်းများကဆောင်ရွက်ကြသည်။ ရဲစခန်းများနှင့် ရဲကင်းများရှိရဲအရာရှိများ၏ အဓိက တာဝန်နှစ်ရပ်မှာ သက်ဆိုင်ရာဒေသနယ်မြေ လုံခြုံရေးနှင့် အမှုအခင်းများ စုံစမ်းစစ်ဆေးဖော်ထုတ်ခြင်းတို့ ဖြစ်သည် (ပုံ (က) ၁ တွင် ရှု)။

## ပြစ်မှုဆိုင်ရာ တရားမျှတရေး လုပ်ငန်းစဉ်

ရဲအရေးပိုင်သည့် အမှုတစ်ခုဖြစ်ပွားသည်ကို ရဲအနေဖြင့်သိရှိပါက အခင်းဖြစ်ပွားရာသို့ သွားရောက်ရန် တာဝန်ရှိသည်။[၅၄] ရဲအရေးပိုင်သည့် ပြစ်မှုတစ်ခုနှင့် ပတ်သက်၍ သတင်းလက်ခံရရှိပါက ပထမသတင်းပေးတိုင်ကြားချက် (FIR) ဖွင့်ရမည်ဟု ဥပဒေ၌ပြဌာန်းထားသော်လည်း အမှုနှင့် ပတ်သက်၍ သတင်းပေးသူ၏ တရားဝင် သတင်းပေးတိုင်ကြားလိုစိတ်လည်း ရှိရန်လိုအပ်သည်။[၅၅]

အချို့အမှုများတွင် ပထမသတင်းပေးတိုင်ကြားချက် (FIR) ရရှိသည်နှင့် တစ်ပြိုင်နက် ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်၏ တုံ့ပြန်ဆောင်မှု စတင်လှုပ်ရှားရသည့် (ပုံ က ၂ တွင်ရှု)။ စတင်ပြီးပါက ဥပဒေအရာရှိ လျှောက်ထားချက်နှင့် တရားရုံး၏ သဘောတူခွင့်ပြုချက်မှတပါး သမားရိုးကျ ပြစ်မှုဆိုင်ရာ တရားမျှတရေးလုပ်ငန်းစဉ်အား ရပ်တန့်၍ မရ။ [၅၆]

ပထမသတင်းပေးတိုင်ကြားချက် (FIR) ဖွင့်ပြီးသည်နှင့် တစ်ပြိုင်နက် ရဲသည် အမှုနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးခြင်းများ စတင်ရသည်။[၅၇] ဤတွင် သံသယ ရှိသူအား ဖမ်းဆီးခြင်း သို့မဟုတ် ရမာန်ရယူခြင်းတို့ ပါဝင်နိုင်သည်။[၅၈] အမြဲမဟုတ်သည့်တိုင် ယေဘုယျအားဖြင့် စုံစမ်းစစ်ဆေးမှုများကို ပထမသတင်းပေးတိုင်ကြားချက် (FIR) ဖွင့်သည့် ရဲစခန်းမှ ရဲအရာရှိများက ဆောင်ရွက်ကြသည်ဟု

၅၄ ၁၈၉၈ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄ (စ) "ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှု" နှင့် "ရဲအရေးယူ ပိုင်ခွင့်ရှိ သောအမှု" ဆိုသည်မှာ ရဲအရာရှိတစ်ဦးက ဒုတိယ ဇယားနှင့်အညီ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်အရ ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရသော ပြစ်မှုနှင့် အမှုကို ဆိုသည်။


၅၅ အထက်တွင် ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ - ၁၅၄ ရဲ အရေးယူပိုင်ခွင့်ရှိသော ပြစ်မှု တစ်ရပ် ကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းပေးချက်တိုင်းကို ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးတစ်ဦးထံ နှုတ်ဖြင့် ပေးခဲ့ လျှင် ထိုအရာရှိကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ ညွှန်ကြားချက်အရဖြစ်စေ၊ စာဖြင့် နှုတ်ဖြင့် ရေးမှတ်ရမည့်အပြင် သတင်းပေး သူအား ပြန်ဖတ်ပြရမည်။ ထို့အပြင် စာဖြင့်ရေးသားပေးသည်ဖြစ်စေ၊ အထက်တွင် ဆိုခဲ့သည့်အတိုင်း စာဖြင့် နှုတ်ဖြင့် ရေးမှတ်ယူရသည်ဖြစ်စေ အဆိုပါ သတင်းပေးချက်တိုင်းတွင် သတင်းပေးသူက လက်မှတ်ထိုးရမည်။ ထို့ပြင် ဤကိစ္စ အလို့ငှာ နိုင်ငံတော်သမ္မတက သတ်မှတ်ထားသည့် ပုံစံအတိုင်း အဆိုပါ ရဲအရာရှိက ထားရှိရမည့် စာအုပ်တွင် ထိုသတင်း အကျဉ်းချုပ်ကို ထည့်သွင်းရေးမှတ်ထားရမည်။

၅၆ အထက်တွင် ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ - ၄၉၄ မည်သည့်အစိုးရရှေ့နေ မဆို တရားရုံး၏ သဘောတူညီချက်ဖြင့် စီရင်ချက်မချမီ လူတစ်ယောက်ကို ၎င်းအပေါ် စွဲဆိုထားသော အမှုမှ ယေဘုယျအား ဖြင့် ဖြစ်စေ၊ ၎င်းကို ကြားနာစစ်ဆေးနေသည့် ပြစ်မှုများအနက် ပြစ်မှုတစ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပြစ်မှုအများနှင့် စပ်လျဉ်း၍ဖြစ်စေ ရုတ်သိမ်းနိုင်သည်။

၅၇ အထက်တွင် ဖော်ပြသည့် အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ - ၁၅၆၊ ၁၅၇ နှင့် ၁၆၅

၅၈ အထက်တွင် ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၄၊ ၃၄၄

ပုံ (က) ၁ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်အဆင့် ဖွဲ့စည်းပုံ




ရှမ်းပြည်နယ်မှ ရဲအရာရှိများက ရှင်းပြသည်။ အကယ်၍ ရဲကင်းတွင် အမှုဖွင့်ပါက အနီးစပ်ဆုံး ရဲစခန်းသို့ လွှဲပြောင်း ပေးရပြီး ရဲကင်းတွင် တာဝန်ကျသည့် ရဲအရာရှိများသည် ဖမ်းဆီး သို့မဟုတ် ထိန်းသိမ်းခွင့် အာဏာမရှိဟု အချို့အရာရှိများက မှတ်ချက်ပေးသည်။

စုံစမ်းစစ်ဆေးပြီးနောက်ပုံမှန်အားဖြင့်စွဲဆိုခံရသူ၏ ရမာန်သက်တမ်းမကုန်မီ (၇) ရက်အတွင်း သက်ဆိုင်ရာ ဥပဒေအရာရှိထံမှ ဥပဒေအကြံပေးချက်ရယူရန် အမှုတွဲကို ပေးပို့ရသည်ဟု တွေ့ဆုံမေးမြန်းခဲ့သည့် ရဲအရာရှိ အချို့က ရှင်းပြသည်။

တရားခွင် ကြားနာမှုများ စတင်နိုင်ရန်အလို့ငှာ ဆက်စပ်သည့် စွဲချက်ပြစ်မှုပုဒ်မများ၊ လုံလောက်သည့် သက်သေခံချက်များ ပါဝင်သည့် ရဲအစီရင်ခံစာကို မြို့နယ် တပ်ဖွဲ့မှူးထံ ပေးပို့တင်ပြရသည်။[၅၉] အကယ်၍ စွဲချက် တင်ထားသည့် ရဲအရေးပိုင်အမှုသည် ခရိုင်တရားရုံး စီရင်ပိုင် ခွင့်အောက်တွင်ရှိပါက (ဥပမာ - ထောင်ဒဏ် ၇ နှစ်အ ထက်ကျထိုက်သည့်ပြစ်မှု)တရားခွင်ကြားနာမှုများစတင်နိုင် ရန် ခရိုင်ရဲတပ်ဖွဲ့များထံ တင်ပြရသည်။ ယေဘုယျ အား ဖြင့် တရားရုံးကြားနာမှုကို စွဲဆိုသည့်အမှုဖြစ်ပွားရာ မြို့နယ် သို့မဟုတ် ခရိုင်အတွင်း ပြုလုပ် သည်။[၆၀]

၅၉ အထက်တွင် ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၀ (၁) စုံစမ်းထောက်လှမ်းရာ၌ လုံလောက်သည့် သက်သေခံချက်ရှိကြောင်း၊ သို့မဟုတ် အထက်တွင် ဆိုခဲ့သည့်အတိုင်း အကြောင်း ယုတ္တိရှိကြောင်း ရဲတပ်ဖွဲ့စခန်းမှူးက သို့ဟုတ် စုံစမ်းထောက်လှမ်းသည့် ရဲအရာရှိက ယူဆလျှင် အဆိုပါ အရာရှိသည် ရဲအစီရင်ခံစာ အရ ပြစ်မှုကို အရေးယူပိုင်ခွင့်နှင့် တရားခံကို စစ်ဆေးစီရင်ပိုင်ခွင့်အာဏာရှိသော၊ သို့မဟုတ် တရားခံကို စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့ပိုင်ခွင့်ရှိသော ရာဇဝတ်တရားသူကြီးတစ်ဦးထံ တရားခံကို အချုပ်နှင့်တင်ပို့ရမည်။ သို့မဟုတ် ပြစ်မှုမှာ အာမခံပေးရသည့် ပြစ်မှုဖြစ်ပြီး တရားခံက အာမခံပေးနိုင်ရင် သတ်မှတ်သောနေ့၌ အဆိုပါ ရာဇဝတ်တရားသူကြီး ရှေ့မှောက်သို့ ထိုသူရောက်ရှိစေရန် နှင့် အခြားနည်းမညွှန်ကြားမီ အဆိုပါ ရာဇဝတ်တရားသူကြီးရှေ့မှောက်သို့ နေ့စဉ် ရောက်ရှိစေရန်အတွက် ၎င်းထံမှ အာမခံယူရမည်။
၆၀ အထက်ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ - ၁၇၇

တရားသူကြီး တစ်ဦးသည် ရဲအရေးပိုင်သည့် အမှုကို လက်ခံပါက ထိုအမှုသည် ဝရမ်းမှု သို့မဟုတ် သမ္မာန်မှု [၆၁] နှင့် အကျဉ်းရုံး [၆၂] အမှု စသဖြင့် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

ပြစ်မှုတရားစွဲဆိုရန် ကြားနာမှုကာလ အတွင်း သက်သေများအား စစ်ဆေးခြင်းများ အပါအဝင် သက်သေခံချက် များအားလုံးအပေါ် စဉ်းစားဆင်ခြင်ပြီးနောက် [၆၃] တရားသူကြီးသည် (၁) တရားစွဲဆိုရန် လုံလောက်သော အကြောင်း မပေါ်ပေါက်သည်ဟု ဆုံးဖြတ်ပါက စွပ်စွဲခံရသူအား လွှတ်နိုင်သည်။[၆၄] သို့မဟုတ် (၂) စွပ်စွဲခံရသူအား စစ်ဆေး စီရင်နိုင်သည်။ (ဝရမ်းမှုတွင် တရားဝင်စွဲချက်တင်သည်။)[၆၅]

တရားခွင်ကြားနာ စစ်ဆေးရာတွင် ဥပဒေအရာရှိများသည် နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ပြီး တရားစွဲဆိုသည်။ အခြားပြဋ္ဌာန်းမထားပါက (ဥပမာ-၁၉၀၈ မတရားအသင်း အက်ဥပဒေ၊ ၁၈၇၈ လက်နက် အက်ဥပဒေ၊ ၂၀၁၂ ပို့ကုန်နှင့်သွင်းကုန်ဥပဒေ၊ ၁၉၄၇ ပြည်သူ့ပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ စသည့် အထူးဥပဒေများ) အပြစ်ရှိကြောင်း သက်သေပြမည့် တာဝန်မှာ ယေဘုယျအားဖြင့် တရားစွဲသည့်ဘက်အပေါ် ကျရောက်သည်။ [၆၆] သေဒဏ်ထိုက်သည့် ပြစ်မှုနှင့် စွဲချက်တင်ထားခြင်း၊ စွပ်စွဲခံရသူသည် ရှေ့နေလိုက်ပါခြင်းရှိနိုင် သို့မဟုတ် မရှိနိုင်ပါ။ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် တွေ့ဆုံဆွေးနွေးမှုများက မြို့နယ်နှင့် ခရိုင်အဆင့် (၂) ခုစလုံးတွင် ရှေ့နေလိုက်ပါခြင်းမရှိသည့် စွပ်စွဲခံရသူ/ တရားရင်ဆိုင်ရသူ ပမာဏအမျိုးအစား အတော်အတန် မြင့်မားသည်ကို ညွှန်ပြသည်။

တရားခွင်ကြားနာ စစ်ဆေးမှုများအပြီး တရားသူကြီးသည် စွပ်စွဲခံရသူအား အပြစ်ရှိ/မရှိ ဆုံးဖြတ်ပြီး ပြစ်ဒဏ် သို့မဟုတ် လွှတ်ပေးခြင်း စီရင်ချက်ချမှတ်သည်။ ဤတွင် ရာဇဝတ်ပြစ်မှုများ နှင့် ပတ်သက်သည့် ရာဇဝတ်တရားစီရင်ခြင်း လုပ်ငန်းစဉ် ပုံမှန်အားဖြင့် အဆုံးသတ်သည်။ ပုံ က.၂ တွင် ဤပြစ်မှုဆိုင်ရာ တရားမျှတရေး လုပ်ငန်းစဉ် အခြေခံအဆင့်များကို ဖော်ပြထားသည်။

တခါတရံ အချို့အမှုများတွင် ပြင်ဆင်ချက် သို့မဟုတ် အယူခံခြင်းရှိသည်။[၆၇] အချို့ တရားသူကြီးများနှင့် ဥပဒေအရာရှိများက ပြင်ဆင်ချက် သို့မဟုတ် အယူခံဝင်သည့် အဓိက သဘောသဘာဝများကို ရှင်းပြကြသည်။ (ပုံ က.၃ တွင်ရှု)

၆၁ အထက်တွင် ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ - ၂၀၄၊ "ဝရမ်းမှု" ဆိုသည်မှာ သေဒဏ်၊ တစ်ကျွန်း ပို့ဒဏ်၊ သို့မဟုတ် ခြောက်လထက်ပိုသော ထောင်ဒဏ်ထိုက်သော ပြစ်မှုတစ်ရပ်နှင့် သက်ဆိုင်သည့် အမှုကို ဆိုလိုသည်။ (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ - ၄(၁)(ဗ))၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ - ၂၅၁ မှ ၂၅၉ ရှု) "သမ္မာန်မှု" ဆိုသည်မှာ ဝရမ်းမှု မဟုတ်သော ပြစ်မှုတစ်ရပ်နှင့် သက်ဆိုင်သည့် အမှုကို ဆိုသည်။ (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ - ၄(၁) (ဗ))၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ - ၂၄၁ မှ ၂၅၀ ရှု။ ဝရမ်းမှု နှင့် သမ္မာန်မှု ကြား လုပ်ထုံးလုပ်နည်းကွာခြားချက်တစ်ခုမှာ သမ္မာန်မှုတွင် စွဲဆိုခံရသူ/တရားခံက ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံပါက ၎င်းအား တရားဝင် နည်းလမ်းတကျ စွဲချက်တင်စရာမလိုဘဲ ပြစ်မှုစီရင်နိုင်သည်။ (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ - ၂၄၂ မှ ၂၅၄ )

၆၂ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ - ၂၆၀ မှ ၂၆၅ ၊ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်သည့်အမှုများတွင် အမြင့်ဆုံး ထောင်ဒဏ်၊ ပြစ်ဒဏ်မှာ ခြောက်လဖြစ်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ - ၂၆၂ (၂)

၆၃ အထက်တွင် ဖော်ပြသည့်အတိုင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၄


၆၄ အထက်တွင်ဖော်ပြသည့်အတိုင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၉

၆၅ အထက်တွင် ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၁၀

၆၆ ၁၈၇၂ သက်သေခံအက်ဥပဒေပုဒ်မ ၁၀၁

၆၇ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၄ မှ ၄၄၂ အထိ

ပုံ က.၂ ပြစ်မှုဆိုင်ရာ တရားမျှတရေး လုပ်ငန်းစဉ်



ပုံ က.၃ ပြင်ဆင်ချက်နှင့် အယူခံ

**ပြင်ဆင်ချက်**

အထက်တရားရုံး(နှင့် ဥပဒေရုံး)မှ

- အောက်ရုံးတရုံးမှ တရားစီရင်မှုတခုတွင် အမှုနှင့်ပတ်သက်၍ တွေ့ရှိချက်၊ ပြစ်ဒဏ် သို့မဟုတ် အမိန့်သည် လုပ်ထုံးလုပ်နည်းနှင့်မညီ သို့မဟုတ် တရားမဝင် သို့မဟုတ် မလျော်ကန်သည့်အခါ[၆၈] (ဥပမာ အာမခံမပေးသင့် ပါလျက် စွပ်စွဲခံရသူအား အာမခံပေးခြင်း၊ စွဲချက်ပြစ်မှုပုဒ်မ ကျိုးကြောင်းမဆီလျော်ခြင်း၊ သက်သေခံ မတင်ပြနိုင်ခြင်း စသည်)
- စွပ်စွဲခံရသူအား တရားသေလွှတ်လိုက် သည့်အခါ[၆၉]
- ကြီးလေးသောပြစ်ဒဏ်အတွက်(တရားစွဲဆိုခံရသူအတွက်)[၇၀]

**အယူခံ**

ဥပဒေအရာရှိမှ

- တရားခံ/တရားစွဲဆိုခံရသူကို တရားသေလွှတ်လိုက်သည့်အခါ[၇၁]

တရားခံ/တရားစွဲဆိုခံရသူမှ

- ပြစ်ဒဏ်ပလပ်ပေးရန်
- ပြစ်ဒဏ်လျှော့ပေါ့ပေးရန်

---

၆၈ အထက်တွင် ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၅
၆၉ အထက်တွင်ဖော်ပြသည့်အတိုင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆
၇၀ အထက်တွင်ဖော်ပြသည့်အတိုင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉
၇၁ အထက်တွင်ဖော်ပြသည့်အတိုင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အထွေထွေအုပ်ချုပ်ရေး ဦးစီဌာနသည် မြို့နယ်အဆင့်၌ အစိုးရကိစ္စများအတွက် One-Stop-Shop (ပြည်သူ့ဝန်ဆောင်မှုရုံး) အပါအဝင် ဝန်ဆောင်မှု အမျိုးမျိုးကို ဆောင်ရွက်ပေးသည် (အခန်း ၅ တွင်ရှု)။[၇၂] အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအရာရှိများ နှင့် အုပ်ချုပ်ရေးမှူးများသည် ပြဿနာအငြင်းပွားမှုများ ဖြေရှင်းရာတွင် အခန်းကဏ္ဍအသီးသီးမှ ပါဝင်ကြသည်။

အထူးသဖြင့် ၂၀၁၂ လယ်ယာမြေ ဥပဒေအရ မြေယာစီမံခန့်ခွဲ မှုကော်မတီ ဥက္ကဌအဖြစ် အုပ်ချုပ်ရေးမှူးများသည် မြေယာနှင့် ပတ်သက်သည့် အငြင်းပွားမှုများတွင် အုပ်ချုပ်မှုဆိုင်ရာ တရားမျှတရေး အခန်းကဏ္ဍရှိကြသည် (အခန်း ၅ တွင်ရှု)။ ၎င်းတို့သည် အစိုးရဌာနများနှင့် ဒေသခံရပ်ရွာပြည်သူများ အကြား ကြားခံအဖြစ်လည်း ဆောင်ရွက်ကြသည်။[၇၃] ဤကဏ္ဍတွင် စေ့စပ်ဖြန်ဖြေခြင်းနှင့် ညှိနှိုင်းမှုများပါဝင်သည်။ ၎င်းတို့သည် အစိုးရဌာန အသီးသီး၏ "မှားယွင်းသည့်" သို့မဟုတ် "တစ်ဖက်သတ်" ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းပေးရန် တောင်းဆိုခြင်းလည်း ခံရနိုင်သည်။ ဤနောက်ဆုံး ကဏ္ဍတာဝန်နှင့် ပတ်သက်၍ နောက်ဆက်တွဲ သုတေသန လုပ်ဆောင်သင့်သည်။

၇၂ UNDP မြန်မာ၊ ၂၀၁၇ တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသနလေ့လာမှု၊ ကချင်ပြည်နယ်ကိုလည်းရှု။
၇၃ UNDP မြန်မာ၊ ၂၀၁၇ တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသနလေ့လာမှု၊ ရခိုင်ပြည်နယ်ကိုလည်းရှု။

*Empowered lives.*
*Resilient nations.*

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်
အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊
စာတိုက်သေတ္တာအမှတ် ၆၅၀၊ ရန်ကုန် ၁၁၂၁၁၊ မြန်မာ။
Tel: (95 1) 542910 - 19,  Fax: 95(1) 544 531
www.mm.undp.org
UNDP Myanmar
UNDP_Myanmar

ဒီဇင်ဘာလ - ၂၀၁၆